


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၈၉၈၀၀၁၁
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၉၄၈၀၀၁၁

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

| | | |
|---|---|---|
| ပထမအကြိမ် | ။ | ၂၀၁၁၊အောက်တိုဘာလ |
| အုပ်ရေ | ။ | ၅၀၀ |
| မျက်နှာဖုံး | ။ | မြတ်မင်းဟန် |
| ကွန်ပျူတာစာစီ | ။ | *Welfare* |
| အတွင်းဖလင် | ။ | *Quality* |

■

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင့်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၅၀၀ကျပ်

၈၉၅ . ၈၃
သိန်းဝင်း၊ဆောင်မှူးကြီး၊
ငါးပေါက်တွင်းရထားနာသိုက်/ ဆောင်မှူးကြီးသိန်းဝင်း။ – ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၁။
၂၂၂-စာ ၊ ၁၂စင်တီ x ၁၈စင်တီ။
(၁) ငါးပေါက်တွင်းရထားနာသိုက်

## အခန်း (၁)

□

၁၉၇၉ ခုနှစ်ခန့်က ဖြစ်သည်။ ကျွန်ုပ် အင်းစိန်ထောင်မှ ရန်ကုန်–မန္တလေး အမြန်လမ်းစီမံကိန်းစခန်းသို့ ပြောင်းရွှေ့ရပြီး ရဲဘက် (၂၀)၊ ဝန်ထမ်း(၅) ဦးနှင့်အတူ သုံးတန်ကျူးစခန်းသစ်အား နေရာ ရှာပြီးဆောက်လုပ်ရန် တာဝန်ပေးအပ်ခြင်းခံရသည်။ စခန်းသစ်နေရာ အားရှာပြီး တောရှင်းနေစဉ်၌ပင် နောက်တန်းက ရိက္ခာနှင့်ဝန်ထမ်း၊ ရဲဘက်များထပ်မံ ပို့ပိုးပေးသည်။

တစ်ပတ်ကြာ တောရှင်းပြီးနောက် ရဲဘက်ဘားတိုက်ကြီး (၅) လုံးအား စတင်ဆောက်လုပ်ရသည်။ ပြီးနောက် ဝန်ထမ်းဘားတိုက်ရှုံး အဆောက်အဦ၊ ဖိုကြီးတို့ကို ဆက်လက်ဆောက်လုပ်ရသည်။ တစ်လနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ ထောင်မှူးကြီးဦးသိန်းမြင့်နှင့်အတူ ထောင်မှူးဦးအေးချို (ဆိတ်အေးချို) တို့ရဲဘက်အင်အား (၄၀၀) နှင့်အတူ ပြောင်းရွှေ့ရောက်ရှိလာသည်။ ရိက္ခာများလည်း ပါလာသည်။

ကျွန်ုပ်တို့အလုပ်မှာ တောရှင်း၊ တဲတားဆောက်၊ လမ်းဖောက်ရခြင်းဖြစ်သည်။ ပဲခူးရိုးမတောင်ခြေဖြစ်၍ တောကအလွန်နက်သည်။ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ အင်၊ ကညင်၊ ပျဉ်းမများအပြင် ခုံ၊ သတီ၊ သင်းဝင်၊ လက်ပံ၊ မအူ၊ မျောက်ချော၊ ဖန်ခါး၊ တောင်သရက်၊ နဘဲ၊ တောင်ပိန္နဲ၊ မျောက်လုပ်၊ သပြေနှင့် ထောက်ကြံ့၊ ဒီဒူးစသည့် အပင်ကြီးများက အလွန်ပေါသည်။ အပင်များအောက်၌လည်း ကြိမ်၊ ဝါး၊ ရေငန်းပင်တောအပြင် နဘူးချုံ၊ ကြွက်နွယ်ချုံ၊ ရှဉ့်မတက်ချုံနှင့် မြရာချုံ၊ ကင်ပွန်းချုံ၊ ဆူးရစ်ချုံများက ပေါလှသည်။

BURMESE CLASSIC .com

တောရှင်းရသည်မှာ အလွန်ပင်ပန်းသည်။ ခါး၊ ပုဆိန်၊ ပေါက်တူး၊ ဂေါ်ပြားများကလည်း မပြည့်စုံ။ ရှိသည့်လက်နက်များကလည်း မထက်မြက်။ သို့သော် (MAN POWER) စနစ်သာသုံးသဖြင့် လက်နက်ကိရိယာထက် လူ့အားက များနေသည်။ သစ်ပင်လှဲရင်း သစ်ပင်ခုတ်ရင်း ထိခိုက်ဒဏ်ရာ ရသူများလည်းရှိလာသည်။

ထို့အပြင် တစ်ပတ်တစ်ကြိမ် စနေနေ့ညနေတိုင်း ငှက်ဖျားကာကွယ်ဆေးတိုက်ပါလျက်နှင့် ငှက်ဖျားရောဂါဖြစ်ပွားသူ၊ ဝမ်းလျှောရောဂါဖြစ်ပွားသူများ တစ်နေ့တခြား များလာသည်။ ထို့ကြောင့် ဆေးရုံဆောင်ဆောက်လုပ်ရန် လိုအပ်လာသဖြင့် ထောက်ပံ့ရေးနှင့်ဌာနတာဝန်ခံ ထောင်မှူးဖြစ်သူ ကျွန်ုပ်ပင်ဦးစီး၍ ဆေးရုံဆောင်နှင့် ဆရာဝန်နေအိမ်ကို ဆောက်လုပ်ပေးရတော့သည်။ လူ (၅၀၀) စခန်းကြီးဖြစ်ရာ မကြာမီ ဆရာဝန်တစ်ဦးနှင့် ဆေးမှူးတစ်ဦးတို့ ရောက်ရှိလာကြသည်။ ဆရာဝန်ကြီး





အမည်က ဒေါက်တာမောင်မောင်။ ဆေးမှူးက သိန်းဆန်းဖြစ်သည်။

ဆရာဝန်ကြီးတွင် သားတစ်ယောက်နှင့် သမီးတစ်ယောက်ပါလာသည်။ အပျို၊ လူပျိုပေါက်များဖြစ်ကြသည်။ တောထဲ၊ တောင်ထဲ၊ ကျောင်းပိတ်ရက်ဖြစ်ကြသဖြင့် အလည်လိုက်လာကြခြင်းဖြစ်ကြောင်း သိရသည်။

ငှက်ပျားပေါသောတောထဲတွင် လူငယ်များအတွက် ကျွန်ုပ်စိုးရိမ်မိသည်။ သို့သော် သူတို့အဖေက ဆရာဝန်ဖြစ်၍ စိုးရိမ်ဟန်မရှိကြပါ။ သဘာဝပတ်ဝန်းကျင်သစ်တောထဲ၌ အလွန်ပင်ပျော်မြူးနေကြဟန်တူသည်။ မောင်နှမ(၂)ဦးတွဲ၍ စခန်းပတ်ဝန်းကျင်အနှံ့ သွားလာကြပြီး ပါလာသောကင်မရာတစ်လုံးနှင့် ဓာတ်ပုံရိုက်နေကြသည်။

ဆရာဝန်ကြီး၏သားလေးတွင် တရုတ်နီလုပ် လေသေနတ်နှင့်ပါတ်ဝမ်းကလေးတစ်လက်လည်း ပါလာသည်။ သို့သော် စခန်းအနီးပတ်ဝန်းကျင်၌ ပစ်ခတ်စရာငှက်မရှိပါ။ ရဲဘက်ဝန်ထမ်းလူအင်အား (၅၀၀) ကျော်ရှိသော စခန်းကြီးဖြစ်ပြီး လူသံသူသံ ဆူညံနေသောကြောင့် ငှက်ကလေးများ စခန်းအနီးမလာကြပါ။

ရှဉ့်ငပေါကလေး တစ်ကောင်စ၊ နှစ်ကောင်စတော့ စခန်းအနောက်ဘက် တောင်ယာထဲက ကညင်ပင်ကြီးပေါ်၌ ရှိသည်။ သို့သော် မြင့်လွန်းသဖြင့် ဆရာဝန်သားကလေးထိမှန်အောင် မပစ်နိုင်ပါ။ ရှဉ့်ကလေးရဖို့ကိုတော့ အမြဲတမ်း ချောင်းနေတတ်သည်။ လှုပ်ရှားပြေးလွှားနေသော ပစ်မှတ်ကိုလည်း သူပစ်တတ်ဟန်မတူ။ ရှဉ့်ငပေါကလေးနှစ်ကောင်ကလည်း အလွန်လျင်သည်။ လေသေနတ်ဖြင့်ပစ်လျှင် တောင်ယာဘေးက နဘူးချုံပေါ်သို့ အမြီးကြီးအားဖွပြီး လေဟုန်စီး၍ ခုန်ဆင်းပျံဝဲသွားတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မနက် (၈)နာရီခန့်၊ ကျွန်ုပ်နှင့် မှဆိုးအောင်သန်း၊ မျှောက်တင်သောင်းတို့ အလုပ်အားသည်နှင့် တောလည်ထွက်ရန် ရုံးခန်းပေါ်မှဆင်းလာသည်နှင့် ဆရာဝန်သားကလေးက ရှဉ့်ပေါက်ကလေးအား ပစ်ခတ်ရန်ချောင်းနေပြီ။ ဆရာဝန်သမီးကလေးက ရှဉ့်ကလေးလေဟုန်စီး၍ ပျံဝဲသည်ကို ဓာတ်ပုံရိုက်ရန်စောင့်နေသည်။ ရှဉ့်ပေါ်နှစ်ကောင်က ပင်စည်ပေါ်ဆင်းလာလိုက် ခွဆုံသစ်ကိုင်းပေါ်ပြေးတက်လိုက်လုပ်နေသည်။

ဆရာဝန်သားကလေးက ကျွန်ုပ်အားမြင်သည်နှင့် ...

"ဦး ... ဦး ... သားကို အဲဒီရှဉ့်ကလေး ပစ်ပေးပါလား။ သားစောင့်နေတာ သုံးလေးရက်ရှိပြီ"

"သားရေ ... သူတို့က နှစ်ကောင်တောင်ကွ၊ အထီးအမ စုံတွဲလားမသိဘူး။ တစ်ကောင်ပစ်လိုက်ရင် တစ်ကောင်ဘဲကျန်ပြီး အဖော်မဲ့နေရှာမှာပေါ့"

"အဲဒါဆိုရင် တစ်ကောင်တည်း ဘက်ပဲမကျန်ရအောင် နှစ်ကောင်စလုံး ပစ်ပေးပျာ။ နော် ဦး"

ထိုစဉ် အကြီးမက ဝင်ပြောလေသည်။

"ဟုတ်သားပဲ ... မောင်လေးရယ်။ ရှဉ့်ကလေးတွေ သူ့ဘာသာနေကြတာ မပစ်ပါနဲ့။ ဒီအတိုင်းကြည့်ရတာ ဘယ်လောက်ကြည်နူးဖို့ကောင်းသလဲ"

"ကျွန်တော်က ကြီးလာရင် စစ်သားလုပ်မှာ။ ဒါကြောင့် လေသေနတ်နဲ့လက်တည့်အောင် ပစ်စမ်းကြည့်နေတာ။ မှန်ကိုမမှန်ဘူး"

ထိုစဉ် အောက်ချင်းငှက်ကြီးတစ်ကောင် ကညင်ပင်ထိပ်ဖျားတွင် လာနားသည်။ မြင့်လွန်း၍ လုံခြုံဟန်အထင်ဖြင့် နားဟန်တူသည်။





"ကဲ ... သားရေ အဲဒီအောက်ချင်းငှက်ကြီးကို ယူမလား"

"သား ... လေသေနတ်နဲ့ ဘယ်ပစ်လို့ရမှာလဲ။ အမြင့်ကြီးပဲ"

"အေးပါ ... မင်းလေသေနတ်နဲ့ ပစ်လို့မရနိုင်ပါဘူး။ ဦးသေနတ်ကြီးနဲ့ ပစ်ပေးမှာပါ။ ကြည့်နေ"

ကျွန်ုပ် နောက်ချိန်ပေါက်အား ကိုက် (၁၀၀)အကွာသို့ တင်လိုက်ပြီး ပစ်မှတ်ကို ရှေ့ချိန်သီးနှင့် တစ်ဖြောင့်တည်း ဆွဲယူလိုက်သည်။ သေးကွေးပြီး အထက်သို့ထောင်ချိန်ရသော ပစ်မှတ်ဖြစ်၍ စိတ်ကိုငြိမ်ငြိမ်ထားပြီး မောင်းခလုတ်အား ပထမအဆင့်ဆွဲပြီးနောက် ဒုတိယအဆင့်သို့ အသက်အောင့်၍ တည်ငြိမ်စွာ ဆွဲလိုက်ပါသည်။

"ဒိုင်း"

အောက်ချင်းငှက်ကြီးမှာ ရင်ပုံကို ထိ၍ ပြုတ်ကျလာသည်။ ချောင်းတစ်ဘက်ကမ်း တောင်ယာထဲကျသွား၍ မျှောက်တင်သောင်းက ပြေးကောက်သည်။

"ဟေး ... ဒါမှ တို့ဦးဦးထောင်မှူးကွ။ ဟေး ... ဟေး"

မောင်နှမနှစ်ယောက် အလွန်ပျော်သွားကြသည်။ အောက်ချင်းငှက်ကြီးမှာ တစ်ပိဿာခန့်တော့ရှိသည်။ နှုတ်သီးနှစ်ထပ်ဝါဝါကြီးဖြင့် ခန္ဓာကိုယ်အမွေးအတောင်က အနက်နှင့်အဖြူကျားဖြစ်သည်။

"ကဲ ....ရော့ ... သားနဲ့သမီး ဦးဦးလက်ဆောင်ပေါ့။ မင်းတို့အဖေဆရာဝန်ကြီးကို ပေးလိုက်။ ညနေကျမှ အမြည်းလုပ်လို့ ပြောနော်"

"ဟုတ်ကဲ့ ... ဦးဦး ကျေးဇူးတင်ပါတယ်။ ဒါနဲ့ ဦးတို့က ဘယ်သွားကြမှာလဲ။ သေနတ်ကြီးနဲ့ တောလည်ဖို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဟုတ်တယ်သားရေ။ ဟင်းမကောင်းတာကြာလို့ ဟင်းစားကလေးထွက်ရှာမှာပါ"

"သားလိုက်လို့မရဘူးလား။ ငှက်ပစ်ချင်တယ်"

"ဒီနေ့တော့ မလိုက်နဲ့ဦး သားရေ။ ဦးတို့က တောနက်ထဲ အထိသွားကြမှာ။ နောက်နေ့တွေကျမှ ဒီက ဦးမုဆိုးအောင်သန်းတို့နဲ့ ဝါးရောင်းငှက်လိုက်ပစ်ကြပေါ့နော်"

"ဟုတ်ကဲ့ ဦးဦး"

"ဦး ... သမီးလည်း လိုက်ချင်တယ်။ သမီးက သစ်ခွပန်းလိုချင်လို့။ ဓာတ်ပုံလည်း ရိုက်ချင်တယ်"

"အေး ... အေး ... ဦးအားတဲ့တစ်နေ့ စီစဉ်ပေးပါမယ်"

"ဟုတ်ကဲ့ ဦး"

ကျွန်ုပ်တို့စခန်းမှာ ရိုးမတောင်ခြေဟုဆိုသော်လည်း ရိုးမတောင်တန်းကြီးထိပ်နှင့် တစ်မိုင်ခန့်သာဝေးသည်။ တောင်ခြေတောမှာ ကျွန်ုပ်တို့ ခြေရာချင်းထပ်မျှ ရောက်ဖူးနေကျနေရာဖြစ်သည်။ တောင်တန်းကြီးထိပ်ကတော့ တောနက်လွန်းသဖြင့် ကျွန်ုပ်တို့မရောက်ဖြစ်ပါ။ ယနေ့တော့ အချိန်ရသဖြင့် ...

"အောင်သန်းနဲ့ တင်သောင်းရေ ... ဒီနေ့တော့ အချိန်ရသကွာ။ ရိုးမကျောပေါ်တက်ရအောင်"

"ကောင်းတယ်ဆရာ ...။ ဒီနေ့စထွက်ထွက်ခြင်း အောက်ချင်းငှက်ကြီးလည်းရတော့ မုဆိုးလာဘ်ဦးလည်းကောင်းတယ်။ တက်ကြတာပေါ့"

မုဆိုးအောင်သန်းပြောသည်နှင့် မျောက်တင်သောင်းကလည်း ထောက်ခံသည်။





"တက်မယ် ဆရာ၊ ကျွန်တော်တို့ နေ့တိုင်းတောလည်နေတာ သေနတ်မပါတော့ တောင်ကျောပေါ်မတက်ရဲဘူး။ တောင်ကျော်ပေါ်မှာတော့ တောကောင်ကြီးတွေပေါ်တယ် ဆရာ"

ကျွန်ုပ်တို့ဆရာတပည့်(၃)ဦး မုဆိုးလမ်းယောင်ယောင်နေရာကလေးမှ တောင်ကြောပေါ်သို့တက်လာကြသည်။ တကယ်တက်တော့မှ တောင်ကြောမှာ မြင့်မားရှည်လျားပြီး အဆင့် (၃)ဆင့် ဖြစ်နေသည်။ အလယ်အဆင့်မှာ ကျောက်တုံး၊ ကျောက်ခဲ၊ ကျောက်ဖျာကြီးများ စုပုံနေသည်။ ကျွန်ုပ်တို့တောင်ကြောပေါ်ရောက်တော့ လူကြီး(၅)ဘက်စာခန့်ရှိသည့် ပျဉ်းမပင်ကြီးအောက်ခြေ၊ ကျောက်ဖျာကြီးပေါ်တွင်ထိုင်၍ ခေတ္တနားကြသည်။ ကျောက်ဖျာကြီးမှာ အလျား(၈')ပေ၊ အနံ(၅')ပေခန့်ကျယ်ဝန်းပြီး ပြောင်စင်ချောမွတ်နေသည်။ တောကြောပေါ်၌ လေကလေးကလည်း တဖြူးဖြူးတိုက်နေသည်။ ကျွန်ုပ်နှင့်မုဆိုးအောင်သန်းတို့ ပတ်ဝန်းကျင်အားသတိထား၍ လေ့လာနေစဉ် မျောက်တင်သောင်းက တုံးလုံးပက်လက်လှဲပြီး အနားယူရင်း ....

"ဇိမ်ကျလိုက်တာ ဆရာရယ်၊ သစ်ပင်ကြီးအရိပ်နဲ့ ကျောက်ဖျာကြီးကလည်းအေး။ လေကလေးကလည်း တဖြူးဖြူးနဲ့ တစ်ရေးလောက်အိပ်လိုက်ရရင်တော့ ဇိမ်ဘဲဗျို့"

အောင်သန်း ။ " အေး ... အေး ... တင်သောင်းရေ၊ မင်းတစ်ယောက်တည်းဘဲ အိပ်ပြီးကျန်ခဲ့ပေတော့။ ငါနဲ့ဆရာက တောင်ကြောပေါ် လျှောက်ဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ... ဟဲ ... အဲဒီလိုတော့ မဖြစ်ဘူးလေ။ ဒီနေရာက တောကောင်ကြီးပေါ်တော့ ကျွန်တော်ကိုချီသွားမှာပေါ့"

ကျွန်ုပ် ပတ်ဝန်းကျင်အားလေ့လာရင်း ပျဉ်းမပင်စည်ကြီးအား မော့ကြည့်မိရာ ပင်စည်ကြီးအား နက်ရှိုင်းစွာထွင်းထားသော မြားပြ ထားသည့် နေရာအောက်တွင် ( 五日 ) (ဂေါ်ခုချိုး) ဟူသော ဂျပန်စာရေးထွင်းထားသည်ကို ရုတ်တရက် မြင်လိုက်ရသည်။ ကျွန်ုပ် မတ်တတ်ရပ်၍ စာလုံးများကို အသေအချာကြည့်မိသည်။

(ဂေါ်ခုချိုး) ဟူသော ဂျပန်စာ၏အဓိပ္ပာယ်မှာ တွင်းပေါက် (၅)ပေါက်ဟု အဓိပ္ပာယ် ရသည်။ ကျွန်ုပ် အသေအချာ ကြည့်ပြန်ရာ ဂျပန်စာလုံး 銀行 (ဂင်ကိုး)ကို မထင်မရှားမြင်ရသည်။

ဆက်စပ်၍ဖတ်သော်၊ ဂေါ်ခုချိုးဂင်ကိုး 五日銀行 ဟုအဓိပ္ပာယ် ရသည်။ မြန်မာလိုအဓိပ္ပာယ်မှာ တွင်းပေါက် (၅) ပေါက်ရှိသော ဘဏ်တိုက်(ရတနာသိုက်)ဟု အဓိပ္ပာယ် ရပါသည်။ ကျွန်ုပ် မမျှော်လင့်ဘဲတွေ့ရသော ရတနာသိုက်မြေပုံညွှန်း ကြောင့် အလွန် အံ့ဩဝမ်းသာသွားမိသည်။ မြားမှာ၊ တောင်လယ် ကမ်းပါးယံကို ညွှန်ပြ ထားသော်လည်း နေရာတိကျခြင်းမရှိပါ။ တောင် လယ်ကမ်းပါးယံ မှာ ကျောက်မျာနှင့်ကျောက်တုံးများ ရုပ်ပြနေသောနေရာ ဖြစ်သည်။ ကျောက် မြေဖြစ်၍ သစ်ပင်ကြီးများတော့မရှိ။ ဝါးပင်များနှင့် တံမြက်စီးပင် များသာ ပေါက်ရောက်နေသည်။ နေရာကအတော် ကျယ်ဝန်းသည်။

❑

မှဆိုးအောင်သန်းက ...

"ဆရာ ... ဘာတွေ့လို့လဲဆရာ"

"ဂျပန်ရတနာသိုက် မြေပုံညွှန်းဟာ။ အတော်ထူးဆန်းတယ်"

"ဟာ ... ဆရာ၊ ဒါဆို ကျွန်တော်တို့ သူဌေးဖြစ်တော့မှာ ပေါ့နော်"

ထိုစဉ် ရတနာသိုက်ဟူသောစကားကြောင့် ကျောက်ဖျာပေါ် တွင်အိပ်နေသော မျောက်တင်သောင်း ခေါင်းထောင်ထလာသည်။

"ဘာတဲ့ ဆရာ၊ ရတနာသိုက်ဟုတ်သလား။ ပျဉ်းမပင်ကြီး ပင်စည်မှာ မြားကြီးထွင်းထားတာတော့ ကျွန်တော်တွေ့နေတယ်။ ဘာစာ တွေ ရေးထားမှန်းတော့ ကျွန်တော်မသိဘူး"

"အေး ... ရတနာသိုက်မြေပုံညွှန်းတော့ အမှန်ဘဲ။ ဒါပေမယ့် ဘယ်ကာစ,လို့ ဘယ်မှာဆုံးမလဲမသိဘူး။ ဂျပန်လိုရေးထားတာက 'ငါး



www.burmeseclassic.com

www.burmeseclassic.com



ပေါက်တွင်းရတနာသိုက်' လို့ အမိပွာယ်ရတယ်။ ရတနာကို လွယ်လွယ်ကူကူတော့ ဘယ်သူမှမြှုပ်နှံလေ့မရှိဘူး။ အခက်အခဲတော့ အနည်းနဲ့အများ ရှိမှာပဲ။ အသေးစိတ်အညွှန်းတစ်ခုခု အမှတ်အသားတစ်ခုခုတော့ ရှိလိမ့်ဦးမယ်ထင်တယ်''

မျောက်တင်သောင်းက ...

''ကဲ ... ဆရာ၊ ဒါဆို အချိန်ကလေးရှိတုန်း ရှာကြစို့''

''မလောနဲ့ဦး ... တင်သောင်းရေ။ ငါတို့မှာ တူးစရာဆွစရာ ဘာမှပါလာတာမဟုတ်ဘူး။ တဖြည်းဖြည်းချင်း ရှာရမယ်။ မြားကတော့ ကျောက်တုံးကျောက်ခဲ၊ ကျောက်ဖျာကြီးတွေဘက်ကို ပြထားတာ။ ရတနာရှိတဲ့နေရာဟာ အန္တရာယ်ရှိတတ်တယ်။ သတိတော့ထားရမယ်''

မှဆိုးအောင်သန်းက ...

''ကဲ ... ဆရာ ဒီမှာခဏနားနေပါ။ ကျွန်တော် ကျောက်ဖျာတွေဘက် ဆင်းကြည့်လိုက်ဦးမယ်''

မှဆိုးအောင်သန်း ဝါးပင်များကို ကိုင်ဆွဲ၍ ကျောက်ဖျာများရှိသည့် တောင်လယ်ကျောသို့ တရွေ့ရွေ့ဆင်းသွားသည်။ အလယ်ကျောမှာ အဆင့်တစ်ဆင့်ဖြစ်နေပြီး ရိုးမတောင်လယ်ကျောပေါ်မှဆင်းရန် အလွန်မတ်စောက်သည်။ ကျောက်တောင်မြေဖြစ်၍ ဆင်းရတက်ရ အလွန်ခက်ခဲသည်။ သစ်ပင်ကြီးများလည်းမရှိ၍ အတွယ်အတာ အလွန်ခက်ခဲသည်။

မှဆိုးအောင်သန်း (၁၅) မိနစ်ခန့်ဆင်းမှ တောင်လယ်ကျောကျောက်တုံးနှင့် ကျောက်ဖျာများနေရာသို့ရောက်သည်။ မှဆိုးအောင်သန်းတစ်ယောက် နေရာအနှံ့ လိုက်ကြည့်သည်။

''ဆရာရေ ... ဘာတွင်းပေါက်မှ မတွေ့ရဘူး။ အားလုံး





ကျောက်တုံးကျောက်ခဲတွေချည်းပဲ''

''အေး ... အေး ... ပြန်တက်လာတော့။ ဒီကိစ္စက ချက်ချင်းလုပ်လို့ ရဟန်မတူဘူး။ တဖြည်းဖြည်း စဉ်းစားမှာ။ လျှို့ဝှက်ချက်တွေရှိနေတယ်''

အောင်သန်း ... တောကျောပေါ်သို့ ပြန်အတက်၊ တောင်ကျောပေါ်မှ ကျောက်ဖျာဘက်သို့ဆင်းရန် တောဆိတ်တစ်ကောင်၊ တောင်ကျောအတိုင်း ထွက်လာသည်။ ကျွန်ုပ် အချက်ပြလိုက်သဖြင့် မုဆိုးအောင်သန်းက ရောက်သည့်နေရာတွင် ဝါးပင်ကိုဆွဲခိုရင်း ရပ်နေသည်။ ကျွန်ုပ်တို့ဘက်ကလေ အောက်ကျဟန်တူပါသည်။

တောဆိတ်မှာ ကျွန်ုပ်တို့အနံ့ကိုမရဘဲ ဆက်ဆင်းနေသည်။ ကျောက်ဖျာဘက် အလယ်ကျောသို့ အမြဲတမ်းဆင်းတက်နေကျ တောကောင်ဖြစ်ပုံရသည်။ (၂)မိနစ်ခန့်ဖြင့် ကျောက်ဖျာများအနီးသို့ရောက်သွားသည်။ မှဆိုးအောင်သန်းမှာ တွဲလောင်းကြီး ငြိမ်သက်နေရသည်။ ကျွန်ုပ်တောင်ကျောပေါ်မှ ပျဉ်းမပင်ကြီးကိုကွယ်ပြီး တောဆိတ်အား အသေအချာချိန်ပြီး ပစ်ခတ်လိုက်တော့သည်။

''ဒိုင်း ....''

ကိုက် (၁၀၀) အတွင်း ပစ်မှတ်သာဖြစ်သဖြင့် ကျွန်ုပ်ပစ်လိုရာကို အသေအချာမှန်သည်။ တောဆိတ်ကြီး ကျောက်ဖျာအနီး၌ လဲကျငြိမ်သက်သွားသည်။ မုဆိုးအောင်သန်း တောင်လယ်ကျောသို့ ပြန်ဆင်းသလို မျောက်တင်သောင်းလည်း လိုက်ဆင်းသွားသည်။ အတော်ပါပင်။ တောင်လယ်ကျော၌ ဝါးပင်များပေါ်၍ တောဆိတ်အား ထမ်းတက်လာကြသည်။ တောဆိတ်မှာ ချေသားသာအရွယ်အစားပင်။ အချိန် (၁၅) ပိဿာခန့်သာ ရှိပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာရေ ... တောဆိတ်မဒန်းမပဲဗျို့။ တောင်ဆိတ်လို ချိ မရှည်ဘူး။ ချိုက တစ်မိုက်လောက်ပဲရှိတယ်"

"အေး ... အေး ... တောင်ဆိတ်ဖြစ်ဖြစ်၊ တောဆိတ်ဖြစ်ဖြစ် စားလို့ကောင်းမှာပါ။ မင်းတို့ နှစ်ခါပင်ပန်းနေမယ်လေ။ တောင်ကျောပေါ် ပြန်မတက်ခဲ့နဲ့တော့။ လမ်းသင့်ရာက အောက်ဆင်းခဲ့ကြတော့။ ငါလည်း ဆင်းလာခဲ့မယ်"

"ဟုတ်ကဲ့ ဆရာ။ ပိုအဆင်ပြေတာပေါ့"

ကျွန်ုပ်လည်း တောင်လယ်ကျောသို့ ကွေ့ပိုက်ဆင်းရသလို မှဆိုးအောင်သန်းနှင့် တင်သောင်းတို့လည်း တောင်ဘက်သို့ကွေ့ပတ်ပြီး လမ်းသာရာက တဖြည်းဖြည်းဆင်းနေကြသည်။ ကျွန်ုပ်က သေနတ်ကြီးကိုသာ ထမ်းပြီးဆင်းရသဖြင့် တောင်ထိပ်ကဖြစ်သော်လည်း တောင်ခြေသို့ သူတို့ထက် အလျင်ရောက်သည်။

ထို့ကြောင့် သူတို့ကိုကြိုရန် ဝါးတောများကိုတိုး၍ ကျော်ဖြတ်သွားစဉ် တောင်ခြေ၌ထူးဆန်းသော အနေအထားရှိသည်။ ကျောက်တုံးကြီး (၃)တုံးအနီးသို့ ရောက်ရှိသွားပြီး သူတို့နှင့် ဆုံတော့သည်။

"ကဲ ... တောဆိတ်ကြီးကို ခဏချနားလိုက်ကြဦး။ ငါ ဒါကြီးတွေကို စိတ်ဝင်စားလို့ လေ့လာလိုက်ဦးမယ်"

မှောက်တင်သောင်းက ...

"ဒါက ဘာကြီးတွေလဲ ဆရာ"

"ကျောက်တုံးကြီးတွေလေကွာ"

"ကျောက်တုံးကြီးတွေမှန်းတော့ သိတာပေါ့ဆရာရယ်။ ဘာထူးခြားချက်ရှိသလဲလို့ သိချင်လို့ပါ"

"အေး ... ထူးခြားနေလို့ ငါလည်း လေ့လာနေတာပဲ။ ကျောက်





တုံးကြီးတွေပေါ်မှာ အမှတ်အသားတွေ ထွင်းထုထားတယ်။ ရတနာသိုက်နဲ့ ဆက်စပ်ကောင်း ဆက်စပ်နေလိမ့်မယ်"

ကျောက်တုံးကြီး(၃)တုံးမှာ ဆင့်ထပ်နေခြင်းဖြစ်သည်။ ပထမ ပြေပြင်ပေါ်မှ ကျောက်တုံးကြီးမှာ အလျား(၁၀')ပေခန့်ရှည်ပြီး ဒုတိယ ကျောက်တုံးကြီးမှာ (၈') ပေခန့်ရှည်သည်။ တတိယ ကျောက်တုံးကြီးမှာ (၇') ပေခန့် ရှည်သည်။ အားလုံးအမြင့်မှာ (၁၀') ပေခန့်ပင်ရှိ သည်။

ကျောက်တုံးကြီး (၃)တုံးစလုံး မျက်နှာစာမှာ ညီညာချောမွေ့နေသဖြင့် ကျောက်တုံးကြီးတစ်တုံးတည်းကပင် ကွဲအက်၍ သုံးတုံးဖြစ်သွားသလား မသိနိုင်ပါ။ (၃)ဆင့်ထပ်၊ အက်ကြောင်းများက ညီညာနေပြီး အက်ကြောင်းအရွယ်မှာ လက်မဝက်ခန့်ရှိသည်။ သင်ပုန်းကျောက် အမျိုးအစားဖြစ်သည်။

ကျောက်တုံးကြီး၏ မျက်နှာပြင်ပေါ်တွင် မျဉ်းကွေးများကိုလည်း တွေ့ရသည်။ စက်ဝိုင်းခြမ်းသဏ္ဌာန်မျဉ်းကွေးများပေါ်၌ ကန့်လန့်ဖြတ်မျဉ်း (၃)ကြောင်းက အလျားလိုက်ဖြတ်သန်းနေသည်။ ပထမမျဉ်းဖြောင့်သည် ဒုတိယမျဉ်းကွေးနှင့်ထိစပ်နေပြီး ဒုတိယကန့်လန့်ဖြတ်မျဉ်းဖြောင့်သည် ဒုတိယမျဉ်းကွေးနှင့်ထိစပ်နေလျက် ရှိနေပြန်သည်။

ကျောက်တုံးကြီး၏ထိပ်စွန်းတွင် ဂျပန်စာ ( 五□金閣寺 ) (ဂေါ်ခုချိုးဂင်ကိုး)ဟု ရေးထိုးထားပြန်သည်။ ကျွန်ုပ်ထင်မှတ်ခဲ့သလို လမ်းညွှန်မြေပုံ ဖြစ်ပေလိမ့်မည်။ မျဉ်းကွေးမျဉ်းဖြောင့်များမှာ ချောင်းညီအမှတ်နှင့် ကွန်တိုမျဉ်းများဖြစ်ပေလိမ့်မည်။

တက္ကသိုလ်တွင် ပထဝီဝင်ဘာသာ အဓိကယူခဲ့ပြီး ဂျပန်ဘာသာ ဒီပလိုမာရထားသော ကျွန်ုပ်အတွက်ခက်ခဲစရာမရှိပေ။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တွင် ဒသသမ ၃၀၃ ရိုင်ဖယ်ကြီးကလွဲ၍ တိုင်းတွာရန် တွက်ချက်ရန် ပစ္စည်းများပါမလာပါ။ သို့သော် ကျွန်ုပ်တို့ သုံးတန်ကူး စခန်းတွင် လမ်းအူကြောင်းရှာဖွေစဉ်က အင်ဂျင်နီယာများ ခေတ္တ အပ်နှံထားခဲ့သော ပစ္စည်းကိရိယာများ အစုံအလင်ရှိသည်။

ကျွန်ုပ်ကိုယ်တိုင် လမ်းအူကြောင်းအဖွဲ့နှင့် လမ်းမကြီးဖောက်လုပ်စဉ် လိုက်လံကူညီခဲ့ရသဖြင့် ပစ္စည်းကိရိယာများကိုလည်း အသုံးပြုတတ်ပါသည်။ လမ်းအင်ဂျင်နီယာအဖွဲ့မှာ ဖျားနာ၍ ခွင့်တစ်လခန့် ပြန်သွားရာက ယနေ့ထိပေါ်မလာပါ။ ပစ္စည်းကိရိယာများအား ကျွန်ုပ်ထံအပ်နှံပြီး ပြန်သွားကြခြင်းဖြစ်သည်။

❑

တနင်္ဂနွေနေ့တွင် ကျွန်ုပ်တို့ဆရာတပည့် တောလည်ရန် ပြင်ဆင်ကြပြီး ရုံးခန်းပေါ်မှဆင်းလာစဉ် ဆရာဝန်ကြီး၏ သားနှင့်သမီး ရောက်လာသည်။ သားက လေသေနတ်လွယ်ထားသလို၊ သမီးက ကင်မရာကလေးကို လွယ်ထားသည်။

''ဦးရေ . . . သမီးတို့လည်း တောထဲလိုက်ချင်တယ်။ ပါပါ ပါလိုက်မယ်ပြောတယ်။ ခဏစောင့်ပါတဲ့''

ကျွန်ုပ်၊ အတော်စိတ်ညစ်သွားသည်၊ ဂျပန်ရတနာသိုက်အား ယနေ့လမ်းဖောက်စဉ် အသုံးပြုသည့် ပစ္စည်းကိရိယာများနှင့် ကုန်တိုမြေပုံအားခြေရာခံရန် စီစဉ်ထားသော်လည်း အလုပ်မဖြစ်တော့ပါ။ တပည့်များကို မျက်ရိပ်ပြပြီး ပစ္စည်းများအား ပြန်ထားစေလိုက်သည်။ မကြာပါ ဆရာဝန်ကြီး လျှာထိုးဦးထုပ်ဆောင်း၍ ခါးတွင်ရေဗူးချိတ်ပြီး တုတ်ကောက်ကြီးဖြင့် ရောက်လာပါသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဆရာဦးသိန်းဝင်းရေ ... လှေလှောစရာကလေးရှိလို့ တောထဲကို ကျွန်တော်တို့လည်း လိုက်ပါရစေဗျာ။ တောကောင်တွေပေါ်တော့ သေနတ်သမားမပါဘဲ မသွားရဲဘူးဗျ။ ဒါကြောင့် ဆရာတို့ကိုအားကိုးပြီး လိုက်ရမှာ"

"ဆရာကြီးတို့က ဘယ်ဘက်ကိုသွားချင်တာလဲ"

"ဘယ်ဘက်ရယ်လို့တော့ မသိဘူးဗျာ။ ထူးထူးဆန်းဆန်း ကျောက်တုံးကြီးတွေရှိတဲ့ ဘက်ကိုသွားချင်တာ။ ဆရာ အဲဒီနေရာကို သိသလား"

ရတနာသိုက်ကို လိုက်နေသော ပြိုင်ဘက်တစ်ဦးမှန်း ကျွန်ုပ် သိလိုက်ရပါပြီ။ သို့သော် အကျိုးအကြောင်း သိလိုသဖြင့် ...

"ဆရာကြီးပြောတာ အနောက်ဘက်ရိုးမတောင်ခြေက စုပုံနေတဲ့ကျောက်တုံးတွေ နေရာထင်တယ်။ အတော်ကလေးတော့ လှမ်းတယ်"

"ရတယ်ဗျာ ...။ ဒီနေ့ အလုပ်ပိတ်ရက်ပဲ။ လှေလှောရင်း လမ်းလျှောက်ရတာပေါ့။ သမီးကလည်း တောသဘာဝကို ဓာတ်ပုံရိုက်ချင်နေတာ"

စခန်းတာဝန်ခံ ဆရာဝန်ကြီးဖြစ်၍ ကျွန်ုပ် မငြင်းသာပါ။ စခန်းကထွက်၍ အနောက်ဘက်သို့ လျှောက်ခဲ့ကြသည်။ လူအုပ်ကများပြီး တွေ့ရာလေးပါး စကားပြောလာကြသဖြင့် ဘာတောကောင်မှမတွေ့ရပါ။ နာရီဝက်ခန့်ကြာတော့ ရိုးမကြောအခြေ၊ ကျောက်တုံးကြီးများအနီးသို့ ရောက်လာသဖြင့် ကျွန်ုပ်က ...

"ဆရာကြီးပြောတာ ဒီကျောက်တုံးကြီးတွေလား။ အလယ်ဆင့်မှာလည်း ကျောက်ဖျာကြီးတွေ ရှိသေးတယ်"





ထိုစဉ် ဆရာဝန်ကြီးမှာ ကျောက်တုံးကြီးများအား အနီးကပ်ကြည့်ရင်း ဓာတ်ပုံလည်း တဖျတ်ဖျတ်ရိုက်ယူနေသည်။ ကျွန်ုပ်ကလည်း မသိဟန်ဆောင်၍ မေးရတော့သည်။

"ဆရာကြီး ... ဒီကျောက်တုံးကြီးတွေက ဘာထူးခြားလို့လဲ။ သင်ပုန်းကျောက်အမျိုးအစား ကျောက်တုံးကြီးတွေမဟုတ်လား"

"ထူးခြားတယ် ဆရာသိန်းဝင်း။ ကဲ ... မထူးတော့ပါဘူးဗျာ။ ကျွန်တော်တစ်ယောက်တည်းလုပ်လို့ရတဲ့ ကိစ္စမဟုတ်တော့ ဓာတ်ကြောင်းကို ပြောပြမှဖြစ်တော့မယ်ထင်ပါရဲ့"

"ဒီလိုဆရာရေ ... ဒုတိယကမ္ဘာစစ်အတွင်းတုန်းက ဂျပန်တပ်စုတစ်စုဟာ စစ်ကားသုံးစီးနဲ့ ဖောင်ကြီးဘက်ကနေ ဆုတ်လာသတဲ့။ သစ်ထုတ်လမ်းအတိုင်း ဆုတ်လာရာမှာ အသာစီးရနေတဲ့ အင်္ဂလိပ်တွေက လေယာဉ်ပျံနဲ့လိုက်ပြီး စက်သေနတ်နဲ့ပစ်တော့ ခရီးဆက်သွားလို့မရတော့တာနဲ့ ကားတွေကို နတ်ရေတွင်းရွာနားမှာ မီးရှို့ပြီး ဖျက်ဆီးခဲ့သတဲ့။

ပြီးတော့မှ ရိုးမတောင်ခြေ သစ်ရိပ်ကိုခိုပြီး ရှေ့ကိုချီတက်ကြသတဲ့။ သူတို့နဲ့အတူ ရွှေးတပ်သားတွေပါလာတာမို့ သေတ္တာလေးလုံးကို ထမ်းခိုင်းပြီး ပဲခူးရိုးမတောင်ခြေတစ်နေရာမှာ အမှတ်အသားပြုမြှုပ်နှံပြီး ရွှေးတပ်သားတွေကိုပါ လက်စတုံးသတ်ပစ်ခဲ့သတဲ့။ မြှုပ်နှံတဲ့ သေတ္တာလေးလုံးဟာ ရတနာသေတ္တာတွေလို့ သိရတယ်ဆရာ"

"ဆရာကြီးမှာ ရတနာသိုက်မြေပုံရှိသလား။ ဘယ်လိုလုပ်ပြီး ဒီရတနာသိုက်ရှိမှန်း သိတာလဲ"

"မြေပုံညွှန်းတော့မရှိဘူး ဆရာရေ။ အဲဒီတုန်းက ကျွန်တော်တို့ဘကြီး ဦးတင်ရွှေက 'ဘွန်ချို'လို့ခေါ်တဲ့ ရွှေးတပ်သားခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



သူက ဂျပန်လိုနားလည်တော့ ဂျပန်စစ်ဗိုလ်တွေက သူ့ကိုချစ်ကြတယ်။ အားလည်းကိုးကြတယ်။ ဒါကြောင့်လည်း ရန်ကုန်က ဆုတ်လာကြတဲ့ စစ်ကား (၃) စီးမှာ ဂျပန်စစ်သားတွေနဲ့ စစ်ဗိုလ်(၃) ယောက်ပါလာတာ။

ရန်ကုန်–ပဲခူးလမ်းပေါ်မှာ အင်္ဂလိပ်လေယာဉ်တွေက စက်သေနတ်နဲ့ပစ်လွန်းတော့ မခံနိုင်ဘဲ ဖောင်ကြီးတောထဲ ဝင်ပြေးလာကြတာပေါ့။ အဲဒီမှာလည်း အပစ်ခံရတော့ သစ်ထုတ်တဲ့လမ်းအတိုင်းပဲ ပဲခူးရိုးမထဲကို ဝင်ပြေးတာ။

မင်းကုန်းရေနက်ကြီး ကျွန်းတစ်စုံရွာတွေကိုကျော်လို့ နတ်ရေတွင်းရွာနားရောက်တော့ လေယာဉ်ပျံတွေက စက်သေနတ်နဲ့ ပစ်ရုံတင်မကတော့ဘူး စစ်ကားတွေ တောထဲဝင်ပြီး ပျောက်သွားမှာစိုးလို့ ဗုံးပါကြဲတော့တာ။ ကျွဲညီနောင် လေယာဉ်မဲမဲကြီးတွေ အကူအညီနဲ့ပေါ့။

အဲဒါနဲ့ စစ်ကားပေါ်မှာပါလာတဲ့ ချွေးတပ်သားတွေကို 'ဘွန်ချို' အဘဦးတင်ရွှေကိုခေါင်းဆောင်စေပြီး သေတ္တာကြီးတွေကို ထမ်းနိုင်းပြီး တောထဲဝင်ခိုင်းတယ်။ ကားပေါ်မှာလည်း သေတ္တာကြီးတွေကို စနစ်တစ်ကျမြှုပ်နှံဖို့ လက်နက်ပစ္စည်းတွေနဲ့ ဘိလပ်မြေအိတ်တွေ၊ ရိက္ခာတွေပါတယ်။ အားလုံးကို ချွေးတပ်သားတွေက ထမ်းကြရတာ။ ထမ်းပြီး တောထဲရောက်တာနဲ့ ကား ၃ စီးကို ဗုံးမှန်ပြီး မီးလောင်တော့တာပဲလို့ သိရတယ်။

ကံကောင်းထောက်မစွာနဲ့ အဘဦးတင်ရွှေတို့ လက်မတင်ကလေး လွတ်သွားတာပေါ့။ တောရိပ်တောင်ရိပ်ခိုပြီး ကညင်ပင်စခန်းရောက်တော့ အနားပေးပြီး ထမင်းချက်ခိုင်းတယ်။ အခု ဒီကျောက်တုံးကြီးတွေနားမှာတော့ ဂျပန်စစ်ဗိုလ်နဲ့ စစ်သားတွေ ရိုးမကျောပေါ်တက်လိုက် အောက်ဆင်းလိုက်၊ ပေတိုင်းလိုက် လုပ်နေကြတယ်"





အဘက ဂျပန်တွေ ရတနာသေတ္တာကြီးတွေကိုမြှုပ်ဖို့ နေရာရှာနေမှန်း သဘောပေါက်တယ်။ ဒါကြောင့် နီးစပ်ရာချွေးတပ်သားနှစ်ယောက်ကို လက်ကုပ်ပြီး ပြေးကြတာပေါ့။ ဂျပန်စစ်သားတွေ သိသွားလို့ သေနတ်တွေနဲ့ ဝိုင်းပစ်ကြတယ်။ အဘဦးတင်ရွှေက လက်မောင်းမှာ သေနတ်မှန်တယ်။ ကျန်နှစ်ယောက်က ပေါင်နဲ့ခြေသလုံးမှာ ကျည်ဆန်ရှပ်မှန်တယ်။

လူစုခွဲပြေးကြတော့ တောထဲမှာတစ်ယောက်နဲ့ တစ်ယောက် မတွေ့ကြတော့ဘူး။ ဒဏ်ရာတွေကို နီးစပ်ရာအပင်တွေက အရွက်တွေ အရည်ညှစ်ပြီး သွေးတိတ်အောင် လုပ်ကြရတယ်။ ဂျပန်တွေရန်ကို ကြောက်လို့ တောနက်ထဲမှာ တစ်ညလုံး ပုန်းအောင်းနေကြရတယ်။ မနက်လင်းတော့မှ ဂျပန်တွေနဲ့ ဝေးရာဘက်ကိုပြေးခဲ့ကြရင်း ကျွန်တော်တို့အဘက မွေးနီရွာကို ရောက်လာတယ်။

အဲဒီမှာ အဘ ဦးနီမောင်နဲ့တွေ့ပြီး အစာကျွေး ဆေးကုပေးလို့ အဘဒဏ်ရာပျောက်ကင်းပြီး ချမ်းသာရာရသွားတယ်။ အဘဟာ ဒဏ်ရာပျောက်ကင်းပေမဲ့ ဒဏ်ရာအရှိန်ကြောင့် ငှက်ဖျားရောဂါ ဝင်လာပြန်တယ်။ အဲဒါနဲ့ ဆေးဆက်ကုရတာ တစ်လလောက်ကြာသွားတယ်။

ရောဂါပျောက်တော့ အဘက ကျေးဇူးရှိတာနဲ့ ဦးနီမောင်ကို ရတနာမြှုပ်နှံထားတဲ့နေရာအကြောင်း ပြောပြတယ်။ သူကတော့ လှည့်မကြည့်တော့ဘဲ ဦးနီမောင်ပေးတဲ့ လမ်းစရိတ်ငွေကလေးနဲ့ ပဲခူးကို အရောက်ပြန်လာတာ။ အဲဒီတုန်းက စစ်အတွင်းကာလဖြစ်လို့ အဘဟာ ပဲခူးမြို့အထိ လမ်းလျှောက်ပြန်ခဲ့ရတယ်လို့ သိရတယ်။ ဦးနီမောင်ပေးလိုက်တဲ့လမ်းစရိတ်က စားစရိတ်ဖြစ်သွားတာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



အဘဟာ ပဲခူးအိမ်ရောက်တော့ ပန်းဖျားဖျားပြီး လဲတာပဲ။ နလံပြန်မထူတော့ဘူး။ အဲဒါနဲ့ သူမသေခင်မှာ ကျွန်တော်တို့အဖေ သူ့သားကို မြေပုံညွှန်း ပြောပြသွားလို့ ကျွန်တော်တို့ တစ်ဆင့်သိရတာပါ။ အဘဆုံးတော့ အဖေက ကြိုးစားပါသေးတယ်။ ဒါပေမဲ့ စစ်ပြီးကာလမှာ ရောင်စုံသူပုန်တွေ သောင်းကျန်းပြန်တော့ ပဲခူးရိုးမထဲ မဝင်ရဲပြန်ဘူးလေ။

အဲဒါနဲ့ ကြာသွားပြီး ကျွန်တော်တို့လက်ထက်ကျမှ ဆရာဝန်လုပ်ရင်း အကျဉ်းဦးစီးဌာနကိုပြောင်းပြီး ဒီကိုရောက်လာတာပါ။ ဒါပေမဲ့ လွယ်မယ်မထင်ပါဘူး ဆရာရယ်။ မြေပုံညွှန်းအတိအကျလည်း မရှိဘူး။ နေရာကလည်း အတော်ကျယ်ဝန်းတယ်။

ဒီကျောက်တုံးကြီးတွေပေါ်က မြေပုံညွှန်းဖြစ်ဦးတော့ ကျွန်တော်တို့ မဖတ်တတ်ဘူး။ ပိုဆိုးတာက ဂျပန်စာတွေနဲ့ရေးထားတော့ ဂျပန်စာနားလည်တဲ့သူ ပါမှဖြစ်မယ်။ တူးဖို့ဖော်ဖို့လည်း လက်နက်ပစ္စည်းနဲ့ လူလုပ်အားလိုဦးမယ်။ ပေါက်ကြားသွားရင်လည်း အန္တရာယ်ရှိနိုင်တယ်''

''ဆရာကြီးရေ ... အလွယ်ရတဲ့ပစ္စည်းရယ်လို့တော့ ဘယ်ရှိနိုင်မလဲ။ အခက်အခဲတော့ ရှိမှာပေါ့။ ဂျပန်တွေကလည်း စနစ်တကျမြှုပ်နှံလုပ်ကိုင်သွားတာပါ။ ဒီနေရာဟာ ရတနာသိုက်ရှိမှန်း ကျွန်တော်တို့ သိတာကြာပါပြီ။ ကျွန်တော် ဂျပန်စာလည်း တတ်ပါတယ်။ တက္ကသိုလ်တုန်းက ပထဝီဝင်ဘာသာ အဓိကယူခဲ့လို့ ကွန်တိုမြေပုံကိုလည်း ဖတ်တတ်ပါတယ်။ ဒါပေမဲ့ ဘယ်ကအစရှာရမှန်း မသိသေးဘူး။ ဂျပန်လိုရေးထားတာက 'ငါးပေါက်တွင်းရတနာသိုက်' လို့ ရေးထားတာပါ''

''ဟာဗျာ ... ဒါဆို ဟန်ကျတာပေါ့။ ကျွန်တော်တို့ပူးပေါင်းပြီး ရတနာရှာရအောင်ဗျာ။ ဆရာသိန်းဝင်းက ခေါင်းဆောင်လုပ်ပါ။ ရတနာတွေရလာရင်လည်း ဝိုယူပါ''

''သက်ဆိုင်သူတွေ အကျိုးခံစားခွင့်ရှိရမှာတော့ အမှန်ပါပဲ ဆရာကြီး။ တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိကြဖို့လည်း အလွန်အရေးကြီးပါတယ်။ ဒါပေမဲ့ ဒီပတ်ဝန်းကျင်ကို ကျွန်တော်တို့ ပိုက်စိပ်တိုက်ရှာပြီးပါပြီ ဆရာကြီး။ ဘာတွင်းပေါက်၊ ဘာလိုဏ်ဂူမှ မတွေ့ရသေးပါဘူး။

တူးထားတဲ့ လက်ရာခြေရာလည်း မတွေ့ရသေးတော့ ဘယ်သူမှတော့ ရသွားသေးဟန်မတူပါဘူး။ အခု ဒီရတနာသိုက်ကို သိကြတာက ဆရာကြီးတို့အဘရယ်၊ မွေးနီရွာက ဦးနီမောင်ရယ်၊ လွတ်မြောက်သွားတဲ့ ချွေးတစ်သားနှစ်ယောက်ရယ်၊ ကျွန်တော်ရယ်ဆိုတော့ သိတဲ့လူက အတော်များနေပါပြီ။ ကြိုးလည်း ကြိုးစားမှာပါ''

''ဟုတ်ပါတယ် ဆရာထောင်မှူး။ ဒါပေမဲ့ ကျွန်တော်တို့က စခန်းနဲ့နီးတော့ တစ်ပန်းသာပါတယ်''

''ကဲ ... နားကြဦးဗျာ။ ကျွန်တော်နဲ့ တပည့်တွေ အပေါ်တက် လေ့လာကြည့်ဦးမယ်''

ကျောက်တုံးများပေါ်က ကွန်တိုမြေပုံကို ကျွန်ုပ် အသေးစိတ်ပြန်လေ့လာသည်။ မျဉ်းကွေးများ ခပ်စိပ်စိပ်ရှိသောကြောင့် မျက်မြင်အတိုင်းတွေ့နေရသော အနောက်ဘက်တောင်စောင်းသည် မတ်စောက်နေသည်။ အောက်ဘက်တွင် မျဉ်းကွေးများ ခပ်ကျဲကျဲရှိသောကြောင့် ဆင်ခြေလျှော အောက်ဆင့်ဖြစ်ပေလိမ့်မည်။ ထိုတောင်တန်းကြီးကို မြေပုံပေါ်၌ ကန့်လန့်ဖြတ်ဂရပ်လိုင်းဆွဲကြည့်ပါက တောင်မကြီးကို ဘေးတိုက်မြင်ရသည့်ပုံစံအတိုင်း ထွက်လာပါလိမ့်မည်။







www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ ကန့်လန့်ဖြတ်မျဉ်းကြောင်းကို လေ့လာကြည့်ရာတွင် ပထမမျဉ်းကန့်လန့်ဖြတ်သည် ဒုတိယကွန်တိုမျဉ်းကြောင်းပေါ်တွင် တည်ရှိပြီး ဒုတိယကန့်လန့်ဖြတ်မျဉ်းကြောင်းသည် တတိယကွန်တိုမျဉ်းပေါ်၌ တည်ရှိသော လှုသွားလမ်းကို ဆိုလိုဟန်ရှိသည်။ ဒုတိယ ကန့်လန့်ဖြတ်မျဉ်းဖြောင့်သည် တောင်ကုန်း၏အလယ်ပိုင်း ကျောက်ဖျာများနှင့် ကျောက်တုံးများရှိသောနေရာ ဖြစ်နိုင်ပေသည်။

ကျွန်တော်ပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်ရှုမိသည်။ တောတောင်၏ တိတ်ဆိတ်ငြိမ်သက်မှုကြောင့် စိတ်အာရုံအား တည်ငြိမ်စေသည်။ ထူးခြားသော အမှတ်အသားများ ဆက်နွယ်လျက်ရှိသော သစ်ပင်ကြီး၊ ကျောက်တုံး၊ ကျောက်တိုင်၊ ကျောက်ငုတ်၊ တောင်ကမူ စသည်တို့ကို အမှတ်အသားပြုနိုင်သဖြင့် ကျွန်ုပ် ရှာဖွေကြည့်မိသည်။

❑

ဖြစ်နိုင်ခြေရှိသောအရာဟူ၍ ဘာမှမတွေ့ရပါ။ ကျွန်ုပ်တို့ရပ်နေသော လှုသွားလမ်းကလေး၏ ဘေးတစ်ဘက်တစ်ချက်စီတွင် မြေပြန့်လွင်ပြင်ကလေးရှိသည်။ ထိုမှတစ်ပါး တောင်တန်းကြီးပေါ်တွင် ဝါးရုံပင်နှင့် တံမြက်စည်းပင်များထူထပ်စွာ ပေါက်ရောက်လျက်ရှိသည်။

အကယ်၍ သစ်ပင်တစ်ပင်ကို မှတ်သားထားခဲ့လျှင်လည်း ကျွန်ုပ်တို့တွေ့ခဲ့သော မြားပြထားသည့် ပျဉ်းမပင်ကြီးမှာ တောင်ကြောထိပ်ပေါ်၌ရှိသဖြင့် အဓိကမဟုတ်နိုင်ပြန် အမှတ်အသားသာ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်ကိုယ်ကိုင် ဒုတိယအဆင့်သို့ ၁က်၍ ဆက်နွယ်လျက်ရှိသော အမှတ်အသားများကိုရှာဖွေရန် တောင်ကုန်းပေါ်သို့ တက်လာခဲ့တော့သည်။

တောင်ကုန်းမှာ အတော်မတ်စောက်သဖြင့် ခြေကုပ်မမြဲပါ၊ ဝါးပင်ကိုင်းများအားဆွဲ၍ တက်ရမည်။ ဖွဲကောင်းကောင်းဖြင့် တက်ရာ အလယ်ဆင့်သို့ ရောက်လာသည်။ အလယ်ဆင့်တွင် လေတစ်ဟူးဟူး တိုက်ခတ်နေရာ ဝါးရုံပင်မှအကိုင်းများသည် ယိမ်းနွဲ့လှုပ်ရှားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ရောက်ရှိနေသောနေရာသည် ကွန်တိုမျဉ်းဒုတိယ ကန့်လန့်ဖြတ်မျဉ်းနှင့် အညီလောက်ရှိပြီဟု ခန့်မှန်းမိသည်။ ကျွန်ုပ်တွင် အမြင့်တိုင်း (ALTI METER) မပါလာသောကြောင့် ခန့်မှန်းရုံသာ ခန့်မှန်းနိုင်သည်။

ခြေကို ခိုင်မာအောင်ရပ်နိုင်သောနေရာသို့ ရောက်သည်တွင် ဝါးရုံပင်များကိုလက်ဖြင့်ဖြဲ၍ မျက်နှာချင်းဆိုင် တောင်တန်းကြီးပေါ်သို့ လှေ့လာလိုက်သည်။ လေပြင်းတစ်ချက်အဝှေ့တွင် တောင်ကုန်းပေါ်၌ ကျွန်ုပ်ရပ်နေသည့်နေရာနှင့် အမြင့်တူလောက်တွင် ကျောက်ငုတ်တစ်ခုကို မထင်မှတ်ဘဲ တွေ့လိုက်ရတော့သည်။

ပင်ပန်းသောစိတ်တို့ ရုတ်ခြည်းပျောက်ကွယ်သွားပြီး အားတက်လာသည်။ ကျောက်ငုတ်မှာ သဘာဝမဟုတ်။ လူတို့စိုက်ထူထားခြင်းဖြစ်သည်။ ထိုကျောက်ငုတ်သည် ကျွန်ုပ်ရပ်နေသော ဒုတိယအဆင့်တောင်ကမ်းပါးယံမှ ဒုတိယကန့်လန့်ဖြစ်မျဉ်းကြောင်းနှင့် အမြင့်ပေတူသော နေရာဖြစ်လောက်ပေသည်။

ကျောက်ငုတ်သည် အဓိကနေရာလား၊ သို့မဟုတ် ရတနာသေတ္တာများမြှုပ်နှံထားရာနေရာမှာ ကျောက်ငုတ်၏ဘယ်ဘက်လား၊ ညာဘက်လား၊ အထက်ဘက်လား၊ အောက်ဘက်လား မရေမရာပါပင်။ သို့သော် ဤကျောက်ငုတ်က သဲလွန်စတစ်ခုဖြစ်မှန်းတော့ သေချာပါသည်။

ဂျပန်များသည် တောကျောပေါ်အထိတက်၍ ရတနာများကို မြှုပ်နှံထားမည်လား။ ကွန်တိုမျဉ်းကွေးများနှင့် ကန့်လန့်ဖြတ်မျဉ်းသုံးကြောင်းက နေရာငါးနေရာတွင် ထိစပ်နေကြောင်း ကျွန်ုပ် မှတ်မိထားသည်။ သို့သော် ကျောက်တုံးပေါ်မှ မြေပုံနှင့်ပြောင်းရွှာစဉ်က အသုံးပြု





ခဲ့သော အမြင့်တိုင်း ကိရိယာတန်ဆာပလာများ ပါရှိလာလျှင်တော့ ကျောက်တုံးပေါ်မှမြေပုံကို အဓိကထားပြီး တိုင်းတာတွက်ချက်နိုင်ဖွယ်ရာ ရှိပေသည်။

ဖြစ်နိုင်ချေရှိသော ယခုမြင်တွေ့နေရသည့် ကျောက်ငုတ်ကို သာပစ်မှတ်ထား၍ လေ့လာရပေတော့မည်။ အချိန်အတော်ကြာရပ်၍ ပတ်ဝန်းကျင်ကို လေ့လာမိသည်။ သံသယဒွိဟစိတ်ကပါ ပူးတွဲပါလာသည်။ ယခုမြင်နေရသော ကျောက်ငုတ်ပုံစံမျိုးကို ကျောက်ဖျာနှင့် ကျောက်တုံးပုံတွေကြားလိုက် ရှာကြည့်မိသည်။ မတွေ့ရပါ။

ထို့ကြောင့် ကျွန်ုပ် ကျောက်ငုတ်အနီးသွား၍ ဆောင့်ကြောင့်ထိုင်ပြီးအသေးစိပ်လေ့လာမိသည်။ ကျောက်ငုတ်ပေါ်၌ 四 (ယွန်) (၄)ဟု ဂျပန်ဘာသာ ဖြင့် နံပါတ်တပ်ထားပြီး အနီးတွင် လက်သန်းထိပ်ခန့်အပေါက်ကလေး တစ်ပေါက်ကိုတွေ့ရသည်။ အောက်၌ လည်း [illegible] (ဂေါ်ခုချိဂင်ကိုး) တွင်းငါးပေါက်ရတနာသိုက်ဟု ရေးထားပြန်သည်။

ဤနေရာသည် အဓိကအချက်အခြာကျသော နေရာဟုတ်မဟုတ်မသိသော်လည်း ဤလို ကျောက်ငုတ်မျိုး (၅)ခုရှိရမည်ဟု ကျွန်ုပ်စဉ်းစားမိသည်။ သို့သော် အနီးအပါး၌ လည်းကောင်း၊ အဝေး၌ လည်းကောင်း ဆင်ဆင်တူသော ကျောက်ငုတ်တစ်ခုတစ်ခုကိုမှ မတွေ့ရပါ။ မြေပြင်တိုင်းကိရိယာများနှင့် တွက်ချက်ပြီး အကွာအဝေးကို ကျောက်တုံးကြီးပေါ်မှ ကွန်တိုမြေပုံ နှင့်ညှိနှိုင်းယှဉ်သာလျှင် ကျောက်ငုတ်များအား ရှာဖွေတွေ့ရှိနိုင်မည် ဖြစ်လေသည်။

ကျောက်ငုတ် (၅) ခုစလုံးကို ရှာဖွေတွေ့ရှိပြီးနောက်၌လည်း ဘယ်ဟာအဓိက ဘယ်ဟာသာမညဟု ဝေခွဲရတာတ်ပေဦးမည်။ မြှုပ်နှံ



www.burmeseclassic.com

www.burmeseclassic.com



သူသာသိနိုင်သော လျှို့ဝှက်သင်္ကေတကို သုံးထားခြင်းဖြစ်သည်။ ကျောက်ငုတ်(၅)ခုအားတွေ့ရှိရန် အကုန်တူးဖော်ကြည့်မည်ဆိုလျှင်လည်း အချိန်အတော်ကုန်မည်။ လူအင်အားသုံးရမည်။ မတော်၍ မိုင်းဆင်ထားလျှင်လည်း ခံရပေဦးမည်။ ဝှက်ဖဲတစ်ချပ်ရှိနိုင်ကြောင်း ကျွန်ုပ်စဉ်းစားမိသည်။ ရှေးဘုရင်ဂျပန်များက ၎င်းတို့ကိုယ်၌ကလွဲ၍ အခြားသူမဖော်နိုင်စေရန် သေသပ်စနစ်ကျစွာ လုပ်ဆောင်သွားခြင်းဖြစ်ပေသည်။

ကျွန်ုပ် တောင်အောက်သို့ ကုပ်တွယ်၍ ပြန်ဆင်းခဲ့သည်။ ဤတောင်မှာ အဆင်းခက်ခက်၊ အတက်ကြမ်းကြမ်းတောင်မျိုး ဖြစ်သည်။ တောင်ခြေရောက်တော့ ကျွန်ုပ်တစ်ကိုယ်လုံး ချွေးသံများရွှဲနေသည်။ ရေလည်းငတ်လွန်းလှသဖြင့် မုဆိုးအောင်သန်းဆီမှ ရေတောင်းသောက်ရသည်။ အလိုက်သိစွာစောင့်နေရှာသော ဆရာဝန်ကြီးက ကျွန်ုပ်အမောပြေလောက်မှ မေးလာသည်။

"ဆရာထောင်မှူး ဘာထူးခြားတာတွေ့သလဲ"

"တွေ့တယ် ... ဆရာကြီးရေ၊ အမှတ် (၄) ငါးပေါက်တွင်းရတနာသိုက်လို့ ဂျပန်လိုရေးထားတယ်။ ဒါပေမယ့် ဒါဟာ အဓိကနေရာမဟုတ်နိုင်မှန်း ကျွန်တော်သိတယ်။ ကျောက်ငုတ်တစ်ခုပေါ်မှာ ရေးထိုးထားတာ။ အဲဒီလို ကျောက်ငုတ်မျိုး (၅)ခုရှိလိမ့်မယ်။ အခု တစ်ခုဘဲတွေ့သေးတာ။ ငါးခုစလုံးကိုတွေ့ရင်လည်း ဝှက်ဖဲတစ်ချပ် ရှိသေးတယ်။

အဓိကနေရာဟာ ဘယ်နေရာလည်းဆိုတာကို ကျွန်တော်တို့ လေ့လာပြီး စုံစမ်းစစ်ဆေးရဦးမယ်။ ကျောက်တုံးကြီးပေါ်မှာ ကွန်တိုမျဉ်းကွေးနဲ့ မျဉ်းဖြောင့်(၃)ကြောင်းဆုံရာ (၅)နေရာမှာ ထိစပ်နေတာဟာ ကျောက်ငုတ်(၅)ခုကို ညွှန်ပြနေတာပဲ။

ကျွန်တော့်မှာက မြေတိုင်းကိရိယာပစ္စည်းမပါတော့ ခန့်မှန်းရုံ





ပဲ။ အတိအကျ တွက်ချက်လို့ မရနိုင်ဘူး။ ကဲ ... ပြန်ကြစို့။ နောက်တစ်ခေါက်မှ ပစ္စည်းတွေယူလာပြီး အသေအချာ တွက်ချက်တိုင်းယူရတော့မှာဘဲ။ ဒီနေ့တော့ ပင်ပန်းပြီ ဗျာ၊ ပြန်ကြစို့"

"ကောင်းပြီဆရာ ထောင်မှူး"

ကျွန်ုပ်တို့ စခန်းသို့ပြန်ရန်ပြင်စဉ် မုဆိုးအောင်သန်းက ...

"ဆရာတို့ပြန်နှင့်ပေတော့ ဟင်းချက်စရာဘာမှမရှိဘူး။ ကျွန်တော်နဲ့မျောက်တင်သောင်း ကြက်ကိုင်း၊ ငှက်ကိုင်း လိုက်ပြီးရှာလိုက်ဦးမယ်"

"အေး ... အေး ... ကောင်းပြီ၊ အကြာကြီးတော့မနေနဲ့ မှန်းတည့်တော့မယ်၊ မြန်မြန်ပြန်လာကြ"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ်နှင့်ဆရာဝန်ကြီးတို့မိသားစု စခန်းသို့ပြန်လာကြသည်။ လမ်းတွင် ကျွန်ုပ်ကပင်ပန်း၍ စကားမပြော။ ဆရာဝန်ကြီးကလည်း စဉ်းစားရင်း လမ်းလျှောက်လာသည်။ သူ့ဇနီးသားနှင့်သမီးသာ တစ်လမ်းလုံးနောက်ပြောင်၍ စကားပြောလာကြသည်။

ကျွန်ုပ် စခန်းပြန်ရောက်တော့ ကျောက်တုံးကြီးပေါ်၌ ရေးထိုးထားသည့်စာများနှင့် အမှတ်အသားများ ကွန်တိုမြေပုံနှင့် ဂရပ်လိုင်းများကို အလွတ်ရနေသဖြင့် စာရွက်ဖြူပေါ်တွင် ခန့်မှန်းရေးဆွဲလိုက်သည်။ နောက် ကျောက်ငုတ်များ ပုန်းကွယ်နေမည့်နေရာများအားလည်း ရှာဖွေစုံစမ်းမိသည်။

ကွန်တိုမျဉ်းကွေးများနှင့် ဂရပ်မျဉ်းဖြောင့်(၃) ကြောင်းထိစပ်နေသော နေရာငါးနေရာကို အကြမ်းဖျင်း ရာထားကြည့် မိသည်။ ကျောက်ငုတ်(၅)ခုရှိနေနိုင်သောနေရာများ ဖြစ်ပေသည်။ မျဉ်းများထိစပ်နေသော



www.burmeseclassic.com

www.burmeseclassic.com



နေရာငါးနေရာကို ကျွန်ုပ်ခဲတံဖြင့် ဆက်စပ်ဆွဲမိရာ အပေါ်ဂရပ်မျဉ်းပေါ်၌ တစ်နေရာ၊ အလယ်မျဉ်းပေါ်၌ နှစ်နေရာ၊ အောက်ဆုံးမျဉ်းပေါ်၌ နှစ်နေရာ ထိစပ်နေခြင်းဖြစ်၍ ဆွဲကြည့်လိုက်တော့ နေရာ(၅)နေရာဆက်မျဉ်းမှာ မြန်မာဂဏန်းဂငယ်(ဂ)ဖြင့် သွားတူနေသည်။

ဂျပန်အက္ခရာခန်းကျိုး ဟိရဂဏ ခတ္တဂဏ စာလုံးများနှင့်တော့ မတူပါ။ တစ်ခါပြန်စဉ်းစားတော့လည်း ဆန်းစလ,ကွေးကလေးဖြင့် တူနေပြန်သည်။ လကို ဂျပန်လို ( 月 ) စုကီးဟုခေါ်သည်။ အဓိပ္ပာယ်မှာ ချစ်ခင်နှစ်သက်ခြင်းဟူ၍ရသည်။ အဖြေမှာ နီးလာသလို ခံစားရပြီး ရုတ်တရက် အဝေးသို့ လွင့်စင်သွားပြန်သည်။ ထို့ကြောင့် ကျွန်ုပ်မှာ ခေါင်းချာချာလည်ပြီး အတွေးစများကို ရပ်ထားလိုက်ရတော့သည်။

ထိုစဉ် မုဆိုးအောင်သန်းနှင့် မျောက်တင်သောင်းတို့ ပြန်ရောက်လာကြသည်။ လွယ်လာသည့် လွယ်အိတ်ကြီးမှာလည်း ဖောင်းကားနေသည်။ မျက်နှာများကလည်း မှိုရသောမျက်နှာများလိုပင် ပြုံးပြုံးရွှင်ရွှင်နှင့် ဖြစ်ကြသည်။

"ဟဲ့ကောင်တွေ ... ဘာတွေများရလို့ပါလဲ။ မျက်နှာတွေက တစ်ပြုံးပြုံးနဲ့၊ ပြောစမ်းပါဦး"

"ကြက်ဖကြီးနှစ်ကောင်တောင် ရလာတယ်ဆရာရေ့။ ပေါက်ကိုင်းကမိတာ။ အဲဒါ အပြန် ဆရာဦးလေးမောင်တို့အုပ်စုနဲ့တွေ့လို့၊ သူတို့ထမ်းလာတဲ့ချေကို၊ ဆရာစားဖို့တဲ့ ပေါင်တစ်ချောင်းဖြတ်ပေးသွားတယ်"

"သူတို့ကို ဘယ်နားမှာတွေ့တာလဲ။ ဘယ်က ပြန်လာကြတာတဲ့လဲ"

"ဖောင်းတူဘက်က ပြန်လာကြတာတဲ့ဆရာ။ ကျားသောင်းကျွန်းတဲ့သတင်းစုံစမ်းရင်း အမဲပစ်ထွက်ကြတာတဲ့။ သူတို့အဖွဲ့ကို ရတနာသိုက်ကျောက်တုံးကြီးနားမှာ တွေ့ရတာ။ သူတို့လည်း ရတနာသိုက်အကြောင်း သိနေတယ်ထင်တယ်ဆရာ"

"အောင်သန်းရေ ... ဒီရတနာသိုက်က လူအတော်များများ သိနေကြပြီး ဘယ်သူမှလည်း မဖော်နိုင်သေးဘူး။ ငါလည်းစဉ်းစားတာ ဦးနှောက်တောင်ခြောက်နေပြီ။ ဂျပန်တွေက တကယ့်ကို လျှို့လျှို့ဝှက်ဝှက်လုပ်သွားတာပဲ။ ဒါပေမဲ့ မကြာခင် ငါအဖြေတွေ့မှာပါ"

"လုပ်စမ်းပါ ဆရာရယ်။ ကျွန်တော်တို့လည်း လွတ်ခါနီးပါပြီ။ စည်းစိမ်ကလေးနဲ့ နေရအောင်ပါ"

"အေးပါကွာ ... ငါကြိုးစားပြီး အဖြေရှာပါ့မယ်။ အခက်အခဲဆိုတာတော့ ရှိစမြဲပဲ။ ဒါပေမဲ့ မဝေးတော့ဘူးလို့ ငါအလိုလိုသိနေတယ်"

အောင်သန်းနှင့်တင်သောင်းတို့ ဟင်းချက်နေကြစဉ် ကျွန်ုပ်အတွေးများ ပွားနေမိသည်။ ဂျပန်များလည်း လူဖြစ်သည်။ လူအချင်းချင်း လျှို့ဝှက်စွာလုပ်ဆောင်သွားမှုကို လူတစ်ယောက်ဖြစ်သော ကျွန်ုပ်က မဖော်ထုတ်နိုင်လျှင် ညံ့ရာကျပေမည်။ ပြဿနာပုစ္ဆာတွင် အဖြေတစ်ဝက်ပါသည် မဟုတ်ပါလား။

ကျောက်တုံးကြီးပေါ်တွင် စကေးအလိုက် မြေပုံထွင်းထုခြင်း၊ ကျောက်ဝှတ်များအား မြေပုံညွှန်းအတိုင်း စနစ်တကျစိုက်ထူခြင်း၊ ဂုဏ်နာပဋ္ဋည်းများ မြှုပ်နှံခြင်းတို့အတွက် အနည်းဆုံး (၅)ရက်တစ်ပတ် ကြာနိုင်လေသည်။ ဂျပန်များစစ်ပြေးရင်း ဤသို့ထွင်းထုရန် အချိန်ပေးနိုင်ပါသလား။ သေသပ်ညီညာသဖြင့် ကမန်းကတန်းလုပ်ခြင်းလည်း မဟုတ်နိုင်။





စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ခေတ်မှာ သစ်တောဘက်ကပုဂ္ဂိုလ်များ တောတက်ရင်း အမှတ်တရ ထွင်းထုခြင်းလည်း မဖြစ်နိုင်။ သတင်းအနံ့ရထားသူများကလည်း အတိအကျ ပြောနေကြပြီဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးသည်မှာ နှစ်(၅၀)ကျော်ခန့်ရှိခဲ့ပြီး ဂျပန်စာများလည်း ရေးထွင်းထားတော့ အပြောနှင့်အဟောက ညီနေသည်။

သို့သော် လျှို့ဝှက်သော့ချက်က ဘာလဲ။ စဉ်းစားရခက်လှသည်။ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်အောင်တော့ လုပ်ရပေမည်။ အချိန်ကြာလာသည်နှင့်အမျှ လူသိများလာကြမည်ဖြစ်သည်။ မြို့နှင့်ရွာနှင့်ဝေးသော တောခေါင်ခေါင်နေရာဖြစ်၍သာ တော်ပါသေးသည်။

ကျွန်ုပ်စဉ်းစားနေစဉ် မုဆိုးအောင်သန်းက ထမင်းပြင်ပြီးကြောင်း အကြောင်းကြားသဖြင့် ထ၍ စားရတော့သည်။ ဟင်းများမှာ ကြက်သား၊ ချေသား၊ ဆိတ်ပြန်ဟင်းများဖြစ်၍ ကောင်းလှပါသည်။ သို့သော် အဆာလွန်၍လား၊ အတွေးနက်နေသဖြင့်လား မသိနိုင်ပါ၊ ထမင်းကို ဟက်ဟက်ပက်ပက် မစားနိုင်ပါ။ တန်ရုံသာစား၍ အပြီးသတ်လိုက်ပါသည်။

❑

နောက်တစ်နေ့မနက်တွင် ပစ္စည်းပစ္စယများကို ကျောပိုးအိတ်ထဲ၌ထည့်ခဲ့ပြီး မျောက်တင်သောင်းကထမ်းကာ ကျွန်ုပ်က ရိုင်ဖယ်သေနတ်ကြီး ထမ်းသည်။ မုဆိုးအောင်သန်းက ရေဘူးနှင့်လေးခွအိတ်ကိုလွယ်ကာ တောရှင်းဓားတစ်ချောင်းကိုလည်း ယူခဲ့သည်။ ယနေ့မနက် စော၍လားမသိ၊ ဆရာဝန်ကြီးတို့သားအဖကို မမြင်ရပါ။ စိတ်လျှော့သွား၍လား၊ ကျွန်ုပ်ကိုပင် ပုံအပ်လိုက်သလားမသိနိုင်ပါ။

တစ်မိုင်ကျော်ခန့်လျှောက်ပြီး ကျောက်တုံးကြီးအနားရောက်တော့ ကျွန်ုပ်တို့ ခေတ္တနားကြသည်။ ကျွန်ုပ် ကျောက်တုံးကြီးပေါ်က ကွန်တိုမြေပုံများကို အသေးစိတ်ပြန်ကြည့်သည်။ အလွတ်ရနေပြီဖြစ်သော်လည်း မကျန်ရစ်စေရန် ဖြစ်သည်။

ပြီးနောက် မျောက်တင်သောင်းလွယ်လာသည့် ကျောပိုးအိတ်ထဲမှ မှန်ပြောင်းကိုထုတ်ပြီး လည်ပင်းတွင်လွယ်သည်။ ကွန်ပတ်စ်ကို

www.burmeseclassic.com



ခါးမှာချိတ်သည်။ ပြီးနောက် အောင်သန်းကို တောင်ကုန်းပေါ်သို့ အရင်အောက်ဆေးပြီး ဓါးကိုင်းများအား ရှင်းလင်းခိုင်းရသည်။

မနေ့ကရောက်ခဲ့သော ကျောက်ဂူတံအနီးသို့ရောက်သော် ဝါးပင်အရင်း၌နားပြီး တင်သောင်းအိတ်ထဲမှ ALTI METER ကို ထုတ်စေပြီး အမြင့်တိုင်းရသည်။ ကွန်တိုမျဉ်းများ၏ စကေးကိုသိရန်နှင့် ကန့်လန့်ဖြတ်မျဉ်းဖြောင့်များ၏ အမြင့်ပေနှင့်ကျောက်ဂူတံတို့၏ ဆက်နွယ်ပတ်သက်မှုကို သိရန်ဖြစ်သည်။

ကျွန်ုပ်တို့ရောက်နေသော တောင်အလယ်အဆင့်မှာ အမြင့်ပေ (၁၀၀၀')ဖြစ်သည်။ ဂရပ်မျဉ်းအလယ်ခေါင်အဆင့် ဖြစ်သည်။ ထို့ကြောင့် ကျောက်တုံးကြီးအနီးက အောက်ဆုံးဂရပ်မျဉ်းမှာ ပေ (၅၀၀') ဖြစ်ပေလိမ့်မည်။ သို့ဆိုလျှင် ကွန်တိုမျဉ်း၏စကေးမှာ (၁)လက်မလျှင် (၅၀၀) ပေနှုန်းဖြစ်မည်။

ရေးဆွဲထားသော အပေါ်ပထမဆုံးမျဉ်းဖြောင့်သည် ကွန်တိုတတိယမျဉ်းကွေးပေါ်၌ ရှိသောကြောင့် အမြင့်ပေ (၁၅၀၀') ရှိကြောင်း ကျွန်ုပ် ခန့်မှန်းမိပေပြီ။ ကွန်တိုမျဉ်းကွေးနှင့် ဂရပ်မျဉ်းကြောင်း (၅) နေရာတွင်ဆုံသဖြင့် ကျောက်ဂူတံတစ်ခုနှင့်တစ်ခု အကွာအဝေးမှာ ပေ (၁၅၀၀')ဖြစ်ကြောင်းလည်း သေချာသွားသည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့ရောက်ရှိနေသည့် ကျောက်ဂူတံအမှတ် (၄)မှစ၍ ပေ (၁၅၀၀') အတွင်းရှိ ကျောက်ဂူတံများအား ရှာဖွေရန်သာရှိတော့သည်။

ကျွန်ုပ်လည်ပင်း၌ဆွဲထားသော မှန်ပြောင်းဖြင့် ပေ (၅၀၀') ဝန်းကျင် Focus ဆုံချက်ကို ရှာသည်။ ဝါးရုံပင်များ၏ကိုင်းများ လေတိုက်ပြီးလှုပ်ရမ်းနေသဖြင့် မြင်ကွင်းက ဖုံးနေသည်။ အတော်ကြာ လေ





ငြိမ်တော့မှ ကျောက်ဂူတံတစ်ခုကို အထက်တောင်ကမ်းပါးယံ ကျောက်တုံးများကြားတွင် တွေ့ရသည်။ ကွန်တိုမျဉ်းမှာ ဂရပ်မျဉ်း(၃)ကြောင်းပေါ်တွင် အထက်မျဉ်း၌ တစ်နေရာထိစပ်နေပြီး အလယ်မျဉ်း၌နှစ်နေရာ အောက်ဆုံးမျဉ်း၌ နှစ်နေရာထိစပ်နေသည်။

ကျွန်ုပ်တို့ရောက်ရှိနေသော ကျောက်ဂူတံမှာ အမှတ်(၄)ဖြစ်၍ ယခု ကျွန်ုပ်အသစ်ထပ်မံတွေ့ရသော အပေါ်ဆင့်ကျောက်ဂူတံမှာ ကျွန်ုပ်၏လက်ဝဲဘက်တွင်ရှိသဖြင့် အမှတ် (၂)နှင့် အမှတ် (၃) တစ်ခုခုဖြစ်နိုင်သည်။ မှန်ပြောင်းကို မျက်နှာကခွာ၍ အသစ်တွေ့ရသော ကျောက်ဂူတံကို မျက်မှန်းဖြင့်တိုင်းကြည့်ရာ ပေ (၅၀၀')ခန့်သာ ကွာဝေးသဖြင့် တတိယကျောက်ဂူတံ ဖြစ်ပေလိမ့်မည်။

သို့ဆိုလျှင် ဒုတိယ နံပါတ် (၂) ကျောက်ဂူတံမှာ ကျွန်ုပ်တို့ဦးဆုံးတွေ့ရှိသည့် စတုတ္ထနံပါတ် (၄) ကျောက်ဂူတံနှင့် တစ်တန်းတည်းမှာပင် ရှိပေလိမ့်မည်။ အကွာအဝေးမှာလည်း ပေ(၅၀၀')ဖြစ်သည်။

"ကဲ ... မျောက်တင်သောင်းရေ၊ ဒီတစ်ခါ မင်းအလှည့်ပဲ။ လာ ... လာ ... ငါပြမယ်။ ဟိုအပေါ်ကကျောက်ဂူတံကို တွေ့သလား။ ဒီမှာ မှန်ပြောင်းနဲ့ကြည့်"

"တွေ့တယ်ဆရာ".

"အေး ... တွေ့ရင် လက်ဝဲဘက်ကို တစ်တန်းတည်းလျှောက်သွား။ ပေ (၅၀၀') အကွာမှာ အဲဒီကျောက်ဂူတံပုံစံတစ်ခုကို တွေ့ရလိမ့်မယ်။ တွေ့ရင် အော်လိုက်။ ကဲ ... မင်းတက်တော့"

"ဟုတ်ကဲ့ ဆရာ"

မျောက်တင်သောင်းတစ်ယောက် မျောက်တစ်ကောင်ကဲ့သို့ အပေါ်ဆင့်သို့ ကုပ်ကပ်တက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပေ (၅၀၀')အကွာခန့်၌ သူရှာနေသည်။ ကျွန်ုပ်မှန်ပြောင်းနှင့်လှမ်းကြည့်သည်။ ကျောက်တုံးကျောက်ခဲများသာရှိသည်။

"ဆရာမတွေ့ဘူးဗျို့"

"အေး ... အေး ... ငါလောကြီးသွားတာ အောက်ကိုဆင်းရမှာ။ ငါအခုထိုင်နေတဲ့ ကျောက်ငုတ်နဲ့တစ်တန်းတည်းကို တည့်တည့်ဆင်းခဲ့။ ပေ (၅၀၀')လောက်အကွာမှာဘဲ"

"မျောက်တင်သောင်း ကျောက်တုံးများနှင့် ဝါးပင်များကို ခြေကန်ခိုဆွဲ၍ တည့်တည့်ဆင်းလာသည်။ ကျွန်ုပ်နှင့်မျဉ်းဖြောင့်တည့် တည့်တွင် ရှာနေသည်။

"မတွေ့ဘူးဆရာ"

"အေး ... အေး ... ငါမှားသွားပြန်ပြီ။ ကွန်တိုမျဉ်းအတိုင်းရှာရမှာ။ အဒီအတိုင်း ရှေ့ကိုတည့်တည့်လျှောက် မြေပြင်ကို အသေးစိတ်ကြည့်"

မျောက်တင်သောင်း ကျွန်ုပ်ထိုင်နေသည့် စတုဂ္ဂကျောက်ငုတ်နှင့် တစ်တန်းတည်းလျှောက်သွားသည်။ မကြာမီ ...

"တွေ့ပြီ ဆရာ၊ ဒီမှာ ဂျပန်စာတွေရေးထားတယ်"

"အေး ... အေး ... အဲဒီနားက ဝါးရုံပင်ရိပ်မှာ နားနေငါလာပြီ"

ကျွန်ုပ် ကျောက်တုံးကျောက်ခဲများကို ကျော်ခွပြီး ဝါးကိုင်းများအားဆွဲ၍ မျောက်တင်သောင်းထံ အရောက်သွားရသည်။ ( ▬ ), (နို) ဟု ရေးထားပြီး ဘေး၌ လက်မခန့် တွင်းပေါက်ရာကလေး တစ်ခုပါသည်။ တွင်းပေါက်ကလေးမှာ ယခင်တွေ့ခဲ့သည့် တွင်းပေါက်ထက်အနည်းငယ်ပိုကြီးသည်။ ( 五 口 金 昃 亍 ) ဂေါ်ခချိုင်ကိုးဟု ရေးထိုးပြန်သည်။





အခြားထူးခြားသော အမှတ်အသားများကို ကျွန်ုပ်ရှာကြည့်သည်။ ထူးခြားချက် မတွေ့ရပါ။ ကျောက်ငုတ် (၃)ငုတ် တွေ့ရှိပြီးဖြစ်၍ ကျန်ကျောက်ငုတ် (၂)ခုမှာ ကျောက်တုံး ကြီးနှင့် LEVEL တန်းတွင်ရှိနေမည်ဖြစ်၍ အရှာရ လွယ်မည်ဖြစ်သည်။ ကျွန်ုပ်တို့ မြေပြင်သို့ ဆင်းလာခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

❑

ကျွန်ုပ်တို့ ကျောက်တုံးကြီးအနီး မြေညီပြန်ရောက်တော့ အမောဖြေရင်း ရေသောက်ကြသည်။ မှဆိုးအောင်သန်းက မေးလာသည်။

"ဆရာ ... အခြေအနေဘယ်လိုလဲ"

"အေး ... နီးစပ်ပြီလို့ ပြောရမှာပေါ့ကွာ။ ဒီမြေပြင်ညီက ကျောက်ငုတ်နှစ်ငုတ်ဘဲ ကျန်တော့တယ်။ အပေါ်က (၃)ခုတော့ တွေ့ပြီးပြီ"

"ဆရာ ဆက်ရှာမှာလား"

"အေး ... ခုမှ (၁၁)နာရီဘဲရှိပါသေးတယ်၊ ဆက်ရှာဦးမယ်ကွာ။ မြေပြင်ညီမှာ ရှာရတာလွယ်ပါတယ်။ နေဦး ... ပထမဆုံးတွေ့တဲ့ကျောက်ငုတ်နဲ့ ပေ (၅၀၀') အောက်ဆုံးဂရုပ်မျဉ်းကို ရှာရဦးမယ်"





ကျွန်ုပ်ကွန်ပတ်စ်ကို ထုတ်သည်။ တစ်လက်မလျှင် (၅၀၀') နှုန်းဖြင့် တွက်ချက်သည်။ ALTI METER ကိုထုတ်၍အမြင့်ပေ (၅၀၀') ကိုချိန်သည်။ ကျောက်တုံးကြီး၏ အနောက်ဘက်တွင် အမြင့် (၅၀၀') ပေကိုမိသည်။ ဘယ်ညာ (၅၀၀')ပေ တစ်တန်းတည်းကို အောင်သန်းနှင့် တင်သောင်းအား လှည့်၍ရှာစေသည်။ မြေညီတောလမ်းဖြစ်၍ ထမင်းဆုပ်ချုံ၊ အိုးပုတ်သီးချုံနှင့် မြယာချုံ အချို့သာရှိသည်။ နှစ်ယောက်စလုံး ထံမှ ...

"ကျောက်ငုတ်ကို မတွေ့ဘူးဆရာ"

ကျွန်ုပ် အသေးစိတ် ပြန်လည်သုံးသပ်သည်။ ပေ (၅၀၀') အကွာအဝေးကို အသေမှတ်ထားသောကျွန်ုပ် မှားပြန်ပေပြီ။ ကွန်တိုမျဉ်းများ အောက်ခြေကားသွားသည်ကို ကျွန်ုပ်ဂရုမပြုမိပါ။ မေ့လျော့သွားခြင်း ဖြစ်သည်။ ကျောက်ငုတ်များအနေအထားမှာ မြန်မာအက္ခရာ ဂငယ်(ဂ)ပုံစံနှင့်တူသော်လည်း အောက်ဘက်၌ကျယ်သွားသည်။

ထို့ကြောင့် ပေ(၅၀၀')မဟုတ်တော့ဘဲ ပေ(၁၀၀၀')ဖြစ်နိုင်ကြောင်း ကျွန်ုပ် တွက်ချက်မိသွားသည်။ ထို့ကြောင့် တတိယ အောက်ဆုံးဂရုပ်မျဉ်း အမြင့်ပေ (၅၀၀') ကိုယူပြီး ပေ(၁၀၀၀')အတွင်း ရှာနိုင်းရတော့သည်။ ပထမဆုံး ကျွန်ုပ်၏ လက်ျာဘက်မှ မျောက်တင်သောင်းက ပဥ္စမကျောက်ငုတ်ကို အရင်တွေ့သည်။

"ဆရာ ... ဒီမှာ တွေ့ပြီဆရာ၊ ဘီးစပ်ပင်တွေနဲ့ဖုံးနေတာ။ ကျွန်တော် ဓားနဲ့ရှင်းလိုက်ရမလား"

"မလုပ်နဲ့ မလုပ်နဲ့၊ ဒီအတိုင်းထားလိုက် ခြေရာလက်ရာပျက်သွားမယ်"

ကျွန်ုပ် အလျင်အမြန်သွားကြည့်ရာ ဘီးစပ်ချုံတောထဲမှာ ကျောက်ငုတ်ကို တွေ့ရသည်။ ဂျပန်စာလုံး ( 五 ) နံပါတ် (၅)



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေးထွင်းထားပြီး အနီးတွင် လက်ခလယ်ခန့် တွင်းပေါက်ကလေးကိုတွေ့ရသည်။ အောက်၌ ဂေါ်ခုချိုးဂင်ကိုး'ဟု ဂျပန်လို ရေးထိုးထားပြန်သည်။

ကျောက်ဒုတ်တိုင်တွင် ဂေါ်ခုချိုးဂင်ကိုး (ငါးပေါက်တွင်း ရတနာသိုက်)ဟုရေးထိုးထားရာ ယခုကျောက်ဒုတ်မှာ အမှတ် (၅) ဖြစ်၍ ငါးပေါက်တွင်းဟူသော အဓိပ္ပာယ်နှင့် အလွန်နီးစပ်သည်။ သို့သော် သစ်ထုတ်လမ်းဘေးဖြစ်၍ ဤမျှလွယ်ကူသောနေရာ၌ ဉာဏ်ကြီးရှင် ကိုရွှေဂျပန်များက ရတနာသေတ္တာများကို မြှုပ်နှံထားရန် မဖြစ်နိုင်ပြန်ပါ။ ထိုစဉ် မှဆိုးအောင်သန်းဘက်မှ ...

"ဆရာရေ ... ဒီမှာတွေ့ပြီဗျို့။ ကျောက်ဒုတ်က ကြိမ်ရုံထဲ ဝင်နေတာ"

"အေး ... အေး ... ငါလာပြီ"

ကျွန်ုပ် အပြေးသွား၍ကြည့်ရာ ပထမဆုံးကျောက်ဒုတ်ကို တွေ့ရတော့သည်။ ကျောဒုတ်ပေါ်၌ ( - ) အီချီး (နံပါတ် ၁)ဟု ရေးထွင်းထားပြီး အနီးတွင် လက်ညှိုးခန့် တွင်းပေါက်ကလေးတစ်ခုကို ရေးထွင်းထားသည်။ အောက်တွင်တော့ 'ဂေါ်ခုချိဂင်ကိုး' ဟုဂျပန်လို ရေးထားပြန်သည်။

ဤကျောက်ဒုတ်မှာလည်း လမ်းဘေးဖြစ်၍ ရတနာပစ္စည်းများ မြှုပ်နှံရန် မဖြစ်နိုင်ပြန်ပါ။

ငါးပေါက်တွင်းရတနာသိုက်၏ ပျောက်ကွယ်နေသော ကျောက်ဒုတ်အားလုံးကို ကျွန်ုပ် ရှာဖွေတွေ့ရှိခဲ့ပြီဖြစ်သည်။

သို့သော် ဘယ်ကျောက်ဒုတ်ကစ၍တူးရမည်ကို ကျွန်ုပ် မခန့်မှန်းနိုင်သေးပါ။ ကိုရွှေဂျပန်များ လျှို့ဝှက်သွားသောဝှက်ဖဲ(KEY) ကို ရှာဖွေရပေဦးမည်။





"ကဲ ... ပြန်ကြမယ်ဟေ့ မိုက်ဆာလာပြီ"

"ဆရာ ... ဘယ်လိုလုပ်မှာလဲ"

"ဘယ်လိုမှ လုပ်လို့မရသေးဘူး။ အောင်သန်းရေ ... လျှို့ဝှက်ချက်ကိုရှာပြီးမှ တူးလို့ရမှာ။ ဒီအတိုင်းသွားတူးလို့ မမှန်တဲ့နေရာ တူးမိပြီး မိုင်းထောင်ထားရင် အကုန်ကြွကုန်မယ်"

"ဟုတ်တယ် ဆရာ၊ ဒါမျိုးတွေ ကျွန်တော်တို့ သာယာဝတီ လှည်းလမ်းကူးရွာဘက်မှာ မကြာခဏ ကြားဘူးတယ်။ ရတနာသိုက်ဆိုပြီးတူးကြရင်း မိုင်းထိကြတာမနည်းဘူး။ ပြီးတော့လည်း ရတနာသိုက်မဟုတ်ဘဲ လက်နက်တိုက်ဖြစ်နေတတ်တယ်"

"အေး ... အဲဒါတွေကြောင့် ငါစဉ်းစားနေတာ။ တွင်း (၅) ခုစလုံး လိုက်တူးလိုက်ရင်တော့ ရတနာသေတ္တာတွေတွေ့မှာ အမှန်ပဲ။ ဒါပေမယ့် ဘယ်သူစွန့်ရဲမလဲ။ အသက်စွန့်ရမှာ အသေအချာပဲ။ ဦးနှောက်သုံးပြီး စဉ်းစားဆုံးဖြတ်ရမှာ။ လျှို့ဝှက်ချက်ကိုဖော်ထုတ်ရမှာ အချိန်အတော်ယူရမယ်ထင်တယ်"

"ဆရာ ... အချိန်ယူလို့ သူများဦးသွားဦးမယ်နော်"

"မထင်စမ်းပါနဲ့ကွာ၊ ပစ္စည်းကိရိယာမပါဘဲ ကျောက်ဒုတ်တောင်ရှာလို့ လွယ်မှာမဟုတ်ပါဘူး"

ကျွန်ုပ်တို့ စခန်းပြန်ရောက်တော့ မြေနီကွင်းရွာက မုဆိုးတစ်ဦးက ကျွန်ုပ်တို့အား စောင့်မျှော်နေသည်။

"ဆရာ ... ကျွန်တော်က မြေနီကွင်းရွာက မုဆိုးကျော်စိန်ပါ၊ မနေ့က မုဆိုးကြီးဦးလေးမောင်တို့အဖွဲ့က မှာသွားပါတယ်။ ကျားသောင်းကျန်းကို နှိမ်နင်းဖို့ ဒီည မွေးနီရွာကို လာခဲ့ပါတဲ့။ အဲဒီကမှ ကျားရှိရာကို သွားရမှာပါ။ ကျားက ကျွဲ၊ နွားတင်မက လူပါ ဆွဲနေလို့



www.burmeseclassic.com

www.burmeseclassic.com



အရေးတကြီးနှိမ်နင်းရမယ်လို့ ပြောပါတယ်''

''အေးဗျာ . . . ကျေးဇူးပဲ။ ကျွန်တော်လည်း မုဆိုးကြီး ဦးလေးမောင်တို့ကို တွေ့ချင်နေတာပါ။ ဒါနဲ့ မွေးနီရွာက အဘဦးနီမောင်ရော ကျန်းမာပါရဲ့လား''

''ဩော် . . . ဆရာမသိသေးဘူးထင်ပါတယ်။ အဘဦးနီမောင် ဆုံးပါးသွားတာ (၆)လလောက်တောင် ရှိပါပြီ''

''ဩော် . . . တစ်ပွဲစားကြီး ဆုံးရှာပြီကိုး။ ကျွန်တော်တို့ အရေးပေါ်စခန်းဆောက်နေရစဉ်က ထင်ပါရဲ့''

''ဟုတ်မယ်ထင်တယ် ဆရာ။ ကဲ . . . ဆရာ ကျွန်တော်ပြန်ပါဦးမယ်။ မုဆိုးကြီး ဦးလေးမောင်တို့ဆီကို ဆက်ဆက်သွားလိုက်ပါဆရာ။ ဆရာ့ကို သူတို့က အတော်အားကိုးပုံရပါတယ်''

''အင်း . . . ကျွန်တော်နဲ့က လျှော်တုံးစခန်း၊ မအူပင်ဆိပ်၊ ဖောင်းတူစခန်းတွေကတည်းက ခင်ခဲ့ကြတာ။ ဦးလေးမောင်တို့အဖွဲ့နဲ့လည်း အတူတွဲပြီး အမဲလည်ဖူးတယ်။ မွေးနီရွာကိုလည်း ရောက်ဖူးလို့ အဘဦးနီမောင်နဲ့သိနေတာပါ။

အဘဦးနီမောင်ကလည်း အလွန်ခင်တတ်တာ။ သူကိုယ်တိုင်ချက်တဲ့ ကောက်ညှင်းအရက်ကို ဂုဏ်ယူပြီး တိုက်တတ်တယ်။ အလွန်ကောင်းဗျာ။ ထူးဆန်းတဲ့ အဘဦးနီမောင်ပါပဲ။ သူညွှန်တဲ့နေရာကိုသာသွား ကျိန်းသေပေါက် တောကောင်ပစ်ရတာချည်းပဲ။ အဘကို နှမြောလိုက်တာဗျာ''

''ကဲ . . . ဒီကဆရာစောင့်နေရတာ အားနာပါတယ်။ ကျွန်တော်တို့နဲ့အတူ ထမင်းလက်ဆုံလေး စားသွားပါဦး။ ဒီနေ့တော့ ဘာကောင်မှမရပေမဲ့ မနေ့က တောကြက်ဖနှစ်ကောင်ရထားလို့ ဟင်းစား





ရှိပါတယ်''

''ဟုတ်ကဲ့ ဆရာ''

နေ့လယ်ထမင်းစားချိန် ကျော်နေပြီဖြစ်သော်လည်း ညီသည့်ထမင်းစားလာသေးဟန်မတူသဖြင့် ကျွန်ုပ်က မိတ်ဖြစ်ဆွေဖြစ်တွေ ဖိတ်ကြားရခြင်းဖြစ်ပေသည်။ ထမင်းစားရင်း ညီသည် မုဆိုးကိုကျော်စိန်က . . .

''ဆရာ . . . ကျွန်တော်တို့ မြေနီကွင်းရွာကို လာလည်ပါဦး။ ငါးတော့ ပေါပါတယ်။ ကျွန်တော့်တဲက တောစပ်မှာတင်ပါ။ အဲဒါ နွားတဲထဲမှာ ဆတ်ဖားကြီးတစ်ကောင် လာလာအိပ်တတ်တယ်။ ကျွန်တော့်မှာလည်း တူမီးသေနတ်သာရှိတာမို့ နွားတွေမှန်မှာစိုးတာနဲ့ မပစ်ရဲဘူး။ ဆရာတို့လာအိပ်ပြီး ပစ်ပါလား။ ကျွန်တော်ညီခံပါမယ့်''

''အေးဗျာ . . . အားရင်လာခဲ့ပါမယ်။ မြေနီကွင်းရွာနဲ့ ကျွန်တော်တို့စခန်းက နီးပါတယ်။ ဦးလေးမောင်တို့နဲ့တွေ့ပြီး နောက်တစ်ရက်ညနေ သဘက်ခါညနေပေ့ါ။ ကျွန်တော်တို့ လာခဲ့ပါမယ်။ ဒါနဲ့ အဲဒီဆတ်ဖားကြီးက ဘယ်အချိန်လာတတ်သလဲ''

''ဘယ်အချိန်ဝင်လာသလဲတော့ မသိဘူးဆရာ။ ကျွန်တော် ည(၉)နာရီလောက် နွားတဲထဲဝင်ပြီး နွားမီးငြိမ်းနေလို့ သွားထည့်ရင် သူရောက်နေတတ်တယ်။ ခြောက်စထောင်ချိုကားကြီးနဲ့ သူကလည်း လန့်အထွက် ကျွန်တော်ကလည်း လန့်အပြေးပဲဆရာ။ နွားတွေကတော့ ရိုးနေပြီထင်တယ်။ ဆတ်ဖားကြီးကို မလန့်ကြဘူး။ အချိန် (၁၀၀) လောက်တော့ရှိလိမ့်မယ် ထင်တယ်ဆရာ''

''အေးဗျာ . . . သဘက်ခါညနေ (၉)နာရီလောက် အရောက်လာခဲ့မယ် ကိုကျော်စိန်ရေ။ ကျေးဇူးပဲဗျာ''



www.burmeseclassic.com

www.burmeseclassic.com



မှဆိုးကိုကျော်စိန် နေ့လယ်စာစားပြီးပြန်သွားတော့ ကျွန်ုပ်တို့ဆရာတပည့် မွေးနီရွာသို့သွား၍ မုဆိုးကြီး ဦးလေးမောင်တို့ဖြင့်တွေ့ပြီး ကျားပစ်ရန် ကြိုတင်စီစဉ်ရတော့သည်။ ကျွန်ုပ်တွင် သူတို့အား လက်ဆောင်ပေးရန် ARMY RUM (၃)လုံးသာ ရှိသည်။ တစ်လုံးကို အရေးပေါ်သုံးရန်ချန်ထားပြီး ၂ လုံးကို မျောက်တင်သောင်း၏ ကျောပိုးအိတ်ထဲတွင် ထည့်သည်။ မြည်းစရာ မုန့်ပဲသရေစာလည်း မရှိပါ၊ ဒသမ •၃၀၃ အမေရိကန်ရိုင်ဖယ်ကြီးအား အကျအန တိုက်ချွတ်ဆေးကြောသည်။ ရွှေရောင်ဝင်းနေသော (က • စ • လ) ကျည်ဆန်အသစ် (၁၀) တောင့်အား မဂ္ဂဇင်းဘောက်ထဲသို့ ထည့်သည်။ ကျားပစ်ရမည်ဖြစ်၍ စိတ်ချရရန် အလွန်အရေးကြီးပါသည်။

ညမီးလည်ရမည်ဖြစ်၍ EVEREADY HUNTER LIGHT (၈) တောင့်ထိုး အံမဲလိုက်ဓာတ်မီး၊ ဓားမြှောင်နှင့် ရေဘူးတို့ကိုလည်း ယူရသည်။ GRIP ကောင်းသော အမဲလိုက်တောစီးဖိနပ်နှင့် တောဆောင်းဦးထုပ်ကိုလည်း ရွေးရသေးသည်။ ညနေ (၃)နာရီတွင် ကျွန်ုပ်တို့ ဆရာတပည့် (၃)ဦး စတင်ခရီးထွက်ခဲ့သည်။ မွေးနီရွာမှာ ကျွန်ုပ်တို့စခန်းအနောက် တောင်ဘက် (၃) မိုင်ကျော်ခန့်ဝေးသည်။

"အောင်သန်းရေ ... စခန်းအနောက်ဘက်လမ်းက မသွားဘူး။ စခန်းတောင်ဘက် နတ်ရေတွင်းရွာဟောင်းဘက်က သွားမယ်။ အဲဒီမှာ ငါလေ့လာစရာလေးလည်း ရှိလို့"

"ကောင်းပါတယ် ဆရာ။ အဲဒီဘက်က စခန်းအဝင်လမ်းဆိုတော့ လမ်းသာတယ်။ အနောက်လမ်းက မုဆိုးလမ်းပဲရှိတာ။ တောတိုးရမယ်။ ကညင်နှစ်ပင်စခန်းအထိ တောကနက်တယ်"



❑

မွေးနီရွာမှာ ဖောင်ကြီးတာဆုံမှလာလျှင် ငါးချောင်းကျေးရွာ၊ မဆယ်ကုန်းရွာ၊ ရွှေအပ်ကွင်းများကိုဖြတ်ကျော်ပါမှ ရောက်နိုင်ပေသည်။ အတော်လည်း ခရီးလှမ်းသည်။ တောလမ်း၊ တောင်လမ်းသာဖြစ်သည်။ ကျွန်ုပ်တို့ ယခုတာဝန်ကျသော သုံးတန်ကူးစခန်းမှ ဓားလွယ်ခုတ် (၃) မိုင်ကျော်ခန့်သာဝေးသည်။

သို့သော် နတ်ရေတွင်းကျော်သည်နှင့် စခန်းဝင်ကားလမ်းမှ ဖယ်ခွာကာ အနောက်ဘက်သို့ (၃)မိုင်ခန့် တောတိုးရမည်ဖြစ်သည်။ ပဲခူးရိုးမကိုဖြတ်ကျော်ပြီး ငါးချောင်းဘက်သို့ သွားရမည်ဖြစ်သည်။ ထိုစဉ်က ပဲခူးရိုးမမှာ အလွန်တောနက်သည်။

ကျွန်း၊ ပျဉ်းကတိုး၊ ပျဉ်းမ၊ တောင်သရက်၊ တောင်ပိန္နဲ၊ တောသရက်၊ ကျွဲတညင်းပင်ကြီးများအပြင် အောက်ခြေ၌လည်း စလူ၊ ခနုံး၊ တောင်ထန်း၊ ရေငန်း၊ ကိုင်းတော၊ ကြူတော၊ ကြိမ်ပင်၊ ဝါးပင်များကလည်း ထူထပ်သည်။ သပွတ်သိမ်၊ နဘူးချုံ၊ ကြွက်နွယ်ချုံ၊ ရှဉ့်မတက်၊ မြယာချုံ၊ ဆူးရစ်ချုံတို့ကလည်း ပေါများသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏အရှေ့က မုဆိုးအောင်သန်းက ဓားရှည်ကိုင်၍ မုဆိုးလမ်းဟောင်းအတိုင်း ရှင်းလင်းသွားသည်။ အလယ်က ကျွန်ုပ်က ရိုင်ဖယ်သေနတ်ကြီးကိုကိုင်၍ အသင့်အနေအထား ကျွန်ုပ်၏အနောက်က မျောက်တင်သောင်းက သူ၏ လောက်လေးခွကိုကိုင်၍ ကျောပိုးအိတ်လွယ်ကာ လိုက်လာသည်။ တဖြည်းဖြည်းနေကကျလာပြီး ရိုးမတောင်တန်းကြီးကို မေးတင်နေသည်။

နေဝင်တော့မည်ဖြစ်၍ တောကြက်၊ တောငှက်များ အိပ်တန်းတက်ရန်ပြင်ဆင်နေပြီး ပုရစ်နှင့် ပုဇဉ်းရင်ကွဲသံများက ဆူညံလာသည်။ တောကလည်း နက်လာပြီး တဖြည်းဖြည်း ပတ်ဝန်းကျင်မှာ မှောင်လာသည်။ အချိန်မှာ ညနေ(၄) နာရီခန့်သာ ရှိပါသေးသည်။ ကျွန်ုပ်တို့မုဆိုးခြေလှမ်းဖြင့် သွက်သွက်လှမ်းကြသည်။ တောလည်နေကျ လက်နက်နှင့် ဓာတ်မီးများလည်းပါသဖြင့် စိုးရိမ်ကြောက်လန့်ခြင်းတော့ မဖြစ်မိပါ။

တောရှုပ်ကိုဖြတ်ပြီးနောက် ပြန့်တောသို့ ရောက်လာပါသည်။ ဟိုးအရှေ့ဘက်၌ မှောင်မည်းနေသော တောစိုက်ကိုမြင်နေရသည်။ ပြန့်တောကိုဖြတ်နေစဉ် တောစိုဘက်မှ ချေ(ဂျီ)ဟောက်သံသဲ့သဲ့ကို ကြားလိုက်ရသည်။ ပြန့်ကိုဖြတ်အပြီး တောစိုမြောင်အစပ် ဝါးရုံတောဘက်မှ တဝေါင်းဝေါင်းဖြင့် ချေတစ်ကောင် အလန့်တကြားဟောက်သံကို ကြားလိုက်ရသဖြင့် ကျွန်ုပ်သေနတ်ကို အသင့်ပြင်လိုက်မိသည်။

ဝါးရုံကိုင်းများထက်ဆီက တောင်ပံကို တဖြန်းဖြန်းရိုက်ခတ်ရင်း တောကြက်ဖတစ်ကောင်၏ သံပြတ်နှင့်တွန်သံကိုလည်း ကြားနေရသည်။

"ဖြန်း ...ဖြန်း ...ဖြန်း ...အောက်အီးအွတ်"





ထိုစဉ် ...

"ဝေါ ...ဗျော ...ဗျော ...ဝရော ..."

ဟူသောအသံကို တောတည်းပင်ကြီး အထက်မှကြားလိုက်ရသည်။ ကျွန်ုပ်တို့ဆရာတပည့် ဝါးရုံပင်ရင်းအားပြေးကပ်၍ ချောင်းကြည့်ကြရာ တွေ့ရသည့်မြင်ကွင်းကြောင့် မုဆိုးအောင်သန်းထံမှ တအံ့တသြ အသံထွက်လာသည်။

"ဟာ ...ဆရာရေ၊ စပါးကြီးမြွေကြီးဗျ။ ခရီးတော့ ရှည်ပြီထင်တယ်။ နည်းတဲ့ကောင်ကြီးမဟုတ်ဘူး"

တွေ့ရသည့်မြင်ကွင်းက ထူးဆန်းလှသည်။ တောတည်းပင်ကြီး အကိုင်းထက်တွင် လူကြီးပေါင်လုံးခန့်ရှိသည့် စပါးကြီးမြွေကြီးတစ်ကောင်ကရစ်ပတ်ထားပြီး ဦးခေါင်းကို မြေပြင်ထက်သို့ အောက်ထိုးချကာ တွဲလောင်းကြီးဖြစ်နေပြီး သူ၏ကြီးမားသော ပါးစပ်ကြီးကို အစွမ်းကုန်ဟပြဲလျက် သူမျိုထားသော သားကောင်၏အရိုးများကို အန်ထုတ်နေခြင်းဖြစ်သည်။

ကျွန်ုပ်တို့ မုဆိုးများအယူအဆမှာ တောတွင်း၌ ခရီးသွားလာရင်း မြွေကိုတွေ့ပါက ခရီးရှည်တတ်သည်။ သားကောင်နှင့်တွေ့၍ ပစ်ခွင်းရသော်လည်း တစ်ချက်တည်းနှင့် နေရာတွင်မလဲ။ ရေဆုံးရေဖျား လိုက်ရတတ်သည်။ အန္တရာယ်ဖြင့်လည်း ကြုံရတတ်သည်။

လူသေအလောင်းကို မြင်လျှင်တော့ လာဘ်ကောင်းသည်။ အမဲများများရတတ်သည်။ သေနတ်ပြောင်းတွင် လိပ်ပြာလာနားပါက ကေန်မုချ ထိုသေနတ်ဖြင့် သားကောင်ကြီးကြီး ပစ်ခတ်ရရှိတတ်သည်ဟု ယုံကြည်ထားကြသည်။ အတွေ့အကြုံများအရလည်း မှန်သည်သာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုကဲ့သို့ အစာအန်နေသောမြွေမျိုးကို ကျွန်ုပ်တို့ ပစ်ခတ်လေ့မရှိပါ။ ပစ်ခတ်မိပါကလည်း ကိုင်ဆောင်သည့်သေနတ် လမိုင်းမကပ်တော့ဘဲ အခြားတောကောင်ကိုပစ်သော် မထိမှန်တော့ကြောင်း ယုံကြည်ထားကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့မပစ်ပါ။ စပါးကြီးမြွေကြီးအား ကွင်း၍ ရှောင်ခဲ့ကြသည်။ စပါးကြီးမြွေကြီးကလည်း သူ့ဒုက္ခနှင့်သူဖြစ်၍ ရန်လိုသည့်အသွင်ထား မော်၍မျှပင် မကြည့်ပါ။

နေဝင်တော့မည်ဖြစ်၍ တောတစ်ခွင်လုံး ဒေါင်းတွန်သံ၊ တောကြက်တွန်သံ၊ မျောက်အော်သံ၊ ကျေးငှက်တို့၏ တစာစာအော်မြည်သံကို ကြားလာရသည်။ ကျွန်ုပ်တို့ပစ်ခတ်ရန် ဆန္ဒမရှိကြပါ။ တောကနက်လွန်းပြီး ၎င်းတောကြီးကိုကျော်ပြီး တောင်တစ်တောင်၊ ကြောတစ်ကြော၊ လျှိုတစ်ခုနှင့် ခင်တန်းကိုလွန်မှ ကွက်သာသို့ရောက်လာသည်။ ဝါးချောင်းအနီး မွေးနီရွာကလေးကို လှမ်းမြင်နေရပြီဖြစ်သည်။

ရွာကလေးမှာ အိမ်ခြေအလုံး (၂၀)ခန့်သာရှိသည်။ အိမ်များမှာလည်း ဝါးပေါသောဒေသဖြစ်၍ ဝါးတဲကြီးများသာ ဖြစ်သည်။ ဝါးချောင်းအားကျောပေး၍ ဆောက်ထားသည်။ တောစပ်ကထွက်၍ ကွင်းလယ်သို့ရောက်သည်နှင့် မုဆိုးကြီးဦးလေးမောင်က ကျွန်ုပ်တို့အဖွဲ့အားလှမ်းမြင်သဖြင့် ...

"ဆရာထောင်မှူးတို့ ... လာကြပြီပေါ့။ ထွက်ကြိုကြ"

ကုလားကြီးသန်းညွန့်၊ တင်သိန်း၊ မွန်နှင့် ဉာဏ်ကျယ်တို့က အပြေးထွက်ကြိုကြသည်။ ကျွန်ုပ်တို့တွင် မျောက်တင်သောင်းထမ်းလာသည့်အိတ်၌ ARMY RUM (၂) လုံးသာ ပါလာသည်။ ကုလားကြီးက ကျွန်ုပ်၏သေနတ်ကြီးကို လက်ပြောင်းယူသည်။ ဉာဏ်ကျယ်လေးက





အရက်အိတ်ကို လွှဲယူသည်။ တင်သိန်းနှင့်မွန်တို့က အောင်သန်းတို့၏ မုဆိုးလွယ်အိတ်များအား လွှဲပြောင်းယူကြသည်။

တဲထဲရှိ ဝါးကွပ်ပျစ်ပေါ်တွင် မုဆိုးကြီးဦးလေးမောင်၊ ဦးသိန်းလွင်နှင့် အဘကောင်းတို့ ထိုင်နေကြသည်။ တစ်ပွဲစားဦးနီမောင်၏သားအိမ်ရှင်ကိုစိမ်းယဉ်နှင့် ဖိုးနော်ဆေးတို့က ထမင်းဟင်းချက်ပြုတ်နေကြသည်။ ဦးလေးမောင်က ...

"ဆရာထောင်မှူးတို့ ... လာထိုင်ကြပါ။ အစောသားကပဲ မိုးတောင်မချုပ်သေးဘူး။ ဒီမှာလည်း ကုလားကြီးတို့ ဆတ်တစ်ကောင်ရလို့ ချက်ပြုတ်နေကြတာ။ ဆတ်ဝမ်းတွင်းသားနဲ့ တောအရက်တော့ အဆင့်သင့်ပါပဲဗျာ"

ကျွန်ုပ်က ...

"ဦးသိန်းလွင်နဲ့ အဘကောင်း နေထိုင်ကောင်းကြရဲ့လား။ ကျွန်တော်တော့ စခန်းမှာရှိတဲ့ ARMY RUM (၂)လုံးဘဲ ပါလာတယ်။ တောကောင်လည်း မရတာကြာပြီလေ"

ဦးသိန်းလွင် ...

"ဒုက္ခရှာလို့ ဆရာထောင်မှူးရယ်၊ မုဆိုးတို့သွားလေရာ အစားအသောက်ကတော့ မရှားပါဘူး။ အဲ ... ARMY RUM တော့မရှိဘူးဗျို့။ တောအရက်ပဲ ပေါပေါများများရှိတာ"

"ကဲ ... ဆရာထောင်မှူးတို့ ခဏနားကြပါ။ အခါးရည်သောက်ပြီး ရေချိုးကြပါ။ ဟင်းကလည်း ကျက်တော့မှာပါ"

ကျွန်ုပ်က ...

"ဒါနဲ့ ဦးလေးမောင်၊ ကျားသောင်းကျန်းသတင်း ဘာကြားသေးသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ပြောမလို့ဘဲ။ ဆရာတို့ခရီးပန်းလာလို့ စားသောက်ရင်းမှပြောမလို့။ ကျားသောင်းကျန်းက အုန်းနဲ့ပင်ရွာကိုဝင်မွှေပြီး မိန်းမတစ်ယောက်ကို ဝင်ဆွဲသွားတယ်လို့။ မနက်က ရွာသားတစ်ယောက်လာပြောပြီး ကျွန်တော်တို့အဖွဲ့ကို အကူအညီလာတောင်းတယ်။ စားသောက်ပြီးတာနဲ့ ကျွန်တော်တို့အဖွဲ့ လိုက်ကြမလို့။ ဆရာတို့ကို စောင့်နေတာ။ ကျားက ကျားဆိုး။ လူသားစားကျားဖြစ်နေတော့ အလွန်အန္တရာယ်များတယ်"

မျောက်တင်သောင်းကလည်း ...

"အင်း ... ခရီးတော့ရှည်ပြီပေါ့ ဆရာရယ်။ အုန်းနဲ့ပင်ရွာက ဒီကနဲ့အတော်ဝေးတာ။ လမ်းမှာ စပါးကြီးမြွေနဲ့ တွေ့ခဲ့ကတည်းက ကျွန်တော်ထင်နေတာ။ ခုတော့ မှန်နေပြီလေ"

"တင်သောင်းရယ် ... ကျားပစ်ဖို့လာတာ ဘယ်လောက်ဝေးဝေးလိုက်ရမှာပေါ့။ တို့က မုဆိုးတွေပဲ။ ရပ်ရွာကို ကူညီရမယ်။ တောကောင်အန္တရာယ်ကို နှိမ်နင်းရမယ်။ အဲဒါ တို့တာဝန်ပဲလေ"

"သိပါတယ် ဆရာ။ မလိုက်ချင်လို့ ပြောတာမဟုတ်ပါဘူး။ ကျွန်တော်တို့က မုဆိုးတွေပဲ တောကောင်ကို နှိမ်နင်းရမှာပေါ့။ ကျွန်တော်ပြောလိုတာက မြွေကြီးနဲ့တွေ့ခဲ့လို့ မုဆိုးနိမိတ်မှန်တာကို ပြောချင်တာပါ"

ကိုစိမ်းယဉ် ...

"ဘယ်နားမှာလဲ ကိုတင်သောင်း။ ကျွန်တော့် အဖေသာရှိသေးရင်တော့ ချက်ချင်းသွားပစ်နိုင်းမှာ။ အဖေက တစ်ပွဲစားဆိုတော့ အယုံအကြည်မရှိဘူးဗျ"

ကျွန်ုပ်က ...





"မလုပ်ပါနဲ့ ကိုစိမ်းယဉ်ရယ်။ မြွေကြီးက သူ့ဒုက္ခနဲ့သူပါ။ သစ်ပင်ပေါ်ကိုတက်ပြီး အရိုးတွေကို အန်ချနေတာ။ ဆတ်တစ်ကောင်ကို မျိုထားတာထင်ပါရဲ့။ ဗိုက်ပေါက်ပြီး ချိုတွေတောင် ထွက်နေတယ်"

"ဟာ ... အဲဒါဆိုရင်တော့ မသတ်ကောင်းပါဘူး။ မုဆိုးစည်းစောင့်ရမှာပေါ့။ သူလည်း သူ့ဒုက္ခနဲ့သူ ဖြစ်နေတာကိုး"

ထိုစဉ် ကိုစိမ်းယဉ်ဇနီး နော်ဆေးက ...

"ကဲ ... ဆရာတို့ ဟင်းကျက်ပါပြီရှင်"

ကျွန်ုပ်တို့ဝိုင်းဖွဲ့၍ ပုလင်းထောင်ကြသည်။ တော်ပါသေးသည် သူတို့ထံ၌ ချက်အရက်ဖြူသာရှိသည်။ ခရီးထွက်ရမည်ဖြစ်၍ သုတ်သုတ်သောက် သုတ်သုတ်စားကြရသည်။ မုဆိုးများဖြစ်၍ မြန်ပါသည်၊ စားသောက်ပြီးသည်နှင့် ကိုစိမ်းယဉ်က လမ်းပြဦးဆောင်သည်။

ကျွန်ုပ် မုဆိုးကြီးဦးလေးမောင် ကုလားကြီးသန်းညွှန့်၊ မွန်၊ ဉာဏ်ကျယ်လေး၊ တင်သိန်း၊ မျောက်တင်သောင်းနှင့် အောင်သန်းတို့က နောက်ကတန်းစီ၍ လိုက်လာကြသည်။ လက်နှိပ်ဓာတ်မီးများပါ၍ အဆင်ပြေပါသည်။ သို့သော် အကုန် သူတို့ မီးမထိုးကြပါ၊ ရှေ့ဆုံးမှ လမ်းပြသည်။ ကိုစိမ်းယဉ်က လိုအပ်မှသာ မီးထိုး၍ လမ်းပြသည်။ ဒေသခံရွာခံမုဆိုးဖြစ်၍ ကျွန်ုပ်တို့ စိတ်ချလက်ချ နောက်မှတန်းစီ၍ လိုက်ခဲ့ကြသည်။

အတွေ့အကြုံ ရင့်မုဆိုးများဖြစ်ကြ၍ ခြေသံလုံသည်။ နွေရာသီဖြစ်၍ ရွက်ကြွေတောထဲဖြတ်သော်လည်း ခြေသံမထွက်ပါ။ ကောင်းကင်တွင် လတစ်ခြမ်းပဲ့ကလေးက သာနေသည်။ သို့သော် တောအုပ်ထဲရောက်သည်နှင့် အလင်းရောင်က ပျောက်ကွယ်သွားသည်။ မျက်စိအကျင့်ရလာတော့ မုဆိုးလမ်းကိုကောင်းစွာ မြင်နိုင်ပါသည်။ အောက်ခြေ



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသော ရွက်ကြွေတောဖြစ်၍ တော်ပါသေးသည်။ ရွက်ကြွေတောကို လွန်တော့ တောစိုသို့ ရောက်လာသည်။

ထိုစဉ် . . .

"အီး . . . အီး . . . အွတ် . . . ဝ . . . ဝ"

ကျယ်လောင်စူးရှသော အသံများကို တောစိုအလယ်၊ တောငှက်ပျောတော အတွင်းဘက်မှကြားရသည်။ တောဝက်အုပ်၏ အသံဖြစ်သည်။ တစ်ကောင်နှင့်တစ်ကောင် မာန်ဆောင်တိုက်ခိုက်နေသံမျိုးဖြစ်သည်။ အမှောင်တွင်းဖြစ်၍ ဘာကောင်ကိုမှမမြင်ရ။ အတန်ငယ်လည်း လှမ်းနေသေးသည်။ ကျွန်ုပ်တို့တိတ်ဆိတ်စွာ ခြေသံလုံလုံဖြင့် လှမ်းခဲ့ကြသည်။

တောစိုတောနက်ဖြစ်၍လည်း လရောင်က သစ်တောအုပ်ကြီးကို မထွင်းဖောက်နိုင်ပါ။ ပတ်ဝန်းကျင်တစ်ခွင်လုံး မှောင်မည်းသိပ်သည်းနေသည်။ တဖြည်းဖြည်း ဝက်အော်သံများမှာ နီးကပ်လာသည်။ မကြာပါ။ ခင်တန်းပြတ်တစ်ခု အနီးသို့ရောက်ပြီး လရောင်အောက်တွင် မည်းမည်းလုံးလုံးအုပ်စုရှေ့၌ ဝက်သိုးနှစ်ကောင်တိုက်ခိုက် ဗိုလ်လုနေသည်ကို မြင်ရသည်။ ချောင်းရိုးကလေးအစပ် သဲခုံပေါ်၌ဖြစ်၍ ကောင်းစွာမြင်နေရသည်။

❑

ဝက်သိုးနှစ်ကောင်နှင့် ဝက်မလေးကောင်အုပ်ဖြစ်သည်။ ဝက်ဖျိုအုပ်လည်း ဖြစ်ဟန်တူသည်။ ဝက်ပေါက်ကလေးများမပါပါ။ ကျွန်ုပ်တို့က လေအောက်ကဖြစ်၍ တစ်ပန်းသာပါသည်။ ပြိုင်တူပင်သေနတ်ကိုယ်စီဖြင့် ချိန်လိုက်ကြသည်။

ကိုစိမ်းယဉ်က အချက်ပြသည်နှင့် မျောက်တင်သောင်းက ကျွန်ုပ်၏ အမဲလိုက်ဓာတ်မီးကြီးဖြင့် ထိုးပေးရာ ကျွန်ုပ်တို့ သေနတ်သမားများ ပြိုင်တူပစ်ခတ်ကြတော့သည်။

"ဒိုင်း . . . ဒိန်း . . . ဒိန်း . . . ဒိုန်း . . . အုန်း . . . အုန်း"

ရိုင်ဖယ်သေနတ်သံ၊ နှစ်လုံးပြူးသံ၊ တူမီးသေနတ်သံများ ဆူညံသွားတော့သည်။ ပေ(၁၀၀)ခန့်သာကွာဝေးသော ပစ်မှတ်ဖြစ်၍ ထိရောက်မှုကောင်းပြီး ဝက်အုပ်ကြီးတစ်အုပ်လုံးပြုတ်၍ အကုန်လဲသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်သောသေနတ်သံများကြောင့် တောတွင်း၌ ညံစီနေသည့် ပုဇဉ်းရင်ကွဲအော်သံ၊ ပုရစ်အော်သံများ၊ ချက်ချင်းတိတ်ဆိတ်ပျောက်ကွယ်သွားသည်။ ကျွန်ုပ်တို့ နှစ်မိနစ်ခန့်စောင့်ကြည့်နေသော်လည်း ဘာသံမျှမကြားရတော့ပါ။

တစ်တောလုံးတစ်တောင်လုံး ငြိမ်သက်တိတ်ဆိတ်နေသည်။ ကိုစိမ်းယဉ်ကမီးထိုးကြည့်ရာ ရိုးချောင်းစပ်သောင်ခုံပေါ်၌ ဝက်ကြီး(၆)ကောင် အတုံးအရုံး ငြိမ်သက်စွာ လဲကျသေဆုံးနေတော့သည်။ ဦးလေးမောင်က ...

" ဒီတစ်ခါတော့ လက်ညီလွန်းလှသဗျာ။ အုပ်လုံးပြုတ်ပဲ။ တစ်ကောင်မှကို လွတ်မသွားဘူး။ ရှားပါးပဲ ... ဆရာထောင်မှူးရေ"

"ပစ်မှတ်က ပေ(၁၀၀)အတွင်းဆိုတော့ နီးတယ်လေ မှဆိုးကြီးရဲ့။ ဒါကြောင့် အပိုင်ဆော်နိုင်ကြတာပေါ့။ နှစ်လုံးပြူးရော၊ တူမီးရောဆိုတော့ ဘယ်လွတ်ကွက်ရှိတော့မလဲ။ တစ်လက်မတောင် ဟာကွက်ရှိမှာ မဟုတ်ဘူး။ ဒါကြီးတွေကို ဘယ်လိုလုပ်ကြမလဲ"

ထိုစဉ် ရွာခံမုဆိုးကိုစိမ်းယဉ်က တောဝက်များ၏နားရွက်နှင့်အမြီးဖျားများကိုဖြတ်ပြီး တောလမိုင်းတင်သည်။ အဖွဲ့က တောဝက်များအား နီးရာလျှော်များခုတ်၍ ဝက်တုပ်တုပ်ကာ၊ ဝါးလုံးလျှိုသည်။ အမှောင့်ပရောဂဝင်၍ ထွက်မပြေးနိုင်ရန်ဖြစ်သည်။

ပြီးနောက် ဝက်များအား ပူးတွဲချည်နှောင်၍ မုဆိုးစည်းချခဲ့ပြီး မှုလရည်မှန်းထားရာ တောကောင်ကျားပစ်ရန် အုန်းနဲ့ပင်ကျေးရွာဘက်သို့ ချီတက်ခဲ့ကြပါသည်။ တောစိုက်ကိုကျော်တော့ တောမှာ ပါးလာသည်။ လူနေရပ်ရွာဖြင့် နီးလာသောကြောင့်ဖြစ်သည်။





ထို့ကြောင့် ကိုစိမ်းယဉ်က 'ရွာနဲ့နီးလာပြီ။ သတိထားကြတော့ဗျို့။ လွင်ပြင်နဲ့ကိုရောက်တော့မယ်"

ထိုစဉ် အုန်းနဲ့ပင်ရွာဘက်မှ ...

"အိန်း ... အိန်း ... ဝုန်း ... ဂယား ... ဂယား"

ဟူသော ကျားဟိန်းသံကြီးကို ကြားလိုက်ရတော့သည်။ ကျားဟိန်းသံမှာ ရိုးရိုးသာမန်ဟိန်းသံမျိုးမဟုတ်။ နာကြည်းစွာဟိန်းသောအသံဖြစ်သည်။ ဦးလေးမောင်က ...

"ဟာ ... ဘယ့်နှယ် ... ကျားက လူကိုက်သွားတယ်လည်းဆိုသေး၊ နာကြည်းသံကြီးနဲ့ ရွာနားကလည်း မခွာပါလား။ သတိထားကြပေ့"

ကျွန်ုပ်တို့အဖွဲ့ လေအောက်ကိုရှေးပြီး သတိကြီးစွာဖြင့် အသံကြားရာဘက်သို့ တရွေ့ရွေ့ ချဉ်းကပ်ခဲ့ကြသည်။ အုန်းနဲ့ပင်ကျေးရွာ၊ ရွာစည်းရိုးမှာ အတော်မြင့်သည်။ ကျားကြီးမှာ မကျေမချမ်းဖြင့် ရွာစည်းရိုးအား လှည့်ပတ်နေပုံရသည်။

ရွာထဲမှာတော့ မီးရောင်လည်း မမြင်ရ။ လူသံသူသံနှင့် ခွေးဟောင်သံပင်မကြားရ။ ကျားဟိန်းသံမှလွဲ၍ လုံးဝတိတ်ဆိတ်နေသည်။ ဆန်းစလကွေးကလေးကတော့ ရေးရေးကလေးသာနေသည်။ ရွာအနီးလွင်ပြင်နှင့်ဖြစ်၍ အဝေးကိုမြင်နိုင်သော်လည်း ဝါးရုံပင်များက ဟိုတစ်စုသည်တစ်စု ကာဆီးနေသည်။ ကျွန်ုပ်တို့ သေနတ်သမားများ ရွာအပြင်ဝါးရုံတောများအကြား နေရာယူလိုက်ကြသည်။

မကြာပါ။ ကျားဟိန်းသံကြီးက ကျယ်လောင်စွာ ကြားလိုက်ရပြီး ရွာစည်းရိုးအနောက်ဘက် ဝါးရုံရိပ်ဆိုခို၍ တောကောင်ကျားကြီးတစ်ကောင် ပြေးထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိန်း . . . အိန် . . . ဂယား၊ . . . ဂယား . . . . ဝူး . . . ဝူး"

ကျွန်ုပ်တို့မုဆိုးအဖွဲ့ စောင့်ဆိုင်းနေသည့် ဝါးရုံပင်ရင်းနှင့် ကိုက် (၁၀၀) အတွင်းသို့ ပစ်မှတ်က ပြေးဝင်လာသည်။ မျောက်တင်သောင်းက ကျွန်ုပ်၏ EVEREADY HUNTER LIGET (၈) ခဲထိုးလက်နှိပ်မီးကြီးနှင့် ထိုးလိုက်သည်နှင့် ကျားကြီးမှာ မီးရောင်ကို စူးစိုက်ကြည့်ရင်း ရုတ်ခြည်း အပြေးရပ်သွားသည်။ ကျွန်ုပ်တို့မုဆိုးအဖွဲ့မှာ တိုင်ပင်ကိုက်ပင် အသင့်ချိန်ထားသော သေနတ်ကိုယ်စီဖြင့် ပစ်ကြတော့သည်။

"ဒိုင်း . . . ဒိန်း . . . ဒိန်း . . . အုန်း . . . အုန်း . . . အုန်း"

တောကောင်ကျားကြီးမှာ ငယ်ထိပ်ကို တူနှင့်ထုသလို နောက်ကျွမ်းပစ်တစ်ပတ်လည်၍ လဲကျပြီး ငြိမ်သက်သွားတော့သည်။ မုဆိုးကြီး ဦးလေးမောင်က . . .

"ဒီတစ်ခါတော့ ဆရာထောင်မှူးပါလာလို့ ထင်ပါရဲ့၊ လွယ်လိုက်တာဗျာ။ ဒီကောင်ကြီးကို ကျွန်တော်တို့လိုက်နေတာ တစ်ပတ်လောက်ရှိပြီ။ ဘယ်လိုမှ အနိုင်ခံလို့မရဘူး။ ခြေရာခြေကြောင်းပါပျောက်နေတာ။ အခုတော့ တောဝက်(၆)ကောင်အုပ်လည်း အုပ်လုံးပြုတ်ရတယ်။ လူသားစားကျားလည်း ကြွသွားပြီ"

ကျွန်ုပ်က . . .

"အဲဒါ ကျွန်တော်တို့အလာမှာ စပါးကြီးမြွေကြီးတွေ့လို့ ဖြစ်မယ်ထင်တယ် ဦးလေးမောင်ရေ"

ကျွန်ုပ်ကနောက်ပြောင်လိုက်ရာ အယူအစွဲရှိသော တပည့်ကျော် မျောက်တင်သောင်းက . . .

"အင်း . . . ဒီတစ်ခါတော့ မြွေကြီးမြင်ပြီး အန္တရာယ်အားလုံးကိုရှင်းနိုင်တာ အံ့သြစရာပဲဗျို့။ ကျွန်တော်တို့ မုဆိုးအယူအဆနဲ့တော့





ပြောင်းပြန်ဖြစ်နေပြီ"

ကျွန်ုပ်က . . .

"ဘာကိစ္စဖြစ်ဖြစ် အသေစွဲမှတ်မထားနဲ့ တင်သောင်းရေ။ ကံကြမ္မာဆိုတာက လူက ဖန်တီးတာကွ။ တို့အုပ်စုက တောင့်တယ်၊ လက်နက်အင်အားကောင်းတယ်။ မုဆိုးတွေဖြစ်လို့ တောတောင်ကိုကျွမ်းတယ်။ အဲဒါကြောင့် အဆင်ပြေတာပါ"

ထိုအချိန်တွင် ရွာထဲမှ မီးတုတ်များထွန်း၍ သံပုံးများတီးကာ လူတစ်စု ထွက်ပေါ်လာသည်။

"ရန်ကုန်က မုဆိုးကြီးဦးလေးမောင်တို့အဖွဲ့ မဟုတ်လားဗျို့။ ကျွန်တော်တို့ လာလို့ရပြီလား"

"လာလို့ရပြီဗျို့ . . . ကျုပ်က မုဆိုးကြီးလေးမောင်ပါ။ ကျားကြီးသေသွားပြီ။ ထွက်ခဲ့တော့ဗျို့"

ရွာသားများ ရွာတံခါးဖွင့်ကာ ထွက်လာသည်နှင့် ကျွန်ုပ်တို့အဖွဲ့ဖြင့်ပေါင်းကာ ကျားသေကြီးဆီသို့ သွားကြသည်။ ကျားကြီးအားမီးထိုးကြည့်ရာ ကိုးတောင်ခန့်ရှိသည်။ ကျားကြီး၏နံဘေး၌လည်း လုံတိုတစ်ချောင်း စိုက်ဝင်နေသည်။

ထို့ကြောင့်ပင် တောကောင်ကျားကြီးမှာ နာနာကြည်းကြည်း အော်မြည်၍ လူတို့အား လက်စားချေရန် ရွာကိုပတ်၍ လှည့်ပတ်ချောင်းနေဟန်တူပါသည်။ ကျွန်ုပ်ပစ်သော ဒသမ . ၃၀၃ ကျည်ဆန်မှာ ကျားကြီး၏ မျက်လုံးနှစ်လုံးကြားကို ထိမှန်၍ ဦးနှောက်ကို ဖောက်ထွင်းထားသည်။ နှစ်လုံးပြူးနှင့် တူမီးကျည်များကတော့ တစ်ကိုယ်လုံးအနှံ့ပင် ရွာခံမုဆိုးကိုစိမ်းယဉ်က ကျားကြီး၏နှာရောင်မှ အမြီးဖျားအထိ တိုင်းကြည့်ရာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကိုးတောင်လောက်ရှိတယ်ဗျို့။ နည်းတဲ့အကောင်ကြီးမဟုတ်ဘူး။ နံဘေးမှာလည်း လှံတိုတစ်ချောင်းစိုက်နေတယ်။ ဘယ်သူ့လက်ချက်လဲ မသိဘူး"

ထိုစဉ် ရွာသားများအုပ်စုထဲတွင် ပါလာသော အုန်းနဲ့ပင် ရွာသူကြီးက ...

"မယ်မြယောက်ျား ဖိုးလွန်းလက်ချက်ပါဗျာ။ သူ့မိန်းမကို ကျားကဝင်ဆွဲတော့ ကြောက်လန့်တကြား ပစ်လိုက်တာနေမှာပါ။ ကဲ ... မှဆိုးကြီးတို့အဖွဲ့ ရွာထဲကို ကြွကြပါခင်ဗျာ။ ကျွန်တော်တို့ရွာကို ကျားဆိုးရန်က နိမ်နင်းပေးတဲ့အတွက် ရွာကာလသားတွေက ကျေးဇူးဆပ်ချင်လို့ ညလယ်စာ ချက်ပြုတ်နေကြပါပြီ။ ကြွကြပါခင်ဗျာ"

"ကဲ ... ရွာသားတွေက ရွာကလူတွေ စိတ်အေးသွားအောင်ပြဖို့ ကျားသေကောင်းကျန်းကြီးကို ဝိုင်းထမ်းခဲ့ကြ။ အောင်သေအောင်သားစားတဲ့ပွဲ ငါလုပ်ပေးမယ်"

ကျွန်ုပ်တို့မှဆိုးအဖွဲ့ ရွာသားများကိုင်ဆောင်သည့် မီးတုတ်အလင်းရောင်များဖြင့် ရွာတွင်းသို့ ဝင်ခဲ့ကြသည်။ ကျွန်ုပ် လရောင်၊ မီးတုတ်အလင်းရောင်တို့ဖြင့် နာရီအားငုံ့ကြည့်မိရာ ည (၁၀)နာရီကျော်ခန့်သာရှိပါသေးသည်။ မီးတုတ်များကိုင်ဆောင်၍ ကျားသေကြီးကို ထမ်းလာသည်ကို မြင်သည်နှင့် တစ်ရွာလုံး ပျော်ရွှင်စွာဖြင့် ကျွန်ုပ်တို့အား ကြိုဆိုကြသည်။

"ဝေး ... ဟေး ... ဟေး ... ကိုးတောင်ကျားကြီး သေသွားပြီကွ"

"ရန်ကုန်က မှဆိုးဆရာတွေပစ်တာ"

"ဆရာတွေကို ဂုဏ်ပြုပြီး ကျေးဇူးဆပ်ရမယ်ဟေ့"





တစ်ယောက်တစ်ပေါက် အော်ဟစ်ကြပြီး အိမ်တိုင်းစေ့၊ ယောက်ျားမိန်းမများ ထွက်လာကြရာ ကျွန်ုပ်တို့ သူကြီးအိမ်ရောက်တော့ လူ (၂၀၀) ခန့်ဖြစ်လာပြီး ကျားသေကြီးအား ဝိုင်းဝန်းကြည့်ရှုနေကြသည်။

ကျွန်ုပ်တို့အဖွဲ့ သူကြီးအိမ်၌ထိုင်၍ ခေတ္တနားကြစဉ်၌ပင် အရက်ပုလင်းများနှင့် အမြည်းများ အလျှိုအလျှိုရောက်လာသည်။ သူကြီးစီမံထားသောဘူးသီးနှင့် ကြက်သားဟင်းကိုလည်း ရွာကာလသားများက အရေးပေါ်အမြန်ချက်နေကြသည်။ ထိုစဉ် သူကြီးအိမ်မှ ထွန်းညှိလိုက်သော အောက်လင်းဓာတ်မီးကြီးက ဝိုင်းတစ်ခုလုံး လင်းထိန်သွားတော့သည်။

သူကြီးရောက်လာပြီး ...

"ကဲ ... ကျေးဇူးရှင်မှဆိုးကြီးတို့ အားမနာတမ်း ညလယ်စာကလေးကို သုံးဆောင်ကြပါခင်ဗျာ။ ရွာသူရွာသားတွေ ကန်တော့ကြမယ့် ဆန်တွေ၊ ဆီတွေ၊ ပဲတွေကိုလည်း လက်ခံပါခင်ဗျား။ ကျွန်တော်အကုန်စီစဉ်ထားပါတယ်"

ကျွန်ုပ်က ..

"အဲဒါတွေမလိုပါဘူး သူကြီးရယ်။ ကျွန်တော်တို့က အပျော်တမ်း မှဆိုးတွေပါ။ ရပ်ရွာအေးချမ်းသာယာသွားအောင် လုပ်ခွင့်ရတာနဲ့တင် ကျွန်တော်တို့ ဝမ်းသာလှပါပြီ"

"မဟုတ်သေးပါဘူး ဆရာရယ်။ ဆရာတို့မှာ အလုပ်ပျက်၊ အကိုင်ပျက်၊ အိပ်ရေးပျက်ခံပြီး ကျားသောင်းကျန်းကို လာရောက်နှိမ်နင်းပေးတာ ကျေးဇူးတင်လှပါပြီ။ ရွာကကန်တော့တဲ့ လက်ဆောင်တွေကိုတော့ မငြင်းပါနဲ့ လက်ခံပါ။ အပြန်လည်း ဆရာတို့အတွက် လှည်း



www.burmeseclassic.com

www.burmeseclassic.com



တွေ စီစဉ်ထားပါတယ်။ သစ်ထုတ်လမ်းအတိုင်း လိုက်ပို့မှာပါ''

''သူကြီးတို့ အလုပ်ပျက်ပါတယ်။ သစ်ထုတ်လမ်းက အဝေးကြီး ပတ်မောင်းရမှာပါ။ ကျွန်တော်တို့ ဖြတ်လမ်းကပဲ ပြန်ပါရစေ''

ထိုစဉ် မုဆိုးကြီး ဦးလေးမောင်က ...

''ဆရာထောင်မှူး ... လိုက်ပို့ပါစေ။ ကျွန်တော်တို့လမ်းမှာလည်း တောဝက်သေတွေ တင်ရဦးမယ်လေ။ ကျွန်တော်တို့လူအင်အားနဲ့ ထမ်းပြီးသယ်ဖို့ မလွယ်ဘူးဗျ''

ထို့ကြောင့် ကျွန်ုပ် ရေငုံ နှုတ်ပိတ် နေလိုက်ရတော့သည်။

ရွာသူရွာသားများမှာ ကျားသေကြီးကို ကြည့်လိုက်၊ ကျွန်ုပ်တို့ မုဆိုးအဖွဲ့အား ချီးမွမ်းလိုက်နှင့် အကုန်လုံးပျော်ရွှင်နေကြစဉ် လူတစ်ဦး ငိုယိုပြီး သူကြီးအိမ်အတွင်း ဝင်လာသည်။

''လုပ်ကြပါဦး ... မုဆိုးကြီးရယ်။ ကျွန်တော့်မိန်းမ မယ်မြ အလောင်းကို ရှာပေးကြပါဦး။ သူ့ခမျာ ကျွန်တော့်ကြောင့် သေရတာပါ''

သူကြီးက ...

''ဟဲ့ကောင် ... ဖိုးလွန်း၊ မယ်မြကို ကျားဆွဲလို့သေရတာ မင်းကြောင့်လို့ ဘာဖြစ်လို့ပြောတာလဲ။ မင်းမူးနေရင်လည်း အိမ်မှာ အသာအိပ်နေတာမဟုတ်ဘူး။ ဒီမှာ ကျေးဇူးရှင်မုဆိုးကြီးတွေကို ညှော်ခံနေတာ စိတ်အနှောင့်အယှက် မဖြစ်ပါစေနဲ့''

''ပြောပါရစေ သူကြီးရယ်။ မနေ့ကညက ကျွန်တော်အမူးလွန်သွားလို့ ကျွန်တော့်မိန်းမ မယ်မြက ကျွန်တော့်ကိုယ်စား နွားမီးဆင်းထည့်ပေးတုန်း ကျားဆွဲခံရတာပါ။ အော်သံကြားတာနဲ့ ကျွန်တော်လည်း အိပ်ရာဘေးက လှံတိုကို ဆွဲပြီးအဆင်း၊ ခြံဝင်းကို ခုန်ကျော်ဖို့





လုပ်နေတဲ့ ကျားကြီးကို ကြောက်ကြောက်လန့်လန့်နဲ့ ပစ်လိုက်မိတာပါ သရာတို့ရယ်''

သူကြီး ...

''အေး ... အေး ... မင်းအပစ်ကောင်းလို့ ကျားက ကျားနာခဲခဲဖို့ ပြန်လာတာ။ ဒီကဆရာတွေလက်ဦးလို့ နောက်တစ်လောင်း မပါသွားတာ ကံကောင်းတယ်မှတ်''

ကျွန်ုပ် မနေသာတော့ပါ။ သူကြီးနှင့် ကိုဖိုးလွန်းကြား ဝင်ပြောရတော့သည်။

''ကိုဖိုးလွန်း ... စိတ်အေးအေးထားပါ။ ကျွန်တော်တို့ဒီညဒီရွာမှာအိပ်ပြီး မနက်မိုးလင်းတာနဲ့ ရှာပေးပါ့မယ်။ ကဲ ... မုဆိုးကြီး ဦးလေးမောင်ရေ ... ဒီညတွင်းချင်း ရွာပြန်မဲ့အစီအစဉ် ပြောင်းတော့ဗျာ။ ဒီညဒီရွာမှာ ညအိပ်မယ်။ တောဝက်တွေကိုတော့ ဒီညပဲ ရွာခံမုဆိုး ကိုစိမ်းယဉ်တို့နဲ့ သွားကောက်ခိုင်းလိုက်ဗျာ။ မနက်စောစော ရွာကထွက်ပြီး ဒေါ်မယ်မြအလောင်းကို ရှာကြတာပေါ့။ ပို့မဲ့ပို့ ကူးတို့ရောက်အောင် ပို့လိုက်ကြရအောင်ပါဗျာ''

ဦးလေးမောင် ...

''ဆရာထောင်မှူး အစီအစဉ်ကောင်းပါတယ်။ ကျွန်တော်က ဆရာထောင်မှူးကို အလုပ်တာဝန်တစ်ဖက်နဲ့ဆိုတော့ အားနာနေတာ''

''ရပါတယ် ဦးလေးမောင်၊ ကျွန်တော့်အလုပ်က ပြဿနာမရှိပါဘူး။ ကျားသောင်းကျန်းကိုနှိမ်နင်းဖို့ သွားတယ်ဆိုတာ ကျွန်တော့်အထက်အရာရှိသိပါတယ်။ တစ်ရက်မကပါဘူး နှစ်ရက်သုံးရက်လည်း နေသို့ပါတယ်''

''ကဲ ... ဒါဆို အကောင်းဆုံးပါပဲ ဆရာအစီအစဉ်တိုင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ရွာခံမုဆိုး စိမ်းယဉ်ကခေါင်းဆောင်ပြီး မွန်၊ ညဏ်ကျယ်နဲ့ ကုလားကြီးတို့က ဝက်သေတွေကို သွားသယ်ပါ။ ဒီကို ဝက်သိုကြီးနှစ်ကောင်သယ်ခဲ့။ ဝက်မ(၄)ကောင်ကိုတော့ ... အဲ ... ဆရာထောင်မှူးကိုလည်း ပေးရဦးမယ်''

''ဒီလိုလုပ် ... ဦးလေးမောင်၊ ဝက်မလေးကောင်ကို ဦးလေးတို့အဖွဲ့ FUND ငွေအတွက် မွေးနီရွာကိုယူသွားပါ။ ဒီရွာကို ဝက်သိုးကြီးတစ်ကောင်ပေး၊ ကျွန်တော်တို့ စခန်းစားဖို့အတွက် တစ်ကောင်ပေး၊ ကျားသားရေနဲ့ ခေါင်းကိုတော့ ကျွန်တော့်ကိုပဲပေးပါ။ ကျားသားကိုတော့ ရွာကို ဝေလိုက်တာပေါ့ဗျာ။ အဲဒီအစီအစဉ် မကောင်းဘူးလား''

''ကောင်းတယ် ဆရာထောင်မှူး။ ကျွန်တော်တို့မုဆိုးတွေကလည်း ကျားသားမစားကြဘူး။ ကဲ ... စိမ်းယဉ် အဲဒီအတိုင်းလုပ်''

''ဟုတ်ကဲ့ ... ဦးလေး''

သို့နှင့် ရွာကစီစဉ်ပေးသော လှည်းတစ်စီးဖြင့် မုဆိုးကြီးဦးလေးမောင်၏တပည့်ကျော်များ တောထဲဝင်သွားကြသည်။ ကျွန်ုပ်တို့ စားသောက်နေကြစဉ် ကျွန်ုပ်၏တပည့်ကျော်အောင်သန်းနှင့် တင်သောင်းတို့က ကျားကြီးကို ဖျက်ကြသည်။ ပြီးနောက် အသားနှင့် အရိုးများကို ရွာသူကြီးအစီအစဉ်ဖြင့် ရပ်ရွာသို့ ဝေပေးသည်။ ဆေးဖြစ်ဝါးဖြစ်နှင့် အောင်သေအောင်သားစားရန် ဝေပေးခြင်းဖြစ်သည်။

ကျွန်ုပ်တို့သောက်ဝိုင်းပြီးတော့ ကာလသားများချက်သော ဘူးသီးနှင့် ကြက်သားဟင်းကို ညလယ်စာအဖြစ် ထမင်းနှင့်စားကြသည်။ စားပြီးသည်နှင့် မနက်စောစောထရမည်ဖြစ်၍ အိပ်ရာဝင်ကြသည်။ သူကြီးအိမ်အောက်ထပ် ကွပ်ပျစ်ကြီးပေါ်တွင် တန်းစီ၍ အိပ်ကြရခြင်း ဖြစ်သည်။





ခရီးဝေးလျှောက်လာရပြီး ညသန်းခေါင်တိုင်နေပြီဖြစ်၍ ခေါင်းချသည်နှင့် အိပ်ပျော်ကြသည်။ ရွာခံများကတော့ အိပ်ကြဟန်မတူ။ ရွာခံမုဆိုး ကိုစိမ်းယဉ်တို့သယ်လာကြမည့် ဝက်သိုးကြီး (၂)ကောင်အား ဖျက်၍ ရွာသို့ဝေရန် စောင့်ဆိုင်းနေကြသည်။ စောင့်စားရင်း သောက်စား၍ ဝိုင်းဖွဲ့နေကြခြင်းလည်း ဖြစ်ပေသည်။

အရဏ်တက် လင်းကြက်တွန်သံကြားသည်နှင့် မုဆိုးများပိပိအားလုံးနိုးထကြသည်။ ရွာခံများစီစဉ်ပေးသော ထမင်းကြော်နှင့် တောဝက်သားဟင်းကို စားကြသည်။ တောဝက်သိုးကြီးများအား ပစ်ပြီးသည်နှင့် သိုကိုဝိုက်လှီးပြီးစွန့်ပစ်ရန် မလုပ်ခဲ့သဖြင့် တောဝက်သားမှာ ဝက်သိုးနံ့ထောင်းထောင်းထနေသဖြင့် ကျွန်ုပ်မစားနိုင်။

အလိုက်သိသောသူကြီးက ညကအကျန် ကြက်သားဟင်းနှင့် ဘူးသီးဟင်းကို ချပေးသဖြင့်သာ ထမင်းကြော်ကို စားနိုင်ကြသည်။ မနက်စောစာ စားပြီးသည်နှင့် ကျွန်ုပ်တို့မုဆိုးအဖွဲ့နှင့် ရွာသားများ ဒေါ်မယ်မြအလောင်းကိုရှာရန် .စောစီးစွာ ရွာမှထွက်လာကြသည်။

အုန်းနဲ့ပင် ရွာခံမုဆိုးကိုဖိုးထိန်က ကျားခြေရာ၊ ခြေကြောင်းခံ၍ လမ်းပြသည်။ ရွာအနောက်ဘက်လယ်ကွင်းသို့ ကျော်ပြီးသည်နှင့် ရိုးမတောင်ခြေသို့ရောက်သည်။ နေ့သစ်တစ်နေ့၏ မနက်ခင်း အလင်းရောင်က တဖြည်းဖြည်း ပီပြင်လာသည်။ ငှက်ကလေးများ တစာစာအော်သံ၊ ကြက်တွန်သံ၊ ခေါင်းတွန်သံ၊ မျောက်အော်သံများက တောတွင်းတေးဂီတသဖွယ် ကြားနေရသည်။

ပြန့်တောကိုကျော်ပြီး တောနက်ထဲရောက်လာသည်။ ကျွန်ုပ်တို့ သေနတ်များကိုမောင်းတင်၍ အသင့်အနေအထားလျှောက်လာကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုစဉ် မုဆိုးကြီးဦးလေးမောင်က ကျွန်ုပ်အနီးကပ်၍ နှစ်ကိုယ်ကြားပြောလာသည်။

"ဆရာထောင်မှူး ...ကျားက တစ်ကောင်တည်းဟုတ်ပါ့မလား။ ကျွန်တော့်စိတ်ထဲမှာ ထင့်နေတယ်"

"ဦးလေးမောင်က ဘယ်လိုထင်လို့လဲ"

"ဒီရာသီက နွေဦးပေါက် ကျားပေါက်တဲ့ရာသီလေ (၉)တောင်ကျားကြီးမှာ ကျားမကြီးနဲ့ ကျားပေါက်ကလေးတွေရှိနိုင်တယ်။ ကျားဆိုတဲ့အကောင်က သားကောင်စားစရာရပြီးရင် တစ်ဝတစ်ပြဲစားပြီး လှိုဏ်ထဲမှာပုန်းပြီး နှစ်ရက်သုံးရက် အိပ်နေတတ်တာ။ အခုကျားကြီးက ရွာကို ပြန်လာတယ်ဆိုတော့ ကျွန်တော့်အတွေ့အကြုံနဲ့ ထင်ကြေးပေးတာပါ"

"ဖြစ်နိုင်ပါတယ် ဦးလေးမောင်။ ကျွန်တော် တစ်ဘက်က စဉ်းစားထားတာက ကျားဆိုတဲ့အကောင်က အလွန်အငြိုးကြီးတာ။ သူ့ကို ကိုဖိုးလွန်းက လှံနဲ့ထိုးထားတော့ ကလဲ့စားချေဖို့ ပြန်လာတာလားလို့လည်း စဉ်းစားမိတယ်"

"ဆရာထောင်မှူးပြောတာလည်း ဖြစ်နိုင်ချေရှိပါတယ်။ ကျွန်တော်ပြောတာကိုလည်း စဉ်းစားရင် မမှားပါဘူး"

ကျွန်ုပ်တို့အဖွဲ့ လျှောက်လာကြရာ ရိုးမတောင်ခြေလှိုဏ်စောင်းရောက်သည်နှင့် ရွာခံမုဆိုးကိုဖိုးထိန်က လျှောက်လက်စခြေလှမ်းကို ရပ်လိုက်သည်။

"ဆရာ ...ဒီလှိုဏ်အတက်အဆင်းမှာ ကျားခြေရာတွေ တွေ့ရတယ်။ ကျားနှစ်ကောင်ခြေရာပဲ။ တစ်ကောင်က ကြီးတယ်။ တစ်ကောင်က ငယ်တယ်။ ကျားလင်မယားဖြစ်မယ်နဲ့တူတယ်"

မုဆိုးကြီး ဦးလေးမောင်က ...





"ဟာ ...ဒါတို့ပစ်လိုက်တဲ့ ကျားကြီးခြေရာပဲ။ ငါတစ်ပတ်လှံလိုက်ခဲ့လို့ မှတ်မိနေတယ်။ အဲ ...ဟိုတစ်ကောင်ခြေရာက နည်းနည်းပိုသေးတယ် ဆရာထောင်မှူးရေ။ ကျွန်တော်ထင်တာ မှန်နေပြီဗျ။ အားလုံး သတိထားကြပေရော့"

ထိုစဉ် လှိုဏ်ထဲမှ အပုပ်နံ့က လိုက်၍တက်လာသည်။

"ဟာ ...ဒါ လူသေကောင်နံ့ပဲ။ အလောင်းက ဒီလှိုဏ်ထဲမှာ ရှိနေတာ သေချာနေပြီ"

"ဘယ်လိုလုပ်ကြမလဲ ဆရာထောင်မှူး"

"နည်းနည်းအချိန်ကလေးစောင့်ပြီး လေ့လာရအောင်ဗျား။ အလင်းရောင်က အားနည်းနေသေးတယ်။ လက်နှိပ်ဓာတ်မီးတွေပါပေမဲ့ ပတ်ဝန်းကျင်ကို ကျွန်တော်စိတ်မချဘူး။ ဒါ သားရဲတွင်းဖြစ်နိုင်တယ်"

"ဟုတ်တယ် ...ဆရာထောင်မှူး ခဏနားရင်း အခြေအနေကြည့်ကြတာပေါ့"

ထိုစဉ် ကျားပေါက်ကလေးများအော်သံကို လှိုဏ်ထဲမှ ကြားလာရသည်။

"အိ ....အိ ...အစ် ...အစ် ...ချူး ...ဂူး"

ကျားမကြီးအသံကိုတော့ မကြားကြရပါ။ ကျားမကြီး အပြင်သွားဟန်တူသည်။ ကျွန်ုပ်တို့နားနေရင်း အလင်းရောင်ကောင်းစွာရရန် အကာအကွယ်နေရာများမှ စောင့်ကြသည်။

နံနက် (၇)နာရီခန့်တွင် အလင်းရောင် ကောင်းစွာရလာသည်။ သို့သော် လှိုဏ်အတွင်း သားရဲတွင်းထဲမှာ ကျားမကြီးဟိန်းဟောက်သံကို မကြားကြရပါ။ ထို့ကြောင့် မျောက်တင်သောင်းက လှိုဏ်ဝသွား၍



www.burmeseclassic.com

www.burmeseclassic.com



(၈) တောင့်ထိုး အမဲလိုက်ခွေးမီးကြီးဖြင့် အရဲစွန့်ကာထိုးကြည့်သည်။

"ဟာ ... ဆရာရေ၊ နို့ခွဲခါနီးအရွယ် ကျားပေါက်ကလေး နှစ်ကောင်ဗျ။ ဒေါ်မယ်မြအလောင်းပေါ်မှာ အစာလုစားနေတယ်။ ကျားမ ကြီးတော့ မတွေ့ရဘူး။ အလောင်းကလည်း ပက်လက်ကြီး ဗိုက်ဖောက် စားနေကြတာ အရိုးတွေတောင် ပေါ်နေပြီ"

ထိုစဉ် ဒေါ်မယ်မြယောက်ျား ကိုဖိုးထွန်းက ...

"ဘယ်မလဲ ... ဘယ်မလဲ၊ မယ်မြအလောင်း တွေ့ပြီလား။ ကျွန်တော်ဆင်းကောက်မယ်"

မုဆိုးကြီးဦးလေးမောင်က ...

"ဟဲ့ကောင် ... ဖိုးထွန်း အသာနေစမ်း။ စိတ်ချရတဲ့အခြေ အနေ မရှိသေးဘူး။ အချိန်စောင့်ဦး မလောနဲ့။ အလောင်းတွေ့ထားပြီ ပဲ။ ကျားမကြီးရှိမရှိ သေချာအောင် လုပ်ရဦးမှာ။ တောကောင်ကျားတွေ က အလွန်ဉာဏ်နီဉာဏ်နက်များတာ မင်းဘာ မှတ်လို့လဲ။ တစ်နေရာ တည်း နှစ်လောင်းပြိုင်ဖြစ်သွားမယ် ငြိမ်ငြိမ်နေစမ်း"

ဦးလေးမောင်ဟောက်လိုက်မှ ဖိုးထွန်းငြိမ်သွားသည်။ ထိုစဉ် ရိုးမကြာပေါ်မှ ကျားဟိန်းသံကြီးကို ကြားလိုက်ရသည်။

"ဝေါင်း ... ဝေါင်း ... ဝေါင်း ..."

ကျားမကြီးပြန်လာ၍ ကလေးများကို အသံပေးခြင်းဖြစ်နိုင် သလို ကျားထီးကြီးအား ရှာဖွေနေခြင်းလည်း ဖြစ်နိုင်သည်။ ကျွန်ုပ်တို့ အကာအကွယ်ယူ၍ ငြိမ်သက်စွာ စောင့်ဆိုင်းနေကြသည်။

မကြာပါ။ ရိုးမကြောပေါ်မှ တောတိုးသံများ ကြားလာရသည်။ သို့သော် မကြာမီ ငြိမ်သက်သွားပြီး တောမှာ တိတ်ဆိတ်နေသည်။ အန္တရာယ်ရှိသောအချိန်မှန်း ကျွန်ုပ်တို့သိလိုက်သည်။ သားရဲတွင်းထဲမှ





ကျားပေါက်ကလေးများ၏ တစ်အီအီ၊ တစ်အုအုအော်သံမှာ ပိုဆူညံ လာသည်။

ထိုအချိန်တွင် ကျွန်ုပ်တို့၏လက်ယာဘက်ဘေးမှ သပွတ်သိမ် ချုံကြီး လှုပ်ရမ်းသွားပြီး ကျားမကြီး ဦးခေါင်းထွက်လာသည်။ အနီး ကပ် ဟိန်းဟောက်သံကြီးမှာလည်း ကြောက်လန့်စဖွယ် ပေါ်ထွက်လာ သည်။

"ဝေါင်း .... ဝေါင်း ..."

တိုက်ဆိုင်စွာပင် လူသေကောင်အပုပ်နံ့ကလည်း လေသင့် သဖြင့် လှိုက်တက်လာသည်။ သေချာသည်ကတော့ ကျွန်ုပ်တို့အဖွဲ့က လေအောက်ရောက်နေခြင်း ဖြစ်သည်။ ကျားမကြီးမှာ ပတ်ဝန်းကျင် အား အကဲခတ်ပြီး သားရဲတွင်းဝသို့ တစ်လှမ်းချင်း လျှောက်လာသည်။ ကျွန်ုပ်တို့နှင့် ပေ (၁၀၀') ခန့်အကွာသို့ ရောက်သည်နှင့် မုဆိုးကြီး ဦးလေးမောင်က 'ပစ်' ဟုအော်သည်နှင့် ကျွန်ုပ်တို့ပြိုင်တူပင် သေနတ် ခလုတ်များအား ဆွဲလိုက်ကြတော့သည်။

"ဒိုင်း ... ဒိန်း ... ဒိန်း ... အုန်း"

ကျားမကြီးမှာ လေထဲတွင်မြောက်တက်သွားပြီး သားရဲတွင်း ထဲသို့ ပစ်ကျသွားတော့သည်။

"ဝေါင်း ဝေါင်း ... ဂယား ဂယား ... အူး ... ဟုန်း"

စိတ်ချသွားရသော အခြေအနေဖြစ်မှ ကျွန်ုပ်တို့ခွေးမီးများ ထွန်းကာ သားရဲတွင်းအတွင်းသို့ ဆင်းခဲ့ကြသည်။ ကျားပေါက်ကလေး နှစ်ကောင်မှာ မရှိတော့။ အလောင်းကို နေရာတွင် မြေမြှုပ်သင်္ဂြိုဟ်ပြီး ကျားသေကြီးကိုထမ်းကာ ကျွန်ုပ်တို့ အုန်းနဲ့ပင်ရွာသို့ ပြန်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

❑

ရွာကိုပြန်ရောက်တော့ ရွာသူကြီးမှာ ကျွန်ုပ်တို့အား ဂုဏ်ပြုနေ့လယ်စာ ကျွေးလိုသည်ဆိုပြီး အတင်းဆွဲထားပြန်သည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့ပင်ပန်းပြီး အိပ်ရေးပျက်သဖြင့် ရေမိုးချိုးပြီး အနားယူအိပ်စက်ရန် ပြင်ဆင်ကြသည်။

ရွာသူရွာသားများကတော့ ကျားဆိုးရန် ကင်းသွားပြီဖြစ်၍ ကျွန်ုပ်တို့အားကျွေးမွေးရန် ရွာရှိကြက်များအား ပျော်ရွှင်စွာ ချက်ပြုတ်နေကြသည်။ ထိုအချိန်တွင် တစ်ပွဲစားဦးနီမောင်သား ကိုစိမ်းယဉ်နှင့် ဦးလေးမောင်က ကျွန်ုပ်အားခေါ်ထုတ်ရင်း ရွာအနောက်ဘက်ပိုင်းသို့ သွားကြသည်။ ဦးလေးမောင် ...





"ဆရာတောင်မှူးနဲ့ တိုင်ပင်စရာရှိလို့ပါ။ သူကြီးအိမ်မှာက လူများတော့ စကားပြောလို့ မကောင်းဘူးလေ"

"ပြောစမ်းပါဦး ဦးလေးမောင်ရဲ့။ ဘာကိစ္စများလဲ"

"ဆရာတို့စခန်းအနောက်ဘက်က ရိုးမတောင်ခြေကျောက်တုံးကြီးတွေအနားကို ဆရာတောင်မှူး ရောက်ဖူးတယ်မဟုတ်လား"

"ရောက်ဖူးပါ့ဗျာ။ ရတနာသိုက်ဆိုတာကြီး မဟုတ်လား"

"ဩော် ... ဆရာတောင်မှူးတောင် သိနေပြီကိုး။ အဲဒီကိစ္စကို တိုင်ပင်ချင်လို့ ခေါ်ထုတ်လာတာပါ"

"ကဲ ... ပွင့်ပွင့်လင်းလင်း ပြောကြစမ်းပါဗျာ။ ကျွန်တော်လည်း သိသင့်သလောက် သိနေပါပြီ"

"ဆရာ ... အဲဒါ ရတနာသိုက်အမှန်ပဲ။ ဘယ်သူမှလည်း တူးဖော်ရရှိတယ်လို့ မကြားမိသေးဘူး။ ဘယ်ကစပြီး တူးရမယ်ဆိုတာလည်း မသိဘူး။ မြေပုံညွှန်းလည်း မရှိဘူး"

"မြေပုံညွှန်းက ကျောက်တုံးကြီးပေါ်မှာ ဆွဲထားတယ်လေ ဦးလေးမောင်ရဲ့။ ကွန်တိုမြေပုံတွေနဲ့ စနစ်တကျပါပဲ"

"ဆရာတောင်မှူးရဲ့ ... ကျွန်တော်တို့က ခေတ်ပညာတတ်တွေမှမဟုတ်ဘဲ။ ကွန်တိုမြေပုံကို ဘယ်လိုတတ်မှာလဲ။ နောက်ပြီး ဂျပန်စာတွေပါရေးထားတော့ ပိုဆိုးတာပေါ့"

"ဦလေးမောင် အဲဒီတုန်းကပါလာတဲ့ 'ဘွန်ချိုဦးတင်ရွှေ'က အဘတစ်ပွဲစားဦးနီမောင်ကို အသက်ကယ်တဲ့ကျေးဇူးကြောင့် ရတနာမြေပုံအကြောင်း ပြောခဲ့တယ်။ ဒါပေမဲ့ သူလည်း ရတနာမြှုပ်နှံထားခဲ့တဲ့နေရာ အတိအကျကို မသိခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း ချွေးတပ်သားနှစ်ယောက်နဲ့အတူ ဂျပန်တွေသတ်တော့မှာမို့ ထွက်ပြေးလာရတာကိုး။ အကြမ်းဖျင်းနေရာပဲ သိတာပါ။ ကျွန်တော် အကုန်အသေးစိတ် လေ့လာပြီးပါပြီ။ ကျွန်တော်က တက္ကသိုလ်တုန်းက ပထဝီဝင်ဘာသာအဓိကယူခဲ့တော့ ကွန်တိုမြေပုံကိုလည်း ဖတ်တတ်ပါတယ်။ ဂျပန်ဘာသာဒီပလိုမာယူခဲ့လို့ ဂျပန်စာကိုလည်း တတ်ပါတယ်။ ဒါပေမဲ့ အဖြေမပေါ်ပါဘူး။ မြှုပ်ကွက် လျှို့ဝှက်ချက်တစ်ခု ရှိနေတယ်။

ဂျပန်တွေက စနစ်တကျနဲ့ သူတို့ဘာသာသာ ဖော်နိုင်အောင် လုပ်သွားတာ။ ဒီရတနာသိုက်ကို ဂျပန်လို 'ဂေါ်ခုချိဂင်ဂိုး' 'ငါးပေါက်တွင်းရတနာသိုက်'လို့ ရေးထားတယ်။ နေရာငါးနေရာရှိတယ်။ ကျွန်တော် အဲဒီနေရာတွေ အကုန်လုံးကို စနစ်တကျ ရှာဖွေတွေ့ပြီးပေမယ့် မဖော်ရဲဘူး။ နေရာမမှန်ရင် မိုင်းတွေထောင်ထားမှာမို့ တူးတဲ့လူတွေ အကုန်ကြွကုန်မှာ''

''ဟာ ... ဆရာသိန်းဝင်းက အကုန်သိနေတာကိုး။ ဘယ်လိုလုပ်သိတာလည်းဆရာ။ ကျွန်တော်တို့လည်း နေရာအနှံ့ ရှာပြီးပါပြီ။ မတွေ့ရသေးပါဘူး။ တွေ့ရင်လည်း ဖော်ရဲမှာမဟုတ်ဘူး''

''ကျွန်တော် အချိန်ယူပြီး အသေးစိတ်လေ့လာဦးမယ် ဦးလေးမောင်။ သက်ဆိုင်သူတွေ အချိုးကျရအောင်လည်း ကျွန်တော် စီစဉ်ပေးပါ့မယ်။ ဒါပေမဲ့ လျှို့ဝှက်ချက် (KEY) ကို ရမှဖြစ်မှာပါ။ သက်ဆိုင်သူတွေဆိုတာက ဘွန်ချိုဦးတင်ရွှေမိသားစုရယ်၊ ဦးနီမောင်တို့မိသားစုရယ်၊ ထွက်ပြေးလွတ်မြောက်သွားတဲ့ ဘွန်ချိုဦးတင်ရွှေရဲ့ တပည့်နှစ်ယောက်ရယ်၊ ခေါင်းဆောင်လုပ်ပြီးရှာဖွေရမယ့် ကျွန်တော်ရယ်ပေါ့ဗျာ။ သက်ဆိုင်သူကတော့ အတော်များတယ်။ ဒါပေမဲ့ ရတနာသေတ္တာ





က လေးလုံးတောင်ဆိုတော့ ဝေစုက မနည်းပါဘူး''

''ဆရာထောင်မှူးက ဘယ်လိုလုပ်ပြီး သိတာလဲ''

''အင်း ... ကျွန်တော်သိတာကတော့ မမျှော်လင့်ဘဲသိရတာပါ။ တပည့်ဖြစ်တဲ့ မျောက်တင်သောင်း၊ မုဆိုးအောင်သန်းတို့နဲ့ ရိုးမကြောပေါ်တက်ပြီး အမဲလိုက်ရင်း မျဉ်းမပင်ကြီးမှာထွင်းထားတဲ့စာတွေကြောင့် အနံ့ရခဲ့တာပါ။

စခန်းကဆရာဝန်ကြီးကလည်း ဘွန်ချို ဦးတင်ရွှေရဲ့မြေးဖြစ်တော့ ကျွန်တော့်ကိုတိုင်ပင်ရင်း အကြောင်းစုံသိရတာပါ။ ကျွန်တော် လမ်းအူကြောင်းရှာတုန်းက သုံးခဲ့တဲ့မြေတိုင်း ကိရိယာတွေနဲ့ပါ။ ကွန်တိုမြေပုံကိုဖတ်ပြီး စနစ်တကျရှာထားလို့ နေရာတွေကိုပါ အကုန်သိထားပါပြီ ဦးလေးမောင်ရယ်။ ဒါပေမဲ့ ရှေ့ကပြောခဲ့သလို လျှို့ဝှက်ချက်အဖြေကို မရသေးပါဘူး။ လျှို့ဝှက်ချက်အဖြေရရင်တော့ ပွဲပြီးပြီပေါ့ဗျာ''

''ဆရာထောင်မှူး ... အဲဒီလျှို့ဝှက်ချက်အဖြေကို ဘယ်သူသိနိုင်သလဲ ခန့်မှန်းမိသလား''

''တစ်ယောက်ယောက်တော့ သိမှာပေါ့ဗျာ။ ပြဿနာပုစ္ဆာရှိရင် အဖြေဆိုတာ ရှိရမှာပေါ့။ ကျွန်တော်တို့ကျောင်းတုန်းက သင်ခဲ့ရတာ မှတ်မိပါသေးတယ်။ အမေးပုစ္ဆာထဲမှာ အဖြေတစ်ဝက်ပါတယ်တဲ့လေ''

''အင်း ... ဆရာထောင်မှူးတို့လို ဘွဲ့ရခေတ်ပညာတတ်တစ်ယောက်တောင် လျှို့ဝှက်ချက်ကိုမဖော်နိုင်ရင် ကျွန်တော်တို့ဆို ဝေးရောပေါ့''

''အချိန်က စကားပြောလာမှာပါ ဦးလေးမောင်။ ကျွန်တော်တို့ကလည်း ဒီအတွင်းမှာ အလကားနေမှာမဟုတ်ပါဘူး။ အမြဲတမ်း



www.burmeseclassic.com

www.burmeseclassic.com



လေ့လာစူးစမ်းနေမှာပါ။ ကိုစိမ်းယဉ်အားမငယ်ပါနဲ့.. ခင်ဗျားတို့မိသားစု တစ်နေ့မှာ သူဌေးဖြစ်ရမှာပါ''

''ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော်တို့ ဆရာ့ကိုပဲ အားကိုးပါတယ်။ ဒီကိစ္စက ဆရာဦးဆောင်ပြီးလုပ်မှ အောင်မြင်မှာပါ''

ကျွန်တော်ကြိုးစားပါ့မယ်။ ကဲ ... ပြန်ကြစို့ဗျာ။ ညက အိပ်ရေးပျက်ထားတော့ ခေတ္တခဏနားရအောင်ပါ''

''ဟုတ်ကဲ့ ဆရာ''

ကျွန်ုပ်တို့ စိမ်းယဉ်တို့အိမ်သို့ ပြန်ခဲ့ကြပြီး ခေတ္တအနားယူအိပ်စက်ကြသည်။ ကျွန်ုပ်တို့ တစ်ရေးနိုးတော့ မွန်းတည့်(၁၂)နာရီပင် ထိုးလုပြီ။ ရေချိုးအဝတ်အစားလဲပြီး အုန်းနဲ့ပင်ရွာသူကြီး ဦးဆောင်စီစဉ်ပေးသော နေ့လယ်စာကို တစ်ပျော်တစ်ပါး မြိန်ရှက်စွာ စားကြသည်။

ဤတစ်ကြိမ်ရသော ကျားမကြီးကိုတော့ မုဆိုးကြီး ဦးလေးမောင်တို့အဖွဲ့အား ပေးလိုက်ပြီး ရွာမှလက်ဆောင်ပေးသော ဆန်၊ ပဲ၊ ဆီတို့ကိုလည်း မုဆိုးကြီးတို့အဖွဲ့ကိုပင် ပေးပြီး ကျွန်ုပ်တို့ စခန်းသို့ပြန်ခဲ့ကြပါသည်။

စခန်း၌ နားနေစဉ်ကာလ၌လည်း မုဆိုးကြီးတို့အဖွဲ့က သူတို့ရသမျှ တောကောင်သားများကို မကြာခဏလာ၍ ပို့ရာသည်။ ထို့ကြောင့် ကျွန်ုပ် အမဲမလိုက်ဘဲ တောကောင်သားများ တစ်ဝကြီး စားနေရပါသည်။

အုန်းနဲ့ပင်ရွာက ကျားသောင်းကျန်းကိုနှိမ်နင်းပြီး တစ်ပတ်ခန့်အကြာ ည (၈) နာရီတွင် ကျွန်ုပ်အား စခန်းဆေးရုံစောင့် ရဲဘက်တစ်ဦးလာခေါ်သည်။





''ဆရာ ... ဆရာ့ကို ဆေးရုံတက် အရေးကြီးလူနာတစ်ဦးက တွေ့ချင်လို့တဲ့ဆရာ။ လူနာက အခြေအနေမကောင်းဘူးဆရာ''

''ဟေ ... ဘယ်သူလဲကွ။ ဆရာဝန်ကြီးရော မရှိဘူးလား''

''ဖိုကြီးက ဖိုခေါင်းဦးညွန့်ရွှေ ဆရာ။ ဆရာဝန်ကြီးလည်း အနီးကပ် ပြုစုနေပါတယ်''

''အေး ... အေး ... လာပြီ''

ကျွန်ုပ် လက်နှိပ်ဓာတ်မီးကိုဆွဲ၍ ရုံးခန်းပေါ်မှ ဆင်းလိုက်ခဲ့သည်။ ဆေးရုံဆောင်ရောက်တော့ ဝါးခုတင်ပေါ်၌ ဖိုခေါင်းဦးညွန့်ရွှေအား DRIP များချိတ်ထားပြီး ဆရာဝန်ကြီးနှင့် ဆေးမှူးက အနီးကပ်အရေးပေါ်ပြုစုနေကြသည်။ လူနာမှာ ခုတင်ထက်တွင် ပက်လက်မှိန်းနေပြီး အသက်ကို မဝတဝရှူနေရသည်။ ဆရာဝန်ကြီးက ...

''ဟော ... ဆရာဦးသိန်းဝင်း ရောက်လာပြီ''

ကျွန်ုပ်ရောက်လာသည်ဆိုမှ လူနာက မျက်လုံးဖွင့်ကြည့်သည်။ မပွင့်တစ်ပွင့်လေသံဖြင့် ...

''ဆရာနဲ့ အတွင်းစကား ပြောချင်ပါတယ်''

အလိုက်သိစွာဖြင့် ဆရာဝန်ကြီးဆေးမှူးနှင့် အနီးရှိရဲဘက်များက ရှောင်ပေးကြသည်။ ကျွန်ုပ်လည်း လူနာအနီးသို့ ကပ်လိုက်သည်။ လူနာမှာ အရိုးပေါ်အရေတင် အတော်ပိန်ချုံးကျသွားသည်။

''ဦးညွန့်ရွှေ ကျွန်တော်ရောက်ပါပြီ။ ဘာပြောချင်လို့လဲ''

''ဆရာ့ဘေးမှာ ဘယ်သူတွေရှိသေးသလဲ''

''ဘယ်သူမှမရှိတော့ဘူး။ ကျွန်တော်တစ်ယောက်တည်းပဲရှိတယ်''

''ကျေးဇူးပါဆရာ။ ဆရာ့ကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အများကြီးပါ။ အဲဒါကြောင့် ကျေးဇူးဆပ်ချင်လို့ပါ''

"အင်းလေ . . . ဦးလေးက ကျွန်တော်တို့ စခန်းဆောက်ဖို့ နေရာစရှာကတည်းကပါလာတဲ့ ရဲဘက်ကြီး (၂၀) ထဲက တစ်ယောက်ပဲ။ အသက်ကလည်း အကြီးဆုံးဆိုတော့ ဖိုခေါင်းခန့်ထားတာပါ။ ဒါနဲ့ ဦးလေးရယ် . . အစောပိုင်းက ဘာလို့မပြောတာလဲ။ ကျွန်တော် နောက် တန်းဆေးရုံကို ပို့ပေးမှာပေါ့။ ဆေးရုံမှာက ဆေးဝါးစုံတယ်လေ''

"မလိုတော့ဘူး ဆရာ။ ကျွန်တော့်အခြေအနေ ကျွန်တော် သိတယ်။ ကျွန်တော် မနေရတော့ဘူးဆရာ။ ကျွန်တော့်မှာ အရင် ကတည်းက ငှက်ဖျားရောဂါအခံနဲ့ အစာအိမ်ရောဂါရှိတယ်။ အဲဒါ ဟို တစ်နေ့က ဖိုကကောင်ကလေးတွေခူးလာတဲ့ ကနစိုးသီးကို စားလိုက်မိ တယ်။ အဲဒီကတည်းက ဝမ်းလျှောပြီး ငှက်ဖျားက ပြန်ထလာကာ အစာအိမ်ကလည်းမကောင်းတော့ ပိုဆိုးတာပေါ့။ တစ်ပတ်အတွင်း ယူ ပစ်သလို ပိန်ကျသွားတာ ဘာမှလည်းစားလို့ မဝင်ဘူးဆရာ။ စားချင် စိတ်လည်း မရှိဘူး''

"ဦးလေးရယ် . . . အစဖြစ်စက ပြောရောပေါ့ဗျာ။ ကျွန်တော် တတ်နိုင်သမျှ အစွမ်းကုန်ကုမှာပါ။ အခုတော့ဗျာ''

"ဆရာလည်း အလုပ်တွေများနေတာ။ ကျွန်တော် ဒုက္ခမပေး ချင်ပါဘူး။ ဆရာ့ကို အရေးကြီးစကား ပြောချင်တယ်။ စခန်းအနောက် ဘက်က ရတနာသိုက်အကြောင်းပါ ဆရာ။ ဂရုစိုက်နားထောင်ပါဆရာ။ ဒါဟာ ဆရာ့ကို ကျွန်တော်နောက်ဆုံး ကျေးဇူးဆပ်တာပါ။ အကျိုး အမြတ်ခံစားရရင်လည်း ကျွန်တော့်မိသားစုကို ကြည့်ပါဆရာ။ ကျွန် တော်တို့က ဆင်းရဲပါတယ်။ ကျွန်တော့်မိသားစုနေတာက သာယာဝတီ မြို့နယ်၊ လှည်းလမ်းကူးရွာကပါ''





"ဟင် . . . ဒါဆို ကျွန်တော့်တပည့် မုဆိုးအောင်သန်းနဲ့ မျောက် တင်သောင်းတို့ရဲ့ ရွာပေါ့နော်''

"ဟုတ်ပါတယ် ဆရာ၊ တစ်ရွာတည်းသားတွေပါ။ သူတို့က ရွာတောင်ပိုင်းက၊ ကျွန်တော်က ရွာမြောက်ပိုင်းမှာနေတာပါ''

"ဟုတ်ကဲ့ . . . ဦးလေး။ အဲဒါတွေ ကျွန်တော်တာဝန်ထား ပါ။ ကျွန်တော်အားလုံးကို ခွဲဝေပေးမှာပါ။ ဒီကဆရာဝန်ကြီးကလည်း ဦးလေးတို့အဖေရဲ့ အဖွဲ့ခေါင်းဆောင် 'ဘွန်ချိုဦးတင်ရွှေ'ရဲ့ မြေးအရင်း ပဲ။ သူလည်း ဒီရတနာမြေပုံကိစ္စကိုသိတယ်။ သူ ကျွန်တော့်ကို အကုန် ပြောပါတယ်။ ဒါပေမဲ့ ဂျပန်တွေက လျှို့ဝှက်တဲ့ (KEY) ကို ဝှက်သွား တယ်။

သူတို့လူထဲကမပါဘဲ အပြင်လူတွေ ရတနာသိုက်မှန်းသိတာ တောင် မဖော်နိုင်အောင် လုပ်သွားတာနေမှာပါ။ ကျွန်တော် ရတနာ တွေမြှုပ်ထားတဲ့ ကျောက်ငုတ်(၅)ခုစလုံးကို တွေ့ပြီးပြီ။ ဒါပေမဲ့ မဖော် ရဲဘူး။ ကျောက်ငုတ်ကို နေရာအတိအကျသိမှဖြစ်မှာ။ မဆိုင်တာသာ သွားဖော်မိလို့ မိုင်းတွေမြှုပ်ထားရင် တူးတဲ့သူတွေ အကုန်သေကုန်မှာ''

"ဟုတ်ပါတယ်။ ဆရာပြောတာ မှန်ပါတယ်။ ဆရာအသိရှိ ပေလို့ပဲ။ နို့မဟုတ်ရင် ဒုက္ခရောက်နိုင်တယ်။ ကျွန်တော့်အဖေက ဘွန်ချို ဦးတင်ရွှေနဲ့အတူ ထွက်ပြေးခဲ့တဲ့ ချွေးတပ်သားထဲကတစ်ယောက်ပါ။ နာမည်က ဦးတင်ငြိမ်းလို့ခေါ်တယ်။

ဦးတင်ရွှေတို့နဲ့အတူ ထွက်ပြေးကြရင်း ဂျပန်တွေကဝိုင်းပစ် လို့ အဖေလည်း လက်မောင်းမှာ သေနတ်မှန်တယ်။ ကျန်တဲ့တစ် ယောက်က ဦးလှဖေတဲ့။ သူလည်း လက်မောင်းမှာ ကျည်ဆန်ရှပ်မှန် တယ်။ အဖေတို့လည်း ဒဏ်ရာကိုယ်စီနဲ့ ထွက်ပြေးကြရင်း လူချင်းကွဲ



www.burmeseclassic.com

www.burmeseclassic.com



သွားကြသတဲ့။

အဖေက မှုဆိုးဆိုတော့ သူ့ဒဏ်ရာကို တောထဲက ဆေးရွက်တွေနဲ့အုံပြီး ဆေးကုနိုင်လို့ သက်သာတယ်။ အတူပြေးဖော်ပြေးဖက်တွေကိုတော့ ရှာလို့မရတော့ဘူးတဲ့။ အဲဒါနဲ့ ညောင်မုတ်ဆိတ်ပင်ကြီးတစ်ပင်ပေါ်ကိုတက်ပြီး ပုန်းအောင်းနေရတာဆိုပဲ။ ဂျပန်တွေက သေနတ်အပစ်ခံရတဲ့နေရာကို လာကြည့်ပေမယ့် အလောင်းမတွေ့ရလို့ ပြန်သွားကြသတဲ့။

အဖေလည်း မိုးချုပ်အောင်စောင့်ပြီးမှ ညောင်မုတ်ဆိတ်ပင်ပေါ်က ဆင်းရဲသတဲ့။ နေ့လယ်စာလည်း မစားရ။ ညစာလည်း မစားရတော့ အလွန်ဆာလောင်နေတာပေါ့။ အဲဒါတွေထက် အရေးကြီးတာက ရေဆာတာပဲ။ ညဘက်ကြီး ရေကို ဘယ်မှာရှာရမှန်းလည်းမသိ၊ တောကောင်တွေရန်ကြောင့် ဝေးဝေးလည်း မသွားရဲဘူးတဲ့။ အဲဒါနဲ့ အရဲစွန့်ပြီး ဂျပန်တွေစခန်းချထားတဲ့ အခုရတနာသိုက်နေရာကို မှန်းပြီး တဖြည်းဖြည်း ချဉ်းကပ်လာတယ်။

အဲဒီနေရာရောက်တော့ ဂျပန်တွေက ရွက်ဖျဉ်တဲထိုးပြီး မီးပုံကြီးတွေ ဖိုထားသတဲ့။ ရွက်ဖျဉ်တဲနဲ့ ခပ်လှမ်းလှမ်းနေရာမှာတော့ သစ်ခက်တွေမိုးထားတဲ့ ဝါးတဲကြီးတစ်လုံးရှိသတဲ့။ ဂျပန်တွေခေါ်လာတဲ့ ချွေးတပ်သားတွေနေတဲ့ တဲကြီးပေါ့။ အဲဒီတော့ အဖေက စဉ်းစားမိတယ်။

ချွေးတပ်သားတွေနေတဲ့ တဲထဲကိုသွားနိုင်ရင်တော့ စားစရာမရတောင် ရေတော့သောက်ရမှာပဲဆိုပြီး တောင်ကြောပေါ်က ဆင်းမယ်အလုပ်၊ ချွေးတပ်သားတဲကြီးကို ပတ်စောင့်နေတဲ့ ဂျပန်ကင်းတပ်သား (၃)ဦးကို လက်နက်တွေကိုင်ပြီး စောင့်နေတာတွေ့တာနဲ့ ကိုယ်ရှိန်သတ်ပြီး နေလိုက်ရတော့သတဲ့။





အတော်ကြာအောင်စောင့်ပေမဲ့ အခြေအနေက မကောင်းဘူး။ ရေကဆာလာတာ ဝမ်းထဲကအူတွေတောင် ခြောက်လို့ တကျွတ်ကျွတ်မြည်လာတဲ့အပြင် အာခေါင်တွေခြောက်ပြီး ခေါင်းကပါ မူးလာတယ်။ အဲဒါနဲ့ ဖြစ်လိုရာဖြစ်စေဆိုပြီး အောက်ဆင်းမယ်အလုပ်မှာ လက်ယာဘက် ဂျပန်ဗိုလ်မှူး ယာမခုချိဆန်နေတဲ့ တဲထဲကနေ လူတစ်ယောက်ထွက်သွားတာ မြင်ရတယ်၊ ဂျပန်ဗိုလ်မှူးပဲ။

ဂျပန်ကပ်သားတွေနေကြတဲ့ အလယ်က တဲဝိုင်းကြီးထဲကို ဝင်သွားတာ။ ဒါနဲ့ အဖေလည်း အောက်ဆင်းပြီး ဗိုလ်မှူးတဲဘက်ကို အရဲစွန့်ပြီး ပြေးတယ်။ ရောက်တော့ တဲထဲကို ချောင်းကြည့်တယ်။ ဂျပန်ဗိုလ်မှူးက ထမင်းစားနေတာပဲ။ ဘာကြောင့် ထထွက်သွားတာလဲတော့မသိဘူး တဲထဲမှာတော့ စားလက်စဟန်းကောချိုင့်နဲ့ ထမင်းရယ်၊ ဟင်းရယ်အပြင် ဆာကေးအရက်နဲ့ ရေရောထားတဲ့ မတ်ခွက်တစ်လုံးလည်းတွေ့ရတော့ ဘာမပြောညာမပြော တဲထဲကိုနိုးဝင်ပြီး ထမင်းစားလိုက်တယ်။ ပြီးတော့ ဆာကေးအရက်နဲ့ ရေရောထားတဲ့မတ်ခွက်ကို မော့ချလိုက်တယ်။ ဝမ်းထဲကို ပူဆင်းသွားတာပဲတဲ့''

အာသာကမပြေချင်တာနဲ့ ဝါးစားပွဲကလေးအောက်ကို ငုံ့ကြည့်လိုက်တော့ ဆာကေးအရက်ပုလင်းတွေ့တာနဲ့ မတ်ခွက်ထဲထည့်ရေရောပြီး တစ်ခွက်ထပ်သောက်တယ်။ စားပွဲပေါ်မှာ ဟာရိကိန်းလို့ခေါ်တဲ့ မှန်အိမ်ကလေးထွန်းထားပြီး စက္ကူဖြူတစ်ရွက်ပေါ်မှာ ကွမ်းသီးလုံး(အခွံမခွာရသေး)ခန့်ရှိတဲ့ အသီးတစ်လုံးပုံစံ ရေးထားတယ်။ အဲဒီအသီးပေါ်မှာလည်း အပေါက်ကလေး (၅)ပေါက်ပုံပါတယ်။ အဖေကတော့ ငါးပေါက်သီးလို့ မှတ်လိုက်တယ်။ ဒါဟာ ရတနာသိုက်မြှုပ်နှံမဲ့နေရာလို့လည်း (မြေပုံ)ထင်မှတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တွေဟာ တကယ်အလုပ်လုပ်ရင် အဓိပ္ပာယ်မရှိဘဲ မလုပ်တတ်ဘူးဆိုတာကိုလည်း အဖေသိတယ်။ သူတို့နဲ့အဖေက တွဲလုပ်လာတာ နှစ်ပေါက်နေပြီလေ။ သူတို့အနေအထားကို သိတာပေါ့။ အဲဒီအချိန်မှာပဲ ဂျပန်တပ်သားတွေ အလေးပြုသံကြားတာနဲ့ ဂျပန်ဗိုလ်မှူးပြန်လာတော့မှာကို သိတာကြောင့် မတ်ခွက်ထဲကို အရက်ထည့်ရေရောပြီး ပုံစံမပျက်ထားလို့ ရှက်ဖျဉ်တဲထဲက လျှိုထွက်ခဲ့တယ်။

ဗိုလ်မှူးတဲက အမှောင်ရိပ်ကျပြီး တဲထဲမှာ သာအလင်းရောင်ရှိတာမို့ အဖေ့ကို ဂျပန်တွေ မြင်မသွားဘူး။ အဖေလည်း အသာပဲတောင်ကျောပေါ်သို့ သစ်ပင်တွေအကာအကွယ်နဲ့ ပြန်တက်ခဲ့တယ်။ အရင်ပုန်းအောင်းကြည့်နေခဲ့တဲ့ နေရာမှာပဲ အရိပ်အကဲ စောင့်ကြည့်နေခဲ့သေးတယ်။ ဘာမှထူးခြားမှု ဖြစ်မလာဘူး။ ဒါနဲ့ အဖေလည်း ညောင်မုတ်ဆိတ်ပင်ပေါ်ကို ပြန်တက်ပြီး ခွဆုံမှာ ညအိပ်ခဲ့ရတယ်''

နောက်နေ့မှာတော့ ရွှေးတပ်သားတွေကို ကျင်းတူးခိုင်းနေတာကိုတွေ့ပေမယ့် အဖေ မသွားရဲတော့ဘူး။ ဘာကြောင့်လဲဆိုတော့ ဂျပန်တွေက ပဲခူးရိုးမတောင်ကြောပေါ်အထိ နေရာယူပြီး ကင်းစောင့်နေကြလို့ပဲ။ အဲဒီနေ့ကတော့ မွန်းတည့်အလုပ်နားချိန် ကင်းသမားတွေ ရုပ်သိမ်းတုန်း အဖေလည်း ပြန်ပြေးလာခဲ့ရတာ။

အဲဒီအချိန်က စစ်အတွင်းဖြစ်လို့ အဖေဟာ အနောက်မြောက်ဘက်ကိုမှန်းဆရင်း တောထဲကနေပြေးလာတာ။ တစ်နေကုန် တောထဲမှာ လမ်းလျှောက်ရင်း တောအသီးအနှံနဲ့ စမ်းရေကိုသောက်ပြီး ပြေးလာရာက မိုးချုပ်စမှာ တိုက်ကြီးမြို့ကို ရောက်လာတယ်။

အဲဒီမှာ နီးစပ်ရာ အိမ်တစ်အိမ်ကိုဝင်ပြီး ထမင်းတောင်းစားတော့ မြန်မာလူမျိုးများပီပီ ညစာထမင်းတင်မက ညအိပ်ခိုနားဖို့ နေရာလည်းပေးတယ်။ အဖေက အကျိုးအကြောင်းပြောပြတော့ ရွှေးတပ်သားမှန်းသိပြီး အဝတ်အစားတောင် ထုတ်ပေးသတဲ့။

အဲဒါနဲ့ မနက်ဘက်ရောက်တော့ သာယာဝတီမြို့ကို ကုန်ကားကြုံရှိလို့ အဖေလမ်းမလျှောက်ရဘဲ ပြန်ရောက်လာတာပါ။ ဒါပေမဲ့ အဖေရွာရောက်လို့တစ်ညအိပ်ပြီး နောက်နေ့မှာပဲ အဖျားဝင်တော့ ဂယောင်ကတမ်းတွေ ပြောလာတယ်။

''ငါးပေါက်သီး၊ ငါးပေါက်သီးလို့ အော်နေတယ်။ ရတနာတွေ၊ ရတနာတွေ သေတ္တာလေးလုံး အပြည့်ပဲလို့လည်း အော်တယ်။ သတိရတဲ့အချိန်မှာတော့ ကျွန်တော့်ကို ရတနာသိုက်အကြောင်း ပြောပြတတ်တယ်။ ငါးပေါက်သီးကိုရှာပါ။ ငါးပေါက်သီးမှာ အဓိပ္ပာယ်ရှိတယ်လို့လည်း ပြောတတ်တယ်။ ကျွန်တော့်တစ်သက်နဲ့တစ်ကိုယ် ငါးပေါက်သီးဆိုတာကြားလည်း မကြားဖူးဘူး။ မြင်လည်း မမြင်ဖူးဘူး ဆရာရေ့''

အဲဒါနဲ့ ကျွန်တော်လည်း စားခုတ်မှုနဲ့ထောင်ကျတော့ သာယာဝတီထောင်ကနေ အင်းစိန်ထောင်၊ အင်းစိန်ထောင်ကနေ ရန်ကုန်–မန္တလေး အမြန်စခန်းပြောင်းရပြီး ကံအားလျော်စွာ ဆရာနဲ့တွေ့ပြီး ဒီသုံးတန်ကူးစခန်း ရောက်လာတာပါပဲ ဆရာရယ်''

''ဖိုကြီးမှာ တာဝန်ကျတော့ ထင်းရှာရင်း ကျောက်တုံးကြီးတွေနားကို ရောက်တယ်။ အဖေပြောပြခဲ့လို့ နတ်ရေတွင်းစခန်းနဲ့ ဆက်နွယ်ပြီး ကညင်နှစ်ပင်စခန်းကိုလည်း သိလာရတယ်။ အဲဒါကြောင့် ကျွန်တော်ရောက်ခဲ့တဲ့ ကျောက်တုံးကြီးတွေနားမှာ ရတနာသိုက်ရှိမှန်း သိလာတယ်။







www.burmeseclassic.com

www.burmeseclassic.com



ပိုသေချာတာက အဲဒီအပေါ်မှာ ဆရာတို့ မြေတိုင်းစက်တွေ၊ မှန်ပြောင်းနဲ့ ကြည့်နေတုန်းက ကျွန်တော်တောစပ်မှာ ထင်းခွေနေတာပါဆရာ။ ဆရာ ဘယ်လိုလုပ်သိသွားသလဲလို့ ကျွန်တော်အံ့ဩနေတာပါ။

ဆရာတို့က လုပ်ပိုင်ခွင့်ရှိပြီး ခေတ်ပညာတတ်တွေလည်း ဖြစ်တယ်။ ရတနာသိုက်နေရာက စခန်းနဲ့လည်းနီးတော့ တစ်နေ့ ဆရာရှာတွေ့မှာပါ။ ငါးပေါက်သီးကိုတော့ မမေ့ပါနဲ့ဆရာ။ ငါးပေါက်သီးမှာ အဖြေရှိပါတယ်။ ကျွန်တော်ကတော့ အချိန်မရှိတော့ပါဘူး ဆရာ။ ဆရာ့ကိုပဲ ပုံအပ်ပါတယ်''

❑

ဦးညွှန့်ရွှေမှာ စကားအရှည်ကြီးပြောပြီး မောသွားဟန်ဖြင့် မျက်လုံးကိုပိတ်ပြီး မှိန်းနေသည်။ ကျွန်ုပ်နှင့် စကားပြောခြင်းမှာ ပြီးဆုံးသွားပြီလည်း ဖြစ်သည်။ ဦးညွှန့်ရွှေ၏ ရင်ဘတ်ကြီးတစ်ခုလုံးမှာ ဖားဖိုလို ပိန်လိုက်ဖောင်းလိုက် ဖြစ်နေသည်။ အသက်ရှူရခက်ခဲနေဟန်ပင်။

ကျွန်ုပ် သူ့အား အနှောင့်အယှက်မပေးလိုတော့၍ ဆေးရုံဆောင်မှ ထွက်ခဲ့သည်။ ထိုအချိန်ကျမှ ဆေးမှူးက ပြန်ဝင်လာပြီး ဦးညွှန့်ရွှေအား ပြုစုနေသည်။ ဆရာဝန်ကြီးက ကျွန်ုပ်အား ...

"ဆရာဦးသိန်းဝင်း ... ကျွန်တော် လူမှုရေးအရ မေးလို့မကောင်းပေတဲ့ ရတနာသိုက်နဲ့ ဆပ်စပ်နေမယ်ထင်တယ်''

"ဟုတ်ပါတယ် ဆရာ။ ဆရာ့အဘိုးနဲ့ အတူထွက်ပြေးကြတဲ့ အထဲက တစ်ယောက်ဖြစ်တဲ့ ဦးတင်ငြိမ်းရဲ့သားပါ။ သူ့ကို ကျွန်တော်က စခန်းရောက်ကတည်းက ကြည့်ထားခဲ့လို့ အားကိုးတကြီးနဲ့ တိုင်ပင်တာပါ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရတနာသိုက်နဲ့ ပတ်သက်နေပေမယ့် သော့တံတော့ပေးပြီး ဖွင့်မရဖြစ်နေတယ်။ ငါးပေါက်သီးတဲ့ဆရာ။ ဆရာ ကြားဖူးသလား။ ကျွန်တော်တော့ မြင်လည်းမမြင်ဖူးဘူး၊ ကြားလည်း မကြားဖူးဘူး။ အဲဒီ ငါးပေါက်သီးကိုရှာ။ အဲဒါဟာ လျှို့ဝှက်ချက်ပဲလို့ ဦးညွှန့်ရွှေအဖေက မသေခင် ပြောသွားသတဲ့"

"ဟုတ်တယ် ဆရာ။ ဦးညွှန့်ရွှေ ဂယောင်ကတမ်းနဲ့ ယောင်အော်နေတာလည်း ငါးပေါက်သီးပဲ။ ကျွန်တော့်အထင်တော့ ဂျပန်တွေက သူတို့ဂျပန်ပြည်က ရှားပါးတဲ့အသီးတစ်မျိုးနဲ့ ပဟေဠိလုပ်သွားတာ ထင်ပါရဲ့ဗျာ။ ဂျပန်မှာသေချာလို့ လိုက်သွားရင်တောင် ဂျပန်က ဟိုကိုင်းဒိုး၊ ဟွန်ရှူး၊ ရှိကိုကူး၊ ကျူးရှူးကျွန်းကြီးလေးကျွန်းမှာ ဘယ်ကျွန်းမှာပေါက်မှန်းမှ မသိတာ။ ဂျပန်တစ်ပြည်လုံး အနှံ့လိုက်ရှာရမလို ဖြစ်နေပြီ"

"အဲဒီလောက်လည်း ခက်မယ်မထင်ပါဘူး ဆရာရယ်။ အခုက အစတစ်ခုရပြီပဲ။ ကျွန်တော်တို့ စိတ်ရှည်ရမှာပေါ့။ ကြိုးစားရမှာပေါ့။ လိုအပ်ရင်သာ ဆရာကျွန်တော့်ကိုကူညီပါ။ ကျွန်တော်ခရီးထွက်ရလိမ့်မယ်"

"ဆရာသိန်းဝင်းက ဘယ်ကိုခရီးထွက်မှာလဲ။ ဂျပန်ကိုလား"

"မဟုတ်ပါဘူး ဆရာကြီးရယ်။ ဂျပန်ပြည် အအေးပိုင်းရာသီဥတုနဲ့နီးစပ်တဲ့ မြန်မာပြည်မြောက်ပိုင်းမှာရော ဒီအပင်မျိုး မရှိနိုင်ဘူးလား။ ကျွန်တော် စုံစမ်းချင်တယ်။ ရက်ကြာမှာဆိုတော့ ကျွန်တော်တို့ ဌာနက ခွင့်ပြုမှုမဟုတ်ဘူး။ အဲဒါ ဆရာ့အကူအညီလိုတယ်။

တခြားသူကို ခိုင်းရအောင်လည်း တောထဲတောင်ထဲသွားရမှာနဲ့ သတင်းပေါက်ကြားမှာနဲ့ အဆင်မပြေပြန်ဘူး။ ဒါကြောင့် ကျွန်တော်





ကိုယ်တိုင်သွားချင်တယ်။ ရန်ကုန်မှာ သတင်းအနံ့ခံပြီး မြစ်ကြီးနားဘက်ကိုသွားချင်တယ်"

"ဒါကြောင့် ကျွန်တော်က ဖျားချင်ဟန်ဆောင်မယ်။ ဆရာက ကျွန်တော့်ကို ရန်ကုန်မှာကုဖို့ ဆေးခွင့်လုပ်ပေးပါ။ တစ်လလောက်ပေါ့။ ဒါမှ ကျွန်တော် စာအုပ်စာတမ်းရှာတာနဲ့ သွားမှာလာမှာနဲ့ အချိန်ရမှာ"

"ရတယ် ဆရာသိန်းဝင်း။ ကျွန်တော် ဆေးလက်မှတ်နဲ့ ထောက်ခံစာလုပ်ပေးမယ်။ ဒါက လွယ်ပါတယ်။ ဘယ်တော့သွားမှာလဲ"

"နှစ်ရက်လောက်ကြာရင် သွားမယ်ဗျာ။ ဒီမှာ အလုပ်ကိစ္စကလေးတွေလည်း ရှိသေးတယ်။ တောထဲတောင်ထဲ သွားရမှာဆိုတော့ တစ်ယောက်တည်းလည်း မကောင်းပြန်ဘူး။ စိတ်ချရမဲ့ အဖော်လိုတယ်။ ကျွန်တော်တပည့် အောင်သန်းနဲ့တင်သောင်းကလည်း လွတ်ရက်ပြည့်ဖို့ (၂)လစီလောက် လိုနေသေးတယ်"

"ဆရာ မုဆိုးအဖွဲ့ရှိသေးတယ် မဟုတ်လား၊ စိတ်မချရဘူးလား"

"ဩော် … ဟုတ်ပါရဲ့ ဆရာကြီးရယ်။ ဆရာ့အဘိုးရဲ့ ကျေးဇူးရှင် တစ်ပွဲစားဦးနီမောင်ရဲ့သား ကိုစိမ်းယဉ်ရှိနေတာပဲ။ သူက မုဆိုးလည်းမုဆိုး တောအထာတောင်အထာလည်း သိတယ်။ ရတနာသိုက်နဲ့ ပတ်သက်သူလည်း ဖြစ်တယ်။ သူ့ကိုခေါ်သွားတာ အကောင်းဆုံးပဲ။ သူ့ကိုခေါ်သွားရင် သူ့မုဆိုးအဖွဲ့ကများ လိုက်နေဦးမလား မသိပေါင်ဗျာ"

"ဒီရတနာသိုက်ကိစ္စကို မုဆိုးအဖွဲ့အားလုံးက သိသလား"



www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့ ဆရာကြီးရယ်။ သူတို့က ပေါင်းပြီး ကြံစည်ရှာနေကြတာ။ ကျွန်တော်နဲ့တွေ့မှ ကျွန်တော့်ကို ခေါင်းဆောင်တင်တာ"

"ဆရာ့ဟာက ဆင်သတ်အရပ်ဝေသလိုများ ဖြစ်နေဦးမလား။ လူက တဖြည်းဖြည်းများလာပြီ"

"မတတ်နိုင်ဘူးလေ ဆရာကြီးရဲ့။ သက်ဆိုင်သူတွေတော့ ရှု ဖြစ်မှာပေါ့။ ရရင်လည်း သူ့ဝေစုနဲ့သူပဲလေ။ မုဆိုးအဖွဲ့ကို အားလုံး ဘယ်ပေးနိုင်မလဲ။ ကိုစိမ်းယဉ်နဲ့သက်ဆိုင်တော့ ကိုစိမ်းယဉ်ဝေစုထဲက ခွဲဝေပေးပေါ့။ နောက်ပြီး ပျောက်နေသေးတဲ့ ဦးလှဖေတို့အဖွဲ့လည်း ရှိသေးတယ်လေ။ ဆရာ့အဘိုး ဘွန်ချိုဦးတင်ရွှေနဲ့ အတူတွက်ပြေးတဲ့ အထဲမှာ အခုဆေးရုံတက်နေတဲ့ ဦးညွန့်ရွှေအဖေ ဦးတင်ငြိမ်းနဲ့ နောက်တစ်ယောက်က ဦးလှဖေတဲ့"

"အင်း ... ဆရာဦးသိန်းဝင်းကတော့ စနစ်တကျ စာရင်းလုပ်ထားတာပဲနော်။ ဘယ်သူတွေ ထပ်ပေါ်လာဦးမလဲ။ မဆိုနိုင်သေးဘူး"

"ဒါပေါ့ ဆရာကြီးရယ်။ ငါးပေါက်တွင်း ရတနာသိုက်ဆိုမှတော့ ပိုင်ဆိုင်သူ လေးငါးယောက်တော့ရှိရမှာပေါ့။ ကျွန်တော်တို့ သဘောထားကြီးဖို့တော့ လိုပါတယ်။ အခု ပတ်သက်ဆက်နွှယ်နေသူတွေက ကျွန်တော်တို့ထက် ဆင်းရဲကြတဲ့သူတွေချည်းပဲလေ"

"ဟုတ်ပါတယ် ...။ ဆရာသိန်းဝင်းက ခေါင်းဆောင်ပဲ၊ ဆရာသိန်းဝင်း သဘောအတိုင်းလုပ်ပါ။ လိုအပ်တာ ကျွန်တော်ပံ့ပိုးပေးပါမယ်။ အခု ခရီးထွက်မဲ့ကုန်ကျစရိတ်က အစပေါ့ဗျာ"

"ရပါတယ် ဆရာကြီး။ ကျေးဇူးပါပဲ"





ဆရာဝန်ကြီးက လူနာဦးညွန့်ရွှေထံ ဝင်သွားသလို ကျွန်ုပ်လည်း စခန်းရုံးခန်းသို့ ပြန်လာခဲ့ပါသည်။ ရုံးခန်းရောက်သည်နှင့် မုဆိုးအောင်သန်းက ...

"ဆရာ ဘာတဲ့လဲ။ လူနာအခြေအနေ ကောင်းရဲ့လား"

"အေး ... ရတနာသိုက် ကိစ္စပဲ။ လူနာအခြေအနေကတော့ မကောင်းတော့ဘူး။ ညလားနေ့လားပဲ"

"အဖြေသိရပြီးလား ဆရာ"

"အစတစ်စပဲ အဖြေအတိအကျတော့ မဟုတ်သေးဘူး။ ရေဆုံးရေများ လိုက်ရဦးမယ်"

"ဘယ်အထိလိုက်ရမှာလဲဆရာ။ ကျွန်တော်တို့လည်း လိုက်ချင်တယ်"

"မင်းတို့နှစ်ယောက်စလုံးကို ခေါ်ချင်တာပေါ့ကွာ။ ဒါပေမဲ့ မင်းတို့က လွှတ်ရက်စေ့ဖို့ (၂)လတောင် ကျန်သေးတယ်။ ငါပဲ ဆရာဝန်ကြီးနဲ့ပေါင်း ဆေးခွင့်ယူပြီးသွားရမှာ။ မြန်မာပြည်မြောက်ပိုင်း တောထဲတောင်ထဲသွားရမှာဆိုတော့ စိတ်ချပြီး အားကိုးရမဲ့ အဖော်လိုတာပေါ့ကွာ"

"ဆရာရယ် ... ဆရာ့ကို ကျွန်တော်တို့က စိတ်မချဘူး။ နောက်ပြီး အသီးနဲ့ပတ်သက်တော့ သစ်ပင်လည်း တက်ရဦးမှာ။ ကျွန်တော်တို့သာပါရင် ဆရာ့အားကိုးရတာပေါ့။ နောက်ပြီး ဆရာ စားဖို့သောက်ဖို့ကိစ္စတွေ ဘယ်သူက စီစဉ်ပေးမှာလဲ"

မုဆိုးအောင်သန်းကလည်း ...

"ဟုတ်သားပဲ ဆရာရယ်။ ဆရာ ကျွန်တော်တို့ကို ကြံဖန်ခေါ်လို့ မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး ... မင်းတို့နှစ်ယောက်ပြောတာ မှန်ပါတယ်။ ငါက ဥပဒေသမား၊ ဥပဒေအတိုင်းပဲ အလုပ်လုပ်ချင်တယ်။ မင်းတို့ပါရင် ငါ့အတွက် တစ်အားပေါ့။ မုဆိုးတွေဆိုတော့ တောထဲ တောင်ထဲသွားရမှာ စိတ်ချရတာပေါ့။

နေဦး ... ငါတစ်ခု စဉ်းစားမိတယ်။ မင်းတို့က ဘေးခုတ်မှုနဲ့ (၂)နှစ်စီ ထောင်ကျတာနော်။ လွတ်ရက်ကလည်း (၂)လပဲ လိုတော့တာဆိုတော့ မင်းတို့ကို အိမ်ပြန်ခွင့် တစ်ပတ် (၁၀)ရက်တော့ တောင်းပေးရင် ဖြစ်နိုင်တယ်။ ကျော်သွားရင်တော့ မင်းတို့ အရေးယူခံရမယ်"

"လုပ်ပါ ဆရာရယ်။ ကျွန်တော်တို့ ဆရာနဲ့လိုက်ချင်လွန်းလို့ပါ။ ခွင့်ရက်ကျော်သွားလို့ အရေးယူခံရပြီး ဆရာနဲ့တစ်သက်လုံးနေဆိုလည်း နေပါ့မယ်။ ကျွန်တော်တို့မှာ နောက်ဆံတင်းစရာ မိန်းမလည်းမရှိပါဘူး။ မိဘတွေကလည်း သူ့အလုပ်နဲ့သူ အဆင်ပြေကြပါတယ်"

"အေး ... အေး ... ငါက ပထမစဉ်းစားတာက မွေးနီရွာက တစ်ပွဲစားဦးနီမောင်သား ကိုစိမ်းယဉ်ကို ခေါ်ဖို့ပဲ။ သူကလည်း ဒီရတနာသိုက်ကိစ္စနဲ့ ပတ်သက်နေတော့ စိတ်ချရတာယ်လေ။ ဒါပေမဲ့ သူနဲ့ငါက မင်းတို့လို မရင်းနှီးဘူး။ ငါ့တပည့်လည်း မဟုတ်ဘူး။ သူ့အထာလည်း ငါမသိဘူး။ သူလည်း မုဆိုးဆိုတော့ အားတော့ကိုးရမှာပေါ့။

နောက်တစ်ခု မင်းတို့ကိုပြောချင်တာက အခု ငါတို့ခရီးထွက်မဲ့ကိစ္စက အစိုးရကိစ္စမဟုတ်ဘူး။ တာဝန်နဲ့သွားတာ မဟုတ်ဘူး။ ငါနဲ့မင်းတို့နဲ့ အတူသွားတာဆိုတာလည်း လူမသိစေချင်ဘူး။ နောက်ပြီး ငါ့အတွက်က ခွင့်ရက်ရှည်ယူလို့ မရတာကြောင့် ဆရာဝန်ကြီးနဲ့ပေါင်းပြီး ဆေးခွင့်ယူရမှာ။





အဲဒီတော့ တစ်ရက်တည်း အတူထွက်လို့တော့ မကောင်းဘူး။ မင်းတို့က စောမလား၊ ငါက စောမလားလား မသိသေးဘူး။ အဲဒီတော့ စုရပ်တစ်ခု လိုအပ်တယ်။ ဘယ်မှာဆုံကြမှာလဲ"

"အဲဒီကိစ္စ ဆရာပဲစီစဉ်ပါဆရာရယ်။ ကျွန်တော်တို့က ရန်ကုန်မှာရင်းနှီးတဲ့ အသိအကျွမ်းရှိတာမှမဟုတ်ဘဲ"

"အဲဒါဆို ဒီလုပ်လုပ်မယ်။ မင်းတို့ခွင့်ကိစ္စက ငါထောက်ခံမယ်။ စခန်းတာဝန်ခံထောင်မှူးကြီး ထောက်ခံမယ်။ အဲဒါက လွယ်တယ်။ မင်းကုန်းကွပ်ကဲမှုစခန်းရောက်ရင်တော့ မင်းတို့ကို စစ်ဆေးဦးမယ်ထင်တယ်။

သာယာဝတီမြို့က နီးတော့ (၁၀) ရက်ခွင့်ရဖို့ မသေချာဘူး။ တစ်ပတ်လောက်ပဲ ရဖို့ရှိတယ်။ တက်သုတ်ရိုက်လုပ်ရမှာ စောင့်နေပါ။ ငါနောက်က လိုက်ခဲ့မယ်။ ငါက ဒီကဆရာဝန်ကြီးဆီက ဆေးလက်မှတ်၊ ထောက်ခံချက်ယူ၊ စခန်းတာဝန်ခံ၊ ထောင်မှူးကြီးရဲ့ ထောက်ခံချက်ယူပြီးမှ မင်းကုန်းဆေးရုံကို အတက်ပြရမယ်။ အဲဒီဆေးရုံကမှ တစ်ဆင့် ရန်ကုန်ကိုဆေးကုဖို့ REFER လုပ်ရမှာ နည်းနည်းပိုကြာမယ် ထင်တယ်"

"ရပါတယ် ဆရာ။ မင်းကုန်းစခန်း 'ထောက်'ဌာနက တပ်ကြပ်ကြီးသိန်းမြင့်က ကျွန်တော်တို့ သာယာဝတီသားပါ။ ကျွန်တော်တို့နဲ့ ရင်းနှီးပါတယ်။ ကျွန်တော်တို့ အဲဒီက စောင့်နေပါ့မယ်"

"အေး ... အေး ... ဒါဆို မင်းတို့ အသင့်ပြင်ထားကြ။ ငါ 'ဦး'ဌာနက ထောင်မှူးဦးအေးချိုဆီမှာ ရဲဘက်ခွင့်ပုံစံယူပြီး ဖြည့်မယ်။ မင်းတို့ လက်မှတ်ထိုးရမယ်။ ပြီးမှ ငါနဲ့ စခန်းတာဝန်ခံ၊ ထောင်မှူးကြီးတို့ လက်မှတ်ထိုးရမှာ။ (၁၀)ရက်ခွင့်တင်လိုက်မယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းကုန်းကွပ်ကဲမှု စခန်းတာဝန်ခံက ခွင့်ဘယ်နှရက်ပေးမယ်မှန်း မသိသေးဘူး။ ရဲဘက်တွေကိုခွင့်ပေးဖို့ ညွှန်ကြားချက်ရောက်နေတာ တစ်ပတ်လောက်ရှိပြီ။ ဦးအေးချိုက စာရင်းကောက်တုန်း။ စခန်းတစ်ခုလုံး တစ်လဲစီပေးရမှာ။ အကုန်သာပေးလိုက်ရင် စီမံကိန်းလုပ်ငန်းကြီး ပျက်သွားလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော်တို့ အရမ်းဝမ်းသာနေပါတယ်။ ကျွန်တော်တို့ ရက်စေ့လို့လွတ်ရင်လည်း ဒီစခန်းမှာ ခဏနေပြီးမှ ရွာပြန်မယ်။ ပြီးရင် စခန်းပြန်လာပြီး ဆရာနဲ့နေဦးမှာပါ"

"ဟဲ့ကောင်တွေ ... မင်းတို့လွတ်မှပဲ ငါ့ဆီပြန်လာနေပြီး ဘာလုပ်ဦးမှာလဲ။ စီးပွားရေးကိစ္စ မိဘတွေရဲ့ စားဝတ်နေရေးကိစ္စတွေကို မလုပ်ကြတော့ဘူးလား"

"ရတနာသိုက်ဖော်ပြီးတော့ ရမဲ့ ဆရာပေးတဲ့ အရင်းအနှီးကလေးနဲ့ စီးပွားရေးကိစ္စ လုပ်မှာပါဆရာ။ နောက်ပိုင်း မိဘတွေစားဝတ်နေရေးဖူလုံပြေလည်ရင် ကျွန်တော်တို့က တောပျော်လူလွတ်တွေပဲ။ ဆရာနဲ့ ဘာလို့ အတူမနေနိုင်ရမှာလဲ။ ဆရာပြောင်းတဲ့စခန်းတိုင်း လိုက်ပြောင်းပြီး ဆရာ့ကို လုပ်ကျွေးပြုစုမှာပါ။

နောက်ပြီးတော့ ရဲဘက်မဟုတ်တော့ဘဲ လွတ်လူဖြစ်သွားလို့ တောထဲတောင်ထဲမှာ ရှာဖွေပြီး ရောင်းချစားစရာတွေ တစ်ပုံကြီးပါ ဆရာရယ်။ သစ်ခွပန်းတွေ၊ ပျားအုံတွေ၊ တောသီး၊ တောနံ့တွေ၊ ဆေးပင်တွေ၊ တောကောင်တွေ ပေါမှပေါပါဆရာရယ်။ စခန်းမှာ ဆရာတို့က လက်မခံရင်လည်း စခန်းအနားမှာ တဲတစ်လုံးဆောက်ပြီး နေရုံပဲ"





"ဟာ ... ဒီကောင်တွေ အကြံအစည်က မသေးပါလား။ အရင်းအနှီးရရင် မြို့ပေါ်တက်ပြီး စီးပွားရေးလုပ်ဖို့ စိတ်မကူးဘူးလား"

"ဆရာသံယောဇဉ်ပါ ဆရာရယ်။ ကျွန်တော်တို့က ရွာမှာနေရင်လည်း တောထဲဝင်ပြီး အလုပ်လုပ်ရတာဆိုတော့ မထူးပါဘူး။ ဒီမှာ ပိုရှာလို့တောင် ကောင်းသေးတယ်။ ဆရာ ဒီစခန်းကပြောင်းပြီး မြို့ပြန်ရောက်မှ ကျွန်တော်တို့ ရွာပြန်မယ်လို့ စီစဉ်ဆုံးဖြတ်ထားကြပါတယ်"

"ဟေ ... အေး ... အေး"

ဆရာသမားအပေါ်တွင် သံယောဇဉ်ကြီးလွန်းကြသော အာဂတပည့်များ ဖြစ်ကြသည်။ ကျွန်ုပ် ပြောင်းရွှေ့ရာစခန်းတိုင်းသို့လည်း အတူလိုက်နေသည်။ ရဲဘက်ဘဝက လွတ်သည့်တိုင်အောင် ကျွန်ုပ်နှင့် မခွဲခွာပဲ အတူနေဦးမည်ဟု ဆိုနေပါသည်။ လက်တွဲလာခဲ့ကြသည်မှာလည်း နှစ်ပေါက်တော့မည်ဖြစ်သည်။

အတူနေစဉ် ချက်ပြုတ်၊ လျှော်ဖွပ်ပေးသည်သာမက ကျွန်ုပ်၏ဝေယျာဝစ္စအားလုံးအား အလိုက်သိစွာ လုပ်ဆောင်ပေးတတ်သည်။ အလွန်စိတ်ချ အားကိုးရသော လူယုံတပည့်ရင်းများ ဖြစ်ကြပေသည်။

ကျွန်ုပ် ထောင်မှူးဦးအေးချိုထံမှ ရဲဘက်ခွင့်ပုံစံယူပြီး ဖြည့်သည်။ ၎င်းတို့နှစ်ဦးအား လက်မှတ်ထိုးခိုင်းပြီး ကတိခံဝန်ချက်နှင့် မှတ်ပုံတင်အမှတ်၊ လိပ်စာများဖြည့်ရသည်။ ပြီးနောက် ကျွန်ုပ်ထောက်ခံချက်လက်မှတ်ထိုးပြီး စခန်းတာဝန်ခံအား တင်ပြရသည်။

စခန်းတာဝန်ခံ ထောင်မှူးကြီးဦးသိန်းမြင့်ကလည်း ကျွန်ုပ်၏တပည့်များဖြစ်ကြပြီး စခန်းစကတည်းကပင် ပင်ပန်းခံအနစ်နာခံခဲ့သော ရဲဘက်ကြီးများဖြစ်ကြ၍ အလွယ်တကူပင် ထောက်ခံချက်လက်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ရေးထိုးပေးပါသည်။ ထိုနေ့နေ့လယ်၌ပင် မုဆိုးအောင်သန်းနှင့် မျောက်တင်သောင်းတို့ ခွင့်စာရွက်ကိုယူဆောင်ကာ မင်းကုန်းကွပ်ကဲမှုစခန်းသို့ ချီတက်သွားကြသည်။ မသွားမီ ကျွန်ုပ်၏ စားသောက်ရေးကိစ္စများကိုလည်း အကုန်စီစဉ်ပေးသွားကြသည်။

ထိုညနေကစ၍ ကျွန်ုပ် ဖျားချင်ဟန်ဆောင်ရတော့သည်။ တိုင်ပင်ထားသည့်အတိုင်း ဆရာဝန်ကြီးက လာကြည့်သည်၊ စခန်းတာဝန်ခံထောင်မှူးကြီးဦးသိန်းမြင့်နှင့် ထောင်မှူးဦးအေးချိုတို့လည်း လာကြည့်ကြသည်။ အားပေးကြသည်။ လိုအပ်လျှင် နောက်တန်းဆေးရုံ(မင်းကုန်း)သို့ပို့ရန်လည်း ဆရာဝန်ကြီးနှင့် တိုင်ပင်နေကြသည်။

ထိုစဉ်တွင် မနေ့ကညကတည်းက စခန်းဆေးရုံတွင် အသည်းအသန်ဖြစ်နေသော ဦးတင်ငြိမ်းသေဆုံးပါသွားကြောင်း ဆေးမှူးသိန်းဆန်းက ဆရာဝန်ကြီးနှင့် စခန်းတာဝန်ခံအား လာရောက်သတင်းပို့သည်။

ဆရာဝန်ကြီးမှာ ပျာပျာသလဲဖြစ်ဟန်ပြပြီး ...

"ဆရာထောင်မှူးကြီး ... ဒီစခန်းရဲ့ငှက်က ကြမ်းတယ်။ ကျွန်တော့်အဆင့်နဲ့ပြောရရင် (G နဲ့ F - Type) ပဲ။ ငှက်ဖျားဆေးကာကွယ်ဖို့စားနေပေမဲ့ လူတိုင်းဖြစ်ကြတာပဲ။ ဆရာသိန်းဝင်းတို့က စခန်းစပြီးတည်ဆောက်သူတွေဆိုတော့ ငှက်ဖျားခံက ကြီးတယ်။ ဒီစခန်းမှာ မကုဘဲ ရန်ကုန်က ငှက်ဖျားတိုက်ဖျက်ရေးဌာနမှာကုတာဟာ အကောင်းဆုံးပါပဲ။ ဒီမှာက လိုအပ်တဲ့ဆေးဝါးက မပြည့်စုံ၊ အစားအသောက်ရလည်း မကောင်းဘူးလေ"

ထောင်မှူးကြီးက ...

"ဆရာကြီး ... အဲဒါဆို ဘယ်လိုလုပ်ရမလဲ"





"ဆရာသိန်းဝင်းလည်း စခန်းစတည်ကတည်းက အိမ်မပြန်ရသေးတော့ ရန်ကုန်မှာနားနားနေနေ ဆေးကုလို့ရအောင် ခွင့်ပေးလိုက်ပေါ့ဗျာ။ ကျွန်တော်က ဆေးလက်မှတ်နဲ့ ထောက်ခံစာ ရေးပေးပါ့မယ်"

"ဒါဆို ခွင့် (၁၀)ရက်လောက်ဆိုရင် ရပါ့မလား။ ဒီမှာလည်း ဦးသိန်းဝင်းက 'ထောက်'ဌာနကိုင်ထားတော့၊ မရှိလို့ မဖြစ်ပြန်ဘူး"

ကျွန်ုပ်က ...

"ရပါတယ် ဆရာ။ ကျွန်တော့်အိမ်ကလည်း ဝေးတာမှမဟုတ်ဘဲ အင်းစိန်ထောင်ဝင်းထဲတင်ပါ။ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးဌာနကလည်း အင်းစိန်အောင်ဆန်းမှာတင်ပါ။ မဝေးပါဘူး"

"အဲဒါဆို အဆင်ပြေပါတယ်။ မနက်ဖြန်မနက် ရိက္ခာပို့ကားနဲ့ ဝါးတင်မဲ့ကားလာမယ်။ အပြန်လိုက်သွားရုံပါပဲ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ဆရာ"

ထောင်မှူးကြီး ဦးသိန်းမြင့်တို့အဖွဲ့ပြန်သွားတော့ ဆရာဝန်ကြီးက ကျွန်ုပ်အား လက်မထောင်ပြသည်။

"ကဲ ... ဆရာသိန်းဝင်း အဆင်ပြေသွားပြီ။ နားနားနေနေအယောင်ဆောင်ပြီး လှဲနေလိုက်ဦး။ တော်ကြာ ကျွန်တော့်သမီးနဲ့သားဆန်ပြုတ်လာပို့လိမ့်မယ်။ ထောင်မှူးကြီးအိမ်ကလည်း ခင်ဗျားတပည့်တွေမရှိတော့ ပို့လိမ့်ဦးမယ်ထင်တယ်။ မနက်ဖြန် မနက်စခန်းကထွက်မှာဆိုတော့ ကျွန်တော်ကလေးတွေနဲ့ လမ်းခရီးသုံးဖို့စရိတ်ငွေ (၅၀၀၀ိ/)ကျပ် ပို့ပေးလိုက်မယ်။ ဆရာတပည့်တွေပါ လိုက်မှာဆိုတော့ လုံလောက်ပါ့မလား"

"ရတယ် ဆရာကြီး။ ကျွန်တော့်မှာလည်း ရှိပါသေးတယ်။ သိပ်လည်းကြာမယ် မထင်ပါဘူး။ ရန်ကုန်မှာ ရထားလက်မှတ်ဝယ်



www.burmeseclassic.com

www.burmeseclassic.com



ရင်း မြို့တော်ဖဟိုစာကြည့်တိုက်ကြီးမှာ တစ်ရက်လေ့လာမယ်။ မြစ်ကြီးနားကိုသွားတာ (၂)ရက်၊ ရှေ့ဆက်သွားရင် (၂) ရက် ထားလိုက် (၅)ရက်ကြာမယ်။ အပြန်တော့ ပိုမြန်မှာပါ။ လိုအပ်ရင် လေယာဉ်နဲ့ ပြန်ခဲ့မယ်။ (၁၀)ရက်ဆိုရင် လုံလောက်ပါတယ်။ သုတ်သုတ်သွား သုတ်သုတ်ပြန်ပေါ့"

"ဆရာသိန်းဝင်းရေ . . . ဆေးမှူးသိန်းဆန်းကလည်း လူလည်နော်။ သူတစ်စွန်းတစ်စကြားပြီး ဆရာတို့အခြေနေကို စောင့်ကြည့်နေတာ။ ဟိုကျောက်တုံးကြီးတွေဘက်ကိုလည်း သူလမ်းလျှောက်ဆို ပြီး သွားတတ်တာ ကျွန်တော်သိနေတယ်"

"ဆရာကြီးကလည်း ဆေးမှူးသိန်းဆန်း ဘယ်ကအဆက်အသွယ်ကလည်းဆိုတာ နည်းနည်းတီးခေါက်ကြည့်ပါလား။ ဒါမှ ကျွန်တော်တို့ လုပ်ရကိုင်ရအဆင်ပြေမှာပေါ့"

"ဟုတ်ပြီဗျာ။ ကျွန်တော် မသိမသာ တီးခေါက်ကြည့်ပါ့မယ်။ ဆရာသိန်းဝင်းတို့ စိတ်ချလက်ချ နောက်ဆံမတင်းဘဲသွားပါ"

"ဟုတ်ပြီဗျာ။ ကျွန်တော်ကြိုးစားပါ့မယ်"

ထိုညက ဆရာဝန်ကြီးအိမ်နှင့် ထောင်မှူးကြီးအိမ်မှလာပို့ကြသော ဆန်ပြုတ်နှင့် ကော်ဖီမုန့်များကိုစားပြီး ညလယ်ရောက်မှ ဗိုက်ဆာလာသဖြင့် တပည့်များ အရန်သင့်ချက်ပြုတ်ပေးသွားသော ထမင်းနှင့် ဟင်းကို စားရသည်။ တော်ပါသေးသည်။

ထောင်မှူးကြီးဦးသိန်းမြင့်က မိသားစုပါရှိသဖြင့် သီးခြားအိမ်ခွဲနေပြီး ကျွန်ုပ်က ရုံးမှ တပည့်များနှင့်ရုံးခန်းကြီးအား အိမ်လုပ်၍နေသောကြောင့် လွတ်လပ်ပါသည်။ ထိုညက ညလယ်စာထစား၍ ဗိုက်ပြည့်နေသောကြောင့် အလွန်အိပ်၍ကောင်းသည်။





မနက် (၇)နာရီခန့် အိပ်ရာကနိုးတော့ ထောင်မှူးကြီးအိမ်မှ ကော်ဖီနှင့် ဘီစကစ်မုန့်များပို့ထားပြီး ဆရာဝန်ကြီး၏ သမီးနှင့်သားကလည်း နို့ဆီနှင့်သကြားစပ်ထားသော နို့ဆန်ပြုတ်ပူပူနွေးနွေးကို လာပို့သည့်အပြင် သူ့အဖေဆရာဝန်ကြီးပေးလိုက်သော စာအိတ်အညိုကြီးလည်း ပေးသွားသည်။ ကျွန်ုပ် စားစရာများအား စားသောက်ပြီး ခရီးထွက်ရန် ပြင်ဆင်ရတော့သည်။

ဌာနဆိုင်ရာ လုပ်ငန်းတာဝန်အနေဖြင့် ကျွန်ုပ်ကိုင်သောထောက်ဌာနရှိ ရိက္ခာပစ္စည်းများနှင့် လက်နက်ပစ္စည်း အဆောက်အဦးအသုံးအဆောင်ပစ္စည်းများအား ထောင်မှူးဦးအေးချီအား မြေပြင်လက်ကျန်စာရင်းကောက်၍ စနစ်တကျ လွှဲပြောင်းရမည်ဖြစ်သော်လည်း အရေးပေါ်ကိစ္စဖြစ်၍ ကျွန်ုပ် မလွှဲတော့ပါ။ ယုံကြည်စွာ အပ်နှံထားခဲ့သည်။ ကျွန်ုပ်ကိုင်နေကျ ဒသမ . ၃၀၃ အမေရိကန် ရိုင်ဖယ်သေနတ်ကြီးကိုတော့ စက္ကူဖြင့်ပတ်၍ သေချာစွာထုပ်ပိုးပြီး သီးခြားအပ်နှံထားခဲ့သည်။

မနက် (၉)နာရီခန့်တွင် ရိက္ခာပို့သော TE (HiNO) ကားကြီးနှစ်စီး ရောက်လာသည်။ သူတို့က ရိက္ခာပစ္စည်းများချပြီး နေ့လယ်စာစားပြီးမှ ပြန်တတ်သော်လည်း ကျွန်ုပ်၏ကျန်းမာရေးကိစ္စကြောင့် ကားကြီးတစ်စီးအား ပစ္စည်းချပြီးသည်နှင့် အပြန် ဝါးပင်မတင်တော့ဘဲ မင်းကုန်းကွပ်ကဲမှုစခန်းသို့ ကျွန်ုပ်ကိုတင်ဆောင်ကာ ပြန်ခဲ့ကြပါသည်။

တောတွင်းစခန်း သစ်ထုတ်ကားလမ်း မြေလမ်းဖြစ်သဖြင့် ကားခေါင်းထဲကစီးသော်လည်း ကားဆောင့်သဖြင့် ကျွန်ုပ်မှာ ချွေးများပြန်နေသည်။ နတ်ရေတွင်းခစခန်းရောက်တော့ ကားဆရာကိုမောင်မောင်က ကားကိုခေတ္တရပ်ပြီး နတ်ရေတွင်းမှရေကို ခပ်း၍သောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ကားပေါ်မှမဆင်းဘဲ ဂျပန်များ ရတနာပစ္စည်းများ သယ်ဆောင်လာစဉ်က ကျွဲညီနောင်လေယာဉ်များမှ ဗုန်းကျဲသဖြင့် ပျက်စီးသွားသည်ဆိုသော ဂျပန်စစ်ကားကြီး (၃)စီးကို ရှာကြည့်မိသေးသည်။ နေရာအနှံ့ တောချုံများဖုံးအုပ်နေသဖြင့် မမြင်ရပါ။ တစ်ရက်တွင် အချိန်ယူ၍ တပည့်များဖြင့် လာရောက်လေ့လာရှာဖွေရန် ကျွန်ုပ်စိတ်ထဲတွင် 'တေး' ထားလိုက်ပါသည်။

နတ်ရေတွင်း စခန်းနေရာကလေးမှာ အတော်သာယာသည်။ ရေတွင်းကလေးမှာ (၃)ပေခန့်သာ အကျယ်ရှိပြီး ရေပြည့်နေသည်။ ရာသီမရွေး ရေပြည့်နေတတ်ပြီး မိုးတွင်း၌ရေလျှံသည်။ နတ်ရေတွင်းရေလျှံရာအောက်ဘက်တွင် ဂမုန်းပန်းမျိုးစုံပွင့်ဖူးပြီး ပန်းရနံ့များ မွှေးကြိုင်နေသည်။ တောတိရစ္ဆာန်များလည်း မှီခိုရာ စိမ့်ရေတွင်းကလေးလည်း ဖြစ်ဟန်တူပါသည်။ ကားဆရာ ကိုမောင်မောင်က ...

"ဆရာသိန်းဝင်း ... မဆင်းတော့ဘူးလား။ ဒီဟာ နတ်ရေတွင်းဗျ။ သောက်ရင် ရောဂါမျိုးစုံပျောက်တယ်။ ရေတွင်းက ရေနဲ့လိမ်းရင် အကိုက်အခဲပျောက်တယ်။ မျက်စဉ်းခပ်ရင် မျက်စိနာရောဂါပျောက်တယ်။ ကျွန်တော်တော့ ဒီဘက်ရောက်တိုင်း နတ်ရေတွင်းရေကိုသောက်တယ်။ မျက်စဉ်းခပ်တယ်"

"အေးဗျာ ... ကျွန်တော်ကဖျားနေတော့ လေးစိမ်းမိမှာစိုးလို့ပါ။ အအေးမိမှာစိုးလို့ ရေစိမ်းလည်း မသောက်ရဲဘူးဗျ"

"ကဲ ... ဒါဆို သွားကြမယ်ဆရာရေ"

ကျွန်ုပ်တို့ကားကြီး နတ်ရေတွင်းစခန်းကိုကျော်လာပြီး ကျွန်းတစ်စိုစခန်းကိုပတ်ကာ ပေ(၆၀၀)ကျယ်သော အမြန်လမ်းမ မြေသားလမ်းသို့ ရောက်လာသည်။ ခေတ္တအကြာတွင် လက်ဝဲဘက်ချိုင်အတွင်း





၌တည်ထားသော ရေနက်ကြီးစခန်းကို ဖြတ်ကျော်ပြီးနောက် မင်းကုန်းစခန်းအနီးသို့ ရောက်လာသည်။ တအိအိ ကုန်းမြင့်ပေါ်သို့တက်လာသော ကားကြီးမှာ မင်းကုန်းကွပ်ကဲမှုစခန်းအဝရောက်မှ ရပ်နားတော့သည်။

ကျွန်ုပ် ကားပေါ်မှဆင်းတော့ ထောက်ဌာနရှေ့ရောက်သည်နှင့် အသင့်စောင့်နေကြသော တပည့်ကျော်အောင်သန်းနှင့် မျောက်တင်သောင်းတို့က လာကြိုကြပြီး ဟန်ဆောင်ပန်ဆောင်တွဲကြသည်။ ကျွန်ုပ်တို့ကုန်းပေါ်ရှိ စခန်းတာဝန်ခံရုံးသို့ လျှောက်ခဲ့ကြသည်။ ရုံးခန်းထဲ၌ စခန်းတာဝန်ခံ ထောင်ပိုင်ကြီးဦးအုန်းကျော်က ကျွန်ုပ်အား လှမ်းနှုတ်ဆက်ပြီး ...

"ဘယ့်နှယ် ... ဦးသိန်းဝင်း ငှက်ဖျားမိလာပြီထင်တယ်။ ထိုင်ပါ၊ ထိုင်ပါ။ တပည့်တွေက လိုက်ပို့ကြတာလား"

"ဟုတ်ပါတယ် ... ထောင်ပိုင်ကြီး။ သူတို့က ကျွန်တော်တို့စခန်းက ခေတ္တခွင့်ပြန်မယ့် ရဲဘက်တွေပါ။ သူတို့က မနေ့ကတည်းက ရောက်နေကြတာပါ။ ကျွန်တော်ကတော့ ဒီနေ့မှ ကိုမောင်မောင့်ကားကြီးနဲ့ လိုက်လာတာပါ။ ကျွန်တော်လည်း ငှက်ဖျားမိလာတော့ ရန်ကုန်ပြန်ပြီး ဆေးကုချင်လို့ပါ။ ဒီမှာ စခန်းကဆရာဝန်ကြီးရေးပေးတဲ့ ဆေးလက်မှတ်နဲ့ ထောက်ခံစာပါ ခင်ဗျား"

"အင်း ... ဦးသိန်းဝင်းလည်း စခန်းစရှာကတည်းကဆိုတော့ အတော်ကြာပြီပဲ။ အင်းစိန်ကိုပဲ ပြန်မှာမဟုတ်လား။ ပြန်ပါ၊ နားပါ။ ဒေါ်ခင်မြကြွယ်လည်း မျှော်နေရောပေါ့။ (၁၀)ရက်မဟုတ်ပါဘူး။ ရောဂါမပျောက်မချင်း နားပါ၊ ဆေးကုပါ။ ငှက်ဖျားရောဂါကတော့ ကိုယ်တို့ဝန်ထမ်းတွေနဲ့ ရဲဘက်တွေကို အတော်နှိပ်စက်တာပဲနော်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့စခန်းက ဗိုလ်ကြီးထွန်းလွင်တောင် သုံးတန်ကူးစခန်းရှာစဉ်က ၄က်ဖျားမိလာတာ အခုထိပဲ။ မိုးအေးတာနဲ့ ပြန်ပြန်ဖြစ်နေတာ အကင်းကိုမသေနိုင်ဘူး။ ကဲ … နေ့လယ်စာစားပြီးမှပြန်ပေါ့၊ ကိုမောင်မောင်ကားနဲ့ပဲ ဖောင်ကြီးတာဆုံအထိ လိုက်ပို့ခိုင်းပေးမယ်။ အဲဒီမှာ လိုင်းကားနဲ့ ကားကြုံတွေ့ပေါပါတယ်။ ဒီနေ့ ရဲဘက်ထုတ်မရှိလို့၊ နို့မို့ဆိုရင် အင်းစိန်အထိ လိုက်ပို့လို့ရပါတယ်"

"ကျေးဇူးတင်ပါတယ် … ထောင်ပိုင်ကြီး။ ကျွန်တော်တို့ ဖောင်ကြီးတာဆုံရောက်ရင်ပဲ တော်ပါပြီ။ ကျွန်တော်က ထမင်းမစားနိုင်သေးဘဲ ဆန်ပြုတ်ပဲသောက်နေရသေးတော့ အဲဒီကျမှပဲ စားပါတော့မယ်ခင်ဗျား"

"အင်း … ဒီမှာလည်း ပဲဟင်းနဲ့ အသီးအရွက်ကြော်ရယ်၊ ကိုယ်လုပ်ထားတဲ့ ဝက်အူချောင်းကြော်ရယ်ပဲရှိတာ။ ဟင်းမကောင်းပါဘူး။ ကဲ … အဲဒါဆိုရင် 'ထောက်' ထောင်မှူးကိုပြောပြီး ကိုမောင်မောင့်ကားကို ခေါ်သွားပေတော့။ ကိုယ့်ကို သတင်းပို့ပြီးပြီလို့ ပြောလိုက်"

"ဟုတ်ကဲ့ပါ … ထောင်ပိုင်ကြီး၊ ကျေးဇူးတင်ပါတယ်"

"အေးဗျာ … ကျန်းမာရေးကို ဂရုစိုက်ပါ"

---

# အခန်း (၄)

❑

ထောက်ထောင်မှူးမှာ ဆရာညဏ်ကြီး။ ကျွန်ုပ်တို့ ထောင်မှူးသင်တန်းတက်စဉ်က တပ်ကြပ်ကြီးဖြစ်သည်။

"ဆရာညဏ် … ကျွန်တော်ပါ။ နေမကောင်းလို့ ရန်ကုန်ကိုပြန်မလို့။ အဲဒါ ကိုမောင်မောင့်ကားကို ခေါ်သွားလို့ ထောင်ပိုင်ကြီးက ပြောပါတယ်။ ဖောင်ကြီးတာဆုံ အထိပါပဲ။ ဟိုကျ လိုင်းကားစီးမှာပါ"

"ဆရာသိန်းဝင်း … ခဏစောင့်ဦးဗျို့။ ကျွန်တော်တို့စခန်းမှာ အသားကျွေးဖို့ လှည်းကူးဆင်းပြီး အသားဝယ်ရမှာ။ လှည်းကူးက ရန်ကုန်ပြန်ဖို့ ပိုအဆင်ပြေတာပေါ့။ ဒီမှာ လူဦးရေစာရင်းနဲ့ တွက်ချက်နေရလို့ ခဏကလေးရယ်ပါ"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မကြာပါ။ (၁၅)မိနစ်ခန့်အကြာ၌ပင် ဆရာညာဏ်ကြီး၏တပည့်တစ်ဦးက ဈေးစာရင်းလာပေးသည်။

"ရပြီ . . . ဆရာသိန်းဝင်း၊ ကျွန်တော်တို့လည်း လှည်းကူးရောက်မှ ထမင်းစားကြမှာ။ ဒီမှာက ပဲဟင်းနဲ့ အသီးအရွက်ကြော်ပဲရှိတာ။ ကဲ . . . သွားကြစို့"

မင်းကုန်းနှင့် ဖောင်ကြီးမှာ ကားစီးလျှင် (၃၀)မိနစ်။ ဖောင်ကြီးနှင့် လှည်းကူးမှာ (၁)နာရီခန့် ကားစီးရသည်။ ကျွန်ုပ်တို့ လှည်းကူးရောက်တော့ နေ့လယ် (၁၂း၃၀) နာရီသာ ရှိသေးသည်။ ဈေးရှေ့တွင် ကားရပ်သည်နှင့် ဆရာညာဏ်ကြီးတို့က ဈေးထဲဝင်သွားကြသည်။

ကျွန်ုပ်တို့လည်း နှုတ်ဆက်ပြီး ကားဂိတ်ကိုကျော်၍ 'ရှမ်းကြီးစားသောက်ဆိုင်ဘက်သို့ ဦးတည်ပြီး လျှောက်ခဲ့ကြသည်။ ရှမ်းကြီးစားသောက်ဆိုင်မှာ တရုတ်အစားအစာနှင့် အရက်မျိုးစုံရသည်။ လက်ရာလည်း အလွန်ကောင်းသည်။

တောထဲတွင် တောစာစားသောက်ပြီး မြို့ရောက်လျှင်တော့ မြို့စာစားသောက်ပါမှ ကျေနပ်ရောင့်ရဲနိုင်မည်ဖြစ်ပေသည်။ စော်ပါသေးသည်။ ဆိုင်ထဲ၌ လူရှင်းနေသည်။ ဤဆိုင်တွင် ကျွန်ုပ်တို့ အကျုံးဦးစီး၌ာနမှ ဝန်ထမ်းများ စားသောက်တတ်သည်။ ဆိုင်ထဲရောက်သည်နှင့် ကျွန်ုပ် ရမ်အရက်တစ်ပုလင်းနှင့် အမြည်းအစုံမှာသည်။

"ကဲ . . . တပည့်တို့၊ စားကြသောက်ကြမေရော့။ ဒါ တောထဲက စခန်းမဟုတ်ဘူး။ စိတ်ကြိုက်သာတွယ်ကြပေရော့ အားမနာနဲ့။ ငါလည်း အတိုးချပြီး စားတော့မယ်။ ဟန်ဆောင်တယ်ဆိုတာ တကယ်ပင်ပန်းတဲ့အလုပ်ပဲ။ ကဲ . . . အားရပါးရ စားကြသောက်ကြဟေ့"





ကျွန်ုပ်တို့ အရက်သောက် အမြည်းစားပြီးနောက် ရှမ်းကြီးဆိုင်မှ နာမည်ကျော်ခေါက်ဆွဲကြော်ကို မှာ၍ စားကြပြန်သည်။ ညနေစောင်းမှ ရန်ကုန်ကားစီး၍ ပြန်ခဲ့ကြသည်။

ကျွန်ုပ်တို့ အင်းစိန်အိမ်ပြန်ရောက်တော့ ဇနီးဖြစ်သူမှာ မတွေ့ရတာကြာ၍ အလွန်ဝမ်းသာနေရှာသည်။ ညှော်သည်များပါလာ၍ ဖွယ်ဖွယ်ရာရာ ချက်ကျွေးရန် စီစဉ်နေသည်။ ကျွန်ုပ်တို့ ရေမိုးချိုးကြပြီး အဝတ်အစားလဲ၍ တပည့်များအားညှော်ခံရန် အင်းစိန်ဈေးသို့ ထွက်ခဲ့ကြသည်။ 'မြိုင်' ဟူသောဆိုင်တွင် ဘီယာဖြင့် ညှော်ခံရန်ဖြစ်သည်။

သို့သော် တပည့်များက ဘီယာမကြိုက်သဖြင့် ရမ်အရက်ကို မှာပေးရပြန်သည်။ ကျွန်ုပ်ကတော့ မသောက်တော့။ ညတွင် ထောင်စာကြည့်တိုက်သို့သွား၍ 'ငါးပေါက်သီး'အကြောင်း ရှာဖွေစုံစမ်းရပေဦးမည်။

"ကဲ . . . အစားတော့ သိပ်မစားကြနဲ့တော့။ အိမ်မှာ မင်းတို့အစ်မကြီးက မော်လမြိုင်သူပီပီ ဟင်းအမျိုးမျိုးချက်ထားမှာ။ တစ်ဝကြီးစားရအောင် လျှိုထားကြဦး"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော်တို့ အစားအသောက်ကောင်းနဲ့ အရက်နဲ့လည်း ဝေးတာကြာပါပြီ။ ဒီနေ့မှ စားရသောက်ရတာမို့ ဆရာ့ကို အရမ်းကျေးဇူးတင်ပါတယ် ဆရာရယ်"

"အေး . . . . အေး . . . အရက်ဆိုတာ တန်ဆေး လွန်ဘေးတဲ့။ မသောက်တာတော့ အကောင်းဆုံးပဲ။ ဒါပေမဲ့ ငါတို့ တောထဲတောင်ထဲ နေရသူတွေအတွက်တော့ မကောင်းနိုင်ကြဘူး။ ဆရာဝန်ကြီးလည်း ဆေးဖြစ်ဝါးဖြစ်သောက်တာပဲ။ သောက်တတ်တော့ ဆေးဖြစ်တာပေါ့။ မသောက်တတ်တော့ ဘေးဖြစ်ကရော။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ယောက်ျားအတော်များများက မြို့လည်း မြို့ အလျှောက် တောလည်းတောအလျှောက် သောက်ကြတာချည်းပဲ။ အရက်ကိုပဲ အဖော်ပြုကြပြီး ပျော်လို့သောက်၊ စိတ်ညစ်လို့သောက်၊ ကြိုက်လို့သောက်၊ ကျန်းမာရေးအတွက်ဆိုပြီး သောက်ကြတာ။ အကောင်းဆုံးကတော့ အရက်နဲ့မကင်းနိုင်ရင် လိုအပ်မှ တန်ရုံသောက်ပါ။

ကျန်းမာရေးလည်း မထိခိုက်ဘူး၊ စိတ်ကိုလည်း ပျော်ရွှင်စေတာပေါ့။ ငါက ဒီကနေ့ မင်းတို့ကိုတိုက်တာက မသောက်ရတာ ကြာပြီဖြစ်တဲ့ မင်းတို့ကို အာသာပြေစေဖို့နဲ့ စိတ်ရွှင်လန်းတက်ကြွစေဖို့ တိုက်တာပါ''

''ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော်တို့ နားလည်သဘောပေါက်ပါတယ်''

''အေး ... အေး ... သောက်ပြီးရင် ပြန်ကြစို့။ မင်းတို့ အစ်မကြီး ထမင်းကျွေးဖို့ စောင့်နေရော့မယ်''

ကျွန်ုပ်တို့ ထောင်တွင်းအိမ်သို့ ပြန်ခဲ့ကြသည်။ ကျွန်ုပ်၏ ဇနီးသည် စီစဉ်ချက်ပြုတ်ပေးသော မော်လမြိုင်လက်ရာ ကြက်သားဟင်း၊ ဝက်သားဟင်း၊ ငါးနှပ်ချဉ်ရေဟင်း၊ ငါးပိရည်၊ တို့စရာတို့ဖြင့် ထိုညက မြိန်ရှက်စွာ စားသောက်ကြရသည်။

ပြီးသည်နှင့် ကျွန်ုပ် ဘူးဝအနီးရှိ အင်းစိန်ဗဟိုအကျဉ်းထောင် စာကြည့်တိုက်သို့ တပည့်များပါခေါ်၍ လမ်းလျှောက်ရင်း သွားကြသည်။ စာကြည့်တိုက်မှူးအား သတင်းပို့ပြီး ကျွန်ုပ်စိတ်မှန်းဖြင့် စာအုပ်စာတမ်း အဟောင်းများအား မွှေနှောက်ရှာဖွေရတော့သည်။

ကျွန်ုပ်နှင့်တပည့်များ အလုပ်ရှုပ်နေကြစဉ် စာကြည့်တိုက်မှူး ဦးကြည်သာက အနီးသို့ရောက်လာပြီး ...





''ဆရာသိန်းဝင်း ... ဘာလိုချင်လို့ ရှာနေကြတာလဲ''

''ငါးပေါက်သီးဆိုတာပါဗျာ။ မြန်မာပြည်မြောက်ပိုင်းမှာများ ရှိမလားလို့ပါ''

''အဲဒါဆိုရင်တော့ မြန်မာ့စွယ်စုံကျမ်း 'င' အက္ခရာကိုရှာလေဗျာ။ အဲဒီမှာ တွေ့နိုင်တယ်။ မြန်မာပြည်မြောက်ပိုင်းအကြောင်း သိချင်ရင်တော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကထုတ်တဲ့ 'သိဂ်ါနဒီ မြန်ပြည်မြောက်ဖျား'သို့ စာအုပ်ကြီးကိုရှာပါ''

''ဟုတ်ကဲ့ ... ဦးကြည်သာ။ ကျေးဇူးပါပဲ ခင်ဗျာ''

''မြန်မာစွယ်စုံကျမ်းအတွဲလိုက်က ဟိုဗီရိုထဲမှာ။ ဒီမှာ သော့။ လမ်းစဉ်ပါတီ စာအုပ်တွေကတော့ လက်ဝဲဘက်က စာအုပ်စင်ပေါ်မှာ အက္ခရာစဉ်စီထားတာ။ 'သိဂ်ါနဒီ မြန်ပြည်မြောက်ဖျား'ဆိုတော့ 'သ' အက္ခရာကိုရှာပါ။ ကျွန်တော် အလွယ်ရှာနိုင်အောင် စီစဉ်ထားပါတယ်''

ကျွန်ုပ် လက်ယာဘက်ဗီရိုကို ဖွင့်သည်။ မြန်မာစွယ်စုံကျမ်း 'င' အက္ခရာကို ရှာသည်။ ပထမတွဲ၌ပင် တွေ့ရသည်။ 'င' အက္ခရာ ခေါင်းစဉ်ကိုရှာပြီး 'ငါး'ဆိုသောစာတိုင်ကို ရှာရသည်။ ငါးအမျိုးမျိုး အကြောင်း အသေးစိတ်ဓာတ်ပုံများဖြင့် ရေးသားထားသည်။ ထို့နောက် 'ငါးပေါက်' ဆိုသော စာတိုင်။ ထိုနောက်မှ 'ငါးပေါက်သီး' ဟူသော ခေါင်းစဉ်ငယ်ကို တွေ့ရသည်။ သို့သော် ဓာတ်ပုံတော့ မပါပါ။

ဂျပန်ပြည်၊ ကျူးရှူးကျွန်း အနောက်တောင်ဘက်များတွင် ပေါက်ရောက်သည့် အခွံမာသီးဖြစ်ပြီး အခွံပေါ်၌ 'ဂ' ငယ်ပုံစံ၊ အပေါက်ကလေးငါးပေါက် ထူးဆန်းစွာ ဖြစ်ပေါ်နေသည်။ အခွံမခွာရသေးသော ကွမ်းသီးလုံးခန့် အသီးအရွယ်အစားရှိသည်။ အဆံမှာ မြန်မာမြေပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆန်ထက်ကြီးပြီး မြေပဲဆန်ထက် ပိုဆိမ့်သည်။ အသီးတစ်လုံးတွင် အစေ့ဆံတစ်ခုသာရှိပြီး ဆီထွက်သည်။

မြန်မာပြည်မြောက်ပိုင်း အအေးပိုင်းဒေသများ၌လည်း ပေါက်ရောက်သည်။ ရှားပါးသော အပင်မျိုးဖြစ်သည်ဟူ၍သာ ရေးသားထားသည်။ ကျွန်ုပ်လိုချင်သော အဖြေမရပါ။ သို့သော် မြန်မာပြည်မြောက်ပိုင်း၌ ပေါက်ရောက်သည်ဆိုသဖြင့် ကျွန်ုပ်အထင်နှင့် အံဝင်ခွင်ကျဖြစ်နေသည်။ ဝမ်းသာမိသည်။

ထိုအချိန်တွင် မှဆိုးအောင်သန်းက ...

''ဆရာ ... ဒီမှာတွေ့ပြီ ဆရာ။ သိဂါနဒီမြန်ပြည်မြောက် ဖျားတဲ့''

''အေး ... အေး ... ပေးစမ်း''

ကျွန်ုပ် မာတိကာကို လှန်လှောကြည့်မိသည်။ လေ့လာရေးအဖွဲ့သည် မြန်မာပြည်မြောက်ဖျားသို့ လေယာဉ်ဖြင့်သွားပြီး မေခမလိခ မြစ်နှစ်မြွာမှတစ်ဆင့် ဧရာဝတီမြစ်ကြီးကို စုန်ဆင်းလာခြင်းဖြစ်သည်။ လမ်းစဉ်ပါတီအနေဖြင့် စည်းရုံးရေးဆင်း လေ့လာခြင်းဖြစ်သည်။ ကျွန်ုပ် အကြမ်းဖျင်း မာတိကာအား ဖတ်ရှုလေ့လာသည်။

ရေခဲတောင်များအကြောင်း၊ အဖိုးတန် သဘာဝပေါက်ပင် သစ်ဝါးများအကြောင်း၊ ရေခဲတောင်ပေါ်တွင်ပေါက်သည့် ရှားပါးအဖိုးတန်ဆေးပင် မချစ်ဥ၊ ခန်းတောက်မြစ်၊ ရှိုးပတီးဥများအကြောင်းအပြင် ရှားပါးတိရစ္ဆာန်များဖြစ်ကြသည့် ရေခဲကျား၊ တောင်ဆိတ်ကတိုးကောင် များအကြောင်းလည်းပါသည်။ ကျွန်ုပ်သိလိုသော ငါးပေါက်သီးအကြောင်း မတွေ့ရသေးပါ။

စိတ်ကူးသစ်စာပေ



ကျွန်ုပ် တဖြည်းဖြည်း မာတိကာအား ဖတ်ရှုလေ့လာလာရာ မြစ်ကြီးနားမြို့သို့ပင် ရောက်ပေပြီ။ တာလောကြီးမှတစ်ဆင့် ဆင်ဘိုသို့ ဟူသောအပိုဒ်၌ တာလောကြီးရွာအကြောင်း ဆင်ဘိုဆိုသည့်ရွာကြီးနှင့် ငါးပေါက်သီးတောင်ဟုပါရှိပြီး စာမျက်နှာ (၃၆၉)သို့ ညွှန်းထားသည်။ ကျွန်ုပ် အလောသုံးဆယ် လှန်လှောရှာဖွေမိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

❑

မြစ်ကြီးနားမြို့မှ သင်္ဘောကြီးဖြင့် ပိုင်းမော်ကိုဖြတ်ပြီး ဧရာဝတီမြစ်ကြီးအတိုင်း စုန်ဆင်းလာရာ 'ဖီးကျွန်း'ကို မလီဖွတ်ရန်ရွာ၊ ကျောက်တန်းကြီး၊ ပြီးနောက် တာလောကြီးရွာ၊ တာလောကြီးရွာဆိုသည်မှာ ကမ္ဘာပေါ်တွင် ထူးချွန်စွာပေါ်ထွန်းခဲ့၍ ကမ္ဘာ့ကြက်ခြေနီ အမြင့်ဆုံးဆု ဟင်နရီဒူးနန်ဘွဲ့ကို ၁၉၈၁ ခုနှစ်က ရရှိခဲ့သော စိုင်းအောင်လှိုင်မြင့်ကို မွေးထုတ်ရာဒေသဖြစ်ပေသည်။

ဧရာဝတီမြစ်ကြီး၏ ဒုတိယ၊ ကျောက်တန်းကြီး 'အရိန္ဒမာ'ကို သင်္ဘောကြီး ခက်ခဲစွာကျော်ပြီးနောက် လက်ဝဲဘက်ကမ်းတွင် တောင်ကြီးတစ်တောင်ကို တွေ့ရ၏။ ထိုတောင်ကြီးမှာ ငါးပေါက်တောင်ဖြစ်ပေသည်။

ငါးပေါက်သီးပင်များမှာ မြစ်ကြီးနား၊ ပိုင်းမော်၊ မိုးညှင်းနှင့် မိုးကောင်းမြို့ အပတောများ၌လည်း ပေါက်ရောက်သည်။ သို့သော် အလွန်ရှားပါးပင်ဖြစ်သည်။ ငါးပေါက်သီးဆိုသည်မှာ မျက်နှာပြင်တွင်





အပေါက်ငါးပေါက်ပါသည့် အခွံမာသီးဖြစ်သည်။ အသီး၏အဆန်မှာ မြေပဲဆန်နှင့်တူသည်။ ရုတ်တရက် ခွဲခြားရန် ခက်သည်။ မြေပဲဆန်ထက် အနည်းငယ်မျှ ရှည်လျားသည်။

ငါးပေါက်သီး၏ မျက်နှာပြင်တွင် ပတ်လုံးကလေးများစီထားသကဲ့သို့ အပေါက်အကြီး၊ အလတ်၊ အသေးဟူ၍ ပိုင်းပြီး ငါးပေါက်ရှိသည်။ အသီးထဲ၌ အစေ့၊ အဆန် တစ်ခုသာရှိသည်။ ငါးပေါက်သီးဆန်အရသာမှာ အလွန်စိမ့်သည်။ အဆီရွှမ်းသည်။ မြေပဲဆန်ကို စားရသကဲ့သို့ဖြစ်သည်။ အစိမ်းစား၍လည်း ရသည်။ ကြော်၍လည်း စားလို့ရသည်။

ရှမ်းမြန်မာရိုးရာ မုန့်များဖြစ်ကြသည့် ထိုးမုန့်နှင့် အုန်းပေါင်းသင်းမုန့်များတွင် ဒေသရိုးရာအစားအစာအဖြစ် ထည့်သွင်းစားတတ်ကြသည်။ ငါးပေါက်သီးအဆန်မှာ မြေပဲဆန်ထက် နုသည်။ နေကြာစေ့ဆိမ့်နည်းမျိုး နူးညံ့စွာ အရသာရှိသည်။

ငါးပေါက်သီးပင်မှာ နှစ်ရှည်သီးပင်ဖြစ်သည်။ လက်ပံပင်ကဲ့သို့ ပင်စည်ကြီးသည်။ အခွံနှင့်အသီးမှာ သစ်တော့သီးနှင့် အရွယ်အစား ပုံစံချင်းတူသည်။ အစေ့အဆန်ကို ထုတ်ယူလိုသော် အသီးကို အပုပ်ခံထားခြင်း၊ ထုရိုက်ခြင်းဖြင့် အဆန်ကို ထုတ်ယူရသည်။ အသီးအရောင်မှာ နုလျှင် အစိမ်းရောင်ရှိပြီး ရင့်လျှင် မည်းလျှင် အဝါရောင်ရှိသည်။ ထူးဆန်းသောဒေသထွက် စားစရာတစ်မျိုးဖြစ်သည်ဟု အသေးစိတ်ဖော်ပြထားသည်။

ငါးပေါက်ပင်နှင့် ငါးပေါက်သီးထွက်ရှိရာဒေသကို ကျွန်ုပ် သိရှိပေပြီ။ သို့သော် ကျွန်ုပ်သိလိုသော အဖြေကိုမရပါ။ ငါးပေါက်သီးကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်မြင်ရပြီး ခွဲစိပ်ကြည့်မှရမည့် အဖြေမျိုးဖြစ်သည်။ ထို့ကြောင့်လည်း သုံးတန်ကူးစခန်းဆေးရုံတွင် ငှက်ဖျားရောဂါဖြင့် ကွယ်လွန်သွားရှာသော ရဲဘက်ကြီး ဦးညွန့်ရွှေ၏ဖခင်ဖြစ်သူ ဦးတင်ငြိမ်းက ငါးပေါက်သီးတွင် လျှို့ဝှက်ချက်အဖြေရှိသည်ဟု ပြောသွားခဲ့ခြင်းဖြစ်ပေမည်။

ကျွန်ုပ် တွေးဆထားသည်မှာ ငါးပေါက်သီး၏ အခွံပေါ်တွင် ဝိုင်းနေသည့် အပေါက် (၅)ပေါက်၌ မည်သည့်အပေါက်တွင် အစေ့အဆန်တည်ရှိနေကြောင်း သိလိုခြင်းဖြစ်ပေသည်။ ရွှေဉာဏ်ရှင် ကိုရွှေဂျပန်များ၏ လျှို့ဝှက်ချက်ကို ကျွန်ုပ် ဖော်ထုတ်နိုင်ပြီဖြစ်သော်လည်း နေရာတိကျစေရန် အလှမ်းကဝေးသေးသည် ကိုယ်တိုင်ကွင်းဆင်းသွားရောက်ပါမှ တိကျသောအဖြေကို သိရှိရမည်ဖြစ်သည်။

ထို့ကြောင့် စာကြည့်တိုက်မှူးဦးကြည်သာအား နှုတ်ဆက်ပြီး ကျွန်ုပ်တို့ အိမ်သို့ပြန်၍ အိပ်စက်အနားယူကြသည်။ မနက်ဖြန်တွင်လည်း ရသည့်ရထားဖြင့် မြစ်ကြီးနားသို့သွားရန် ကျွန်ုပ်တို့ စီစဉ်ရတော့သည်။ ဇနီးဖြစ်သူအား အတိုချုံးရှင်းပြပြီး ခရီးထွက်ရန် ပြင်ဆင်သဖြင့် သူမလည်း အလွန်အံ့ဩနေသည်။ သို့သော် ဂျပန်ရတနာသိုက်ဖွင့်ရန် သော့ချက်ဖြင့် နီးကပ်လာပြီဖြစ်၍ သူမလည်း မတားသာတော့ပါ။ ကျွန်ုပ်လုပ်သမျှအလုပ်တိုင်း အဓိပ္ပာယ်ရှိသည်ကို သူမသိပါသည်။

ကျွန်ုပ်တို့ဆရာတပည့် မနက် (၄)နာရီခန့်တွင်ပင် ထကြ၍ ခရီးထွက်ရန် ပြင်ဆင်ကြရသည်။ ဇနီးဖြစ်သူလည်း အိပ်ရာကထ၍ မနက်စာ စားသောက်ရန် ပြင်ဆင်နေသည်။ ကျွန်ုပ် ဘုရားဝတ်ပြုပုတီးစိပ်ပြီး လမ်းခရီးမှာ အစောင့်အရှောက်များအားလုံးအား မေတ္တာပို့အမျှဝေသည်။ တပည့်များအားလည်း ဘုရားဝတ်ပြုခိုင်းသည်။





ကျွန်ုပ်တို့ အဆင်သင့်ဖြစ်တော့ ဇနီးသည် စီစဉ်ပေးသော မနက်စာကိုစားပြီး ထောင်ဝင်းထိပ်ထွက်၍ TAXI ငှားကာ ရန်ကုန်ဘူတာကြီးသို့ ထွက်ခဲ့ကြသည်။ ဘူတာကြီးရောက်သော် ရုံပိုင်ကြီးအားဝင်၍ အကူအညီတောင်းရာ ကံအားလျော်စွာ အထူးတန်းမှ လက်မှတ်(၃)စောင်ရရှိသည်။ မနက်(၆) နာရီထွက်မည့် ရထားဖြစ်သည်။

ကျွန်ုပ်တို့ အချိန်စောနေသေးသဖြင့် ခေတ္တစောင့်ဆိုင်းရင်း လက်ဖက်ရည်ဆင်းသောက်ကြသည်။ မြစ်ကြီးနားရထားမှာ မန္တလေးသို့ဝင်ပြီးမှ စက်ခေါင်းချိန်း၍ မြစ်ကြီးနားသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။ မနက်(၆)နာရီတိတိတွင် ရထားကြီး စထွက်သည်။

ကျွန်ုပ်တို့ဆရာတပည့် အိပ်စက်အနားယူရင်း လိုက်ပါလာခဲ့ကြသည်။ ရထားကြီးက တစ်လမ်းလုံး ရပ်လိုက်သွားလိုက်ဖြင့် ခုတ်မောင်းနေသည်။ တောင်ငူဘူတာရောက်တော့ နေ့လယ် (၁၂)နာရီခန့်ရှိပြီ။ လာရောင်းသော ဈေးသည်များထံမှ ထမင်းထုပ် ဝယ်၍စားကြသည်။

ထမင်းစားပြီး အချိုတဲရန် လက်ဖက်ရည်ချိုကိုတော့ မျောက်တင်သောင်းက ဆင်းဝယ်ပေးသည်။ လမ်းခရီး၌ အဆာပြေစားရန် မုန့်များကတော့ အိမ်ကဇနီးသည် ထည့်ပေးလိုက်၍ အပြည့်အစုံပါသည်။ စားသောက်ရင်း ရထားကြီးပြန်ထွက်တော့ ကျွန်ုပ် အတွေးတစ်ခုကို စိတ်ကူးမိသည်။

ကျွန်ုပ်တို့ ထွက်လာသောရာသီမှာ နွေဦးပေါက်ဖြစ်၍ ငါးပေါက်သီးမှာ တစ်နှစ်လုံးမသီးဘဲ ရာသီသီးပင်ဆိုလျှင် အံ့ချော်မှုများဖြစ်နိုင်ပေသည်။ သို့သော် ဒေသခံများကတော့ အသေးစိတ် သိနိုင်



www.burmeseclassic.com

www.burmeseclassic.com



မည်ဟု ထင်ပါသည်။ ကျွန်ုပ် ဆုတောင်းရင်း အားတင်းထားရတော့သည်။

ကျွန်ုပ်တို့ ည (၇) နာရီခန့်တွင် မန္တလေးဘူတာကြီးသို့ ရောက်သည်။ မန္တလေးခရီးသည်ကများ၍ ဆင်းကြသည်။ ကျွန်ုပ်တို့ ဂါတ်မိုလ်အားစုံစမ်းရာ မြစ်ကြီးနားသို့ ည (၉) နာရီမှ ပြန်လည်ထွက်မည်ဖြစ်ကြောင်း သိရသဖြင့် ရထားအောက်ဆင်းပြီး ညစာထမင်းစားကြသည်၊ လက်ဖက်ရည်သောက်ကြသည်။

"မင်းတို့ကို အင်းစိန်နဲ့လှည်းကူးမှာ အရက်အဝတိုက်ပြီးပြီ၊ အရက်သောက်ဖို့တော့ စိတ်မကူးကြနဲ့ဦး။ ဒါကြောင့် ငါလမ်းခရီးမှာသောက်ဖို့ အရက်ပုလင်းယူမလာတာ။ ငါတို့ကိစ္စ အောင်မြင်ရင်တော့ အပြန်ခရီးကျရင် တိုက်မယ်။ အခုတော့ အောင့်ထားကြဦး"

မှဆိုးအောင်သန်းက ...

"ဆရာရယ် ... ကျွန်တော်တို့က နှစ်နဲ့ချီပြီး ထောင်ထဲနေရတော့ အရက်လည်း ပြတ်နေပါပြီ။ အရင်ကလည်း စွဲစွဲမက်မက်သောက်ခဲ့တာ မဟုတ်ပါဘူး။ အခုဟာကလည်း ဆရာကခွင့်ပြုလို့ သောက်ဖြစ်တာပါ"

"အေး ... အေး ... အဲဒါကောင်းတယ်။ ဒါပေမဲ့ ရှေ့ခရီးကျရင် အလွန်အေးမယ်။ ဒါကြောင့် မင်းတို့ကို ကြိုတင်ပြောထားတာပါ။

"ကချင်ဒေသဆိုတော့ ဒေသထွက်အရက်ကလည်း ပေါတယ်လေ။ လူချင်းခင်တာနဲ့ အရက်နဲ့ဧည့်ခံမှာ။ ရည်မှန်းချက်အောင်မြင်ရင်တော့ မင်းတို့ တစ်လမ်းလုံး သောက်ပေရော့။ အပြန်ကျရင် ငါခွင့်ပြုတယ်"





"ဟုတ်ကဲ့ပါ ဆရာ၊ တပည့်တို့ နားလည်ပါတယ်"

ငယ်နိုင်တပည့်များဖြစ်ကြ၍ ကျွန်ုပ်ပြောဆိုသမျှ လိုက်နာပြီးပါသည်။ တစ်ပွဲစားမုဆိုး ဦးနီမောင်၏သား ကိုစိမ်းယဉ်ကိုသာ ခေါ်လာမိပါက ကျွန်ုပ်အားနာသမှုဖြင့် တားမြစ်နိုင်မည်မဟုတ်ပါ။ ကျွန်ုပ်၏အတွေးအခေါ် မှန်ကန်သွားခြင်းဖြစ်ပေသည်။

ည (၉) နာရီတွင် မြစ်ကြီးနားရထားကြီး စထွက်ပြန်သည်။ ရထားစထွက်တော့ မန္တလေးခရီးသည်များ ဆင်းသွားသော်လည်း မြစ်ကြီးနားခရီးသည်များ ပြန်တက်လာပြီး ရထားကြီးက ခရီးသည်များအပြည့်ပင်။ ရထားကြီး တစ်ညလုံး ခုတ်မောင်းသည်။ မြို့ဟောင်းဘူတာတွင် ခေတ္တရပ်ပြီး ကုန်များတင်သည်။

ကျွန်ုပ်တို့ဆရာတပည့် အိပ်၍ လိုက်လာခဲ့ကြသည်။ တစ်ရေးနိုးတော့ ည (၁၂) နာရီ။ မိုးကောင်းမြို့သို့ပင် ရောက်နေပေပြီ။ ဆက်လက်ခုတ်မောင်းလာရာ မြစ်ကြီးနားဘူတာသို့ မနက်(၄)နာရီကျော်ခန့်တွင် ရောက်သည်။ ခရီးဆုံးပြီဖြစ်၍ ကျွန်ုပ်တို့ အေးဆေးစွာ ဆင်းကြသည်။

ဘူတာအတွင်းရှိ မီးရထားဝန်ထမ်းတစ်ဦးအား 'ဆင်ဘိုရွာ'သို့ သွားရန် ခရီးစဉ်အား မေးမြန်းစုံစမ်းရာ မြစ်ကြီးနားသင်္ဘောဆိပ်မှ (CPB) သင်္ဘောကြီး နံနက် (၇)နာရီတွင် ထွက်မည်ဖြစ်ကြောင်းသိရသဖြင့် မြစ်ကြီးနားဘူတာအနီးရှိ လက်ဖက်ရည်ဆိုင်တွင်ပင် မျက်နှာသစ်ကြပြီး မနက်စာ ထမင်းကြော်နှင့် လက်ဖက်ရည် စားသောက်ကြသည်။

မြစ်ကြီးနားမြို့မှာ နို့ပေါဟန်တူသည်။ နို့မလိုင်လက်ဖက်ရည်မှာ အလွန်ကောင်းလှသည်။ နွေဦးရာသီဖြစ်သော်လည်း မြစ်ကြီးနား

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မြို့ မနက်ခင်းမှာ ချမ်းအေးလှသဖြင့် အနွေးထည်များ ဝတ်ဆင်ထားကြရသည်။ လက်ဖက်ရည်ဆိုင်အနီးတွင်ရှိသည့် အရက်ဆိုင်တွင် လူအချို့ စောစီးစွာ အရက်သောက်နေကြသည်ကို တွေ့ရသည်။ အရက်ဖြင့် မျက်နှာသစ်သူများ ဖြစ်ပေလိမ့်မည်။

ကျွန်ုပ်တို့ ခရီးစဉ်အား တိုင်ပင်ဆွေးနွေးကြပြီး လမ်းခရီးတွင် လိုအပ်မည့် စားစရာနှင့်သောက်စရာအပြင် ဆေးဝါးများကို ဝယ်ယူရန် ဘူတာအနီးရှိဆိုင်များအား လိုက်ကြည့်ကြသည်။ မြစ်ကြီးနားမြို့မှာ တရုတ်ပြည်နှင့်နီးသည်ထင့် တရုတ်လုပ်သုံးကုန်ပစ္စည်းများ အစုံရသည်။

ကျွန်ုပ်တို့ မနက် (၆)နာရီကျော်ခန့်တွင် သင်္ဘောဆိပ်ကို မေးမြန်းပြီး ဆင်းခဲ့ကြသည်။ ဆိပ်ခံတံတားတွင် ကပ်ထားသော သင်္ဘောကြီးပေါ်တွင် လူနှင့်ကုန်ပစ္စည်းများ၊ အတော်များနေပြီဖြစ်သည်။ ကျွန်ုပ်တို့ လက်မှတ်ဝယ်ယူပြီး သင်္ဘောပေါ်သို့တက်ရာ သုံးယောက်စာနေရာကလေးတစ်နေရာကို ရရှိသည်။

ဒေသခံများ ဖြစ်ဟန်တူသူများက သဘောကောင်းကြပါသည်။ သူတို့ချထားသော ခြင်းများ၊ တောင်းများကို နေရာရွှေ့၍ ဖယ်ပေးသူတို့ချထားသော ခြင်းများ၊ ... 





ကို မြို့တက်ရောင်းရင်း ရွာတွင်ရောင်းချရန် ပစ္စည်းများအား ဝယ်လာကြဟန်တူပါသည်။

(CPB)သင်္ဘောကြီးက မနက်(၇)နာရီတွင် ဆိပ်ကမ်းမှစတင်ထွက်ခွာသည်။ ဆောင်းလက်ကျန်နှင်းမှုန်များက ဧရာဝတီမြစ်ကြီးအတွင်း၌ မကွဲသေးပါ။ သင်္ဘောကြီးက တဘော်ဘော်အသံပေး၍ လမ်းရှင်းရင်း ခုတ်မောင်းလာသည်။ ကမ္ဘာစစ် လက်ကျန်သင်္ဘောကြီးဖြစ်၍ နှစ်ထပ်ဖြစ်သော်လည်း နံဘေးနှစ်ဘက်ငုံ ရေရဟပ်ကြီးများက နေရာယူထားသည်။ မြစ်ကြီးနားမြို့မှာ တရွေ့ရွေ့ကျန်နေခဲ့သည်။

မြစ်လယ်ရောက်တော့ နှင်းမှုန်များ တဖြည်းဖြည်းကွဲလာသည်။ လက်ဝဲဘက်သို့ မျှော်ကြည့်လိုက်သောအခါ ဝိုင်းမော်မြို့ကို တွေ့ရသည်။ နှင်းမှုန်များ အုပ်ဆိုင်းနေသေးသည်။ ဝိုင်းမော်မြို့မှာ၊ တောစိမ်းစိမ်းအောက်၌ ငြိမ်သက်လျက်ရှိသည်။ ရှေ့ ညာဘက်အဝေးတွင် ဖီးကျွန်းဟုခေါ်သည့် ကျွန်းကြီးကို အဝေးက လှမ်းတွေ့ရသည်။

ထိုကျွန်းကြီးမှာ မြစ်လယ်တွင် သောင်ကြီးထွန်း၍ ဖြစ်ပေါ်နေခြင်းဖြစ်သည်။ ကျွန်းကြီးပေါ်တွင် ရွာတည်၍နေကြသည်။ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသည်။ ဖီးကျွန်းလွန်သော် ခတ်ချိကျေးရွာကြီးကို လှမ်းမြင်နေရသည်။ ရှေးယခင်က ‘ကတ်ချိဝိုင်းမော်’ဟု တွဲ၍ခေါ်ခဲ့ကြပြီး ယခုအခါတွင် ‘ခတ်ချိ’ ဟုသာ ခေါ်တွင်ကြောင်း ကျွန်ုပ်အနီးတွင်ထိုင်နေသော ဆေးလိပ်သောက်နေသည့် ရှမ်းကြီးတစ်ဦးက ရှင်းပြသည်။

“ဆရာလေးတို့က ဘယ်သွားကြမှာလဲဝေး”

“ငါးပေါက်တောင်ပါ ဆရာကြီး”

“ငါးပေါက်တောင်မှာ လူမရှိ၊ ရွာမရှိကောဝေး။ ဆင်ဘိုရွာ



www.burmeseclassic.com

www.burmeseclassic.com



ကို ဆင်းရမှာ။ ဆင်ဘိုကမှ အထက်ကိုဆန်တက်ပြီး လမ်းလျှောက်ရမှာ။ ဆင်ဘိုရွာဟာ သဘော်လမ်းဆုံးပဲဝေး ငါးပေါက်တောင်သွားပြီး ဘာလုပ်ကြမှာလဲဝေး"

"ငါးပေါက်သီးခူးမလို့ပါ ဆရာကြီး"

"ဟေ ... အေး ... အံ့ချက်ပဲ။ ငါးပေါက်သီးက တုံးပြီသကော။ စီးပွားဖြစ် လုပ်မရတော့။ လက်ကျန် နည်းနည်းပါးပါးပဲ ရှိနိုင်တော့တယ်။ သူက ဆောင်းရာသီမှပေါတာ။ အခုနွေဦးပေါက်ဆိုတော့ တုံးပြီ"

ကျွန်ုပ်တို့ အလာကောင်းသော်လည်း အခါနှောင်းပြီလား မသိနိုင်တော့ပါ။ အနီးတွင်ထိုင်နေသည့်ရှမ်းကြီးက ဆေးလိပ်ကို အဖွာရပ်ပြီး ကွမ်းယာနေရင်းက ပြောလာပြန်သည်။

"ဧရာဝတီမြစ်ကြီးအတိုင်း စုန်ဆင်းခဲ့ရင် မြစ်ကမ်းမှာ ရွာတွေအများကြီး တွေ့ရမယ်။ ဒါပေမဲ့ ဒီဘက်အပိုင်းမှာ ဝိုင်းမော်မြို့နဲ့ ဗန်းမော်မြို့ကလွဲပြီး တခြားမြို့တွေ မရှိတော့ဘူး။ ရွာကြီးတွေကိုတော့ ခဏခဏ တွေ့ကြရလိမ့်မယ်။ ဟောဟိုဘယ်ဘက်ကမ်းက ရွာကြီးက မခန္တီးကျေးရွာ။ နောက်ရွာတွေက နောင်ဟီးနဲ့ ပမ္မတီးကျေးရွာတွေပဲ"

ဧရာဝတီမြစ်ရေပြင်သည် ငြိမ်သက်တိတ်ဆိတ်နေသည်။ မြစ်ပြင်မှ ရေငှေ့တို့က ပျံတက်နေသည်။ သဘော်ကြီးမှာ စက်သံပေး၍ မြူနှင်းရေငှေ့တို့ကိုခွဲခါ စုန်ဆင်းနေသည်။

❑

ဧရာဝတီမြစ်ကြီး၏ လက်ယာဘက်ကမ်းတွင် စိမ်းစိမ်းစိုစို သစ်ပင်ရိပ်များ လွှမ်းမိုးလျက်ရှိသည့် ရွာများကို နမ့်ပေါင်ရွာ၊ မော်ပေါင်းရွာ၊ အကျဲရွာ၊ ဖရောရွာဟု ရှမ်းကြီးက ရှင်းပြသည်။ မကြာမီ အထက်လေးမြို့တွင်ပါဝင်သည့် မိုင်းမောရွာဟောင်းကြီးကို ဧရာဝတီမြစ်ကြီး၏ လက်ဝဲဘက်ကမ်းတွင် ကျွန်ုပ်တို့မြင်ရသည်။

မိုင်းမောမြို့ဟောင်းသည် တစ်ချိန်က ဝိုင်းမော်၊ ကတ်ကျူ၊ မိုင်းနားတို့နှင့်အတူ ထင်ရှားစည်ကားခဲ့ဖူးကြောင်း သိရသည်။ ယခုအခါတွင် ကျေးရွာကြီး အဆင့်သာရှိတော့သည်။ ဂေါရခါးလူမျိုးများနေကြသည့် တာစဦရွာ၊ ကမ်းပါးအမြင့်ကြီးပေါ်၌ တည်ထားသည့် ဥလောက်ရွာတို့ကို ဖြတ်သန်းပြီး မလိစွတ်ရန်ရွာသို့ ရောက်သည်။

"ဒီရွာကို ရှေ့ပြေးလယ်ယာသမဝါယမရွာ သို့မဟုတ် 'ကြွယ်ဝလှင်ပြင်လို့လည်း ခေါ်တယ်။ စိုက်ပျိုးရေး အလွန်ဖြစ်ထွန်းတယ်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သင်္ဘောကြီးသည် တရွေ့ရွေ့ခုတ်မောင်းလာရာ ကျောက်တန်းကြီးတစ်ခုအနီးသို့ ရောက်ရှိလာသည်။ ထိုကျောက်တန်းကြီးသည် မြစ်ပြင်ကို ကန့်လန့်ဖြတ်၍ တည်ရှိနေသည်။ ကျောက်တန်းကြီးနှင့် ကမ်းပါးယံက သင်္ဘောကြီး သွား၍လွတ်ရုံမျှသာဖြစ်သည်။

သင်္ဘောကြီးသည် လက်ဝဲဘက်ကမ်းကိုကပ်၍ စုန်ဆင်းသည်။ ကျောက်တန်းကြီးခံနေ၍ ရေကြောင်းမှာ ကျဉ်းမြောင်းကျပ်တည်းနေသည်။ ထို့နောက် တရွေ့ရွေ့ဖြင့် မြောက်ဘက်သို့ ပြန့်ကွေ့ခုတ်မောင်းရသည်။ ရေပြင်လမ်းသည်လည်း ကုန်းလမ်းကဲ့သို့ပင် အကွေ့အကောက်ရှေ့တိုးနောက်ပြန်ရှိနေသည်။ ထို့နောက် ရွာသစ်ရွာတောင်ဘက်သို့ သင်္ဘောပြန်ရောက်မှ ဆက်၍ စုန်ဆင်းနိုင်တော့သည်။

"ဒီလောက်ကျယ်တဲ့ မြစ်ကြီးထဲမှာ ဒီလောက်ကျဉ်းတဲ့နေရာလည်းရှိသေးတယ်။ သဘာဝက အလွန်အံ့ဩစရာကောင်းတယ်နော်"

ကျွန်ုပ်က မှတ်ချက်ချရာ ရှမ်းကြီးက ခေါင်းညိတ်နေသည်။

"ဒီထက်ဆိုးတဲ့နေရာတွေ ရှိသေးတယ်။ ပထမမြစ်ကျဉ်း၊ ဒုတိယမြစ်ကျဉ်းနဲ့ တတိယမြစ်ကျဉ်းနေရာတွေမှာ ကျဉ်းရုံတင်မက စုပ်ဝဲ၊ မှုတ်ဝဲတွေပါရှိတယ်။ အလွန်အန္တရာယ်များတယ်"

ရောဝတီမြစ်ကြီး၏ ညာဘက်ကမ်းနဖူးကျောက်ဆောင်ပေါ်တွင် လောကမာရဇိန်စေတီကို ဖူးမြော်ရသည်။ ခေါင်ဖူးရွာဟောင်းတွင် တည်ထားခြင်းဖြစ်သည်။ စေတီ၏ဉာဏ်တော်မှာ အတောင် (၅၀)ခန့်ရှိသည်။ မြန်မာလက်ရာစေတီပုံဖြစ်သည်။ ဘုရားပွဲတော်ကြီးကို တပေါင်းလဆန်း (၁၀)ရက်မှ လပြည့်ကျော် (၁)ရက်နေ့အထိ ကုန်းပွဲ၊ ရေပွဲတို့ဖြင့် နှစ်စဉ်စည်းကားစွာ ကျင်းပလေ့ရှိကြောင်း ရှမ်းကြီးက ရှင်းပြသည်။





လက်ယာဘက်ကမ်း၊ တာလောကြီးရွာသို့ သင်္ဘောကြီးဆိုက်ကပ်သည်။ နေ့လယ် (၁၂)နာရီခန့်ရှိပြီ။ ရေမိုင်လည်း (၄၈)မိုင်ပေါက်ရောက်လာပြီဖြစ်ကြောင်း သိရသည်။ တာလောကြီးရွာမှာ ထင်ရှားသော ရွာကြီးတစ်ရွာဖြစ်သည်။

ရွာကြီးတွင် ရှမ်းမြန်မာ၊ ကချင်၊ ဂေါ်ရခါး၊ ရှမ်းတရုတ်နှင့် လီဘူးများ နေထိုင်ကြသည်။ ဗုဒ္ဓဘာသာကို အများစုကိုးကွယ်ကြကြောင်း သိရသည်။ ထို့ကြောင့်လည်း လောကမာရဇိန်ဘုရားပွဲတော်ကို နှစ်စဉ်မပျက် စည်ကားစွာကျင်းပနိုင်ခြင်း ဖြစ်ပေလိမ့်မည်။

ကျွန်ုပ်တို့သင်္ဘောရပ်နားသည်နှင့် ကမ်းပေါ်တက်၍ နေ့လယ်စာ ထမင်းစားကြသည်။ သားငါးဟင်းများအပြင် တောကောင်သားဟင်းလည်း ရသည်။ ကျွန်ုပ်တို့ ဟင်းအစုံမှာ စားရာဆီများဖြင့် ရွှဲစိုနေသော ငါးဖန်းမကာင်မှာ အလွန်အရသာရှိသည်။

အသီးအနှံဟင်းများလည်း လတ်ဆတ်သည်။ ဝါးရောင်းချည်ရွက်ကို ငါးနှင့်ချက်ထားသောဟင်းမှာလည်း အလွန်ခံတွင်းလိုက်သည်။ ဆန်မှာ ရှမ်းဆန်လိုစေးနေသည်။ ပူပူနွေးနွေး ထွေးထွေးလေးဖြစ်သဖြင့် အလွန်စား၍ ကောင်းသည်။ ကျွန်ုပ်တို့ဆရာတပည့် စားကြသည်မှာ လိုက်ပွဲအတော်မှာရသည်။ ဈေးနှုန်းကျတော့လည်း အလွန်ပေါသည်။

သင်္ဘောပေါ်မှ ခရီးသည်များ အဆင်းများသလို အတက်လည်း များသည်။ တာလောကြီးရွာ တာချယ်ဆိပ်ကမ်းဟု သိရသည်။ ကမ်းနားတွင် သစ်သီးများရောင်းချနေသည်မှာလည်း အတော်စုံသည်။ သရက်သီး၊ သင်္ဘောသီးများ၊ ငှက်ပျောသီးများပေါ်များသည်။

ကျွန်ုပ်တို့ သစ်သီးတန်းတွင် ငါးပေါက်သီးအား ရှာကြည့်မိသေးသည်။ တုံးပြီဟု ပြောကြသည်။ တာလောကြီးရွာတွင် ရွှေဘုံသာ



www.burmeseclassic.com

www.burmeseclassic.com



ဘုရား၊ နှစ်ထောင့်ငါးရာဘုရားနှင့် စေတီတော်ဘုရားတို့ကို ဖူးမြော်ရသည်။ ကျွန်ုပ်တို့စားသောက်ပြီး သင်္ဘောပေါ်သို့ ပြန်တက်သည်။ ရှမ်းကြီးတို့အဖွဲ့ကတော့ အောက်မဆင်းကြတော့ဘဲ ပါလာသည့်ထမင်းချိုင့်များအား စားနေကြသည်။

"လာ . . . ဆရာလေးတို့ စားကြပါဦး"

"စားပါ ဆရာကြီး။ ကျွန်တော်တို့ ကမ်းနားမှာ စားပြီးပါပြီ။ အလွန်စားကောင်းပါတယ်။ ဈေးလည်း အလွန်ပေါတယ်။ ဟင်းလည်း စုံတယ်"

"မြစ်ကမ်းဘေးကရွာတိုင်းမှာ ဒီအတိုင်းပါပဲ။ ထမင်းဟင်းကောင်းပါတယ်။ ဒီကိုလာဖို့ အခုအချိန်မှာ ကုန်းလမ်းမရှိပါဘူး။ ရေလမ်းကိုပဲ အားကိုးကြရတာ။ ဒါကြောင့်လည်း စိုက်ပျိုးလို့ရတဲ့ ထွက်ကုန်တွေကို ရေလမ်းအားကိုးပြီး အစုန်အဆန် ကူးသန်းပြီးရောင်းဝယ်ဖောက်ကားကြရတာပါ"

တာလောကြီးရွာ တာချယ်ဆိပ်ကမ်းတွင် သင်္ဘောကြီးက မွန်းလွဲ (၁)နာရီအထိ ကုန်တင်ကုန်ချပြုလုပ်သည်။ ပြီးနောက် ဆင်ဘိုသို့ ဆက်လက်စုန်ဆင်း ခုတ်မောင်းလာသည်။ ရှမ်းကြီးက ပြောလာပြန်သည်။

"ဆောင်းတွင်းမှာ ဒီခရီးက အတော်ခက်တယ်။ နှင်းဖုံးနေတတ်လို့ သင်္ဘောတွေတာလောကြီးရွာမှာ နှစ်ညသုံးည အိပ်ရတတ်တယ်။ မိုးတွင်းကျတော့လည်း အထက်ကရေတွေဆင်းလာလို့ ရေစီးက သန်တယ်။ ခရီးသွားလို့ မကောင်းပြန်ဘူး။ ဒီရာသီပဲ အကောင်းဆုံး။ ကုန်းလမ်းမပေါက်သေးသမျှ ဒီလိုပဲဒုက္ခခံပြီး သွားလာကြရတာပါပဲ"





သင်္ဘောကြီး ဆက်လက်ထွက်ခွာလာတော့ သင်္ဘောကြီးရှေ့ ဧရာဝတီမြစ်ရေပြင်မှာ တည်ငြိမ်နေသည်။ သင်္ဘောကြီးရွေ့လျားမှုကြောင့်သာ သင်္ဘောကြီးဘေးနှစ်ဘက်တွင် ရေလှိုင်းများ လှုပ်ခါကျန်ရစ်သည်။

မြစ်ရေသည် စိမ်းပြာကြည်လင်နေပြီး နက်ရှိုင်းဟန်တူသည်။ တသွင်သွင် တည်င်ညင် စီးဆင်းနေသော မြစ်ရေပြင်တွင် သင်္ဘောဇက်သံကသာ လွှမ်းမိုးနေသည်။ ဟိုးရှေ့ အဝေးသောင်ပြင်ပေါ်တွင် ဟသ်ာငှက်အုပ်၊ ရေကြက်၊ ရေဘဲ၊ တင်ကျီးငှက်၊ မယ်ညိုနှင့် ငွေဗျိုင်းဖြူတို့ နေရောင်အောက်တွင် နေဆာလှုံနေကြသည်။

သင်္ဘောကြီးသည် တာလောကြီးကျေးရွာအုပ်စု စံကင်းရွာကိုဖြတ်ကျော်ပြီးနောက် ဟိုကပ်ရွာ၊ တာပတောင်းရွာတို့ကို ကျော်ဖြတ်ခဲ့သည်။ တာပတောင်းရွာမှာ ဂေါ်ရခါးလူမျိုးအများစု နေထိုင်ပြီး နွားမွေးမြူသဖြင့် ထောပတ်နှင့် ဒိန်ခဲထွက်ကြောင်း သိရသည်။ တာလောကြီးမှ (၁၂)မိုင်အကွာတွင် အရိန္ဒမာအမည်ရှိရွာကို တွေ့ရသည်။ ၎င်းရွာတွင် ရေးမြို့ဟောင်းနှင့် ကျုံးမြောင်းများ ယခုအထိရှိကြောင်း ရှမ်းကြီးက ရှင်းပြသည်။

"ရှေ့မှာ ကျောက်တန်းကြီးတစ်ခုကို တွေ့ရဦးမယ်"

"ဘာကျောက်တန်းကြီးလဲ ဆရာကြီး"

"ဧရာဝတီမြစ်ကြီးရဲ့ ဒုတိယကျောက်တန်းကြီးပေါ့။ အရိန္ဒမာရွာနဲ့နီးလို့ အရိန္ဒမာကျောက်တန်းကြီးလို့ခေါ်တယ်"

မကြာမီ အရိန္ဒမာကျောက်တန်းကြီးကို ရေလယ်၌တွေ့ရတော့သည်။ ထိုကျောက်တန်းကြီးသည်လည်း ပထမကျောက်တန်းကြီးကဲ့သို့ပင် ဧရာဝတီမြစ်ကြီးကို ကန့်လန့်ဖြတ်၍ တည်နေသည်။ သင်္ဘောကြီး



www.burmeseclassic.com

www.burmeseclassic.com



သည့် ကျောက်တန်းကြီးကိုကျော်ဖြတ်နိုင်ရန် မြစ်ကြီး၏လက်ဝဲဘက်ကမ်းမှကပ်၍ မောင်းရပြန်သည်။ ကျောက်တန်းကြီးနှင့် ကမ်းပါးယံသည် ပထမဥလောက်ကျောက်တန်းကြီးကဲ့သို့ပင် သဘော်ကြီးလွတ်ရုံသာရှိသည်။ သဘော်ဆရာများ အသည်းအသန် သတိထား၍ မောင်းနှင်နေရသည်။

အရှိန္ဒမာကျောက်တန်းကြီးကို ကျော်သည်နှင့် လက်ဝဲဘက်ကမ်းတွင် တောင်ကြီးတစ်တောင်ကို တွေ့လိုက်ကြရသည်။ ထိုစဉ် ရှမ်းကြီးက ...

"အဲဒီတောင်ကြီးက ဆရာလေးတို့ သွားချင်တဲ့တောင်ပဲ။ ငါးပေါက်တောင်လို့ ခေါ်တယ်။ တစ်တောင်လုံး ငါးပေါက်သီးပင်တွေချည်း ပြည့်နေအောင်ပေါက်တာ။ အခုတော့ ရာသီချိန်ကျော်သွားပြီ။ လက်ကျန်အသီးတော့ ရှိကောင်းပါသေးတယ်။ ဆရာလေးတို့က ဒီအသီးကို ဘာလုပ်ဖို့လဲ။ ကျွန်တော်တို့ဆီမှာတော့ မုန့်လုပ်ပြီး ထည့်စားတယ်။ အစိမ်းစားတယ်။ လှော်စား၊ ကြော်စားတယ်။ အခွံအောက်ကအသားကို အချဉ်ထည့်ပြီး တို့စားတယ်"

ဒါပါပဲ။ အမေးရှိတော့ အဖြေရှိရပေမည်။ ထို့ကြောင့် ကျွန်ုပ်လည်း အလျင်းသင့်သလို ဖြေရတော့သည်။

"ဒီလိုပါ ဆရာကြီး။ ကျွန်တော်တို့က ဆေးဝါးကုန်ကြမ်းအတွက် လာလေ့လာတာပါ။ ငါးပေါက်သီးဆန်က ဆေးဖက်ဝင်တယ်လို့ သိရပါတယ်။ အဲဒါကြောင့်ပါ"

"ဆေးဖက်ဝင်မဝင်တော့ ကျုပ်လည်းမသိဘူး။ အဆန်ကတော့ အစိမ်းဖြစ်စေ၊ လှော်စားလို့ဖြစ်စေ၊ ကြော်စားလို့ဖြစ်စေ အလွန်ဆိမ့်ပြီး စားလို့ကောင်းတယ်။ ဒီရွာပတ်ဝန်းကျင်မှာတော့ ကလေးလူကြီးသရေစာအဖြစ် စားကြတာပဲ။ များများစားပေမဲ့ အန္တရာယ်မရှိတာတော့ ကျုပ်တို့သိတယ်။ ဘာဆေးဖက်ဝင်မှန်းတော့ ကျုပ်တို့မသိဘူး။ ဒါနဲ့ ဆရာလေးတို့က ဆင်ဘိုရွာ၊ ဘယ်သူ့အိမ်မှာ တည်းကြမှာလဲ။ ကျုပ်မေးတာက အခက်အခဲရှိရင် ကူညီရအောင်ပါ"

"ဆရာကြီးရေ ... ကျွန်တော်တို့ ဆင်ဘိုရွာမှာ အသိမရှိပါဘူး။ တည်းခိုဖို့ နေရာရှာရဦးမှာပါ"

"ဒီလိုလုပ်။ ကျုပ်အိမ်မှာပဲတည်း။ ကျုပ်က ဆင်ဘိုရွာကဆယ်အိမ်ခေါင်း။ ရွာသူကြီးကလည်း ကျုပ်သူငယ်ချင်းပဲ"

"ကျေးဇူးတင်လိုက်တာ ... ဆရာကြီးရယ်။ ကျွန်တော်တို့ တည်းခိုခရော၊ စားစရိတ်ပါ ပေးပါ့မယ်"

"မလိုပါဘူး။ ကျုပ်ဧည့်သည်လို့ပဲ သတ်မှတ်လိုက်မယ်။ ကျုပ်တို့ရွာက ရေမြေကောင်းတယ်။ အသီးအနှံပေါတယ်။ ကြွယ်ဝချမ်းသာသူတွေများတယ်။ မနက်ဖြန်လည်း ကျုပ်ပဲ ငါးပေါက်တောင်ကို လှေနဲ့လိုက်ပို့ပါမယ်"

"ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်။ အားလုံး အဆင်ပြေသွားတာပါပဲ"

"ဗုဒ္ဓဘာသာမြန်မာလူမျိုးချင်း ကူညီရမှာပေါ့ဗျာ။ ဒါမှ မင်္ဂလာတရားတော်နဲ့ ညီမှာပေါ့"

မကြာမီ ချောင်းကြီးတစ်ချောင်း ဧရာဝတီမြစ်ကြီးအတွင်းသို့ စီးဝင်သောနေရာသို့ သဘော်ကြီး ရောက်လာသည်။ မိုးကောင်းမြစ်ဟု ခေါ်ကြောင်း သိရသည်။ မိုးကောင်းမြစ်မှ အနည်ထနေသော မြစ်ရေများသည် ကြည်လင်စိမ်းမြနေသည့် ဧရာဝတီမြစ်ကြီးအတွင်းသို့ တစ်ဟုန်ထိုး စီးဝင်လျက်ရှိသည်။





စိတ်ကူးသစ်စာပေ

www.burmeseclassic.com

ကမ်းခြေပေါ်၌ မြေနုကျွန်းက ဧက ၂၀၀၀ ခန့် ပေါ်ထွန်းနေသည်။ မုန်ညင်း၊ ဆေးရွက်ကြီး၊ မြေပဲ၊ ခရမ်းသီးနှင့် ဖူးသီးစသော ကိုင်းလုပ်ငန်းများစွာ အောင်မြင်ဖြစ်ထွန်းသည်။ ထို့အပြင် မိုးကောင်း မြစ်ကြီးထဲမှ ရေချိုသားငါး၊ ပုစွန်များ. ပေါများစွာထွက်သည်။

"ဒီနေရာက ဆယ်နှစ်ရာသီပတ်လုံး ငါးကပေါတယ်။ မြစ်ဘက်ထွက်မလား၊ ချောင်းဘက်ထွက်မလား၊ ငါးက လိုချင်သလောက်ရတယ်"

ရှမ်းကြီးက ပြောလာပြန်သည်။ သဘော်ကြီးမှာ တာလောကြီးရွာမှ ခရီးမိုင် (၃၀)ခန့် ရောက်ရှိလာပြီဖြစ်သည်။ လက်ယာဘက်ကမ်းတွင် တာယိုးနားကျေးရွာကို မြင်နေရသည်။ လက်ဝဲဘက်တွင် ညောင်ပင်သာကျေးရွာရှိသည်။ တရုတ်ပြည်ဘက်သို့ သွားနိုင်သည့်ရွာဖြစ်သည်။ ထိုရွာမှဖြတ်သန်း၍ လှည်းသွားလမ်းနှင့်လှည်းလမ်းတို့ရှိသည်။ သုံးညအိပ်လေးရက်ခရီးဖြင့် တရုတ်ပြည်သို့ရောက်နိုင်သည်ဟု သိရသည်။ လက်ဝဲဘက်ကမ်းတွင် ညောင်ပင်သာ၊ ရှမ်းမြန်မာရွာကြီးနှင့်အတူ ဆွန်တူရွာဟောင်းရှိသည်။

"ဟောဟိုဟာက ဘာကြီးလဲဗျ။ ကျောက်တုံးကြီးတစ်တုံးပဲ၊ ရေမကျောက်တုံးကြီးဗျ"

ကျောက်တုံးကြီးမှာ (၁၀') ပေပတ်လည်ခန့်ရှိသည်။ လေးထောင့်စပ်စပ်လည်း ဖြစ်သည်။ ထိုအခါ ရှမ်းကြီးက ...

"အဲဒီရေလယ်က ကျောက်တုံးကြီးကို ကျုပ်တို့ ရှမ်းဘာသာနဲ့ 'အိုင်းယိုင်းလိပ်' လို့ခေါ်တယ်။ မြန်မာလိုတော့ 'သံမဏိမောင်ကျောက်တုံးကြီး' လို့ ခေါ်ရမယ်ထင်တယ်"

စိတ်ကူးသစ်စာပေ



သဘော်ကြီးလည်း ကျောက်တုံးကြီးကိုလွတ်ရန် လက်ဝဲဘက်သို့ပင် ကပ်ရှောင်ရပြန်သည်။ ထိုနေရာတွင် ရေစီးကသန်လွန်းသည်။ ဝဲကတော့ကြီးများ ထိုးနေသည်။ သဘော်ကြီးက ဝဲကတော့များကို ရှောင်တိမ်းမောင်းနှင်နေရသည်။ လက်ယာဘက်ကမ်းတွင် တောင်နီဘုရားကြီးကို လှမ်း၍ ဖူးမြော်ရသည်။ ထို့နောက် မြစ်လယ်တွင် ဦးခေါင်းကျွန်းကို လှမ်းမြင်ရပြန်သည်။ ကျွန်းသောင်ပေါ်တွင် ရွှေကျင်နေသူများကို တွေ့ရသည်။

"ဆရာကြီး ... ရွှေကျင်တာ တစ်နေ့ကို ဘယ်လောက်ရကြသလဲ"

"တစ်နေ့ကို တစ်ယောက်ကို ရွှေးကြီးနှစ်ရွှေးလောက် ရကြတယ်။ ဒီကျွန်းကို 'နွတ်ချိကျွန်း' လို့လည်း ခေါ်ကြတယ်"

ထို့နောက် သဘော်ကြီးမှာ မန်းဖွားရွာကြီးကိုကျော်ခဲ့ပြီး ပုဂံအင်းအဝကို ကျော်သည်နှင့် သွပ်မိုးဖွေးဖွေးဖြင့် ဆင်ဘိုရွာကြီးကို လှမ်းမြင်လိုက်ရသည်။ သဘော်ကြီးခရီး ဆုံးတော့မည်ဖြစ်သည်။ ဆင်ဘိုရွာကြီးမှာ ရဲစခန်းနှင့်ဆေးရုံနှင့် စာသင်ကျောင်းနှင့် စည်ကားလှသည်။

www.burmeseclassic.com

❑

အချိန်မှာလည်း ညနေ (၅)နာရီခန့် ရှိပေပြီ။ ဆင်ဘိုရွာကြီးနှင့်မြစ်ကြီးနားမြို့မှာ (၈၄)မိုင်ဝေးကွာကြောင်း သိရသည်။ သင်္ဘောကြီးသည် ညောင်ပင်အုပ်ကြီးနှင့် သဖန်းပင်ကြီးရှိသော ဆင်ဘိုဆိပ်ကမ်းသို့ တဖြည်းဖြည်းကပ်သည်။ ဆင်ဘိုဆိပ်ကမ်းပါးမှာ ပေ (၁၀၀') ခန့်မြင့်သည်။

သင်္ဘောကြီး ကမ်းကပ်သည်နှင့် ခရီးသည်များ ပုရွက်ဆိတ်များလို ကမ်းပေါ်သို့ ပစ္စည်းများသယ်ကာ တရွေ့ရွေ့တက်ကြသည်။ ကျွန်ုပ်တို့ကိုလည်း ရှမ်းကြီးကရှေ့ဆောင်ကာ ကမ်းပေါ်သို့ တက်ကြသည်။ ကမ်းပေါ်ရောက်တော့ ဆင်ဘိုရွာကြီးမှာ ကြီးကျယ်လှပြီး စနစ်တကျတည်ဆောက်ထားကြောင်း တွေ့ရသည်။ ရွာတွင်း၌လည်း အုန်းပင်၊ ငှက်ပျောပင်၊ သရက်ပင်တို့ဖြင့် အုပ်အုပ်ဆိုင်ဆိုင်း၊ စိမ်းလန်းစိုပြေနေသည်။





ရှမ်းကြီးကဦးဆောင်၍ ရွာလယ်ပိုင်းသို့ လမ်းလျှောက်ကြရသည်။ ရွာလယ်စာသင်ကျောင်းအနီး နှစ်ထပ်အိမ်ကြီးရှေ့ရောက်တော့ ရှမ်းကြီးက …

"ဒါ ကျုပ်အိမ်ပဲ။ စိတ်လွတ်လက်လွတ် နေကြပါ"

ကျွန်ုပ်တို့အား အိမ်အောက်ထပ်ရှိ အညာပုံစံစားပွဲခုံရှည်ကြီးနှင့် အနီးတွင်ရှိသည့် ခုံတန်းလျားများတွင် ထိုင်စေသည်။ သူတို့က ပါလာသောပစ္စည်းများကို သိမ်းဆည်းပြီး ညစာထမင်းချက်ရန် စီစဉ်ကြတော့သည်။

"ရေချိုးချင်ရင်တော့ အိမ်ဘေးမှာ ရေတွင်းရှိပါတယ်။ ခပ်ချိုးကြပါ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ရာသီဥတုမှာ အတန်ငယ်အေးသော်လည်း ကျွန်ုပ်တို့ ခရီးပန်းလာကြ၍ ရေချိုးပြီး အဝတ်အစားလဲကြသည်။ မြစ်ကမ်းနှင့်နီး၍ တွင်းရေမှာ အလွန်စိမ့်အေးနေသည်။ ရေချိုးလိုက်တော့လည်း လန်းဆန်းသွားသည်။

ကျွန်ုပ်တို့ အိမ်ထဲပြန်ရောက်တော့ အောက်ထပ်ညှိခန်း စားပွဲကြီးပေါ်တွင် ဒေသထွက်အရက်များနှင့် ငါးကြော်များ အဆင်သင့်ဖြစ်နေသည်။ ကျွန်ုပ်က လုပ်ငန်းမအောင်မြင်မချင်း အရက်မသောက်ရန် တားမြစ်ထားသဖြင့် အခက်တွေ့နေသည်။ သို့သော် အိမ်ရှင်နှင့်ညှိသည်ဖြစ်၍ အလိုက်သင့်နေရပေမည်။

"ဆရာလေးတို့ … သုံးဆောင်ကြပါ။ ဒီမှာက ညှိခံစရာဒါပဲရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ အင်တင်တင်ဖြစ်နေသော အမူအရာကိုကြည့်၍ ရှမ်းကြီးက ...

"ဆရာလေးတို့ ... မသောက်တတ်ဘူးလား။ ဒါ ရွာမှာချက်တဲ့ ကောက်ညှင်းအရက်စစ်စစ်ပါ။ အန္တရာယ်မရှိပါဘူး"

ပြောပြောဆိုဆို သူက အရင်သောက်ပြသည်။ ကျွန်ုပ်လည်း မနေသာတော့ပါ။ ဧည့်သည်ဝတ္တရားကျေစေရန်အတွက် တပည့်များအား ခေါင်းညိတ်ပြလိုက်ရတော့သည်။ ကျွန်ုပ် တစ်ငုံသောက်ကြည့်ရာ အရက်မှာ အတော်ပြင်းသည်။

ကချင်ဒေသဖြစ်၍ ကချင်အရက်ဖြင့် အရသာတူသည်။ သို့သော် သူ့အနံ့က ကချင်အရက်လို မနံ။ ကောက်ညှင်းနံ့ကလေး သင်းနေသည်။ ရေရောသောက်တော့ အဆင်ပြေသည်။ ငါးကြော်မှာလည်း ကျွန်ုပ်တို့ကြိုက်သော ငါးဖန်းမကြော်နှင့် ငါးခူကြော်ဖြစ်သည်။ လတ်ဆတ်ပြီး ချက်ချင်းကြော်ထား၍ ပူပူနွေးနွေးအရသာ ရှိလှသည်။

အရက်ပွဲပြီးတော့ ထမင်းပြင်ပေးသည်။ ငါးခူဆီပြန်ဟင်းနှင့် ဝက်သားဟင်း၊ အသီးအရွက်ကြော်၊ ကတတ်မြစ်ဟင်းချိုဖြစ်သည်။ ကတတ်မြစ်မှာ ချိုကျိုသောအရသာနှင့် ပင်စိမ်းရွက် ခပ်ထားသဖြင့် သောက်၍ကောင်းလှသည်။ တောတောင်ထွက် ဟင်းလျာတစ်မျိုးဖြစ်သည်။

"ဆရာလေးတို့လာတာ နောက်ကျလို့။ ဆောင်းတွင်းတုန်းကဆိုရင် ငါးပေါက်သီးချဉ်ရည်ဟင်းပါ စားရမှာ။ ငါးပေါက်သီးအခွံအောက်ကအသားကို ငါးနဲ့ချဉ်ရည်ဟင်းချက်ရင် အလွန်ခံတွင်းတွေ့တာ။ ဆရာလေးတို့ မက်လင်ချဉ်သီးဟင်းရော စားဖူးသလား။ အဲဒီဟင်းအရသာနဲ့တူတယ်။ ချဉ်ဖန်ဖန်ကလေးပေါ့"





"ဟုတ်ကဲ့ .... ကျွန်တော် မက်လင်ချဉ်သီးဟင်းတော့ စားဖူးပါတယ်။ အလွန်ခံတွင်းလိုက်တာပဲနော်။ ခံတွင်းပျက်နေသူတွေအတွက် မက်လင်ချဉ်ဟင်းက ဆေးပါပဲ။ မက်လက်ချဉ်လျှက်စားဆိုရင် နာမည်ကြီးပဲ။ ဆေးဖက်လည်း အသုံးဝင်တယ်လေ။ ဒါကြောင့် ငါးပေါက်သီးလည်း ဆေးဖက်အသုံးဝင်မလားလို့ပါခင်ဗျာ"

"အင်း ... ဖြစ်နိုင်တယ်။ ငါးပေါက်သီးလည်း မက်လင်ချဉ်သီး အရသာပဲ။ ဆေးဖက်ဝင်မှာပါ"

"ဒါနဲ့ဆရာကြီး ငါးပေါက်သီးအစေ့က အပေါက်ကလေးငါးပေါက်ထဲက ဘယ်အပေါက်မှာ ပါတာပါလဲ"

"လက်သန်းထိပ်လောက်ရှိတဲ့ အကြီးဆုံး အပေါက်အောက်တည့်တည့်မှာ။ မြေပဲဆန်လို ငါးပေါက်သီးအစေ့က ခေါင်လိုက်ရှိနေတာ။ တခြားအပေါက်ငယ်တွေမှာ ငါးပေါက်သီးအစေ့က မနေဘူး"

"အသီးတိုင်း ဒီအတိုင်းပဲလား ဆရာကြီး"

"အသီးတိုင်း ဒီအတိုင်းပဲ။ အပေါက်ကလေး (၅)ပေါက်က အတွင်းထဲထိအောင် မရောက်ဘူး။ အခွံမာပေါ်မှာပဲ အရာထင်နေတာ"

ကျွန်ုပ်လိုချင်သော ရတနာသိုက်မြေပုံ၏ အဖြေလျှို့ဝှက်ချက်ကို ရရှိပြီဖြစ်သည်။ သို့သော် ရတနာသိုက်ရှိ ကျောက်ဂူတ်များတွင် အချိုင့်ရာကလေးများထွင်းထားရာ လက်မ၊ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်းအရွယ်ခန့် အပေါက်ကလေးများဖြစ်ကြသည်။

အကြီးဆုံးအပေါက်မှာ လက်မထိပ်ခန့်ရှိပြီး အမှတ်စဉ် (၂) ကျောက်ဂူတ်ဖြစ်သည်။ တကယ်တမ်းဆိုလျှင် အမှတ်စဉ် (၁)ကျောက်ဂူတ်ရှိ အချိုင့်ရာအပေါက်ကလေးမှာ အကြီးဆုံးဖြစ်သင့်ပေသည်။ မလွဲ



www.burmeseclassic.com

www.burmeseclassic.com



များစေရန် ငါးပေါက်သီးအား ကိုယ်တိုင်မြင်ရမှာ သေချာပေလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်တို့ ငါးပေါက်တောင်သို့သွားမည့် ခရီးစဉ်အား မဖျက် တော့ဘဲ အတည်ပြုလိုက်ရတော့သည်။

ညအိပ်တော့လည်း ကျွန်ုပ်တို့ အိမ်အောက်ထပ်ရှိ ခုတင်များ ပေါ်တွင် အိပ်ကြရသည်။ ရှမ်းကြီးမှာ မိသားစုနည်းဟန်တူသည်။ သူနှင့် သူ့ဇနီးသာ တွေ့ရသည်။ အေးချမ်း၍ ညက အလွန်အိပ်၍ကောင်း သည်။ ခရီးပန်းလာသောကြောင့်လည်း ဖြစ်ပေမည်။

ကျွန်ုပ်တို့ မနက်(၆)နာရီခန့် ထကြသည်။ မျက်နှာသစ်၊ ခြေ လက်ဆေး၍ ဘုရားဝတ်ပြုနေကြစဉ် စားပွဲရှည်ကြီးပေါ်သို့ ဦးရှမ်းကြီး ၏ဇနီးဖြစ်သူက မနက်စာစားရန် ထမင်းကြော်နှင့် ငါးဖန်းမကင်များ အား အသင့်ပြင်ပေးသည်။ ရေနွေးကြမ်း ခါးခါးကလေးနှင့်ဖြစ်သည်။

ငါးဖန်းမကင်မှာ ဆီများရွှဲရွှဲစိုနေပြီး အရသာအလွန်ရှိသည်။ လက်ဝါးခန့်အကောင်ကြီးများ ဖြစ်ကြသည်။ ထမင်းကြော်မှာလည်း ပဲဆီ စစ်စစ် ဆုံဆီဖြစ်ဟန်ရှိသည်။ မြေပဲနှံကလေးသင်းပြီး မွှေးနေသည်။ သဘာဝစစ်စစ် အရသာများ ဖြစ်ပေတော့သည်။

ကျွန်ုပ်တို့ မနက်စာစားသောက်ပြီးတော့ ဦးရှမ်းကြီးဦးဆောင် ပြီး ဆိပ်ကမ်းသို့ ဆင်းကြသည်။ ဆိပ်ကမ်းတွင် ဆင်ခြေလျှောပြေ သောနေရာ၌ လုံးတွင်းလှေကလေးများအား ငုတ်တွင်ချည်၍ ဆိုက်ကပ် ထားသည်။ ထိုအထဲမှ အကြီးဆုံးလုံးထွင်းလှေပေါ်သို့ ကျွန်ုပ်တို့ ဆရာ တပည့်(၃)ဦးအား တက်ခိုင်းပြီး ဦးရှမ်းကြီးက ပဲ့ကလှော်သည်။

လှော်တက်အပိုလည်း မရှိသဖြင့် မျောက်တင်သောင်းက အလယ်ကလှော်သည်။ ရေစီးမှာသန်လှသဖြင့် နှစ်ဦးလှော်မှ လှေက





တရွေ့ရွေ့သွားသည်။ ဦးရှမ်းကြီးက အလွန်ကျွမ်းကျင်သည်။ ရေစီး အားကောင်းသော ရေလယ်ကိုရှောင်၍ ကမ်းစပ်ရေငြိမ်သော နေရာမှ တရွေ့ရွေ့လှော်ခတ် ပဲ့ကိုင်သည်။

ရေဆန်ဖြစ်သော်လည်း ရေစီးအားနည်းသည်။ ကမ်းစပ် ရေ တိမ်ပိုင်းမှသွားသဖြင့် လုံးတွင်းလှေကလေးမှာ တရိပ်ရိပ်ပြေးနေသည်။ ဦးခေါင်းကျွန်းကိုလွန်တော့ ဦးရှမ်းကြီးက ရေလယ်ကိုဖြတ်၍ လက်ဝဲ ဘက်သို့ ကပ်လှော်သည်။

ကျွမ်းကျင်ပါပေသည်။ အိုင်ဟိုင်းလိပ် (သံမဏိမောင်ကျောက် တုံးကြီး)အနီးရောက်တော့ သဘောခုတ်မောင်းစရာ လက်ယာဘက်မှ ရေလမ်းမှာ ဝဲကတော့ကြီးများထိုး၍ ရေစီးသန်လှသည်။ ကျွန်ုပ်တို့ယူ ထားသော လက်ဝဲဘက်ရေကြောင်းကတော့ ရေငြိမ်ပြီး ကျောက်တုံး ကြီးနှင့် ကမ်းစပ်မှာ လှေနှစ်စီးစာခန့်သွားနိုင်ရန် အပေါက်ဖြစ်နေသည်။ ဦးရှမ်းကြီးမှာ ဒေသခံဖြစ်၍ နယ်ပယ်မြေကျွမ်းကျင်ပေသည်။

ကျောက်တုံးကြီးကိုကျော်၍ ဧရာဝတီမြစ်ကြီးအတွင်း စီးဝင် နေသော မိုးကောင်းမြစ်ဆုံရာ၌လည်း လက်ဝဲဘက်ကမ်းက ကပ်သွား သဖြင့် ရေငြိမ်သည်။ မိုးကောင်းမြစ်ကျော်မှ လက်ယာဘက်ကမ်းသို့ ပြန်ကပ်ရသည်။

မိုးကောင်းမြစ်ရေက အထက်မှစီးဆင်းလာသော ဧရာဝတီမြစ် ရေအလျဉ်ကို ဟန့်တားသလိုဖြစ်နေ၍ မိုးကောင်းမြစ်စီးဝင်ရာ အထက် တွင် ရေစီးငြိမ်သည်။ သို့သော် ရေဝဲကတော့များထိုးနေ၍ လှေကို အင်အားသုံး၍ လှော်ကြရသည်။ ကျွန်ုပ်တို့၏ရှေ့ လက်ယာဘက်ကမ်း၌ စိမ်းစိုသာယာသော ငါးပေါက်တောင်ကြီးအား ထီးထီးကြီးဖြင့် မြင်ရ ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးရှမ်းကြီးက ဆင်ခြေလျှောပြေပြေ လှေဆိပ်တွင် လှေကို ကမ်းကပ်သည်။ လူအရောက်အပေါက်များသဖြင့် လှေဆိပ်မှာ ပြောင်ရှင်းနေပြီး တောင်ပေါ်တက်လမ်းမှာလည်း ဖုန်နေသည်။ ကျွန်ုပ်တို့ ကမ်းပေါ်သို့ တက်ကြသည်။ လှေကိုကြိုးချည်ပြီး တောင်ပေါ်တက်လမ်းအတိုင်း တက်ခဲ့ကြသည်။ လမ်းမှာပြေသည်။ ကွေ့ပတ်တက်ရသော လမ်းကလေးဖြစ်သည်။

တောင်လယ်မှ တောင်အပေါ်အထိ ငါးပေါက်သီးပင်များသာ စုဝေးပေါက်ရောက်နေခြင်းဖြစ်သည်။ ငါးပေါက်ပင်မှာ လက်ပံပင်နဲ့ ဆင်တူသည်။ အကိုင်းအတက်များသဖြင့် တက်ရလွယ်ကူပေမည်။ သို့သော် အပင်ကြီးများမှာ အတော်မြင့်မားပေသည်။

တောင်လယ်မှ အပင်များပေါ်တွင် ငါးပေါက်သီးများကို မတွေ့ရတော့ပါ။ ရာသီချိန်မဟုတ်သဖြင့် ရှားပါးချေပြီ။ တောင်ထိပ်က အပင်မြင့်များပေါ်တွင်တော့ ရှိတန်ကောင်းပါသေးသည်။ ကျွန်ုပ်တို့ တောင်ထိပ်သို့ တက်ခဲ့ကြသည်။ တောင်ထိပ်ရောက်မှ မြေပြောင်ပြောင်အကွက်ကလေးတွင် နားကြရသည်။ ဦးရှမ်းကြီးကတော့မနား အပင်ကြီးများပေါ်သို့ လိုက်ကြည့်နေသည်။

"ဟောဟိုအပင်ထိပ်များမှာ အသီး နှစ်လုံးသုံးလုံး တွေ့တယ်ဗျို့။ ရွက်ပုန်းသီးတွေဖြစ်မယ် မမှည့်သေးဘူး။ အစိမ်းအတိုင်းပဲ ရှိသေးတယ်။ ကျုပ်တက်ခူးပေးမယ်"

"နေ ... နေ ... ဆရာကြီး ကျွန်တော့်တပည့် မျောက်တင်သောင်း တက်ခူးလိမ့်မယ်။ သူက မျောက်လို သစ်ပင်တက် ကျွမ်းကျင်လို့ မျောက်တင်သောင်းလို့ခေါ်တာ"





"ဩော် ... ကျုပ်က ဆရာလေးတို့ကို မြို့သားတွေဆိုပြီး သစ်ပင်မတက်တတ်ဘူးအောက်မေ့နေတာ။ အာဂလူလည်း ပါလာတာကိုး"

အသီးကျန်နေသော ငါးပေါက်ပင်ကြီးမှာ တောင်ပေါ်၌ အကြီးဆုံး အပင်ကြီးဖြစ်သည်။ လူနှစ်ဖက်စာခန့်ရှိပြီး ပေ (၂၀၀') ခန့် မြင့်မားသည်။ သို့သော် ကျွန်ုပ်၏တပည့်ကျော် မျောင်တင်သောင်းက မှဆိုးခါးတောင်းကျိုက်ပြီး လျင်မြန်စွာ တက်သွားသည်။ မကြာမီ သစ်ပင်ထိပ်များရောက်ပြီး ငါးပေါက်သီးများကို ရှာဖွေခူးဆွတ်သည်။

"ဆရာရေ ... တစ်ပင်လုံးမှ အသီး(၅)လုံးပဲ ရှိတယ်ဗျို့"

"အေး ... အေး ... ဆင်းခဲ့တော့။ ရသလောက်ပဲ ဖြစ်ပါတယ်"

ဦးရှမ်းကြီးမှာ စေတနာကောင်းစွာဖြင့် အခြားအပင်များသို့ လိုက်၍ မော့ကြည့်နေသည်။

ကျွန်ုပ် ...

"ဦးရှမ်းကြီး ရပါပြီ။ သုတေသနပြုဖို့ နမူနာရရင် တော်ပါပြီ"

ကျွန်ုပ် မျောက်တင်သောင်း ခူး၍ဆင်းလာသော ငါးပေါက်သီး (၅)လုံးကိုယူကြည့်ရာ (၈)ငယ်ပုံ ပုံစီထားသလို အပေါက်ကလေး (၅)ပေါက်အနက် ဒုတိယနံပါတ်(၂)အချိုင့်ကလေးမှာ အကြီးဆုံးဖြစ်ကြောင်း ဝမ်းမြောက်စွာ တွေ့ရတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

❑

ငါးပေါက်သီးများရှေ့ ကျွန်ုပ်တို့ အလွန်ပျော်ရွှင်နေသည်။ ကျွန်ုပ်တို့၏ အပြုံးမျက်နှာများအားကြည့်ပြီး ဦးရှမ်းကြီးက ...

"ဆရာလေးတို့ရယ် ... ငါးပေါက်သီးရတာ ရွှေရသလို ပျော်နေကြပါကလား။ နောင်လိုချင်ရင် ရာသီချိန်မှာ မြစ်ကြီးနားကနေ ဆင်ဘိုသင်္ဘောကြီးနဲ့ စာရေးပေးလိုက်ပါ။ ကျုပ်လိုသလောက် ပို့ပေးပါ့မယ်။ ကျသင့်တဲ့စရိတ်လောက်သာ ကျုပ်ကိုပေးပါ။ ကျုပ် အမြတ်မယူပါဘူး"

"ဘယ်ဒီလိုဟုတ်မလဲ ဆရာကြီးရယ်။ ကျသင့်တဲ့စရိတ်အပြင် ဆရာကြီးကို အမြတ်လည်း ပေးရမှာပေါ့။ အဲ ... တစ်ခုပဲရှိတယ်။ ဘယ်လောက်စျေးနဲ့ ဘယ်သူ့ကို ငွေပေးရမှာလဲ"





"အဲဒါလည်း လွယ်ပါတယ်။ ဆင်ဘိုသင်္ဘောအပြန်ကို ဆရာလေးတို့က စောင့်ယူရမှာဆိုတော့ ကျသင့်ငွေကို ကျုပ်က စာရေးလိုက်မယ်။ ငွေနည်းရင်တော့ သင်္ဘောစာရေးနဲ့ပေးလိုက်ရင် ဖြစ်ပါတယ်။ ငွေများရင်တော့ ကျုပ်သမီးက မြစ်ကြီးနားကောလိပ်မှာ ဆရာမလုပ်နေတာ။ နာမည်က နန်းကလျာတဲ့။ သူ့ကိုသွားပေးရင် ရပါတယ်။ ကျုပ်က ဆရာလေးတို့လိုသမျှ အသီးအလုံးအရေအတွက်ကို တစ်ရွာလုံးကကောက်ပြီး ပို့လိုက်ပါ့မယ်"

"အဲဒီအစီအစဉ် ကောင်းပါတယ်။ ကျွန်တော်တို့ ဒီဘက်လာဖို့ မလိုတော့ဘဲ မပင်ပန်းတော့ဘူးပေါ့"

"ငါးပေါက်သီးကို ပဒေသာပင်လို့ခူးကြတာ ဆရာလေးရဲ့။ ဒီငါးပေါက်တောင်ဟာ အများနဲ့ဆိုင်တယ်။ ဘယ်သူမှ ကိုယ့်အပင်၊ သူ့အပင် သတ်မှတ်ထားလို့မရဘူး။ ရာသီချိန်ရောက်တာနဲ့ ပွဲတော်ကြီးကျနေတာပဲ။ ကလေးလူကြီး ဒီတောင်ပေါ်တက်ပြီး ခူးကြတာ။

အပြန်ကျတော့လည်း တောင်းကြီးတောင်းငယ်နဲ့ သယ်ကြထမ်းကြတာ။ ရောင်းစားတာထက် မိသားစုစားဖို့ခူးကြတာ များပါတယ်။ ငါးပေါက်ဆန်ကို ကလေးလူကြီးကြိုက်ကြတာ များတယ်လေ။ ကျုပ်တို့ဆီမှာတော့ ရာသီသရေစာတစ်မျိုးပါပဲ"

ကျွန်ုပ်တို့ စကားပြောရင်း တောင်အောက်သို့ ဆင်းခဲ့ကြသည်။ တပည့်ကျော်အောင်သန်းနှင့် မျောက်တင်သောင်းတို့က အပင်ပေါ်မော့ကြည့်ရင်း လမ်းလျှောက်ကြရာ သစ်မြစ်နှင့်ခလုတ် ဝင်တိုက်သေးသည်။

"ဆရာလေးတို့ ... မော့မကြည့်ကြနဲ့တော့ မရှိတော့ဘူး။ ဒီအသီးငါးလုံးကိုတောင် ကံကောင်းလို့ရတာ။ ဒီရာသီမှာ ရွှေထက်ရှား



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ။ ကျုပ်တို့ဆီမှာ ရွှေဆိုတာက ပေါ်ဒွေးပဲ။ ဘယ်ကမ်းစပ်ကျင်ကျင် ရတယ်။ ငါးပေါက်သီးကတော့ ဒီတောင်ပေါ်မှာ ရာသီချိန်မှရတတ်တာ။ ဆရာလေးတို့ အလွန်ကံကောင်းပါတယ်"

ဦးရှမ်းကြီးက ငါးပေါက်သီးကို ရွှေဖြင့်နှိုင်းသဖြင့် ကျွန်ုပ် လွန်စွာ သဘောကျမိသည်။ ငါးပေါက်သီးမှာ ကျွန်ုပ်တို့အတွက် ရွှေထက် တန်ဖိုးကြီးလွန်းလှပါသည်။ ငါးပေါက်သီးတစ်လုံးကို မြင်ရသည်နှင့် ကျွန်ုပ်တို့အတွက် ရတနာသိုက်ကြီးတစ်ခုလုံးကို ရတော့မည်မဟုတ်ပါလော။

အပြန်တွင် ရေစုန်ဖြစ်၍ ပိုမြန်သည်။ ရေလမ်းကျွမ်းကျင်လှသော ဦးရှမ်းကြီးလှေကို ရေလှည့်သင့်ရာမှ အလိုက်သင့်ပဲ ထိန်းပေးရုံသာဖြစ်သည်။ လှော်ခတ်စရာပင် မလိုလှပေ။ ကျွန်ုပ်တို့ မနက် (၇) နာရီခန့်က ဆင်ဘိုရွာကထွက်လာရာ ဆင်ဘိုရွာသို့ မနက် (၁၁)နာရီခန့်တွင်ပင် ပြန်ရောက်သည်။

ရေကြောင်းလမ်းမှာ အန္တရာယ်များလှသော်လည်း ဦးရှမ်းကြီး၏ ကျွမ်းကျင်မှုကြောင့် ကျွန်ုပ်တို့ ဘေးမသီရန်မခ ပြန်ရောက်ကြခြင်းဖြစ်သည်။ တန်ဖိုးဆိုသည်မှာ သူ့နေရာနှင့်သူ ရှိပေသည်။ ဦးရှမ်းကြီးအား မည်သို့ ကျေးဇူးဆပ်ရမည်နည်းဟု ကျွန်ုပ် တစ်လမ်းလုံး စဉ်းစားလာမိသည်။

ငါးပေါက်သီးတစ်လုံး၏ ဒေသထွက်ကုန်တန်ဖိုးမှာ အလွန်နည်းမည်ဖြစ်သော်လည်း ကျွန်ုပ်တို့အတွက် သိန်းပေါင်းများစွာ တန်ဖိုးရှိနေပေသည်။ ကျွန်ုပ်တို့ ဆင်ဘိုရွာဆိပ် ကမ်းတွင်လှေဆိုက်၍ ဦးရှမ်းကြီးအိမ်ပြန်ရောက်တော့ ဦးရှမ်းကြီးဇနီးက နေ့လယ်စာ အဆင်သင့်ချက်ပြုတ်ပြီးဖြစ်လေသည်။ ကျွန်ုပ်တို့ ရေချိုးပြီး အဝတ်အစားလဲပြီးချိန်တွင်တော့ နေ့လယ်စာထမင်းပွဲက အဆင်သင့်ဖြစ်နေပြီ။





ထိုနေ့က နေ့လယ်စာတွင် ငါးဘတ်ဟင်းအပြင် ငါးခေါင်းချဉ်ရည်ဟင်း၊ ကြက်သားဟင်းတို့ဖြင့် ထမင်းမြိန်စွာ စားရပြန်သည်။ ထမင်းစားရင်း ကျွန်ုပ်က ...

"ဆရာကြီး ...မနက်ဖြန်မနက် ကျွန်တော်တို့ ပြန်တော့မယ်။ သင်္ဘောက ဘယ်အချိန်ရှိတာလဲ"

"မြစ်ကြီးနား–ဆင်ဘိုသင်္ဘောက ဒီရွာကို ညနေ(၅)နာရီ ပုံမှန်ရောက်တယ်။ နောက်တစ်နေ့မနက် (၇)နာရီ ပြန်ထွက်တယ်"

"ဒါဆို ကျွန်တော်တို့ (၇)နာရီသင်္ဘောနဲ့ လိုက်ရမှာပေါ့နော် ဆရာကြီး"

"ဟုတ်ပါ့ဗျာ။ ကျုပ်က ဆရာလေးတို့ကို ပထမမြစ်ကျဉ်းဘက် သွားပြီး ရွှေတွင်းတူးတာတွေ ပြချင်သေးတာ။ ကံမကောင်းရင် ထမင်းစားဖို့လောက်သာသာရပေမယ့် ကံကောင်းထောက်မရင် ရွှေကြောနဲ့တိုးပြီး အတုံးလိုက်အခဲလိုက် ရတတ်တာ။ အလွန်အားရဖို့ကောင်းတယ်။

ကျုပ်တို့ဒေသက ငါးပုစွန်၊ ဟင်းသီးဟင်းရွက်အပြင် ရွှေလည်းပဲ ပေါပေါများများထွက်သဗျ။ ကျုပ်တို့ရွာမှာ ဆင်းရဲသားမရှိဘူး။ အလယ်အလတ်တန်းစားနဲ့ သူဌေးသူကြွယ်တွေပဲရှိတယ်။ ရှာရဖွေ့ရတာ လွယ်ကူတယ်။ ရာသီဥတု အေးချမ်းတယ်။ ရောဂါဘယကင်းတယ်။ ဒါကြောင့် ကျုပ်တို့ရွာမှာ အသက် (၁၀၀)ကျော် အဘိုးအဘွားတွေတောင် အများကြီးရှိတယ်"

"ဝမ်းသာပါတယ် ဆရာကြီး။ အခုလို စကားကြားရတာ။ ဒါဆို ဧရာဝတီက ရွှေမြစ်ကြီးပေါ့နော်"

"ဒါ အမှန်ပါပဲ။ ဧရာဝတီမြစ်ကြီးကို သီဂိန္နဒီလို့တောင် ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ကြသေးတယ် မဟုတ်လား။ ရွှေမြစ်ကြီး အစစ်အမှန်ပါပဲ။ စားဖို့သောက်ဖို့အတွက် ငါးပေးတယ်။ ရွှေမှုန်တွေပေးတယ်။ စိုက်ဖို့ပျိုးဖို့ မြေနုကျွန်းတွေဖော်ပေးတယ်။ အစစ်အမှန် ရွှေမြစ်ကြီးပါပဲ ဆရာလေးတို့ရယ်''

''အေးဗျာ . . . ဒီဒေသက ခရီးလမ်းပန်းအဆက်အသွယ် ခက်ခဲပေမဲ့ သဘာဝကပေးတဲ့ လက်ဆောင်တွေက စားမကုန်၊ သုံးမကုန်အောင်ဘဲ များလှသဗျာနော် . . . ဆရာကြီး''

''ဟုတ်ပါ့ဗျာ။ ဒါကြောင့်လည်း ကျုပ်တို့ ဒီဒေသက မခွာနိုင်တာ။ ကျုပ်တို့အင်အားနဲ့ မြစ်ကြီးနားမြို့ပေါ် တက်နေလို့ရပါတယ်။ သမီးကလေးကိုတော့ ခေတ်ပညာတတ် ဖြစ်စေချင်လွန်းလို့ မြို့ပေါ်မှာထားရတာ။ ပြီးခဲ့တဲ့ရက်က ဆရာလေးတို့နဲ့ကြုံတာက သမီးဆီကို ငွေသွားပို့ပြီး အပြန်ကြုံတာပါ။ ဆရာလေးတို့ပြန်ရင်တော့ သမီးမှာလိုက်တဲ့ပစ္စည်းလေးတွေကို လူကြုံနဲ့ ပေးလိုက်ပါရစေ''

''ရပါတယ် ဆရာကြီးရယ်။ ဆရာကြီးကူညီလို့ ကျွန်တော်တို့ကိစ္စ အဆင်ပြေတာပါ။ ကျွန်တော်တို့ကလည်း ဆရာကြီးတို့ကို ပြန်ကူညီရမှာပေါ့ဗျာ။ ဒါမှလည်း ဆရာကြီးပြောတဲ့ ဗုဒ္ဓဘာသာ မင်္ဂလာတရားတော်နဲ့ ညီပေတော့မပေါ့ဗျာ''

''ကဲ . . . ဆရာလေးတို့၊ မနက်ဖြန် ပြန်ကြမယ်ဆိုတော့ အချိန်က မရတော့ဘူး။ ထမင်းစားပြီးတာနဲ့ လမ်းလျှောက်ရင်း ပထမမြစ်ကျဉ်းဘက် သွားကြရအောင်။ ဒီကနဲ့ သိပ်မဝေးပါဘူး။ (၃)မိုင်လောက်ပဲ ဝေးတာပါ။ ရွှေရှာနေတာတွေကို ပြချင်လို့ပါ''

ကျွန်ုပ်တို့ ဆင်ဘိုရွာ၊ ဧရာဝတီမြစ်ကမ်းထိပ်ရောက်သည်နှင့် ဦးရှမ်းကြီးက . . .





''ဒီကနေမျှော်ကြည့်လိုက်ရင် ဟိုအဝေးမှာ ပထမမြစ်ကျဉ်းရဲ့ ဒီဘက်အဝကို တွေ့ရလိမ့်မယ်။ ဧရာဝတီရဲ့ ပထမမြစ်ကျဉ်းလို့ နာမည်ကျော်ကြားတဲ့ နေရာပါပဲ''

ဟုတ်ပါသည်။ ခရီးအကွာအဝေး (၃)မိုင်ခန့်အကွာတွင် ပထမမြစ်ကျဉ်း၏ ဤမှာဘက်ထိပ်ဝကို မြင်ရသည်မှာ တောင်ကြီးတစ်တောင်က ဧရာဝတီမြစ်ကြီးအား အပေါက်ပိတ်ထားသကဲ့သို့ မြင်ရသည်။ မြစ်ကြောင်းကြီးသည် ထိုနေရာ၌ ကွေ့ကောက်ပျောက်ကွယ်သွားသည်ဟုလည်း ထင်ရသည်။

ဆင်ဘိုရွာက ကျွန်ုပ်တို့ ထွက်လာသောအချိန်မှာ ညနေ (၂) နာရီခန့် ရှိပြီဖြစ်သည်။ ကမ်းပါးယံလမ်းအတိုင်း လျှောက်လိုက်၊ မြစ်အတွင်း သောင်ခုံပေါ်ဆင်းလျှောက်လိုက်ဖြင့် လျှောက်လှမ်းလာကြရာ မြစ်ကြီး၏လက်ယာဘက်ဘေးမှ မြင်သာရွာ၊ ရေနားမင်လုံရွာတို့အား ကျော်ဖြတ်ခဲ့ပြီးနောက် ပထမမြစ်ကျဉ်း၏အဝ မန်လေရွာအနီးသို့ ရောက်လာခဲ့သည်။ လမ်းလျှောက်ချိန် တစ်နာရီခန့်ကြာသည်။

ပထမမြစ်ကျဉ်းအဝမှာ ထူးခြားသာယာလှသည်။ ကျွန်ုပ်တို့ ဖြတ်သန်းခဲ့သည့် ဧရာဝတီမြစ်ကြီးမှာ နှစ်မိုင်၊ သုံးမိုင်ခန့် ကျယ်ဝန်းလှသော်လည်း ဤမြစ်ကျဉ်းနေရာတွင် ကိုက်(၁၀၀) မှ ကိုက်(၃၀၀) အတွင်းသာ ကျယ်ဝန်းတော့သည်။

မြစ်ညာတွင် ကြည်လင်အေးမြသော မြစ်ရေများက တသွင်သွင်တညင်ညင် စီးဆင်းနေသည်။ ဤမြစ်ကျဉ်းနေရာတွင်တော့ တဝုန်းဝုန်းတဝေါဝေါအရှိန်ဖြင့် ပြေး၍ စီးဆင်းနေသည်။ အနီးပတ်ဝန်းကျင်ရှိ တောင်ကုန်းတောင်တန်း၊ ထောင်ထိပ်များပေါ်တွင်လည်း ဝါးတောကြီး



www.burmeseclassic.com

www.burmeseclassic.com



များ၊ ကျွန်းတောကြီးများ၊ အမြဲစိမ်းလန်းသော သစ်တောကြီးများ ဖုံးလွှမ်းအုပ်ဆိုင်းလျက်ရှိသည်။

မြစ်ကမ်းနှစ်ဘက်မှ တောင်မြင့်ကြီးများ၊ မြစ်ပြင်တွင် ကန့်လန့်ဖြတ်လျက် တုံးလုံးပက်လက်လှဲသော ကျောက်တန်း၊ ကျောက်တုံးကြီးများသည် မြစ်ရေစီးကို ကြဲကြဲခံထားကြသည်။ ကျောက်စောင်းထက် ရေစောင်းထက်ယှူသော စကားပုံရှိသော်လည်း ဧရာဝတီမြစ်ကြီးအတွင်းမှ ကျောက်တောင်ကျောက်တန်းများမှာ နှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင် မပျောက်မပျက် တည်ရှိနေကြသည်။

မြစ်ရေမှာ အရှိန်အဟုန်ဖြင့် ကျောက်တန်းကြီးများအား ပြေး၍ဆောင့်သော်လည်း အပိုင်းပိုင်းကွဲ၍ တရှဲရှဲအော်မြည်ကာ ဦးစောက်ကျွမ်းပြန် အဖန်တလဲလဲ ပြိုကွဲသွားကြသည်။ လွန်စွာ ဤခြေကြီးလှသော ဧရာဝတီမြစ်ရေပြင်ကြီးသည် ဤပထမမြစ်ကျဉ်းနေရာ၌ လွန်စွာကသုတ်ကရက် နိုင်လွန်းလှသည်။ ပထမမြစ်ကျဉ်းသည် ဧရာဝတီမြစ်ကြီးကို အဟန့်အတားပြုထားခြင်းဖြစ်ပေသည်။

ဧရာဝတီမြစ်ကြီးသည် ရွှေထွက်သော ရတနာနဒီမြစ်ကြီးဖြစ်သည်။ ပထမမြစ်ကျဉ်း၏ ကမ်းနှစ်ဖက်တွင် ရွှေရှာသူများနှင့် ပြည့်နေသည်။ တဲကလေးများထိုးပြီး ရွှေကျင်နေကြသည်။ အချို့က လက်ဖြင့် မြေသယ်၍ ရွှေကျင်နေကြသော်လည်း အချို့က ကူဘိုတဲရေစုပ်စက်ဖြင့် ရေစုပ်၍ ရွှေထုတ်နေကြသည်။ ရာသီဥတုသာချိန်ဖြစ်၍ ပထမမြစ်ကျဉ်းအဝတွင် ရွှေကျင်သူများနှင့် ဖွေးဖွေးလှုပ်နေသည်။ ဦးရှမ်းကြီးက ...

"ရွှေကျင်နည်းကတော့ အမျိုးမျိုးရှိတယ်။ ရွှေမြေကို ရေဖျော်





ပြီး ကျင်ဗိုင်းနဲ့ကျင်တယ်။ မျောတိုက်တယ်။ မြစ်ထဲက ရွှေမြေကို ရေစုပ်စက်နဲ့စုပ်ယူပြီး ကျင်တယ်။ မြစ်ကမ်းနှစ်ဘက်မှာ လိုက်တူးပြီးလည်း ရှာကြတယ်။ အနည်းနဲ့အများတော့ ရကြတာချည်းပါပဲ။ ကံကောင်းထောက်မ,ရင်တော့ ရွှေမြုန်းကြောကိုတွေ့ပြီး ရွှေမှုန်တင်မကဘဲ ရွှေတုံးရွှေခဲတွေကိုပါ ရတတ်ကြတယ်။ အဲ ... ဆိုးတာကတော့ ဝမ်းရောဂါနဲ့ ငှက်ဖျားရောဂါဟာ ဒီဒေသမှာ ရွှေကျင်သူတွေကို အလွန်ဒုက္ခပေးတတ်တယ်"

ပထမမြစ်ကျဉ်းဒေသတွင် တောင်တန်းနှင့် တောင်မြင့်ကြီးများ ကာဆီးနေသဖြင့် နေဝင်စောသည်။ ညနေ (၅)နာရီခန့်တွင်ပင် နေဝင်ပြီဖြစ်သည်။ သို့သော် အလင်းရောင်တော့ ကောင်းစွာရှိပါသေးသည်။ ကျွန်ုပ်တို့ ဆင်ဘိုရွာသို့လှည့်ပြန်တော့ ရွှေကျင်သူများမှာ ဖွဲ့နှင့်မာန်နှင့် အလုပ်ကောင်းတုန်းပင် ရှိပါသေးသည်။

ရွာရောက်တော့ မိုးချုပ်ပေပြီ။ ကျွန်ုပ်တို့ ရေမိုးချိုးပြီးတော့ စားသောက်ဝိုင်းက အသင့်ဖြစ်နေပြီ။

"ကဲ ... ဆရာလေးတို့ကို နှုတ်ဆက်တဲ့အနေနဲ့ ညှိခံတာပါ။ အားမနာတမ်း စားကြ၊ သောက်ကြပါ။ ကျုပ်နာမည်က နန္ဒ၊ မိန်းမနာမည်က စောစန္ဒီ၊ သမီးကလေးနာမည်က စောနန်းကလျာ။ မှတ်သွားကြပါ"

ကျွန်ုပ်တို့ကလည်း နာမည်အသီးသီးနှင့် လိပ်စာများကို ရေးပေးလိုက်ပါသည်။ စတွေ့စဉ်က မိတ်မဆက်မိဘဲ ပြန်ကာနီး နှုတ်ဆက်ပွဲကျမှ နာမည်များပြောကာ မိတ်ဆက်ကြရ၍ ရယ်စရာတော့ကောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အနောက်တိုင်းမဆန်ဘဲ အရှေ့တိုင်းဆန်ဆန် ခင်မင်ရင်းနှီးမှုကို ရှေ့တန်းတင်ပြီးမှ နာမည်ဖြင့် မိတ်ဆက်ရခြင်းကို ကျွန်ုပ်ပို၍ သဘောကျမိပါသည်။ ထို့ကြောင့် ကျွန်ုပ်က ...

"ကဲ ... ဦးနန္ဒ၊ ခင်ဗျား ဘယ်လိုမှတော့ သဘောမထားပါနဲ့။ ကျွန်တော်တို့ဆရာတပည့်ကို ကျွေးမွေးပြုစုတဲ့အတွက် ငွေ(၁၀၀၀ိ/)ကျပ် ကန်တော့ပါရစေ။ လက်ခံပါခင်ဗျား"

"မဟုတ်တာ ဆရာလေးရယ်။ ကျုပ်စကတည်းက ပြောပြီးသားကပဲ။ ကျုပ်တို့ မဆင်းရဲပါဘူးလို့။ စေတနာနဲ့ ပြုစုကျွေးမွေးတာပါ"

"ဒါဆိုရင်တော့ ကျွန်တော် စိတ်မကောင်းဖြစ်ရလိမ့်မယ်။ ကျွန်တော် အမှတ်တရလက်ဆောင်တစ်ခုတော့ ပေးပါရစေဗျာ။ လက်ခံပါ ဦးနန္ဒရယ်"

ကျွန်ုပ်က ကျွန်ုပ်ဝတ်ဆင်လာသော (SEIKO .5) နာရီကို ချွတ်၍ အတင်းပေးရာ ဦးနန္ဒက ...

"ဆရာလေးက ခရီးသွားနေရမှာ အသုံးလိုမှာပေါ့။ ကျုပ်အတွက် မလိုပါဘူး။ ပြန်ယူသွားပါ ဆရာလေး"

"ကျွန်တော့်အတွက် အပိုတစ်လုံးရှိပါသေးတယ်။ ဦးနန္ဒ ယူပါဗျာ။ အမှတ်တရပေါ့။ မယူရင်တော့ ကျွန်တော် စိတ်မကောင်းဖြစ်ရပါလိမ့်မယ်"

ထိုအခါမှ ဦးနန္ဒကယူသည်။

"ဆရာလေးရယ် ... အားနာစရာဗျာ။ ကျုပ်တို့တောထဲက လူတွေ နာရီမလိုပါဘူးဗျာ"





ကျွန်ုပ်တို့ ထိုညတွင်လည်း ကောင်းစွာ စားသောက်ကြပြီး ကောင်းစွာ အိပ်စက်ခဲ့ရသည်။

နောက်တစ်နေ့မနက်တွင် ကျွန်ုပ်တို့ မနက် (၅) နာရီတွင် အိပ်ရာထကြ၍ မျက်နှာသစ်ပြီး ဘုရားဝတ်ပြုကြသည်။ ပြီးနောက် မနက်စာ စားနေကြစဉ် ဦးနန္ဒက ကျွန်ုပ်တို့လမ်းတွင် နေ့လယ်စာစားရန် ထမင်းထုပ်နှင့် သူ့သမီးထံပို့ပေးရန် ငါးကြော်များနှင့် အဝတ်အစားထုပ်တစ်ထုပ်အား လှူကြိုပေးသည်။ ကျွန်ုပ် မနက် (၇) နာရီမထိုးမီသဘောဆိပ်ဆင်းတော့ ရှမ်းကြီးဦးနန္ဒက လိုက်ပို့ပြန်သည်။

ဂိတ်အစခရီးဖြစ်၍ သင်္ဘောက ချောင်သည်။ သို့သော် ကုန်များကတော့ အတော်များသည်။ လမ်း၌ တာလောကြီးရွာရောက်သည်နှင့် ခရီးသည်က ပြည့်သွားမည်ဖြစ်သည်။ အဆန်ခရီးဖြစ်၍ ကျွန်ုပ်တို့ စိုးရိမ်မိကြသည်။

အရိန္ဒမာကျောက်တန်းကြီးနှင့် ဥလောက်ကျောက်တန်းကြီးကို ကြောက်လန့်ကြခြင်းဖြစ်သည်။ ဒေသခံခရီးသွားများကတော့ ဤရေလမ်းခရီးကြမ်းကြီးကို နေ့စဉ်ပင် အိမ်ဦးနှင့်ကျွမ်းပြင် ဥဒဟို အေးဆေးတည်ငြိမ်စွာ ဖြတ်သန်းနေကြသည်မှာ အံ့သြစရာကောင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com

❑

အပြန်တွင် အရိန္ဒမာကျောက်တန်းကြီးကိုအဖြတ် ရေစီးအရှိန်ရေဆန်ခရီးဖြစ်၍ သင်္ဘောကြီးမှာ ယိမ်းထိုးနေပြီး ကျောက်တန်းကြီးဖြင့်လည်းကောင်း၊ ကမ်းပါးနှင့်လည်းကောင်း ပွတ်တိုက်မိရာ တကျိကျိမြည်နေသည်။ ပွတ်တိုက်မိတိုင်း သင်္ဘောကြီးမှာ တုန်ခါသွားသည်၊ ကျွန်ုပ်တို့ ဘုရားတ,နေမိသည်။

သို့သော် သင်္ဘောမာလိန်မှူး၏ ကျွမ်းကျင်မှု၊ သင်္ဘောသားများ၏ ထိုးဝါးထောက်ကူညီမှုကြောင့် အန္တရာယ်မှ လွတ်ကင်းခဲ့ရသည်။ ခရီးသည် ဒေသခံများကတော့ စိုးရိမ်ပူပန်ပုံမရကြ။ အေးဆေးစွာ လိုက်ပါလာကြသည်။ ဤရေလမ်းခရီးမှာ သူတို့အတွက် ရိုးနေပြန်တူသည်။

ဥလောက်ကျောက်တန်းကြီးကို ဖြတ်တော့လည်း ထို့အတူပင်။ စွန့်စွန့်စားစား ဖြတ်သန်းခဲ့ရသည်။ ကျွန်ုပ်တို့လို တစ်ခါတစ်ရံသာ ရေကြောင်းခရီး သွားဖူးသူများအတွက်တော့ မဟာစွန့်စားခန်းကြီးပင် ဖြစ်သည်။





အဆန်ခရီးမှာ သင်္ဘောကြီးက အလွန်နှေးသည်။ မြစ်ကြီးနားမြို့သို့ရောက်တော့ ည(၇)နာရီပင် ထိုးပေပြီ။ ကျွန်ုပ်တို့ ဆရာတပည့် မြစ်ကြီးနား ဈေးအနီးတည်းခိုခန်းတစ်ခုတွင် တည်းခိုကြပြီး နီးစပ်ရာဆိုင်တွင် ညစာစားရင်း ညအိပ်ကြရသည်။

မနက်လင်းသော် မနက်စာထွက်စားကြရင်း မြစ်ကြီးနား ကောလိပ်သို့ ဆိုက်ကားဖြင့်သွားကြသည်။ မေးမြန်းစုံစမ်းရင်း ဦးရှမ်းကြီး၏သမီး စောနန်းကလျာနှင့် တွေ့ရသည်။ လူစိမ်းများဖြစ်ကြသော ကျွန်ုပ်တို့ကိုတွေ့တော့ သူမ အလွန်အံ့သြနေရှာသည်။

စောနန်းကလျာမှာ ရှမ်းအနွယ်ဝင်ဖြစ်၍ ပန်းနုရောင်အသားအရေ၊ တောင့်တင်းသောအချိုးအဆက်၊ မျက်လုံးမျက်ခုံးကောင်းကောင်း၊ မျက်နှာသွယ်လျလျဖြင့် အလွန်ချောမောသူဖြစ်သည်။ ကျွန်ုပ်က မိတ်ဆက်ပြီး ဦးနန္ဒပေးလိုက်သော စာနှင့်ပစ္စည်းများအား သူမကိုပေးသည်။ သူမက စာကိုဖတ်ကြည့်ပြီး ...

"စောနန်း အားနာလိုက်တာရှင်။ အပါးက စာထဲမှာရေးထားပါတယ်။ အစ်ကိုတို့ လိုအပ်တဲ့အကူအညီကို ပေးပါတဲ့။ စောနန်း ဘာကူညီရမလဲရှင်"

"မလိုတော့ပါဘူး ... မစောနန်း။ ကျွန်တော်တို့ ဒီနေ့ညနေရထားနဲ့ ရန်ကုန်ပြန်မှာပါ၊ ဆင်ဘိုရွာကို အလုပ်ကိစ္စနဲ့ရောက်လို့ မစောနန်းတို့အိမ်မှာ နှစ်ညတည်းခိုပြီး မနေ့ညနေက မြစ်ကြီးနားပြန်ရောက်တာပါ။ အဲဒါ မစောနန်းမိဘတွေက လူကြုံပေးလိုက်လို့ ပစ္စည်းလာပို့တာပါ"

"ကျေးဇူးတင်ပါတယ်ရှင့်။ ဒါနဲ့ အစ်ကိုတို့က ဆင်ဘိုရွာသွားတာဆိုတော့ ရွှေရှာတဲ့အဖွဲ့ ထင်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး မစောနန်း။ ကျွန်တော်တို့က ငါးပေါက်သီး သုတေသနလုပ်ဖို့ သွားကြတာပါ"

"ငါးပေါက်သီး ... ဟုတ်သလား အစ်ကို။ ငါးပေါက်သီးကို ဘာလုပ်ဖို့လဲ။ ဒီအချိန်က ငါးပေါက်သီးရာသီ မဟုတ်တော့ဘူးလေ။ အသီးတုံးချိန်ပဲ။ ရကော ရခဲ့ကြသေးသလား"

"အစ်ကိုတို့က ဆေးဝါးဖော်စပ်ဖို့ ငါးပေါက်သီးနမူနာ လာယူတဲ့သဘောပါ။ ရှားရှားပါးပါး အသီး (၅) လုံးရခဲ့လို့ အဆင်ပြေပါတယ်"

"စောနန်းတို့ဆီမှာတော့ ငါးပေါက်သီးဆန်ကို သရေစာအဖြစ် စားကြတာပါပဲ။ ဆေးဖက်အသုံးဝင်မှန်း မသိပါဘူးရှင်"

"ကျွန်တော်တို့လည်း ခုတ်ခွဲကြည့်ရဦးမှာပါ။ အစေ့က တစ်မျိုး၊ အသီးက တစ်မျိုး ဆေးဖက်ဝင်မှာတော့ အမှန်ပါပဲ။ အသီးကိုယ်၌က အပေါက်ကလေးငါးပေါက်နဲ့ ထူးခြားနေတယ်လေ"

"ဟုတ်ပါတယ်ရှင်။ အသီးကိုယ်၌က ထူးခြားသလို အဆန်ကလည်း အလွန်ဆိမ့်ပြီး အရသာရှိပါတယ်။ အဲဒီအသီးပင်တွေပေါက်တဲ့ ငါးပေါက်တောင်ကလည်း အလွန်ထူးခြားပါတယ်။ နတ်လည်း အလွန်ကြီးတယ်။ တောင်ပေါ်မှာ စကားအပြောအဆို ဆင်ခြင်ရတယ်။ ယုတ်ညံ့တဲ့စကားကို မပြောရဘူး။ မဆဲရဘူး။

နောက်ပြီး တွင်းငါးတွင်းရှိတဲ့ ရတနာသိုက်ရှိတယ်လို့လည်း ပြောကြတယ်။ ဒါပေမဲ့ စောနန်းတို့ငယ်စဉ်ကတည်းက တောင်ပေါ်အနှံ့ ရောက်ဖူးပါတယ်။ ဘာတွင်းမှ မတွေ့ပါဘူး။ အပါးတို့ပြောတာကတော့ ဘုရားသိုက်တဲ့။ သာမန်လူတွေ မတွေ့ရလေအောင် နတ်သိကြားတွေ ကွယ်ဝှက်ထားတာတဲ့။





ညဘက် တောင်ခြေနားရောက်တာနဲ့ ကြေးစည်သံ၊ ခေါင်းလောင်းသံ ကြားရတယ်လို့ ပြောကြတယ်။ နောက်ပြီး ပထမမြစ်ကျဉ်းအဝက ကျောက်တန်းကြီးကလည်း ထူးခြားတာပဲ။ အထက်ဘက်မှာ မိုးရွာလို့ မြစ်ရေကြီးတော့မယ်ဆိုရင် အူသံပေးတယ်။ ညဘက်မှာပေါ့၊ ရေကမကြီးသေးလို့ မယုံကြည်တဲ့သူတွေက ရွှေရှာမြဲရှာနေကြရင် ရုတ်တရက် ရေကြီးလာပြီး သေကုန်ကြတာပဲ"

"ဪ ... သတိပေးတဲ့ သဘောပေါ့နော်။ မြစ်ကျဉ်းအဝက ကျောက်တန်းကြီးမှာ အပေါက်ကြီးတွေကို တွေ့ခဲ့ရတယ်"

"ဟုတ်ပါတယ်။ အဲဒီအပေါက်ကြီးတွေက အော်သံထွက်တာပါ။ ဥသြဆွဲသလိုပဲ။ တစ်ချိန်လုံးမြည်နေတာ ဘယ်လိုဆက်စပ်မှုရှိသလဲတော့ မသိဘူး"

"ထူးဆန်းတယ်နော် နိမိတ်ပြတာပေါ့။ ဆိုင်ရာပိုင်ရာ အစောင့်အရှောက်တွေက သတိပေးတာထင်ပါရဲ့"

"ဟုတ်လိမ့်မယ်ရှင့်။ ရေကြီးပြီးရင်တော့ အဲဒီပထမ မြစ်ကျဉ်းအဝမှာ ဘယ်နေရာရှာရှာ ရွှေမှုန်ရွှေခဲလေးတွေ အများကြီးရတတ်တယ်။ သဘာဝကပေးတဲ့ လက်ဆောင်ပေါ့ရှင့်"

"အင်းနော် ... မစောနန်းတို့ဒေသက ထူးဆန်းတယ်နော်။ ဒါကြောင့် ထင်ပါရဲ့၊ မစောနန်းအဖေ ဦးနန္ဒကပြောတယ်။ ဆင်ဘိုရွာမှာ ဆင်းရဲတဲ့သူ မရှိဘူးတဲ့။ ငါးလည်းပေါ၊ အသီးအနှံလည်းပေါ၊ ရွှေလည်းပေါသတဲ့။ ဒါကြောင့်လည်း ပိုက်ဆံရှိပေမဲ့ မြစ်ကြီးနားမြို့ကို တက်မနေဘဲ ရွာမှာပဲနေတာလို့ ပြောပါတယ်"

"ဟုတ်ပါတယ်ရှင့်။ အပါးပြောတာ အမှန်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... စကားပြောကောင်းလို့ စောနန်းက အစ်ကိုတို့ကို ဘာမှကျွေးမခံရသေးဘူး။ ဒီကျောင်းထဲကဆိုင်မှာပဲ တစ်ခုခုကျွေးပါရစေရှင့်"

"ကျွန်တော်တို့ မနက်စာစားပြီးမှ လာကြတာပါ မစောနန်း"

"မဟုတ်တာ အစ်ကိုရယ်။ စောနန်း တစ်ခုခုနဲ့ ဧည့်ခံမှ ဧည့်ဝတ်ကျေမှာပေါ့။ ဧည့်ဝတ်မကျေရင် အကြွေးတင်နေမှာ"

စေတနာဖော်ရွေလှသော တိုင်းရင်းသူကလေး ဖြစ်ပေသည်။ ကျွန်ုပ်တို့ မငြင်းသာတော့။ ကောလိပ်ကျောင်းထဲက ဆိုင်ကြီးတစ်ဆိုင်သို့ မစောနန်းကလျှာဦးဆောင်၍ ထွက်ခဲ့ကြသည်။ ဆိုင်ရောက်တော့-

"ကဲ ... အစ်ကိုတို့ စားလိုရာသောက်လိုရာ မှာပါရှင်"

"မစောနန်း ... ကျွန်တော်တို့ မနက်စာ တကယ်စားခဲ့ပြီးပါပြီ။ လက်ဖက်ရည်လောက်ပဲ သောက်ပါ့မယ်။ နေ့လယ်စာ ထမင်းစားချိန်လည်း ဝေးပါသေးတယ်"

"ဟုတ်ကဲ့ အစ်ကို။ မြစ်ကြီးနားက လက်ဖက်ရည်က နွားနို့စစ်စစ်နဲ့ဖျော်တော့ အလွန်ဆိမ့်ပြီး ချိုတယ်။ မလိုင်လက်ဖက်ရည်ပဲ မှာလိုက်မယ်နော်"

"ကောင်းပါတယ် မစောနန်း"

မလိုင်လက်ဖက်ရည်မှာ ကျွန်ုပ်အကြိုက်ဖြစ်သည်။ တိုင်းရင်းသားချင်းဖြစ်၍ အကြိုက်ချင်း တူကြဟန်တူပါသည်။ ကျွန်ုပ်တို့ လက်ဖက်ရည်သောက်ရင်း စကားပြောကြပြန်သည်။ မစောနန်းကလျှာက သူတို့ရွာအနီးမှ ထူးဆန်းသော အကြောင်းအရာများအကြောင်းကို ပြောသည်။ ဆင်ဘိုရွာ၏ အဓိပ္ပာယ်ကိုလည်း ဖွင့်ဆိုသည်။





"အစ်ကို ... စောနန်းက မြစ်ကြီးနားကောလိပ်မှာ သမိုင်းဘာသာသင်ရတဲ့ ကျူတာဆရာမပါ။ ဒါကြောင့်လည်း ကိုယ့်ဒေသအကြောင်းလည်း လေ့လာထားရပါတယ်။ စောနန်းတို့ရွာကို ဆင်ဘိုလို့ခေါ်ရတဲ့အကြောင်း ပြောပြမယ်။

ရှေးမြန်မာမင်းများလက်ထက်မှာ ဆင် (၁၀၀၀)ပါတပ်ကြီးယူခဲ့ပြီး ဆင်ဘိုရွာမှာ စခန်းချနေခဲ့ဖူးတယ်။ မြန်မာခုခံရေး စစ်ပွဲကာလများမှာ မြန်မာဘုရင်၊ ဆင်တပ်တွေကိုပို့ပြီး အခြေစိုက်ခဲ့တဲ့ ရွာကြီးပဲ။ ဒါကြောင့် ဆင်တပ်အခြေစိုက်ခဲ့လို့ ဆင်ဘိုလို့ခေါ်တာလို့ သိရတယ်။ ကျုံးဟောင်းတွေလည်းရှိသေးလို့ အရင်က မြို့ကြီးလို့လည်း ပြောကြတယ်"

"ဘယ်ခေတ်လောက်ကဖြစ်မလဲ မစောနန်း"

"တာတာတွေ ကျူးကျော်တဲ့ခေတ်ကဆိုတော့ အင်းဝခေတ်လောက်လောက်က ဖြစ်မှာပေါ့။ အင်းဝတောင် မြို့ကြီးအဖြစ်မရှိတော့ဘဲ နာမည်သာကျန်နေခဲ့တော့ ဆင်ဘိုလိုတောတောင်ထဲက မြို့ဟာရွာကြီးအဖြစ် ရှိနေသေးတာ သဘာဝကျပါတယ်ရှင်။ နောင်တစ်ခေတ်တစ်ခါမှာ ကုန်းလမ်းခရီးပေါက်ရင်တော့ ဆင်ဘိုဟာ မြို့ကြီးပြန်ဖြစ်လိမ့်မယ်လို့ လူကြီးတွေက ပြောကြသရှင့်"

"အေးဗျာ ... အဲဒီခေတ်ကို အမြန်ရောက်ပါစေ။ ကျွန်တော်တို့မိပါစေလို့ ဆုတောင်းပါတယ်ဗျာ။ အလုပ်အကိုင်အေးချမ်းလို့ အနားရတဲ့အခါမှာတော့ တစ်လလောက် ဆင်ဘိုရွာကိုလာလည်ပြီး နေချင်ပါသေးတယ်ဗျာ။ အခုတော့ ရက်တိုလေးသာနေခဲ့ရလို့ လေ့လာစရာတွေ အများကြီးကျန်နေခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"လာခဲ့ပါ အစ်ကို၊ စောနန်းတို့ ကြိုနေပါ့မယ်။ စောနန်းကတော့ ကျောင်းကြီးပိတ်မှ ရွာပြန်တာပါ၊ အစ်ကိုတို့ စောရောက်လို့ပါ။ အခုလ မတ်လကုန်တာနဲ့ စောနန်းရွာပြန်မှာပါ။ မေလဆန်းအထိ စောနန်းရွာမှာရှိပါတယ်၊ ဒါနဲ့ အစ်ကိုတို့လိပ်စာတွေကိုလည်း ပေးခဲ့ပါဦး။ ရန်ကုန်ရောက်ရင် ဝင်လည်ရအောင်လို့ပါ"

ကျွန်ုပ်က အင်းစိန်ထောင်ဝင်း၊ အိမ်လိပ်စာကို ပေးသည်။ မှုဆိုးအောင်သန်းနှင့် မျောက်တင်သောင်းက သာယာဝတီမြို့၊ လှည်းလမ်းကူးရွာလိပ်စာကို ပေးကြသည်။ စောနန်းကလျှာက ကျွန်ုပ်တို့၏ လိပ်စာများကိုကြည့်ပြီး ...

"အြော် ... အစ်ကိုသိန်းဝင်းက ထောင်ကအရာရှိလား။ ဒါကြောင့် ယူနီဖောင်းဝတ်ပုံ ပေါက်နေတယ်လို့ ထင်နေတာ။ အင်းစိန်ထောင်မှာပဲ တာဝန်ကျတာလား"

"မဟုတ်ပါဘူး ... မစောနန်း။ ကျွန်တော်တို့က ရန်ကုန်-မန္တလေး အမြန်လမ်းစီမံကိန်း ပဲခူးရိုးမတောင်ခြေက သုံးတန်ကူးစခန်းမှာ တာဝန်ကျတာပါ။ နှစ်ပြည့်ရင်တော့ မိခင်ထောင်ဖြစ်တဲ့ အင်းစိန်ထောင်မှာ ပြန်ပြီး တာဝန်ထမ်းဆောင်ရမှာပါ။ အင်းစိန်ထောင်အိမ်မှာတော့ မိသားစုရှိပါတယ်။ မစောနန်း ရန်ကုန်လာရင်လည်း ကျွန်တော်မရှိပေမဲ့ ဝင်လည်း ဝင်တည်းလို့ပါတယ်။ ကျွန်တော် အိမ်ကိုမှာထားပါ့မယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်။ စောနန်းတို့ ရန်ကုန်လာဖို့တော့ မလွယ်ပါဘူး။ မှတ်မှတ်ရရ တစ်ခေါက်ပဲ ရောက်ဖူးပါတယ်၊ အချိန်မရလို့ ရွှေတိဂုံဘုရားပဲ ဖူးခဲ့ရပါတယ်။ စောနန်းက ရန်ကုန်ပတ်ဝန်းကျင် ဘုရားစုံဖူးချင်တာပါ"





"အဲဒါဆိုရင်တော့ နောင်တစ်နှစ်ကြာ မတ်လကုန်ကျောင်းပိတ်ရင် မစောနန်းတို့မိသားစု ရန်ကုန်လာခဲ့ပါ။ ကျွန်တော်လည်း ရန်ကုန်ပြန်ရောက်ပါပြီ။ ရန်ကုန်ပတ်ဝန်းကျင်ဘုရားအနှံ့ကို ကျွန်တော်ကိုယ်တိုင်ကိုယ်ပိုင်ကားနဲ့ လိုက်ပို့ပေးပါ့မယ်။ စရိတ်စကအားလုံးကိုလည်း တာဝန်ယူပါတယ်"

ကျွန်ုပ်၏စကားကြောင့် မစောနန်းကလျှာ သဘောကျနေသလို တပည့်ကျော် မှုဆိုးအောင်သန်းနှင့် မျောက်တင်သောင်းတို့ကလည်း သဘောကျနေကြသည်။ ထိုအချိန်တွင် ကျွန်ုပ် ရတနာပစ္စည်းများရ၍ ချမ်းသာနေလောက်ပြီဖြစ်သည်။ မျောက်တင်သောင်းက ...

"အဲဒီတော့မှပဲ ကျွန်တော်တို့ရွာကို လာလည်ကြပေါ့ဗျာ။ ကျွန်တော်တို့ရွာက မစောနန်းတို့ရွာလောက် မကြီးမားပါဘူး။ သာယာဝတီ၊ ဆရာစံအရေးတော်ပုံကြောင့်သာ လူသိများတာပါ။ လှည်းလမ်းကူးဆိုတာက ရိုးမတောင်ခြေက ရွာကလေးပါ"

"စောနန်း စိတ်ဝင်စားပါတယ်။ သမိုင်းဘာသာဆရာမဆိုတော့ ဆရာစံဆိုတာနဲ့ တောင်သူလယ်သမားအရေးတော်ပုံက ခေါင်းဆောင်မှန်း သိပါတယ်။ ဒါနဲ့ ဆရာစံနေခဲ့တဲ့ အလံတောင်နဲ့ရော နီးသလားရှင့်"

"နီးပါတယ်။ တောလမ်းခရီး တစ်မိုင်ကျော်လောက်ပဲ ဝေးတာပါ။ မစောနန်းတို့လာရင် ကျွန်တော်တို့ လှည်းနဲ့လိုက်ပို့ပါ့မယ်။ ကျွန်တော်တို့က မုဆိုးတွေဆိုတော့ တောကောင်သားအမျိုးမျိုးကိုလည်း ရှာကျွေးပါ့မယ်"

"စောနန်းက ကြက်သား၊ ငါးနဲ့ ဟင်းသီးဟင်းရွက်ပဲ စားပါတယ်ရှင့်။ ဒါကြောင့် အပါးက ငါးတွေကြော်ပြီး ပို့ပေးလိုက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



မြစ်ကြီးနားက စောနန်းတို့ရွာလောက် ငါးမပေါဘူးရှင့်''

စေတနာပရမှနှင့် ဖိတ်ခေါ်နေသော မျောက်တင်သောင်း စကား စ,ပိတ်သွားသည်။ ထို့ကြောင့် မုဆိုးအောင်သန်းက စကားဝင်ပါသည်။

''ရပါတယ် ... မစောနန်း။ ကျွန်တော်တို့ရွာက ငါးလည်း ပေါပါတယ်။ တောကြက်၊ တောငှက်လည်း ပေါပါတယ်။ အိမ်မှာလည်း ကြက်ရော၊ ဘဲရော မွေးထားပါတယ်။ ကျွန်တော်တို့ရွာမှာ စားလိုရာ အကုန်ရပါတယ်။ အားနာစရာမရှိပါဘူး''

''ကျေးဇူးတင်ပါတယ်ရှင့်။ စောနန်းက ဟင်းသီးဟင်းရွက်နဲ့ လည်း စားနိုင်ပါတယ်''

ကျွန်ုပ်က ...

''မြေပြန့်နဲ့ တောင်ပေါ် မတူဘူးပေါ့ဗျာ၊ စားနေကြတဲ့ သားငါး ပုစွန်ချက်တာတောင် အလေ့အထနဲ့လက်ရာ မတူကြပါဘူး။ ကျွန်တော် ကတော့ ဒေသန္တရဗဟုသုတရှာမှီးရင်း ခရီးထွက်ရတာကို အလွန် ဝါသနာပါပါတယ်''

''ဟုတ်တယ်နော်။ စောနန်းလည်း ခရီးသွားရတာကို သဘော ကျပါတယ်။ မြန်မာပြည်မှာနေရင် မြန်မာတစ်ပြည်လုံးကို နှံ့စပ်အောင် သွားပြီး လေ့လာသင့်တယ်။ တခြားတိုင်းပြည်တွေမှာဆိုရင် သူများ နိုင်ငံတွေတောင် သွားပြီးလေ့လာကြတာနော် အစ်ကို''

''ဟုတ်ပါတယ် မစောနန်း။ ကျွန်တော်အခုလုပ်နေတဲ့ အကျဉ်း ဦးစီးဌာနကလည်း မြန်မာပြည်အနှံ့ မြို့ရွာတောတောင်မကျန်အောင် တာဝန်ထမ်းဆောင်ရလို့ ကျွန်တော်သဘောကျလို့ လုပ်နေတာပါ။ ကျွန် တော်တို့က တစ်နေရာမှာတာဝန်ကျရင် နှစ်နှစ်တာဝန်ထမ်းဆောင်ရ တယ်လေ''





''အစ်ကိုတို့ဌာနမှာ အမျိုးသမီးတွေရော တာဝန်ထမ်းဆောင် ကြတာရှိသလား''

''ရှိတာပေါ့။ ဒါပေမဲ့ အမျိုးသမီးတွေကိုတော့ မြို့ပေါ်နဲ့ မြို့နဲ့ မနီးမဝေး စခန်းတွေမှာပဲ တာဝန်ချထားပါတယ်။ အခုခေတ်ကာလ က အမျိုးသမီးအကျဉ်းသူတွေ အင်အားကလည်း မနည်းဘူးလေ။ အဲဒီ တော့အုပ်ချုပ်တဲ့ အမျိုးသမီးအင်အားလည်း အများကြီးလိုတာပေါ့၊ ကျန်းမာတောင့်တင်းဖို့တော့ အလွန်လိုအပ်ပါတယ်။ မစောနန်းက အကျဉ်းဌာနမှာ လုပ်ချင်လို့လား''

''မဟုတ်ပါဘူး အစ်ကိုရယ်။ စောနန်းက ဆရာမအလုပ်ပဲ ဝါသနာပါတာပါ။ ဘွဲ့ရတော့ အမှတ်ကောင်းလို့သာ ကောလိပ်မှာ နည်းပြ ဆရာမလုပ်နေရတာပါ။ စောနန်းလုပ်ချင်တာက အလယ်တန်းကျောင်း ဆရာမပါ''

''ကောလိပ်က နည်းပြဆရာမအလုပ်က ပိုမကောင်းဘူးလား မစောနန်းရယ်။ အထက်တန်းကျတာပေါ့။ အထက်တန်းကျောင်းမှာ လုပ်ရင် ကလေးတွေနဲ့ဆက်ဆံနေရမှာ စိတ်ရှုပ်စရာ မကောင်းပေဘူး လား''

''စောနန်းဝါသနာက အဲဒီကလေးတွေနဲ့ ဆက်ဆံချင်တာပါ။ ကိုယ်စာသင်ပြပေးလိုက်တဲ့ကလေး အခြေခံကအစ တိုးတက်မှုရသွား ပြီး လူတစ်လုံးသူတစ်လုံးဖြစ်သွားတာကို မြင်ချင်တာပါ။ တက္ကသိုလ် မှာတော့ သူများဆရာတွေ အခြေခံသင်ပြီးသားကို ပံ့ပိုးကူညီရုံတင်ပဲ ဆိုတော့ ပညာဒါနပေးဝေရာမှာ အားမရဘူးရှင့်။

သင်ရိုးညွှန်းတမ်းအတိုင်းသာသင်ရတော့ ပြင်ပဗဟုသုတပေး ရာမှာ အိတ်သွန်ခွန်မှောက် သင်လို့မရဘူး။ ကျောင်းသားတွေက ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



အသီးသီးကနေပြီး သင်ယူမှုနည်းမျိုးစုံနဲ့ အောင်လာကြတော့ အတွေး အခေါ်ပိုင်းဆိုင်ရာမှာ မတူကြဘူးအစ်ကိုရဲ့။

ဒါကြောင့်လည်း ဆရာဆရာမတွေက သင်ကြားမှုနည်းအမျိုးမျိုးနဲ့ စမ်းသပ်ပြီးမှ သူတို့နဲ့ကျွမ်းဝင်မဲ့ သင်နည်းမျိုးစုံနဲ့ သင်ကြရတာ။ စောနန်းပြောလိုတာက ကျောင်းမှာ သင်ရိုးညွှန်းတမ်းကတော့ အတူတူပါပဲ။ သူတို့လက်ခံနိုင်မဲ့ သင်နည်းစနစ်ကို ရွေးချယ်ရတယ်လို့ ပြောလိုတာပါ''

''ဒါပေါ့ဗျာ။ အလုပ်တိုင်းမှာ နည်းစနစ်ဆိုတာက ရှိစမြဲပါ။ နည်းစနစ်မရှိရင် ပရမ်းပတာ ဖြစ်ကုန်မှာပေါ့။ ကျွမ်းကျင်ရာ လိမ္မာရဖုာပေါ့လေ''

''ကဲ ... အစ်ကိုတို့ စကားပြောကောင်းလို့ နေ့လယ် (၁၁) နာရီတောင်ကျော်ပြီ။ နေ့လယ်စာထမင်းပါ တစ်ခါတည်းစားလိုက်ရအောင်။ ဒီဆိုင်က မြန်မာဟင်း၊ တရုတ်ဟင်း အကုန်ရပါတယ်''

''စောသေးသလားလို့ အောက်မေ့နေတာ။ ဒါဆိုရင်လည်း မစောနန်းနဲ့ကျွန်တော်တို့ အမှတ်တရ နေ့လယ်စာစားကြတာပေါ့။ ဒီနေ့ လယ်စာကိုတော့ ကျွန်တော်တို့က ကျွေးပါရစေ။ တစ်ချိန်လုံး မစောနန်းကပဲ ကျွေးခဲ့တာလေ။ ဒါနဲ့ မစောနန်း အချိန်ကောရရဲ့လား''

''ရပါတယ် အစ်ကို။ စောနန်းတို့က ညနေပိုင်းကျမှ TUTORIAL စစ်ရတာပါ။ စာမေးပွဲကြီးနီးလာတော့ နည်းနည်းပိုအပင်ပန်းခံရရုံပါပဲ''

ကျွန်ုပ်တို့ တရုတ်စာမှာ၍ စားကြသည်။ ဝက်သားမစားသော စောနန်းကလျာအတွက် ကျွန်ုပ်က ကြက်သား၊ ငါးနှင့် အသီးအရွက်ဟင်းများကိုသာ ရွေးချယ်မှာယူရသည်။ ဝက်သားကြိုက်သော မုဆိုး





အောင်သန်းနှင့် မျောက်တင်သောင်းတို့အတွက်တော့ သည်းခံရပေမည်။ စားပြီးတော့လည်း စောနန်းကလျာက အတင်းငွေထုတ်ရှင်းနေသဖြင့် ကျွန်ုပ်က တားရသည်။

''မစောနန်း ... နေပါစေ။ တစ်နပ်တလေတော့ ကျွန်တော်တို့ ကျွေးပါရစေ။ ကျွန်တော်တို့က ဧည့်သည်ဆိုပေမယ့် မစောနန်းတို့ ကျွေးတာ များပါပြီ''

''စောနန်းက အိမ်ရှင်ပါ အစ်ကိုရယ်။ ဧည့်သည်ကို ကျွေးမွေးဧည့်ခံရမှာ စောနန်းတို့အိမ်ရှင်တွေ တာဝန်ပါ''

''အခု မစောနန်းကလည်း အိမ်ရှင်မဟုတ်ဘူး။ ကျွန်တော်တို့ကလည်း အိမ်ရှင်မဟုတ်ဘူး။ ဧည့်သည်တွေချည်းပဲ။ ဒါက မြစ်ကြီးနားမြို့လေ။ ဆင်ဘိုရွာမဟုတ်ဘူး''

''ဟုတ်ပါတယ် အစ်ကို။ လူဖြစ်လာကတည်းက သံသရာမှာ အားလုံး ဧည့်သည်တွေချည်းပါပဲ။ တရားသဘောနဲ့ ရှုတာလေ''

''ဟုတ်ပါ့ဗျာ။ မစောနန်းပြောသလိုပါပဲ လူဖြစ်လာကတည်းက အားလုံးဟာ ဧည့်သည်တွေချည်းပါပဲ''

ကျွန်ုပ် စောနန်းကလျာကို အတော်လေးစားမိသည်။ ဘာသာတရားကို ကိုင်းရှိုင်းသောကြောင့် ဖြစ်သည်။ နေ့လယ် (၁၂)နာရီမှ ကျွန်ုပ်တို့ လက်စသတ်၍ စောနန်းကလျာကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြသည်။

မြစ်ကြီးနားဘူတာသို့ဆင်း၍ တစ်ခါတည်း အထက်တန်းလက်မှတ် (၃)စောင်လည်း ဝယ်ခဲ့ကြသည်။ တည်းခိုခန်းသို့ပြန်ခဲ့ကြ၍ ခေတ္တအနားယူအိပ်စက်ကြပြီး ညနေ (၄)နာရီတွင် ဘူတာသို့ဆင်းသည်။ ညနေ (၅)နာရီတွင် ရထားကြီး ထွက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရထားပေါ်၌ ကျွန်ုပ် ငါးပေါက်သီးတစ်လုံးအား ခွဲကြည့်သည်။ ဟုတ်ပါသည်။ ဆင်ဘိုရွာက ရှမ်းကြီးဦးနန္ဒ ပြောသလိုပါပင်။ အချိုင့်ကလေး (၅)ပေါက်အနက်၊ ဒုတိယအပေါက် (လက်သန်းချိုင့်ကလေး) ၏အောက်တည့်တည့်တွင် ထောင်လျက်အနေအထားဖြင့် မြေပဲဆန်ကဲ့သို့ အစေ့ကလေး ကိုတွေ့ရသည်။ မြေပဲဆန်ထက်ကြီးသည်။ စားကြည့်ရာ အတော်စိမ့်သည်။ မြေပဲဆန်ထက် အရသာရှိသည်။ အခွံအောက်က အသားကတော့ ချဉ်သည်။

ကျွန်ုပ်က ငါးပေါက်သီးအား အစိတ်စိတ်အမြွာမြွာ ခွဲကြည့်ပြီး ရထားပြတင်းပေါက်မှ လွှင့်ပစ်လိုက်တော့သည်။ အမှန်တော့ ငါးပေါက်သီးဆိုသည်မှာ ငါးပေါက်တွင်းရတနာသိုက်အား ဖွင့်သော သော့ချက်မှန်းသိလျှင် ကျွန်ုပ်တို့အတွက် အန္တရာယ်ရှိပေသည်။ ထို့ကြောင့် လျှို့ဝှက်ချက်ကိုသိပြီးသော ကျွန်ုပ်အတွက် အန္တရာယ်ကို လွယ်မထား ချင်တော့ပေ။

ကျွန်ုငါးပေါက်သီး (၄) လုံးကိုလည်း ခွဲစိတ်ကြည့်သည်။ နံပါတ် (၂)တွင်း သေချာသည်နှင့် အစေ့များအား တပည့် (၂) ဦးအား ဝေကျွေးပြီး အစိတ်စိတ်အမြွာမြွာခွဲပြီး ရထားကြီးပြတင်းပေါက်မှ စွန့်ပစ်လိုက်တော့သည်။

ကျွန်ုပ် ရထားစီးရင်း အတွေးစက ပဲခူးရိုးမတောင်ခြေရတနာသိုက်အညွှန်း ကျောက်တုံးကြီးများဆီသို့ ပြန်ရောက်သွားသည်။ ကျောက်ငုတ်(၅)ခုအား ကျွန်ုပ် သေးစိတ်လေ့လာထားသဖြင့် တောင်လည်ကြော ကျွန်ုပ်တို့ ပထမဆုံးရှာဖွေတွေ့ရှိခဲ့သည့် ဝါးရုံတောအနီးရှိ ကျောက်ငုတ် အမှတ် (၂)မှာ အချိုင့်ရာ (အပေါက်) ကလေးမှာ လက်မ.ထိပ်ခန့်ရှိ၍ အကြီးဆုံးဖြစ်သည်။

ဤကျောက်ငုတ်များမှ အချိုင့်ရာကလေးများမှာ တဖြည်းဖြည်း သေးငယ်သွားသည်ကို လေ့လာပြီးဖြစ်သည်။ သို့သော် လက်တွေ့တူးဖော်လျှင်တော့ သေချာစေရန် ထပ်မံစစ်ဆေးရဦးမည် ဖြစ်ပေသည်။

တူးဖော်ရာ၌လည်း လူယုံလိုသည်။ လူများ၍မဖြစ်။ သို့သော် ကျောက်သားမြေဖြစ်၍ လက်နက်ကောင်းလိုသည်။ အချိန်တိုအတွင်း၌လည်း တူးဖော်နိုင်ရမည်ဖြစ်သည်။ သက်ဆိုင်ရာ ကာယကံရှင်များကို မခေါ်လျှင်လည်း အငြင်းပွားရ၍ မကျေမနပ်ဖြစ်ကြပေဦးမည်။ ရတနာသိုက်ဆိုသည်မှာ နတ်အလွန်ကြီးသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရတနာသေတ္တာက (၄)လုံး ယခု သက်ဆိုင်ရာသူများက ကျွန်ုပ်နှင့် ဆရာဝန်ကြီး၊ ဦးနီမောင်သား မုဆိုးကိုစိမ်းယဉ်၊ နောက်ဆုံးပျောက်ကွယ်နေသည့် ဦးလှဖေ၏သက်ဆိုင်သူများ စုစုပေါင်း (၅)ဦးရှိသည်။ မည်သို့ခွဲဝေရမည်ကို သက်ဆိုင်သူများနှင့် ညှိနှိုင်းရပေဦးမည်။

ကျွန်ုပ်တို့ ရထားပေါ်၌ ညအိပ်ပြီး နောက်တစ်နေ့ နေ့လယ်မှ မန္တလေးဘူတာကြီးသို့ ရောက်သည်။ ရန်ကုန်သို့ စုန်မည့်ရထားမှာ ညနေ (၅)နာရီနှင့် ည(၇)နာရီမှာသာရှိသဖြင့် ကျွန်ုပ်တို့ မန္တလေးတွင် အချိန်အအား ရနေပြန်သည်။ ထို့ကြောင့် အပြန်ရထားလက်မှတ်ခုံယူပြီး ကျွန်ုပ်တို့ စားသောက်ဆိုင်ကောင်းကောင်းတွင် အနားယူအပန်းဖြေစားသောက်ကြရင်း အချိန်ဖြုန်းရတော့သည်။ မုဆိုးအောင်သန်းက ...

"ဆရာ ... ကျွန်တော်တို့ ဘာဆက်လုပ်ရမှာလဲ။ စခန်းကို တစ်ခါတည်းပြန်ရမှာလား။ ကျွန်တော်တို့ရွာကို ပြန်ရဦးမှာလား"

"မင်းတို့ ရွာနဲ့ခွဲနေရတာ ကြာပြီးလေကွာ။ ရန်ကုန်ရောက်ရင် သာယာဝတီ ခဏပြန်ပေါ့။ ခွင့်မှမပြည့်သေးတာ။ ကြာကြာတော့ နေလို့ရမှာမဟုတ်ဘူး။ တစ်ညအိပ်လောက်ပဲ နေလို့ရမယ်။ ငါလည်း အိမ်မှာခဏနားရင်း မင်းတို့ကိုစောင့်နေမယ်။ အတူတူ စခန်းပြန်ကြတာပေါ့"

မျောက်တင်သောင်းက ...

"အဲဒီအစီအစဉ် ကောင်းပါတယ်ဆရာ။ ကျွန်တော်တို့လည်း လွတ်ရက်နီးပြီဆိုတာကို မိဘတွေကို အကြောင်းကြားနိုင်တာပေါ့"

"အေး ... အေး ... မြန်မြန်သွား မြန်မြန်ပြန်လာခဲ့ကြ။ စခန်းမှာလည်း ဘာတွေဖြစ်နေဦးမလဲ မသိသေးဘူး။ မင်းတို့ကို အစိက





မှာချင်တာက ပြဿနာတစ်စုံတစ်ရာ မဖြစ်စေနဲ့။ သည်းခံ။ ညဘက်အပြင်သွားတာ ဆင်ခြင်။ အရက်သေစာမသောက်နဲ့။ မင်းတို့က အခုရှင်လောင်းတွေဖြစ်နေပြီ။ အချုပ်အနှောင်ကလည်း လွတ်တော့မယ်။ ရတနာပစ္စည်းတွေလည်း ရဦးမှာ။ မပေါ့ကြနဲ့။ သတိထားကြ"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော်တို့ သတိထားပါ့မယ်။ အရက်ကိုလည်း ဆရာတိုက်လို့သာ သောက်တာပါ။ ကျွန်တော်တို့ ရှောင်နိုင်ပါတယ်။ စိတ်ချပါဆရာ"

"အေး ... အေး ... မင်းတို့အပြန်၊ ငါ ငွေတစ်သောင်းစီ ပေးလိုက်မယ်။ လမ်းစရိတ်လည်း လုပ်၊ အပြန်ကျ စခန်းမှာစားဖို့ ငါးခြောက်ငါးခြမ်းတွေ ဝယ်လာခဲ့ကြကွာ။ အဲ ... တူးရှင်းနဲ့ ပေါက်ချွန်းပါဝယ်လာခဲ့"

"ဟုတ်ကဲ့ပါ ဆရာ"

ထိုခေတ်အခါက ငွေတစ်သောင်းမှာ အတော်တန်ဖိုးရှိပါသည်။ ကျွန်ုပ်တွင်လည်း ငွေပိုနေသဖြင့် တပည့်များ ဝမ်းသာကျေနပ်စေရန် ပေးကမ်းခြင်းသာ ဖြစ်သည်။ ရတနာသိုက်တူးဖော်ရာတွင် ဤတပည့် (၂)ဦးကိုသာ ကျွန်ုပ် အဓိက အားထားရပေလိမ့်မည်။

၎င်းတို့နှစ်ဦးနှင့်ပတ်သက်၍ ကျွန်ုပ် နှစ်ပေါက်အောင် အမျိုးမျိုးစမ်းသပ်ပြီးလည်းဖြစ်သည်။ သာယာဝတီသားများဖြစ်ကြ၍ မဟုတ်မခံစိတ်ဓာတ်ရှိသော်လည်း သစ္စာရှိသော၊ အမိန့်ကိုနာခံတတ်သော၊ ဆရာ့အပေါ်၌ အလိုက်သိသော တပည့်များဖြစ်ကြပေသည်။

ကျွန်ုပ်ကသာခိုင်းစေပါက လူသတ်ရန် ဝန်မလေးသူများလည်း ဖြစ်ကြသည်။ ကျွန်ုပ်၏ လူယုံများဆိုကလည်း မမှားပါ။ တောမုဆိုးများဖြစ်ကြ၍ ဉာဏ်ပညာထက်မြက်ခြင်းတော့ မရှိကြပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ ညနေ(၅)နာရီ အမြန်ရထားစီးကြရာ ရန်ကုန်မြို့သို့ နောက်တစ်နေ့မနက်(၆)နာရီတွင် ရောက်သည်။ အင်းစိန်သို့ TAXI ကားငှား၍ အတူပြန်လာကြပြီး မှဆိုးအောင်သန်းနှင့် တင်သောင်းက BOC ဂိတ်တွင်ဆင်းကြပြီး သာယာဝတီမြို့သို့ ဆက်လက်ပြန်သွားကြသည်။

ကျွန်ုပ် အင်းစိန်အိမ်ပြန်ရောက်တော့ မနက် (၉)နာရီခန့်သာရှိသေးသည်။ ပိတ်ရက်ဖြစ်၍ ဇနီးဖြစ်သူလည်း အိမ်မှာရှိနေသည်။ အကျိုးအကြောင်းပြောပြပြီး ရေမိုးချိုး၊ မနက်စာစား၍ ကျွန်ုပ် ခရီးပန်းလာသောကြောင့် အိပ်စက်အနားယူခဲ့သည်။ ကျွန်ုပ်တို့ မြစ်ကြီးနားသွားသည့်ခရီးစဉ်ကို လျှို့ဝှက်ထားပြီး ငှက်ဖျားဖြစ်၍ ဆေးလာကုကြောင်းလောက်ကိုသာ အသိပေးထားသည်။

ကျွန်ုပ် နေ့လယ် (၁၂) နာရီခန့် တစ်ရေးနိုးတော့ အိမ်ရှေ့မှ ကျွန်ုပ်၏အမည်ကို မေးသံ၊ ဇနီးသည်၏ ပြန်ဖြေသံတို့ကိုကြားရသဖြင့် ကျွန်ုပ်အိပ်ရာကထ၍ မျက်နှာသစ်ပြီး ဧည့်ခန်းသို့ ထွက်ခဲ့သည်။ ဧည့်သည်မှာ ကျွန်ုပ်တို့စခန်းမှ ဆေးမှူး သိန်းဆန်းဖြစ်နေသည်။

"ဟော ... ဆေးမှူး သိန်းဆန်းပါလား။ မင်းလည်း ဖျားလို့ခွင့်ပြန်လာတာလား။ ဝါတော့ အတော်ခံလိုက်ရတယ်ဟေ့။ အခုတော့ နေကောင်းသွားပါပြီ"

ကျွန်ုပ် ခရီးထွက်ခြင်းကိုမပြောဘဲ အတည်ပေါက်နှင့် သူ့အား နှုတ်ဆက်လိုက်သည်။

"ဆရာ ... နေကောင်းသွားပြီမဟုတ်လား။ ကျွန်တော်လည်း လာမယ်လာမယ်နဲ့ ဖျားနာလူနာတွေများလို့ မလာဖြစ်ဘူးဆရာ။ ဒီနေ့





မှ မင်းကုန်းစခန်းမှာ ဆေးလာထုတ်ရင်း ဆေးမလုံလောက်တာနဲ့ အင်းစိန်ကို ရဲဘက်ထုတ်ကားကြုံနဲ့ လိုက်လာတာ"

"ဒါဆို ... ဒီနေ့ သုံးတန်ကူးစခန်းက အစောကြီးထွက်လာတာပေါ့နော်။ ထောင်မှူးကြီးဦးသိန်းမြင့်နဲ့ ဆရာဝန်ကြီး ဦးမောင်မောင်တို့ရော နေကောင်းကြရဲ့မဟုတ်လား"

"သူတို့နေကောင်းကြပါတယ် ဆရာ။ ဒါပေမဲ့ ဆရာဝန်ကြီးရဲ့ သမီးနဲ့သားဖျားလို့ ရန်ကုန်ပြန်ပို့တာပါ။ ဆရာဝန်ကြီးလည်း ပါလာပါတယ်။ ကလေးတွေက ဆေးဦးတော့ စိုးရိမ်စရာတော့ မရှိတော့ပါဘူး။ ရန်ကုန်ပြန်ထားတာ ပိုစိတ်ချရလို့ ခေါ်လာတာပါ"

"ငါထင်တယ်။ ကလေးနုနုငယ်ငယ်တွေ ငှက်ဖျားပေါတဲ့ တိုတောထဲမှာ ကြာရှည်မနေသင့်ဘူး။ ကိုယ်တို့တောင် ငှက်ဖျားကာကွယ်ဆေး အပတ်စဉ်စား၊ စောစောစီးစီး ခြင်ထောင်နဲ့ ညအိပ်တာပဲ။ ဒါပေမဲ့ ငှက်ဖျားကတော့ ဖြစ်တာပဲ။

တစ်ခုတော့ရှိတယ် ငှက်ဖျားဆေးကို ကြိုတင်သောက်ပြီး ကျန်းမာရေးကို ဂရုစိုက်ရင်တော့ ငှက်ဖျားရောဂါဖြစ်တာတောင်မှ အသက်အန္တရာယ်တော့ မဖြစ်နိုင်ဘူး။ ဒါကလည်း ငါ့ကို ဆရာဝန်ကြီးပြောထားလို့သိတာပါ။ အသိနဲ့သတိဆိုတာ အရေးကြီးကြောင်း သူကပြောပြတာပါ"

ထိုစဉ် ဇနီးသည်က ကော်ဖီ(၂)ခွက်ကို လာချပေးသဖြင့် ကျွန်ုပ်တို့သောက်ရင်း စကားဆက်ပြောကြသည်။

"ဆရာ ... ကျွန်တော်က ဦးလှဖေမြေးပါ၊ အငယ်ဆုံးပါ။ ကျွန်တော်တို့က ဝေါမြို့ဇာတိပါ။ မိဘမျိုးနွယ်စဉ်ဆက်ကတော့ လယ်ယာလုပ်တယ်။ ငါးဖမ်းတယ်ပေါ့ ဆရာရယ်။ အဲဒါ ဂျပန်ခေတ်က ဂျပန်



www.burmeseclassic.com

www.burmeseclassic.com



အဆုတ်မှာ ကျွန်တော်အဘိုး ဦးလှဖေဟာ ချွေတာပ်အဆွဲခံရတာ။ အဲဒါ ရန်ကုန်အထိပါလာပြီး ရန်ကုန်ကနေ ဂျပန်တွေ၊ ပြန်ဆုတ်ရပြန်တယ်။

အဲဒီအပြန်မှာ ဂျပန်ဗိုလ်မှူးတစ်ယောက်နဲ့ စစ်ဗိုလ်(၂)ယောက်နဲ့အတူ ပဲခူးဘက်ပြန်ဆုတ်လာတာကနေ အင်္ဂလိပ်လေယာဉ်တွေက လိုက်ပစ်လို့ ဖောင်ကြီးတောထဲ ဝင်ပြေးလာကြတာ။ အဲဒါ ကျွဲညီနောင် ဗုန်းကျဲလေယာဉ်တွေကပါ ကူပြီးဗုံးကျဲလို့ နတ်ရေတွင်းနားမှာ ကား (၃) စီး မီးလောင်သွားတယ်။

ချေးတပ်သား (၂၀)ယောက်ပါ ပါလာတာမို့ ကားပေါ်က လက်နက်ပစ္စည်းရိက္ခာနဲ့ ရတနာသေတ္တာကြီး (၄)လုံးကိုတော့ အမိအရ ချနိုင်လိုက်ပြီး ပဲခူးရိုးမတောရိပ်ကို ခိုနိုင်လို့ အားလုံး အသက်ချမ်းသာရာ ရခဲ့သတဲ့။

ပစ္စည်းတွေကို ဆက်လက်ထမ်းရင်း ကျွန်တော်တို့ သုံးတန်ကူး စခန်းအနောက်ဘက်၊ ရိုးမတောင်ခြေရောက်တော့ စခန်းချပြီး ရတနာတွေမြှုပ်နှံဖို့အလုပ်မှာ အဘိုးတို့ခေါင်းဆောင် ချေးတပ်သားက ပြေးနိုင်းတာနဲ့ ပြေးကြရတာတဲ့။ ဂျပန်တွေသိသွားလို့ သေနတ်နဲ့ပစ်ကာ အဘိုးလက်ကို သေနတ်မှန်တယ်။

ဒါပေမဲ့ ဒဏ်ရာသေးလို့ အဘိုးလည်း တောဆေးရွက်တွေနူးပြီး အရည်ညှစ်ထည့်ကာ သွေးတိတ်တော့မှ ဒဏ်ရာအရှိန်နဲ့ ငှက်ဖျားကဝင် ခရီးကလည်းပန်းတာကြောင့် အိပ်ရာထဲလဲတယ်။ အဲဒါ အဘိုး မသေမီ အဖေ့ကိုပြောခဲ့ပြီး အဖေကမှ ကျွန်တော်တို့ကို တစ်ဆင့်ပြောတာပါ"

"အဘိုးဦးလှဖေနဲ့ အတူထွက်ပြေးတာ ချေးတပ်သားခေါင်းဆောင်ပါ (၃)ဦးဆိုတော့ သူတို့နာမည်တွေ သိသလား"





"သိပါတယ်ဆရာ။ ဘွန်ချို၊ ဦးတင်ရွှေနဲ့ ဦးတင်ငြိမ်းပါ။ ဘွန်ချိုကြီးက ခြေထောက်သေနတ်မှန်လို့ တောထဲမှာ သေမယ်ထင်တယ်လို့ သိရပါတယ်"

"ဒါနဲ့ မင်းအဘိုးနဲ့ မင်းတို့ဇာတိက ဝေါမြို့နယ်၊ ဘယ်ရွာတုန်းလဲ"

"သူရဲသမိန်ရွာ မြောက်ပိုင်းကပါ ဆရာ။ ကျွန်တော့်အဖေ့နာမည်က ဦးလှကြွယ်လို့ခေါ်ပါတယ်။ ရောသုပ်ငန်းလုပ်ပါတယ်"

"အေး . . . ဟုတ်ပါပြီ။ အခု ငါ့ဆီလာတဲ့ ကိစ္စကရော"

"ဆရာက ရတနာသိုက်တူးမဲ့ အဖွဲ့ခေါင်းဆောင်လို့ သိရပါတယ်။ ဒါကြောင့် ကျွန်တော်လည်း ပတ်သက်မှုရှိကြောင်း လာပြီး အကြောင်းကြားတာပါ ဆရာ"

"ဆရာဝန်ကြီးက ပြောလိုက်တာလား"

"ဟုတ်ပါတယ် ဆရာ။ ဆရာဝန်ကြီးကို ကျွန်တော်တိုင်ပင်လို့ ဆရာဝန်ကြီးက အကြောင်းစုံ ပြောပြပါတယ်။ ကျွန်တော်က အင်းစိန်ထောင်က ဆေးမှူးပဲ။ သုံးတန်ကူးစခန်းကို ဆရာတို့ စ,ဖွင့်တယ်ဆိုကတည်းက ကျွန်တော် ရတနာသိုက်အကြောင်း စုံစမ်းနေတာပါ။ အဲဒါ ရှေ့တန်းစခန်းတွေမှာ ဆေးမှူးလိုတယ်ဆိုတာနဲ့ ကျွန်တော့်တပည့်ကလည်း အကြောင်းကြားတာနဲ့ ဆေးမှူးလျှောက်ပြီး လိုက်လာတာပါ ဆရာ"

"အခု ရတနာသိုက်နေရာကို သိပြီမဟုတ်လား။ ဘယ်လိုလုပ်ကြမလဲ"

"နေရာတော့ သိပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့က ကွန်တိုမြေပုံလည်း မဖတ်တတ်ဘူး။ ဂျပန်စာတွေကိုလည်း နားမလည်ဘူး။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မဖော်ရဲပါဘူးဆရာ။ နေရာမမှန်ရင် ဒိုင်းနမိုင်းတွေကွဲမယ်လို့ ဆရာဝန်ကြီးက ပြောပါတယ်။ ကျွန်တော်လည်း လေ့လာပြီးပါပြီ။

ဒါပေမဲ့ ဘယ်ကစ,တယ်၊ ဘယ်မှာဆုံးတယ် ဆိုတာတောင် မသိပါဘူးဆရာ။ မြေတိုင်းကိရိယာတွေနဲ့ ရှာရတာလို့လည်း ဆရာဝန်ကြီးက ပြောပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဆရာ့ကို ခေါင်းဆောင်တင် အားကိုးတာပါ ဆရာ"

"အင်း ...ဒီကိစ္စက နေရာသိတာတောင် ဖော်ဖို့မလွယ်ပါဘူး။ ဂျပန်တွေက စနစ်တကျလုပ်သွားတာ။ လျှို့ဝှက်ချက်ရှိတယ်။ အဲဒီလျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်မှ ရတနာတွေကို တူးဖော်ရနိုင်တယ်၊ အခု အဲဒီလျှို့ဝှက်ချက်ကို ငါရပြီ။ ဒါပေမဲ့ အပြင်မှာမထားဘူး။ ခေါင်းထဲမှာပဲ ထားတယ်။ ငါရဲ့လှည့်ကွက်တွေတောင် မသိကြဘူး။

ရတနာသိုက်ရှာနေတာဆိုတာပဲ သူတို့သိကြယ်။ အခု ငါတို့ မြစ်ကြီးနားက ပြန်လာတာ။ ငွေကြေးလည်း သိန်းဂဏန်းနီးနီးကုန်တယ်။ ဆရာဝန်ကြီးနဲ့ ငါနဲ့စပ်ထားတာ။ အဲဒါအပြင် ငါတို့က အပင်ပန်းခံပြီး စွန့်စားပြီး ရှာဖွေထားတာ။ အခု ပန်းတိုင်ရောက်လုပြီ"

"ငါဆိုလိုချင်တာက ငါ့ကို ခေါင်းဆောင်ခန့်ရင် ငါ့စကားနားထောင်ရမယ်။ ငါခွဲဝေပေးတဲ့အတိုင်းပဲ ရမယ်။ အေး ...အဲဒီကိစ္စကို လက်မခံနိုင်ရင်တော့ ကိုယ့်ဘာသာ ရှာကြပါ၊ တူးကြပါ။ အနှောင့်အယှက်မပေးပါဘူး။ ရသမျှလည်း အကုန်ယူကြပါ"

"အဲဒီလိုလည်း ဘယ်ဟုတ်မလဲဆရာရယ်။ ဆရာကို ခေါင်းဆောင်တင်မှတော့ ဆရာခွဲဝေပေးတဲ့အတိုင်း ကျွန်တော်တို့ နာခံပါ့မယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း မတူးရဲပါဘူး ဆရာရယ်"

စိတ်ကူးသစ်စာပေ



"အဲဒါဆိုရင်တော့ အခုကတည်းကပဲ ပြောထားမယ်။ ရတနာတွေကို ရသင့်တဲ့သူတွေက (၅)ဦးဖြစ်သွားပြီ။ ငါက ခေါင်းဆောင်အပင်ပန်းခံပြီး ငွေကြေးအကုန်အကျခံပြီး ကြိုးစားထားရတဲ့အတွက် ငါကတော့ ပိုယူရလိမ့်မယ်။ ဒါကိုလည်း ဆရာဝန်ကြီးသိပါတယ်။

ရတနာ သေတ္တာက (၄) လုံး။ လူက (၅)ဦး။ ငါကတော့ ခေါင်းဆောင်ဆိုတော့ ရတနာသေတ္တာ တစ်လုံးယူမယ်။ ကျန်တဲ့ (၃)လုံးကို လူလေးဦး ခွဲဝေပေးမယ်။ ကျေနပ်သလား"

"ကျေနပ်ပါတယ် ဆရာ။ ဆရာ့ဆုံးဖြတ်ချက်ကို လိုက်နာပါ့မယ်"

"အဲဒါဆိုရင်တော့ မင်း စခန်းကိုပြန်နှင့်၊ ငါတို့ မနက်ဖြန်ညနေ စခန်းကိုပြန်လာမယ်။ ဒီနေ့ တနင်္ဂနွေ၊ မနက်ဖြန် တနင်္လာ၊ သန်ဘက်ခါက အင်္ဂါနေ့။ ရက်ရာဇာကျတယ်။ မင်းလုပ်ထားရမှာက ငှက်ပျောပွဲ၊ အုန်းပွဲနဲ့ ဖယောင်းတိုင်အမွှေးတိုင်၊ လက်ဖက်ပွဲကအစ ပြည့်စုံအောင် စီစဉ်ထားပါ။ အင်္ဂါနေ့မနက်(၉)နာရီ နဝင်းအချိန်မှာ စတူးမယ်"

"ဆရာ ...ဒီနေ့ရဲဘက်ကား အကြုံရှိတယ်။ မင်းကုန်းစခန်းအထိ ရောက်မှာပါ။ ကျွန်တော်ကတော့ ဆေးဝါးတွေထုတ်ပြီးတာနဲ့ အဲဒီကားကြုံနဲ့ ပြန်လိုက်ရမှာပါ"

"အေး ...အေး ...မင်းပြန်နှင့်ပါ။ ငှက်ပျောပွဲ၊ အုန်းပွဲဝယ်ဖို့လည်း မမေ့ပါနဲ့။ သတင်းကိုလည်း မပေါက်ကြားစေနဲ့။ ငါကတော့ ကိစ္စရှိသေးလို့ စခန်းကို ပြန်မလိုက်နိုင်သေးဘူး"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော် ပြန်နှင့်ပါ့မယ်။ မနက်ဖြန် ဆရာတို့ပြန်အလာကို မျှော်နေပါ့မယ်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အေး ...အေး ...ကောင်းပါပြီ"

ပျောက်ကွယ်နေသော ရွှေးတပ်သား ဦးလှဖေနှင့် သက်ဆိုင်သူတစ်ဦး ပေါ်လာသဖြင့် ကျွန်ုပ် ဝမ်းသာမိပါသည်။ နို့မဟုတ်လျှင် ရတနာများရသည်နှင့် ကျွန်ုပ်က ဦးလှဖေဝေစုကို ထိန်းသိမ်းထားပြီး အလုပ်တာဝန်များကြားက ဦးလှဖေသတင်းအား စုံစမ်းရှာဖွေရပေဦးမည်။ စခန်းမှာဖြစ်၍ ရတနာပစ္စည်းများ လုံခြုံရေးအတွက် စိတ်ချရမည်မထင်ပေ။ တစ်စွန်းတစ်စပေါက်ကြားသည်နှင့် အသက်အန္တရာယ်ရှိလိမ့်မည်။

—

## အခန်း (၆)

❑

ရတနာသေတ္တာရလျှင်ဟူသော အတွေးစကို ခေါင်းစဉ်တပ်ပြီး ကျွန်ုပ် အတွေးစကိုဆန့်ဆွဲ၍ အရှည်ကြီးတွေးနေမိသည်။ ရတနာဆိုသည်မှာ လူတိုင်း လိုချင်ကြသည်။ အားလုံး လောဘသားများဖြစ်ကြသည်။ ရတနာများရသည်နှင့် လူ့ပါးစပ်က အစိုးမရ၊ တစ်စွန်းတစ်စ ပေါက်ကြားမည်မှာ အမှန်ဖြစ်သည်။ ကဗီများ အတန်တန်ပေးကြပေမယ့် စိတ်မချရပါ။ သို့သိပ်စွာလုပ်ဆောင်ပါမှ တော်ကာကျပေမည်။

တူးဖော်ရမည့်အချိန် ပါဝင်မည့်သူများ လုံခြုံရေးအနေအထားစနစ်တကျ စီစဉ်ဆောင်ရွက်ရမည်ဖြစ်သည်။ တူးဖော်ရာ၌လည်း အချိန်တိုသုံးဖြစ်အောင် သေချာစေရန် ကြိုတင်လေ့လာဆောင်ရွက်ရပေမည်။

———

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် အချိန်အကြာကြီးတွေးနေမိရာ ဖနီးသည်က နေ့လယ် စာစားရန် သတိပေးမှ အတွေးစကြီး ပြတ်သွားသည်။ ရတနာသေတ္တာ ရလျှင်တော့ ပို၍ စိတ်ပူပင်ရဦးမည်ဖြစ်သည်။ ထောင်တွင်းအိမ်သို့ ရွှေ့ ထားနိုင်လျှင်တော့ လုံခြုံရေး အပြည့်ရှိသဖြင့် စိတ်ချရပေးလိမ့်မည်။

ငွေကြေးမဟုတ်သဖြင့် ဘဏ်တွင်အပ်နှံရန်လည်း မဖြစ်နိုင် ပြန်ပေ။ ထုခွဲရောင်းချရန်လည်း ချက်ချင်းမဖြစ်နိုင်။ အတွေးကမ္ဘာထဲ တွင် ချာချာလည်လည်နေ၍ တစ်ခါတစ်ရံသာ ပြန်လာနိုင်သဖြင့် ဖနီးသည်က အကောင်းဆုံးချက်ထားသော ဟင်းများပင် ခံတွင်းမတွေ့ ပါ။ တန်ရုံသာစား၍ လက်စသပ်လိုက်ရတော့သည်။

ထမင်းစားပြီး အချိုတဲနေရာ၌လည်း သည်အတွေးပင်။ ညစာ စားပြီး အိပ်ရာဝင်ချိန်၌လည်း သည်အတွေးပင်။ ညဘက်အိပ်စက်၍ အိပ်မက်မက်ရာသို့ပင်သည် အတွေးက လိုက်ပါဦးမည် ထင်ပါသည်။

နောက်တစ်နေ့ မနက်(၉)နာရီခန့် ကျွန်ုပ် မုန့်ဟင်းခါးစား၍ လက်ဖက်ရည်သောက်နေစဉ် သာယာဝတီသို့ပြန်သွားကြသည့် ကျွန်ုပ် ၏တပည့် မဆိုးအောင်သန်းနှင့် မျောက်တင်သောင်းတို့ ရောက်လာ ကြသည်။ အထုပ်ကြီးအထုပ်ငယ်များဖြင့် ဖြစ်သည်။

"ဟာ ...ဟောကောင်တွေ၊ စောလှချည်လား။ မင်းတို့ နေ့လယ်လောက်မှရောက်မယ်လို့ ငါထင်နေတာ"

"ဆရာရေ ...ကျွန်တော်တို့ မနက်(၄)နာရီကတည်းက ရွာ ကထွက်လာကြတာ။ သာယာဝတီကထွက်တဲ့ မနက်(၆)နာရီ အစော ဆုံးကားနဲ့ ထွက်လာလို့ ဒီအချိန်ရောက်တာ။ ဒီအချိန်ထွက်မှ သုံးတန် ကူးစခန်းကို မမှောင်ခင်ရောက်မှာလေ ဆရာရဲ့"

စိတ်ကူးသစ်စာပေ



"အေးပါ ...မင်းတို့ပြောတာလည်း မှန်ပါတယ်။ ကုန်း ကြောင်းသွားရရင်တော့ ဟုတ်တာပေါ့။ အခု ငါစီစဉ်ထားတာက ဒီ ကနေ သူငယ်ချင်းကားကို ငှားသွားမယ်။ သူ့ကားက ဂျစ်ကားဆိုတော့ တောလမ်းခရီးကြမ်းကြီးကိုပါ သွားနိုင်တယ်။ နေ့လယ် မင်းတို့ရောက် တာနဲ့ ဆက်သွားရင် ညနေစောင်း ရောက်နိုင်တာပေါ့။

ဒီအတိုင်း လိုင်းကားနဲ့သွား၊ စခန်းကားကြုံမရရင် မင်းကုန်း စခန်းမှာ ညအိပ်။ မအိပ်ချင်လို့ ကုန်းကြောင်းလျှောက်ရရင်လည်း ည နက်မှ စခန်းရောက်မယ်။ တောကောင်တွေအန္တရာယ်က ရှိသေးတယ်။ သေနတ်လည်း ပါလာတာမဟုတ်ဘူး။ အဲဒါကြောင့် ငါ့သူငယ်ချင်းကား ကို နေ့လယ်မှာ စီစဉ်ထားတာ။

မင်းတို့ ဝီရိယကောင်းလို့ စောရောက်တော့လည်း စောစော သွားကြတာပေါ့ကွာ။ ငါ့သူငယ်ချင်းဂျစ်ကားကို Stand by လုပ်ထားပါ တယ်။ ကဲ ...အိမ်မှာရှိတဲ့ ထမင်းဟင်းနဲ့ စောစောစားကြပေရော့။ ငါလည်း ခရီးထွက်ဖို့ ပြင်လိုက်ဦးမယ်"

"နေပါဦး ...ဆရာရယ်။ ဒီမှာ ဆရာမှာတဲ့ ငါးခြောက်ငါး ခြမ်းအပြင် လက်နက်ပစ္စည်းတွေရော၊ ဆရာ့အိမ်စားဖို့ အသားခြောက် တွေရော ပါလာတယ်"

"အေး ...အေး ...ကျေးဇူးပဲ။ အိမ်မှာ ထမင်းချက် ကောင်မကလေးရှိတယ်။ သူတို့ ထမင်းခူးပေးလိမ့်မယ်၊ စားနှင့်ကြ။ ငါ ထောင်ဝင်းအပြင်ထွက်ပြီး ငါ့သူငယ်ချင်းကားကို ခေါ်လိုက်ဦးမယ်"

"ဆရာ ...ကျွန်တော်တို့ ရေချိုးချင်တယ်။ ပြီးမှ ဆရာ ပြန်လာတာနဲ့ အတူစားကြတာပေါ့။ ကျွန်တော်တို့ စောင့်နေပါ့မယ်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အေး ...အေး ...အဲဒါလည်း ကောင်းပါတယ်။ ငါက ခုပဲ မုန့်ဟင်းခါးစားထားတော့ အပြန်မှထမင်းစားရင်း အတော်ပါပဲ"

ကျွန်ုပ် လမ်းလျှောက်၍ ထောင်ဝင်းအပြင်သို့ ထွက်ခဲ့သည်။ သူငယ်ချင်းမြင့်ဦးမှာ ထောင်ထိပ်ဘုန်းကြီးကျောင်းလမ်းထဲ၌ နေသူဖြစ်၍ မဝေးလှပါ။ တစ်မိုင်ခန့်သာ ခရီးဝေးပါလိမ့်မည်။ အိမ်တွင် ကိုမြင့်ဦးအား အဆင်သင့်တွေ့ရသည်။ ရေမချိုးမီဂျစ်ကားအား အောက်ပိုင်းစစ်ဆေး၍ ဆီဖြည့်နေခြင်း ဖြစ်သည်။

ကျွန်ုပ်ကိုမြင်သည်နှင့် ...

"ဟ ...သူငယ်ချင်း စောလှချည်လား။ နေ့လယ်မှဆို"

"ဟုတ်ပါတယ်။ သာယာဝတီကတပည့်တွေ ဝိရိယကောင်းစွာနဲ့ စောစောရောက်လာလို့ စောစောထွက်ဖို့လာပြောတာပါ သူငယ်ချင်း။ နေ့လယ်စာ စောစောစားပြီး ထွက်ကြမယ်လေ"

"နိုး ...နိုး ...။ သူငယ်ချင်းက ကိုယ့်ကို လှည်းကူးက ရှမ်းကြီးဆိုင်ကို ညွှန်းထားတော့ အဲဒီဆိုင်မှာပဲ နေ့လယ်စာစားမှာ၊ ကတိကို မဖျက်နဲ့လေ။ ကိုယ်ရေချိုးပြီးတာနဲ့ ထွက်လာခဲ့မယ်။ အသင့်စောင့်နေကြ"

"အေး ...အေး ...အဲဒါလည်း ကောင်းပါတယ်။ ဒါဆို ကိုယ်လည်း နေ့လယ်စာမစားတော့ဘူး။ ပြင်ဆင်ပြီး စောင့်နေမယ်၊ သူငယ်ချင်းသာ မြန်မြန်ထွက်ခဲ့ပေတော့"

"အေးပါ ...အေးပါ"

ကျွန်ုပ် လမ်းလျှောက်၍ ထောင်ဝင်းထဲမှ အိမ်သို့ပြန်ခဲ့သည်။ အိမ်ရောက်တော့ ထမင်းပွဲနှင့် တပည့်များက အသင့်စောင့်မျှော်နေ





ကြသဖြင့် ကျွန်ုပ် ရေအမြန်ချိုးပြီး ထမင်းအနည်းငယ် ဝင်စားရတော့သည်။ ပြီးသည်နှင့် သူငယ်ချင်းကားက အိမ်ရှေ့တွင် ရပ်လာသည်။

မနက်(၁၀)နာရီကျော်ခန့်ရှိပြီဖြစ်၍ ထောင်မှူးဖြစ်သူ ဇနီးသည်ကလည်း ထောင်ထဲမှ ထမင်းစားပြန်ထွက်လာသည်။ ဇနီးသည်အား ကတိုက်ကရိုက်နှုတ်ဆက်ပြီး ကျွန်ုပ်တို့ ခရီးစတင် ထွက်ခဲ့ပါသည်။

ကိုယ့်ကားဖြင့်ကိုယ်ဖြစ်၍ လွတ်လပ်ပါသည်။ လှည်းကူးသို့ နေ့လယ် (၁၂)နာရီမထိုးမီ ရောက်သည်။ ကတိအတိုင်း ကိုမြင့်ဦးအား ရှမ်းကြီးစားသောက်ဆိုင်တွင် ညှိခံရသည်။ သူကလည်း အသောက်သမားဖြစ်၍ စားရင်းသောက်ရင်း အတော်အချိန်ကြာသည်။ ကျွန်ုပ်တို့ ရှမ်းကြီးဆိုင်က ပြန်ထွက်တော့ မွန်းလွဲ (၁)နာရီထိုးချေပြီ။

မင်းကုန်စခန်းရောက်တော့ ညနေ (၂)နာရီ ထောင်ပိုင်ကြီးဦးအုန်းကျော်အား မှဆိုးအောင်သန်းတို့ယူလာသည့် ငါးခြောက်နှင့် ချေသားခြောက်များအား ဝင်၍လက်ဆောင်ပေးသတင်းပို့ နှုတ်ဆက်ပြီး ဆက်၍ထွက်လာခဲ့သည်။

မြေလမ်း၊ တောကြမ်းခရီးတွင် ဂျစ်ကားကလေးမှာ အလွန်အသုံးတည့်သည်။ ရေနက်ကြီးစခန်းကိုဖြတ်၊ ကျွန်းတစ်ပိုစခန်းကို ကျော်ပြီးနောက် ကျွန်ုပ်တို့ နတ်ရေတွင်းစခန်းကလေး၌ ခေတ္တနား ရေသောက်ကြသည်။ နတ်ရေတွင်းရေမှာ ကြည်စိမ်းနေသည်။

အသင့်ရှိနေသော လက်ကိုင်ရိုးတစ် အုန်းမှုတ်ခွက်ကလေးဖြင့် သောက်ကြရခြင်းဖြစ်သည်။ သေနတ်မပါသဖြင့် မျောက်ဖင်နီကြီးများကို နတ်ရေတွင်းအနီး သစ်ပင်များအောက်တွင်ထိုင်၍ ခရုကောက်စားနေသည်ကို မြင်ကြရသည်။ သေနတ်ပါသောနေ့များတွင် ယင်းမျောက်မျိုးကို မမြင်တွေ့ရ။ တောဧါမာယာ ဖြစ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သတိရသဖြင့် တောချုံအုပ်နေသော နေရာများတွင် ဂျပန်စစ်ကား (၃)စီးအား ရှာဖွေကြည့်မိသည်။ နတ်ရေတွင်းစခန်းကလေး အနောက်ဘက်၊ အထိကရချောင်ပင်ကြီးအနီးရောက်မှ တစ်စွန်းတစ်စ ပေါ်နေသော ကားခေါင်းအပျက်ကြီးကို မြင်ရသည်။

မုဆိုးအောင်သန်းနှင့် မျောက်တင်သောင်းက ဖုံးအုပ်နေသော နဘူးချုံကြီးအား ရှင်းလင်းမှ ကားနှစ်စီး ဖင်ချင်းဆိုင်၍ ပျက်စီးနေသည်ကိုတွေ့ရသည်။ ကားပျက်တစ်စီးကိုတော့ မမြင်ရတော့ပါ။ ကျွန်ုပ် အနေဖြင့် ကားပျက်(၃)စီးစလုံးအား ရှာရန်မလိုပေ။ သက်သေခံ အထောက်အထားရရန်သာ ကားများကို ရှာခြင်းဖြစ်ပေသည်။

ထိုစဉ် မျောက်တင်သောင်းက ဂျပန်ကင်ဒိုဓားနှစ်လက်အား ကားခေါင်းထဲမှ ရှာဖွေတွေ့လာသဖြင့် ...

"ဆရာရေ ... ကော်ပြီဗျ။ ဒီမှာ ကင်ဒိုဓားနှစ်လက်။ ဓားအိမ်ကတော့ သံချေးတက်ပြီး ဆွေးနေပြီ။ အထဲက ဓားကတော့ အကောင်းကြီးပဲဗျ။ စခန်းရောက်မှသွေးပြီး သလိုက်ရင် အသစ်ဖြစ်သွားမှာဗျို့"

"ထားစမ်းပါကွာ။ လူတွေကိုသတ်ထားတဲ့ ဓားတွေနေမှာပေါ့။ မင်္ဂလာမရှိပါဘူး"

"ဆရာ ... ကင်ဒိုဓားအစစ်က ရှားတယ်။ ရဖို့မလွယ်ဘူး။ ဆရာမယူရင် ကျွန်တော်နဲ့အောင်သန်း တစ်ယောက်တစ်ချောင်းယူလိုက်မယ်။ အားတဲ့နေ့ကျမှ ဒီနေရာကိုလာပြီး အသေးစိတ် မြေလှန်ရှာရမယ်"

"အေး ... အေး ... ရှာရှာ။ ရတနာတွေ ရချင်ရဦးမှာ။ အမြောက်ကျည်ဆန်ခွံတွေ့ရင်တော့ ရသလောက်ယူခဲ့ကြ။ ငါတို့စခန်း





က ဘုရားစင်မှာ ဘုရားပန်းအိုးလုပ်ရမယ်။ ဝါးကျည်တောက်ရေခွက်ဆိုတော့ မလှဘူးဖြစ်နေတယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ထိုစဉ် ကားဆရာ ကိုမြင့်ဦးရောက်လာပြီး ...

"ကင်ဒိုဓား အစစ်ဆိုရင်တော့ ငါလည်း တစ်ချောင်းလိုချင်တယ်ကွာ။ အလကားမယူပါဘူး။ မင်းတို့ကို မုန့်ဖိုးပေးမှာပါ"

"ကဲ ... ပေးလိုက်စမ်း တင်သောင်းရေ။ သူငယ်ချင်း ကိုမြင့်ဦးကလည်း ဓားဝါသနာရှင်ထင်ပါရဲ့။ သူငယ်ချင်း မင်းဒီနေ့တော့ ပြန်လို့မရတော့ဘူးနော်။ စခန်းရောက်တာနဲ့ မှောင်တော့မှာ။ မင်းအပြန် တစ်ယောက်တည်း ကိုယ်စိတ်မချဘူး။ ဒီဟောလမ်းခရီးမှာ ကျားရော၊ ဆင်ပါရှိတယ်"

"အေးပါ ... ကိုယ်က အေးအေးဆေးဆေးပါ။ တောအတွေ့အကြုံရဘာပေါ့။ သူငယ်ချင်းသာ ညစာလေး၊ ကောင်းကောင်းကျွေးဖို့အရေးကြီးပါတယ်။ ကိုယ့်လက်ဆွဲအိတ်ထဲမှာ RUM (၂)လုံး ဆောင်လာပါတယ်"

"အေး ... အဲဒါဆိုရင် အတော်ပါပဲ သူငယ်ချင်း။ ကိုယ်တို့စခန်းမှာ အရက်ရှားတယ်။ မြည်းစရာစားစရာက ပေါပါတယ်"

ကျွန်ုပ်တို့ ဂျစ်ကားကလေးဖြင့် ဆက်ထွက်လာရာ သုံးတန်ကူးစခန်းသို့ (၁၅)မိနစ်အတွင်း ပြန်ရောက်သည်။ အချိန်မှာ ညနေ (၅)နာရီခန့်သာ ရှိသေးသော်လည်း တောတွင်းစခန်းဖြစ်၍ မှောင်စပြုပြီဖြစ်သည်။ ကျွန်ုပ်ရုံးခန်းပေါ်သို့ ရောက်သည်နှင့် ဆရာဝန်ကြီးနှင့် ဆေးမှူးသိန်းဆန်းက လာရောက်နှုတ်ဆက်ကြသည်။

"ဆရာသိန်းဝင်း ... အဆင်ပြေရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ပြေပါတယ် ဆရာကြီး။ နည်းနည်းတော့ ပင်ပန်းတာပေါ့"

ဆေးမှူးသိန်းဆန်းက ...

"ဆရာ ... ဆရာတို့ မိုးချုပ်မှရောက်မှာသိလို့ ကျွန်တော်နဲ့ ဆရာဝန်ကြီး စားဖို့သောက်ဖို့ အသင့်စီစဉ်ထားပါတယ်။ ရေချိုးကြဦးမှာလား"

"မချိုးတော့ဘူး ကိုသိန်းဆန်း။ တောထဲမှ ညဘက်ရေချိုးတာ မကောင်းဘူး"

"အဲဒါဆိုရင် ကျွန်တော်တို့ စကားပြောရင်း စားကြသောက်ကြတာပေါ့နော်။ ဆရာ့ရုံးခန်းက ကျယ်တော့ ဒီမှာပဲ ပြင်လိုက်မယ်နော် ဆရာ"

"အေး ... အေး ... ကောင်းပါတယ်"

"ကဲ ... အောင်သန်းနဲ့တင်သောင်းရေ မင်းတို့ပါလာတဲ့ အသားခြောက်တွေကို တို့အတွက် နည်းနည်းချန်ပြီး ထောင်မှူးကြီးနဲ့ ထောင်မှူးဦးအေးချို၊ ဆရာဝန်ကြီးနဲ့ ကိုသိန်းဆန်းတို့ကို ဝေလိုက်ကြကွာ"

"ဟုတ်ကဲ့ပါ ဆရာ"

ကျွန်ုပ်တို့ ဝိုင်းစကြသည်။ ဆေးမှူးကိုသိန်းဆန်း စီစဉ်ထားဟန်တူပါသည်။ အမြည်းက စုံသည်၊ အရက်ကလည်း အကောင်းစားနိုင်ငံခြားအရက်။ ဆရာဝန်ကြီးက ...

"ဆရာကိုသိန်းဝင်း ... ငါးပေါက်သီး ရခဲ့သလား"

"ရာသီချိန်လွန်လို့ ဆင်ဘိုရွာအနီးက ငါးပေါက်သီးတောင်အထိ သွားရတာဗျို့။ ရေလမ်းခရီးက အလွန်ခက်ခဲကြမ်းတမ်းပြီး





အန္တရာယ်များတယ်။ တောင်တစ်ခုလုံးတက်ရှာတာ အသီး (၅)လုံးပဲ ကံကောင်းထောက်မစွာ ရခဲ့တယ်"

ကျွန်ုပ်က ခရီးစဉ်တစ်ခုလုံးနှင့် အခက်အခဲများကို ရှင်းပြရသည်။ ရှမ်းကြီးဦးနန္ဒ ကူညီမှုကိုလည်း ပြောရပါတော့သည်။

"ဆရာ ... ကျွန်တော်တို့ကိုလည်း မြင်ဖူးတယ်ရှိအောင် ပြပါဦး"

"ဆရာကြီး ... လျှို့ဝှက်ချက်က အသီးမှာရှိတာဆိုတော့ ကျွန်တော့်ခေါင်းထဲမှာပဲ မှတ်ထားပြီး အသီးတွေကို ဖျက်ဆီးပစ်လိုက်ပါပြီ။ ယုံကြည်စွာနဲ့ပဲ ကျွန်တော့်ကိုအားကိုးပါ"

ဆေးမှူးသိန်းဆန်းက ...

"ဟုတ်ပါတယ် ... ဆရာကြီးရယ်။ ငါးပေါက်သီးက ကျွန်တော်တို့အတွက် အသုံးမဝင်ပါဘူး။ ဆရာဦးသိန်းဝင်းအတွက်သာ နားလည်လို့ တန်ဖိုးရှိတာပါ။ အသီးမြင်ရတော့လည်း မြင်ဖူးတယ်ပဲရှိမှာပါ"

"ကျွန်တော်က ငါးပေါက်သီးဆိုတာကို မြင်လည်းမမြင်ဖူး၊ ကြားလည်းမကြားဖူးလို့ လေ့လာချင်လို့ပါဗျာ။ ဒါနဲ့ ဆရာသိန်းဝင်း ဘယ်လိုသတင်းအစအန ရတာလဲ"

"မြန်မာ့စွယ်စုံကျမ်းကို ကြည့်တယ်ဗျာ။ ဂျပန်ပြည် ကျူးရှူးကျွန်းမှာပေါက်တဲ့ ရှားပါးအပင်တဲ့။ အသီးက သစ်တော်သီးနဲ့တူပြီး အခွံမာတယ်။ အခွံပေါ်မှာ ထူးဆန်းတဲ့အမှတ်အသားနဲ့ ချိုင့်ကလေး (၅)ပေါက်ရှိပြီး အဆံက မြေပဲဆံလိုဆိမ့်တယ်။

မြန်မာပြည်မှာလည်း သမပိုင်းဒေသဖြစ်တဲ့ ကချင်ပြည်နယ်မှာ ပေါက်ရောက်တယ်လို့ပဲ။ အကြမ်းဖျဉ်းဖော်ပြထားတယ် ပုံမပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သတင်းအစအနရပေမဲ့ ကျွန်တော်သိချင်တာ ဖော်မပြထားပါဘူး။ ဒါနဲ့ အကျဉ်းဌာန ဗဟိုစာကြည့်တိုက်မှာတွေ့ရတဲ့ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီကထုတ်တဲ့ "သိဂ္ဂိနဒီ မြန်ပြည်မြောက်ဖျား" ဆိုတဲ့ စာအုပ်မှာတော့ မြစ်ကြီးနားဘက် ဆင်ဘိုဆိုတဲ့ရွာအနားက ငါးပေါက်သီးတောင်အကြောင်း ရေးထားတယ်။ သတင်းက အတိအကျရပြီ။ ဒါပေမဲ့ အဓိကလျှို့ဝှက်ချက်ကို ဖော်ပြမထားဘူး"

"ကျွန်တော်သိချင်တာက အခွံပေါ်မှာရှိတဲ့ အချိုင့်ကလေး (၅) ပေါက်အနက် ဘယ်ချိုင့်မှာ အစေ့ပါသလဲဆိုတာပဲ။ ကိုယ်တိုင်သွားမှ သိရတော့တာပဲဗျို့။ အလွန်လျှို့ဝှက်ဆန်းကြယ်တဲ့ ငါးပေါက်သီးပါပဲ"

"ဘယ်ချိုင့်မှာပါသလဲ ဆရာ"

ဆရာဝန်ကြီးက မေးလာသည်။

"ဒါ လျှို့ဝှက်ချက်ပဲ။ မနက်ဖြန် အဖြေသိရမှာပေါ့။ ဆန္ဒမစောပါနဲ့"

လူစိမ်းပါလာ၍ ကျွန်ုပ် မပြောခြင်းဖြစ်သည်ဟု ယူဆကြပြီး ကားဆရာကိုမြင့်ဦးအား ဝိုင်းကြည့်ကြသည်။

"ပြောသင့်တာရှိတာ ပြောပါဗျာ။ ကျွန်တော်က ကိုသိန်းဝင်းနဲ့ ငယ်ပေါင်းသူငယ်ချင်းပါ။ အပြင်လူစိမ်းမဟုတ်ဘူး။ တစ်ခုတော့ တောင်းပန်ချင်တယ်ဗျာ။ ကျွန်တော်က ရှေးဟောင်းပစ္စည်းဝါသနာပါလို့ ဂျပန်လက်နက်တွေရရင်တော့ ကျွန်တော့်ကိုရောင်းပါဗျာ။ ကျွန်တော် သင့်တဲ့ဈေးနဲ့ ဝယ်ပါ့မယ်"

"သူငယ်ချင်းကိုမြင့်ဦး ... လက်နက်ပစ္စည်းတွေ ရရင်တော့ ခင်ဗျားသဘောရှိတာ သယ်သွားပေတော့ ဝယ်စရာမလိုပါဘူး။ အဲ ... ဆန္ဒရှိသေးရင်တော့ ရတနာတွေနဲ့အတူ ရောမြှုပ်ထားတဲ့ ရွှေးတပ်





သားတွေရဲ့ အရိုးစုတွေပါ။ ရှေးဟောင်းပစ္စည်းအနေနဲ့ သယ်သွားနိုင်တယ်"

ကျွန်ုပ်က နောက်ပြောင်တော့ ကိုမြင့်ဦးက ...

"သူငယ်ချင်း ကိုသိန်းဝင်း ... အဲဒါတွေ မပါကြေး။ ကျွန်တော်က လက်နက်ပစ္စည်းတွေကိုပဲ ပြောတာ။ ကျွန်တော်က ရှေးဟောင်းပစ္စည်း စုဆောင်းတတ်လို့ပါဗျာ"

အားလုံး သဘောကျ၍ ရယ်ကြသည်။ ကျွန်ုပ်က မနက်ဖြန်မနက် (၉)နာရီ နဝင်းအချိန်တွင် ရတနာသိုက်အား စတင်တူးမည်ဖြစ်၍ သက်ဆိုင်သူများသာ စုဝေးကြရန်နှင့် မွေးနီရွာတွင်နေသော အဘဦးနီမောင်သားအား စောစီးစွာသွားခေါ်ရန် မှဆိုးအောင်သန်းနှင့် မျောက်တင်သောင်းအား တာဝန်ပေးရတော့သည်။

ကိုယ့်အစုနှင့်ကိုယ် ခွဲတမ်းရပါကလည်း ကိုယ်နှင့်သက်ဆိုင်သော တပည့်သားမြေးများကို ကိုယ့်ဝေစုထဲကသာ ခွဲဝေပေးရန်နှင့် ခေါင်းဆောင်ဖြစ်သော ကျွန်ုပ်က သေတ္တာတစ်လုံး ယူမည်ဖြစ်ကြောင်း ကြေငြာလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်ုပ် မနက်(၅)နာရီကတည်းက အိပ်ရာကထသည်။ သောက်တော်ရေကပ်ပြီး ဘုရားအား ဖယောင်းတိုင်၊ အမွှေးတိုင် ကိုးတိုင်စီဖြင့် ပူဇော်သည်။ ရှင်အရဟံ ပုတီးစိပ်နည်းဖြင့် ပုတီးကိုးပတ်စိပ်သည်။ ကိုးနဝင်းကျေစေရန် ဖြစ်သည်။

ပြီးနောက် အရပ်(၁၀)မျက်နှာ မေတ္တာပို့ပြီး တောစောင့်နတ်၊ တောင်စောင့်နတ်နှင့် ဂျပန်ရတနာသိုက်၊ အစောင့်များကိုလည်း မေတ္တာပို့၍ အမျှဝေသည်။ ထို့အပြင် သေဆုံးသွားသူများနှင့် ရတနာသိုက်နှင့် သက်ဆိုင်ပတ်သက်သူများအား မေတ္တာပို့၍ အမျှပေးဝေပါသည်။ ကျွန်ုပ် ဘုရားဝတ်ပြုသည်မှာ (၄၅)မိနစ်တိတိ ကြာသည်။ လူစိမ်းဖြစ်နေ၍ ကိုမြင့်ဦးအား စခန်းတွင်ထားခဲ့သည်။

ပြီးသည်နှင့် မနက်စာစားပြီး တပည့်ကျော်အောင်သန်းနှင့် တင်သောင်းတို့အား လက်နက်တန်ဆာပလာများဖြင့် လူခွဲပြီး အရင်





လွှတ်သည်။ ပြီးမှ ဆေးမျိုးသိန်းဆန်းအား ကန်တော့ပွဲလုပ်ရန် ပစ္စည်းများအား အိတ်တစ်ခုနှင့်ထည့်စေပြီး လွှတ်သည်။ မနက် (၈)နာရီထိုးမှ ကျွန်ုပ်နှင့် ဆရာဝန်ကြီး နောက်ကလိုက်သွားသည်။

ကျွန်ုပ်ကတော့ ထုံးစံအတိုင်း ယူနီဖောင်းဝတ်ပြီး ဒသမ • ၃၀၃ ရိုင်ဖယ်သေနတ်ကြီးအား စလွယ်သိုင်း၍ လွယ်ခဲ့သည်။ ကျွန်ုပ်တို့မှာ ရတနာသိုက်နေရာသို့ တည့်တည့်မသွားဘဲ ပတ်ဝန်းကျင်အား လေ့လာရန် ကွေ့ပတ်၍သွားသည်။ ပတ်ဝန်းကျင်မှာ ငြိမ်သက်အေးချမ်းနေသည်။

ကျွန်ုပ်တို့ ရတနာသိုက် ကျောက်တုံးကြီးအနီးရောက်တော့ အောင်သန်းနှင့်တင်သောင်းတို့ သွားခေါ်ထားသော မွေးနီရွာမှ တစ်ပွဲစားဦးနီမောင်သား၊ ကိုစိမ်းယဉ်နှင့်ဖနီးတို့လည်း ရောက်ရှိနေပြီဖြစ်သည်။

"ကိုစိမ်းယဉ် . . . မှဆိုးကြီး ဦးလေးမောင်တို့ ရှိသေးသလားဗျ"

"ရှိသေးတယ် ဆရာထောင်မှူး။ ကျွန်တော်တို့ချည်း ကွက်ခေါ်လို့ ဆရာ့ကို စိတ်ခုနေကြတယ်"

"မိတ်ဆွေအချင်းချင်းပဲဗျာ ခေါ်ချင်တာပေါ့။ ဒါပေမဲ့ ဒီကိစ္စက သက်ဆိုင်သူတွေပဲ ပါစေချင်တာမို့ မုဆိုးကြီးတို့ကို မခေါ်ခဲ့ဖို့ မှာရတာပါ၊ ရတနာပစ္စည်းတွေရရင်လည်း ကိုစိမ်းယဉ်တို့က သိတတ်စွာနဲ့ သူတို့ကိုလည်း ခွဲဝေပေးပါ။

ကျွန်တော်တို့လည်း ကျွန်တော့်တို့အပိုင်းနဲ့ ကျွန်တော်တပည့်တွေကို ခွဲဝေပေးမှာပါ။ ကိုစိမ်းယဉ်က ဆရာဝန်ကြီး ဦးမောင်မောင်ရဲ့အဖိုး ဘွန်ချီဦးတင်ရွှေနဲ့ ပတ်သက်ပြီး အဘဦးနီမောင်က ကျေးဇူးရှိလို့ ခွဲဝေပေးရမှာပါ၊ အဲဒီတော့ ကျွန်တော်က ဒီအဖွဲ့ခေါင်းဆောင်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မြစ်ကြီးနားမြို့နယ်ထဲအထိသွားပြီး ဒီရတနာသိုက်ရဲ့ လျှို့ဝှက်ချက်ကို ရှားထားရတာပါ။ ဒါကြောင့် ကျွန်တော့်ပြောစကား နားထောင်ရမယ်။ ကျွန်တော် သင့်တင့်အောင် ခွဲဝေပေးတာကို လက်ခံရမယ်။ အဲဒီအချက်အလက်တွေကို နားလည်သဘောပေါက်ရင်တော့ ကျွန်တော်စပြီး ရတနာသိုက်တူးဖို့ လုပ်တော့မယ်"

"လုပ်ပါ ဆရာ။ ကျွန်တော်တို့ လင်မယားနှစ်ယောက်စလုံး လက်ခံသဘောတူပါတယ်"

"ဟုတ်ပါတယ်ရှင့်။ ကျွန်မလည်း သဘောတူပါတယ်"

မနက် (၈း၄၅) နာရီတွင် ကန်တော့ပွဲအား စတင်ပြင်ဆင်သည်။ ကွန်တိုမြေပုံပါ ကျောက်တုံးကြီးရှေ့၌ ကျောက်ပြားတစ်ခုခံ၍ ကန်တော့ပွဲကို ပြင်ဆင်သည်။ ပြီးနောက် မြေပုံကျောက်တုံးကြီးခြေရင်း၌ ဖယောင်းတိုင် (၉)တိုင်နှင့် အမွှေးတိုင် (၉)တိုင် စိုက်ထူသည်။

ကျွန်ုပ်မှာ တကယ့်သိုက်တူးမည့် ဆရာကြီးသဖွယ် လုပ်နေရခြင်းဖြစ်သည်။ မနက်(၉)နာရီထိုးသည်နှင့် ကျွန်ုပ်က ဦးဆောင်၍ ကန်တော့ပွဲရှေ့တွင် ထိုင်ပြီး ဖယောင်းတိုင်နှင့် အမွှေးတိုင်များအား ပါဝင်ပတ်သက်သူများ ကိုယ်တိုင် မီးထွန်းညှိပူဇော်စေသည်။

ပြီးသည်နှင့် ကန်တော့ပွဲရှေ့၌ ထိုင်ကြပြီး ကျွန်ုပ်က ရှင်အရဟံ ဘုရားရှိခိုးကို တိုင်ပေးသည်။ ပြီးနောက် အနန္တော အနန္တငါးပါးအား ပူဇော်ကန်တော့ပြီး ငါးပါးသီလခံယူကြသည်။ တောစောင့်နတ်တောင်စောင့်နတ်နှင့် ရတနာသိုက်အစောင့်များအား မေတ္တာပို့သည်။

ပွဲမစမီကပင် ရတနာသိုက်မြေပုံအညွှန်း ကျောက်တုံးကြီးတွင် ကျွန်ုပ်၏အစီအမံဖြင့် ရတနာသိုက်တူးမည့် လက်နက်တန်ဆာပလာ





များအား ထောင်ထားစေရာ ကန်တော့ပွဲပြီးတော့လည်း တစ်ခုတလေမှ လဲမကျပါ။ ရတနာသိုက်တူးရန် သဘောတူ ခွင့်ပြုသည့်သဘောပင်။

ဆိုင်ရာပိုင်ရာများက ခွင့်ပြုသည်ဆိုသည်နှင့် ကျွန်ုပ်က ပါဝင်ပတ်သက်သူများ အထင်ကြီးလေးစားစေရန် ကျွန်ုပ်ယူဆောင်လာသည့် အမြင့်ပေတိုင်း (ALTI METER) ကို ထုတ်ပြီး ကျောက်တုံးကြီးအနီးတွင် တိုင်းသည်။ (၅၀၀)ပေ မြေပြင်ညီရအောင်ချိန်ပြီးမှ ဒုတိယအဆင့်သို့ တက်သည်။

ဒုတိယအဆင့် တောင်တန်းပေါ်တွင် ဝါးရုံအနီး၌ထိုင်၍ အမြင့်ပေ (၁၀၀၀')ကို တိုင်းသည်။ ပြီးနောက် ရိုးမတောင်ကြောပေါ် ပေ(၁၅၀၀')သို့တက်၍ တိုင်းယူပြန်သည်။ ပြီးမှ မြေပြင်သို့ပြန်ဆင်း၍ ကျောက်တုံးကြီးပေါ်၌ မြေပုံဖတ်သလိုလုပ်ပြီး ဒုတိယဂရပ်မျဉ်းဖြောင့်ပေါ် ကွန်တိုမျဉ်းဖြတ်သည် ဒုတိယကျောက်ငုတ်နေရာပေါ်သို့ လက်ညှိုးထောက်ပြီး ...

"ဒီနေရာကို ရှာရမယ်။ ပင်လယ်ရေမျက်နှာပြင် အထက်ပေ ၁၀၀၀' ဒုတိယကျောက်ငုတ်နေရာပဲ။ ကျွန်တော် စောစောကတက်ခဲ့တဲ့ နေရာအဆင့်နဲ့ တစ်တန်းတည်းနေရာမှာပဲ။ မျောင်တင်သောင်း တက်ရှာကွာ"

ကျွန်ုပ် ပညာပြ၍ လုပ်ကိုင်နေသည်ကို တပည့်ကျော် မှဆိုးအောင်သန်းနှင့် မျောက်တင်သောင်းတို့က သိဟန်တူပါသည်။ မျောက်တင်သောင်းက ဒုတိယအဆင့်သို့တက်၍ ဟိုရှာသည်ရှာ လုပ်နေသည်။ ကျွန်ုပ်က ဝါးရုံရှေ့ ကျောက်တုံးများအနီးတွင်ရှာရန် လှမ်းအော်ရသည်။ သို့မှ တင်သောင်းက ဒုတိယကျောက်ငုတ်အား တွေ့သည့်ဟန်ဖြင့် 'တွေ့



www.burmeseclassic.com

www.burmeseclassic.com



ပြီဆရာ။ ကျောက်တုံးတွေနဲ့ ရောနေလို့ မျက်စိရှုပ်သွားတာ။ ဆရာ လာကြည့်ပါဦး''

ကျွန် ဝါးကိုင်းနှင့် သစ်ပင်ငယ်များကိုဆွဲ၍ ဒုတိယအဆင့်သို့ တက်သွားသည်။ ကျောက်ဂုတ်အား အသေးစိတ် စစ်ဆေးဟန်ဖြင့် ကြည့်ရှုပြီးမှ ဆရာဝန်ကြီးနှင့် ဆေးမှူးသိန်းဆန်း၊ ကိုစိမ်းယဉ်တို့အား ခေါ်ရသည်။

''အားလုံး ... လာကြဗျို့။ အမျိုးသမီးတော့ မတက်ခဲ့နဲ့။ လက်နက်ကိရိယာတွေပါ ယူခဲ့ကြပါ''

ဆရာဝန်ကြီးက ဝလွန်း၍ မတက်နိုင်ပါ။ ကိုစိမ်းယဉ်ဇနီးနှင့် အတူ ကျောက်တုံးကြီးအနားတွင် ကျန်ခဲ့သည်။ ဆေးမှူးသိန်းဆန်းနှင့် ကိုစိမ်းယဉ်တို့သာ လက်နက်ကိရိယာတို့အား ကိုင်ဆောင်၍ တက်လာကြသည်။

ကျွန်ုပ်က အမှတ် (၂) ကျောက်ဂုတ်နေရာအားပြပြီး တူးခိုင်းသည်။ ကျွန်ုပ်ကတော့ ရှိုးမတောင်ကြောပေါ်သို့ ကုပ်တွယ်တက်လာပြီး ကျွန်ုပ်တို့ ပထမဆုံး အမဲလိုက်စဉ် မြားပြ၍ ဂျပန်စာများရေးထွင်းထားသော ပျဉ်းမပင်ကြီးအောက်ရှိ ကျောက်ဖျာပေါ်တွင်ထိုင်ရင်း ရွာကို မော့၍သောက်နေမိသည်။ ထိုစဉ် မျောက်တင်သောင်းက ...

''ဆရာ ... ဆရာ .. ကျောက်တုံးကြီးက အထူကြီးပဲ။ ပေါက်ချွန်းနဲ့ပေါက်လို့တောင် မရဘူး။ ဘယ်လိုလုပ်ရမှာလဲ''

ကျွန်ုပ် ခေတ္တစဉ်းစားလိုက်ပြီး ....

ကျောက်ဂုတ်ကို အရင်ဖော်လိုက်။ ကျောက်ဂုတ်အောက်မှာ တွင်းပေါက်ဝရှိလိမ့်မယ်။ တွင်းဝကြီးကို ကျောက်ဖျာဖုံးပြီး အုပ်ထားတာလို့ ငါထင်တယ်။ ကျောက်ဂုတ်ဟာ ကျောက်ဖျာအစပ်ပဲ''

---





''ဟုတ်ကဲ့ ဆရာ''

တင်သောင်းနှင့်အောင်သန်းက ပေါက်ချွန်းနှင့် ပေါက်တူးရှင်းဖြင့်တူးသဖြင့် မကြာမီ ကျောက်ဂုတ်ကြီး လှုပ်လာသည်။ ကိုစိမ်းယဉ်နှင့် ဆေးမှူးသိန်းဆန်းတို့က တူးရှင်းများနှင့် ကုပ်အားသုံးပြီး ကလော်သဖြင့် ကျောက်ဂုတ်ကြီး တပြည်းပြည်း ပြုတ်ထွက်လာသည်။ ကျောက်ငုပ်ကြီးကို ဖယ်လိုက်တော့ တွင်းဝပေါ်လာသည်။

''ဆရာရေ ... အထဲမှာ အနက်ကြီးပဲ။ မှောင်မဲနေတာပဲ''

''အေး ... အေး ... ငါလာပြီ။ ခဏစောင့်ကြ''

ကျွန်ုပ် တောင်ကြောပေါ်မှ အလယ်ဆင်းသို့ ဆင်းရပြန်သည်။ ဝါးပင်နှင့် တံမြက်စည်းပင်များအား ကုတ်ကပ်တွယ်ဆင်းရခြင်းဖြစ်သည်။ ခြေကုပ်က မမြဲချင်။ လက်မောင်းအားကိုပင် အမှီပြုရသည်။

အလယ်ဆင့် ကျောက်ဂုတ်နားရောက်တော့ ကျောက်ဖျာကြီးအားထုနိုင်းရာ ဂလိုင်သံကြားနေရသည်။ ရတနာသိုက် အမှန်ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်တွင် အသင့်ပါလာသော လက်နှိပ်မီးကလေးဖြင့် ကျောက်ဂုတ်ပေါက်နေရာမှ အထဲသို့ မီးထိုးကြည့်ရာ လူအရိုးစုများနှင့် သေတ္တာကြီးများအား တွေ့ရသည်။ (၅)ပေ ပတ်လည်ခန့်ကျယ်သော ကျင်းအားတူး၍ အပေါ်မှ ကျောက်ဖျာကြီးဖြင့် စနစ်တကျ ဖုံးထားခြင်းဖြစ်သည်။ အတွင်းမှ အောက်သိုးသိုးအနံ့များ ထွက်နေသည်။

စနစ်တကျ လက်ရာမြောက်စွာ ကျောက်ဖျာကြီးအား ဖုံးအုပ်ထားခဲ့သော ဉာဏ်ကြီးရှင် ကိုရွှေဂျပန်များအား ကျွန်ုပ် ချီးကျူးမိသည်။ လေလုံရေလုံ၊ စရွေးကိုက် လုပ်သွားခြင်းဖြစ်သည်။ အနီး၌လည်း အရွယ်မျိုးစုံ သင်ပုန်းကျောက်ဖျာများက ရှိနေသည်။

---



www.burmeseclassic.com

www.burmeseclassic.com



အမှတ်အသားပြုထားသော ကျောက်ငုတ်ရှိနေ၍သာ နေရာမှန်ကို ဖော်ထုတ်နိုင်ခြင်းဖြစ်သည်။ ကျောက်ငုတ်စိုက်ထူထားသော ထောင့်စပ်စပ်၊ ကျောက်ဖျာအစွန်းတွင် လခြမ်းသဏ္ဌာန် ပုံနေသည်။ မူလကကတည်းက ပုံသည့်လား၊ ကျောက်ငုတ်စိုက်ထူရန်အတွက် ဖွဲ့ထားသည်လားတော့ မသိပါ။

ကျောက်ငုတ်ကိုလည်း ကျောက်ဖျာအစွန်းအပုံ (အပေါက်) နှင့်အညီ စရွေးကိုက်နေရာချ၍ တပ်ဆင်စိုက်ထူထားခြင်းမှာ စနစ်ကျလှသည်။ ကျောက်ဖျာကြီးအထူမှာ (၅)လက်မခန့် ရှိသည်။ မုဆိုးအောင်သန်းက ...

"ဆရာ ... ကျွန်တော် ငါးပေါင်တူနဲ့ ရိုက်ခွဲလိုက် ရမှာလား ဆရာ"

"မလုပ်နဲ့ ... မလုပ်နဲ့။ ကျောက်ဖျာကြီး အနားစပ်တွေကို စို့အပြားနဲ့လိုက်ထိုးပြီး တူနဲ့ရိုက်။ မြေကြီးကိုက်နေတဲ့အနားစကို အထိုင်ဖျက်အောင် အလျှင်လုပ်ရမယ်။ ပြီးမှ (၁၀)ပေလောက် မျှော့တိုင် (၄) ချောင်းခုတ် ကုပ်အားလျှအားနဲ့ ကလန့်ကော်ပြီးမှ ကျောက်ဖျာကြီးကို ရွှေ့ရမယ်"

ကျွန်ုပ်ပြောသည့်အတိုင်း ဆေးမှူးသိန်းဆန်းနှင့် ကိုစိမ်းယဉ်တို့က စို့အပြားများနှင့် ကျောက်ဖျာကြီးအနားစပ်များအား လိုက်ရိုက်နေစဉ် မုဆိုးအောင်သန်းနှင့် မျောက်တင်သောင်းတို့က ထွာဆိုင်ခန့် မျှော့တိုင်များအား တောင်ကြောပေါ်သို့တက်၍ ခုတ်ကြသည်။ ဆရာဝန်ကြီးနှင့် ကိုစိမ်းယဉ်၏ ဇနီးတို့ကတော့ တောင်ခြေကျောက်တုံးကြီးအနီးတွင် ထိုင်ကြည့်နေကြသည်။





ထိုစဉ် ကျွန်ုပ် ရတနာသိုက် ပတ်ဝန်းကျင်ကိုလိုက်၍ ကြည့်ရှုသည်။ လုံခြုံရေးကို စစ်ဆေးခြင်းဖြစ်သည်။ အခြေအနေက အေးချမ်းပါသည်။ တောနက်တွင်းဖြစ်၍ အဝေးဆီမှ သမင်ဟောက်သံ၊ ချေဟောက်သံနှင့် မျောက်များအော်မြည်သံကိုသာ ကြားနေရသည်။ အနီးပတ်ဝန်းကျင်၌တော့ ငှက်ကလေးများ သာယာစွာအော်မြည်သံနှင့် တောကြက်တွန်သံ ရစ်ကြက်ဖများတောင်ပံရိုက်သံ တဖျန်းဖျန်းကိုသာ ကြားနေရသည်။

နာရီဝက်ခန့်ကြာတော့ မုဆိုးအောင်သန်းနှင့် မျောက်တင်သောင်းတို့က မျှော့တိုင်(၂)လုံးစီထမ်းပြီး တောင်လယ်ဆင့်သို့ ဆင်းလာကြသလို၊ ဆေးမှူးသိန်းဆန်းနှင့် ကိုစိမ်းယဉ်တို့ကလည်း ကျောက်ဖျာကြီးပတ်လည်အား စို့ပြားများဖြင့် တူးဆွပြီးဖြစ်သည်။

လူလေးယောက် မျှော့တိုင်တစ်တိုင်စီကိုင်၍ မျောက်တင်သောင်းနှင့် မုဆိုးအောင်သန်းတို့က ကျောက်ငုတ်အပေါက်မှ မျှော့တိုင် (၂)ချောင်းသွင်းပြီး ကုပ်အားဖြင့် မ,သည်နှင့် ကျောက်ဖျာကြီး အနည်းငယ် ကြွတက်လာသည်။ ကြွလာသောအပေါက်များမှ မျှော့တိုင်များအား ထိုးသွင်းပြီး ကိုစိမ်းယဉ်နှင့် ဆေးမှူးသိန်းဆန်းတို့က ကလန့်ပြီး ထိုးမ,ကြသည်။

ကြွလာသော ကျောက်ဖျာအနားစပ်များအတွင်းသို့ မုဆိုးအောင်သန်းက ကျောက်တုံးများဖြင့် လိုက်ခံသည်။ ခေတ္တနားကြသည်။ ပြီးမှ မုဆိုးအောင်သန်းနှင့် မျောက်တင်သောင်းတို့က ၎င်းတို့၏ကျောက်ငုတ်အပေါက်မှ မျှော့တိုင်များအားနှုတ်ပြီး တစ်ဖက်သတ်လေးယောက်သားအားယူ၍ ကျောက်ဖျာကြီးအား ကလန့်၍ မ,ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟ,လာသည့်နှင့်အမျှ ကျောက်တုံးကြီးများအား ကျောက်ဖျာ အနားစပ်တွင် ချပ်ပြီး ရွှေကြသည်။ မကြာမီ ကျောက်ဖျာကြီး အံလွဲ၍ တစ်ဝက်ခန့်ပွင့်သွားသည်။ ထို့နောက် တဖြည်းဖြည်း ဖျောတိုင်များ ထိုး၍ရွှေကြရာ ကျောက်ဖျာကြီး သုံးပုံနှစ်ပုံခန့် ပွင့်သွားတော့သည်။ ကျွန်ုပ်က ...

"တော်ပြီဟေ့ ... ရပ်။ ခဏနားကြဦး"

ကျွန်ုပ် လက်နှိပ်ဓာတ်မီးကလေးဖြင့် အထဲသို့ထိုးကြည့်ရာ လေလုံ၊ မိုးလုံ စနစ်တကျလုပ်ထားသော်လည်း ကျင်းထဲ၌ စိုစွတ် နေသည်။ သံသေတ္တာများမှာ အမြောက်ဆန်သေတ္တာများဖြစ်၍ စပ်သုံး ကျည်ဆန်သေတ္တာများထက် ကြီးသည်။ သေတ္တာ (၄)လုံးအား ထောင့် လေးထောင့်တွင် စီ၍ချထားသည်။

သေတ္တာများဘေး၌လည်းကောင်း၊ အလယ်၌လည်းကောင်း လူ အရိုးစုပြိုပြိုများက လဲလျောင်းလျက်ရှိသည်။ ကျွန်ုပ် ရေတွက်ကြည့် ရာ (၁၀)ယောက်ရှိသည်။ အောက်ဘက်၌ မမြင်ရသေးသော အရိုးစုများ ကျန်နေနိုင်သေးသည်။ ကျင်းထောင့်များတွင် ဂျပန်ရိုင်ဖယ်သေနတ် များအား လုံစွပ်တပ်၍ ထောင်ထားသည်ကို တွေ့ရသည်။

ချွေးတပ်သားများအား ရတနာပစ္စည်းများ မြှုပ်နှံပြီးသည်နှင့် သေနတ်ဖြင့်ပစ်ခြင်း သို့မဟုတ် လုံစွပ်ဖြင့်ထိုးပြီးနောက် အသုံးပြုပြီး လက်နက်များကိုပါရောရှ၍ မြှုပ်နှံခဲ့ဟန်တူပါသည်။ ဖက်ဆစ်စနစ်ဆိုး၏ ယုတ်မာရက်စက်သော အလေ့အထအပင် ဖြစ်ပေမည်။

❑

"ဆရာ ... ကျွန်တော် ဆင်းရမလား"

"နေဦး ... တင်သောင်း။ နှစ်ချို့မြွေတွေ တွင်းအောင်းနေ နိုင်တယ်- စိတ်မချရသေးဘူး။ ဒီလက်နှိပ်ဓာတ်မီးက အားမကောင်း ဘူး။ အောက်ဆင်းလိုက်ဦး (၈)တောင့်ထိုး အမဲလိုက်ဓာတ်မီးကို ငါ့ မနက်က မင်းရဲ့ကျောပိုးအိတ်ထဲမှာ ထည့်ပေးလိုက်တယ်။ အဲဒါယူခဲ့။ အဲ ... နောက်ပြီး ဝက်ထောင်တဲ့ နိုင်လွန်ကြိုးတွေပါ ပါလာတယ်။ အကုန်ယူခဲ့ပါ။ သံချိတ်တွေပါ ပါလာသေးတယ်။ ယူခဲ့ပါ"

"ဆရာ ... မြွေပါကင်းပါရန်ကြောက်ရင် ကျွန်တော် မီးတုတ် လုပ်လိုက်မယ်။ ဒီနားမှာ ဝါးခြောက်တွေ ပေါပါတယ်"

"မလုပ်နဲ့ အောင်သန်း။ အောက်ထဲမှာ ယမ်းတွေ၊ ကျည်ဆန် တွေ ရှိနေနိုင်တယ်။ မီးသုံးလို့ မဖြစ်ဘူး။ မင်းတို့ အောက်ဆင်းဖို့မလို အောင်ကို ငါလုပ်ပေးမယ်။ ခဏနားရင်း စောင့်ကြပါ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ မျောက်တင်သောင်း ပစ္စည်းများနှင့် ပြန်ရောက်လာသည်။ ကျွန်ုပ် (၈)တောင့်ထိုး အမဲလိုက်ဓာတ်မီးကိုယူ၍ တွင်းထဲနေရာအနှံ့ထိုးကြည့်သည်။ တွင်းအောင်းမြွေကြီးများကိုတော့ မမြင်ရ။ အရိုးစုများကိုတော့ ထပ်တွေ့သည်။

လှုပ်ရှားနေသော မဲမဲလုံးလုံးများအား တွေ့၍ မီးနှင့်ထိုးကြည့်ရာ တင်းမလက်မည်းကြီးများ ဖြစ်နေသည်။ ကင်းခြေများကြီးများကလည်း နှစ်ချို့နေ၍ ထင်ပါသည်။ လက်မခန့်ရှိနေသည်။ ကျင်းအခြေတွင် မဲမဲလှုပ်နေသည်။

"ကဲ ... တွေ့ကြလား၊ လူဆင်းရင် ကားသွားလိမ့်မယ်။ သံချိတ်နှစ်ချောင်းကို နိုင်လွန်ကြိုးနဲ့ ကြိုးစနက်ဖက်ခိုင်အောင်ချည်၊ သံသေတ္တာတွေက လက်ကိုင်ကွင်းနှစ်ဘက်ကို ချိတ်ပြီးမှ အပေါ်ကိုဆွဲတင်မယ်။ အဲဒီတော့ ကျင်းထဲမဆင်းရတော့ဘဲ အန္တရာယ်ကင်းတာပေါ့။ ကဲ ... လုပ်ကြ"

အောင်သန်းနှင့်တင်သောင်းက သံချိတ်နှစ်ခုချ၍ သံသေတ္တာများ၏ လက်ကိုင်ကွင်းကိုစွပ်သည်။ မရပါ။ လက်ကိုင်ကွင်းများမှာ သံချေးကိုက်နေ၍ သံသေတ္တာဖြင့် ကပ်နေသည်။ ထို့ကြောင့် မျောက်တင်သောင်းက အနီးရှိဝါးရုံမှ ဝါးဖြောင့်ဖြောင့် တစ်လုံးခုတ်ပြီး ထိပ်ချွန်၍ လက်ကိုင်ကွင်းမှ သံချေးများကို ထိုးကလော်သည်။ အသံကြားသည်နှင့် ကျွန်ုပ်မျှော်လင့်ထားသည့်အတိုင်း ကင်းမလက်မည်းများ၊ ကင်းခြေများကြီးများအပြင် မြွေများလည်း ထွက်လာသည်။

"တွေ့တယ်မဟုတ်လား ... တင်သောင်း မင်းသာ ကျင်းထဲဆင်းလိုက်ရင် မတွေးဝံ့စရာပဲ"





"ဟုတ်ပါ့ ... ဆရာရယ်။ ဆရာသတိပေးလို့သာပဲ နို့မို့ဆို ကျွန်တော်ခံရပြီ"

မဆိုးအောင်သန်းက သံချိတ်ကြိုးကိုချ၍ လက်ကိုင်ကွင်းများကိုစွပ်နေသည်။ ဆွဲတင်သော်လည်း မရသေးပါ။ သံသေတ္တာအောက်ခြေမှ သံချေးကိုက်နေပြီး သံသေတ္တာအလေးချိန်ကြောင့်လည်း ဖြစ်သည်။

မျောက်တင်သောင်းက သံသေတ္တာများအခြေအား ဝါးရှူးချွန်ဖြင့် ထိုး၍ကလော်ပြန်သည်။ ဆွဲသူကလည်း ဆွဲသည်။ မနိုင်။ ကျွန်ုပ်၊ မဆိုးအောင်သန်း၊ ဆေးမှူးသိန်းဆန်း၊ ကိုစိမ်းယဉ်တို့လေးဦးပေါင်း၍ ဆွဲတင်မှ သံသေတ္တာကြီး လှုပ်လာသည်။ အပေါ်မရောက်မီ ကျွန်ုပ်က တင်သောင်းအား ...

"တင်သောင်း ... သံသေတ္တာကြီးကို ဝါးလုံးနဲ့ရိုက်စမ်း။ မြွေနဲ့ကင်းတွေ ကပ်ပါလာရင် တွင်းထဲပြန်ပြုတ်ကျသွားအောင်"

"ဟုတ်ကဲ့ ဆရာ"

"ဒုန်း ... ဒုန်း ... ဒုန်း ... ဒုန်း"

"ကဲ ... ရပြီ။ ကျင်းနှုတ်ခမ်း ဆွဲတင်လိုက်တော့"

သံသေတ္တာကြီးမှာ အတော်လေးလှသည်။ ရတနာပစ္စည်းများသာမပျောက်တော့ အပြည့်ဖြစ်ပေလိမ့်မည်။ နှစ်ပေါင်းကြာပြီဖြစ်သော်လည်း သံသေတ္တာကြီးအား ဂျပန်ကြေးသော့အဝါကြီး ခတ်ထားသည်။ ကြေးညှိစိမ်းစိမ်းများ ကပ်နေသော်လည်း သော့ရော၊ မျောက်လက်ပါ အကောင်းတိုင်း ရှိနေသေးသည်။

"ကဲ ... အဲဒီ ပထမသေတ္တာကို ဝါးရုံပင်ခြေရင်းမှာ ထိုးထည့်ထားလိုက်။ နောက်တစ်လုံးဆက်တင်မယ်"

ထိုစဉ် အောက်ဘက်မှ ဆရာပန်ကြီးက ...



www.burmeseclassic.com

www.burmeseclassic.com



"ရပြီလား … ဆရာသိန်းဝင်း"

"ရပြီ ဆရာကြီး။ တစ်လုံးပဲရသေးတယ်။ သုံးလုံးကျန်နေသေးတယ်"

"အေးဗျာ … ဝမ်းသာလိုက်တာ ဖြည်းဖြည်းလုပ်ကြပါ။ အန္တရာယ်ကင်းတာပေါ့၊ အလျင်မလိုပါနဲ့"

ကျွန်ုပ် ဆရာဝန်ကြီးနှင့် စကားလှမ်းပြောနေစဉ် ရေးနည်းအတိုင်းပင် ဒုတိယသေတ္တာကို ဆွဲတင်ကြပြန်သည်။ ပထမသေတ္တာလောက်မလေးပါ။ သို့သော် သေတ္တာအရွယ်အစားကတော့ တစ်ပုံစံတည်းပင်။

တတိယသေတ္တာကြတော့ မလွယ်ကူပြန်ပါ။ အောက်ခြေအားသဲကိုက်နေသဖြင့် ဝါးချွန်နှင့် အတော်နဲ့ယူရသည်။ လှုပ်မှ တဖြည်းဖြည်း ဆွဲတင်ရသည်။ တတိယသေတ္တာလည်း လေးပါသည်။

စတုတ္ထသေတ္တာမှာ ဝါးချွန်နှင့် အောက်ခြေကို ထိုးနဲ့သော်လည်း မလှုပ်ရှားပါ။ မျောတိုင်တစ်ချောင်းနှင့် ကလန့်သော်လည်း မရပါ။ အတော်ပင် သဲထဲနစ်ဝင်နေဟန်ရှိသည်။ မျောတိုင်(၂)ချောင်းဖြင့် ကလန့်မှ အနည်းငယ်လှုပ်လာသည်။ သို့သော် ဆွဲတင်၍မရသေးပါ။ တစ်ခုခုဆွဲထားသလိုမျိုး ဖြစ်နေသည်။

ထိုစဉ် မျောက်တင်သောင်းက …

"ဆရာရေ … မရိုးဘူးထင်တယ်။ အောက်မှာလည်း ဆွဲထားစရာမရှိဘူး"

ကျွန်ုပ် မျောင်တင်သောင်းမီးထိုးပြထားသော နောက်ဆုံးသေတ္တာကြီးအား ကြည့်မိသည်။ အရိုးစုတစ်စု၏ လက်ဖျံတစ်ဘက်ကတော့ သေတ္တာကြီးပေါ်တွင် တင်နေသည်။ အခြား ဘာမျှ ချိတ်ဆွဲနေ





ခြင်းမရှိပါ။ ထူးဆန်းတော့နေပေသည်။ သေတ္တာကြီးက ဆွဲတင်၍ လှုပ်နေသော်လည်း အပေါ်သို့ကြွတက်မလာပါ။ ကျွန်ုပ် စဉ်းစားနေမိသည်။ သေဆုံးသူများက ကျွန်ုပ်အား နိမိတ်ပြသည်လားမသိပါ။ ထို့ကြောင့်–

"ပိုင်ရာဆိုင်ရာ၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရတနာတွင်းစောင့်များခင်ဗျား … ကျွန်ုပ်တို့ လှူဒါန်းထားသော ဂျပန်ရတနာသိုက်အား အခက်အခဲအမျိုးကြားက ဖော်ထုတ်နိုင်ပြီဖြစ်ပါ၍ နောက်ဆုံးကျန်သော သေတ္တာတစ်လုံးအားလည်း ပေးစေလိုပါသည်။ ကျွန်ုပ်တို့ ရတနာသေတ္တာများအား အကုန်ဆယ်ထုတ်ပြီးစီးပါက ကွယ်လွန်သူများအတွက် ရည်စူးပြီး စုပေါင်းအလှူလုပ်၍ အမျှပေးဝေပါမည်။ ရောက်ရာဘဝက သာဓုခေါ်ဆို နိုင်ကြပါစေ"

ကျွန်ုပ် တောင်းပန်ပြီးသည်နှင့် ထူးဆန်းစွာပင် ရတနာသေတ္တာပေါ်တင်ထားသော လက်ဖျံရိုးကြီးမှာ အလိုလိုပြုတ်ကျသွားသည်။ သေတ္တာကို ဆွဲတင်ရာ၌လည်း အလိုက်သင့်ပါလာသည်။ သေတ္တာကြီးမှာ ပထမသေတ္တာကြီးကဲ့သို့ပင် အလွန်လေးပါသည်။ ကျွန်ုပ် နိမိတ်ကောက်၍ နောက်ဆုံး ရတနာသေတ္တာကြီးအား ဘေးဖယ်ထားလိုက်သည်။

ထို့နောက် …

"ကဲ … အောင်သန်းနဲ့ တင်သောင်းရေ၊ သံယောဇဉ်မကျန်ရအောင် ကျင်းထဲက လက်နက်တွေကိုပါ သံချိတ်နဲ့ဆွဲတင်ကွာ။ သေနတ်တွေက အပေါင်းအပျက်တွေဆိုပေမဲ့ လုံးစွပ်တွေသွေးလိုက်ရင် အကောင်းကြီးဖြစ်မယ်။ ငါ့ကားဆရာသူငယ်ချင်းက အဲဒါမျိုးတွေစုဆောင်းတာဝါသနာပါလို့ သူ့ကို လက်ဆောင်ပေးရအောင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



အောင်သန်း ...

"ဟုတ်ကဲ့ ဆရာ။ ကျွန်တော်တို့လည်း မုဆိုးတွေဆိုတော့ တစ်ယောက်တစ်လက်တော့ လိုချင်ပါတယ်ဆရာ"

"အေး ... အေး ... ယူကြပေါ့။ အထဲမှာ ဘယ်နှစ်လက် တွေ့ရသလဲ။ လေးငါးလက်တော့ ရှိမယ်ထင်တယ်"

"ငါးလက်ရှိတယ် ဆရာ။ ကျွန်တော် ဆွဲတင်လိုက်မယ်"

ထိုစဉ် မုဆိုးကိုစိမ်းယဉ်နှင့် ဆေးမှူးသိန်းဆန်းတို့ကလည်း တောင်းဆိုလာကြပြန်သည်။

"ဆရာ ... ကျွန်တော်တို့လည်း အမှတ်တရ တစ်လက်စီ လိုချင်တယ်ဆရာ"

"အေးပါ ... အေးပါ ... ဒါဆိုရင်လည်း တစ်ယောက်တစ်လက်စီ ခွဲဝေယူကြပေါ့"

"ကဲ ... အားလုံးကို ပြောမယ်။ ရတနာတွေကို ခွဲဝေပြီးတာနဲ့ ကိုယ့်အစီအစဉ်နဲ့ကိုယ် သယ်ကြပါ။ ခွဲဝေတာကိုလည်း အားလုံး သဘောတူညီပြီးတဲ့အတိုင်း ကျွန်တော်ကဦးဆောင်ပြီး ခွဲပေးမယ်။ ကတိအတိုင်းလည်း မနက်ဖြန် ဒါမှမဟုတ် သဘက်ခါမနက်မှာ ဒီနေရာကို ဘုန်းကြီးပင့်ပြီး တရားနာမယ်။ အမျှအတမ်းဝေမယ်။ အားလုံး စုပေါင်းပြီး လုပ်ကြမယ်"

ကိုစိမ်းယဉ်က ...

"ဘယ်အချိန်လဲ ဆရာ"

"သန်ဘက်ခါမနက် (၉)နာရီတိတိ ဒီမှာစုမယ်။ ချက်မယ် ပြုတ်မယ်။ နေ့ဆွမ်းကပ်မယ်။ ကိုစိမ်းယဉ်က ဘုန်းကြီး (၅)ပါးကို လှည်းနဲ့ပင့်လာပေါ့ဗျာ။ ကျွန်တော်က သင်္ကန်း (၅) စုံ ဝယ်လှူမယ်၊





ဝတ္ထုငွေလည်း ကပ်ကြပေါ့။ အကျွေးအမွေးအတွက်တော့ အားလုံးမျှခံကြပါ။ ဒါမှ အားလုံးကုသိုလ်ရကြမှာ"

"ဟုတ်ကဲ့ သဘောတူပါတယ်ဆရာ"

"ကဲ ... အားလုံးသဘောတူကြရင် ကျောက်ဖျာကြီးကို ပြန်ရွှေ့ပြီး ပိတ်လိုက်။ ပြီးတာနဲ့ ရတနာသေတ္တာကိုသယ်ပြီး တောင်အောက်ဆင်းမယ်"

သေနတ်ကြီးလွယ်ထားလို့ သို့မဟုတ် ကျွန်ုပ်၏ခေါင်းဆောင်မှု ပီပြင်၍လားမသိပါ။ ကျွန်ုပ်၏ဆုံးဖြတ်ချက်ကို အားလုံး လိုက်နာသဘောတူကြသည်။ ကျွန်ုပ် နောက်ဆုံးမှ ဆယ်တင်ခဲ့သော သံသေတ္တာကြီးကို မုဆိုးအောင်သန်းနှင့် တင်သောင်အား ပထမဆုံးသယ်ခိုင်းသည်။

ပြီးမှ ကျန်သေတ္တာများအား တစ်ခုချင်းသယ်ကြသည်။ လေးလံလှသော ရတနာသေတ္တာများဖြစ်သော်လည်း မည်သူမျှ မညည်းညူကြပါ။ တောင်လယ်ခါးပန်းမှ သယ်ထမ်း၍ ချကြသည်။

ရတနာမြေပုံ၊ ကျောက်တုံးကြီးအနားတွင် နေရာချပြီးသည်နှင့် ကျွန်ုပ်ကပင် ဦးဆောင်၍ ...

"ကဲ ... ပြောဆိုကတိထားပြီးတဲ့အတိုင်း ကျွန်တော်က ခေါင်းဆောင်ဖြစ်လို့ ဟောသည့် နောက်ဆုံးမှရတဲ့ သေတ္တာတစ်လုံးကို ယူပါ့မယ်။ ကျန်တဲ့သေတ္တာ (၃)လုံးကတော့ ဆရာဝန်ကြီး၊ ဆေးမှူးသိန်းဆန်းနဲ့ ဆေးရုံမှာဆုံးပါးသွားတဲ့ ဦးညွန့်ရွှေတို့အတွက်ရယ်၊ ဦးနီမောင်ရဲ့သား ကိုစိမ်းယဉ်ရယ် မျှဝေယူရပါလိမ့်မယ်။

ဦးညွန့်ရွှေအတွက် ဝေစုကိုတော့ ဆရာဝန်ကြီးဖြစ်စေ၊ ကျွန်တော်ကဖြစ်စေ သိမ်းဆည်းထားရပါလိမ့်မယ်။ အားလုံး သဘောတူကြပါရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက တစ်ပြိုင်နက်တည်း ...

"သဘောတူပါတယ်။ ဆရာပဲ ခွဲဝေပေးပါ"

"ဟုတ်ပြီ။ ကဲ ... အောင်သန်းနဲ့ တင်သောင်း ငါ့ရှယ်ယာ နောက်ဆုံးမှရတဲ့ သေတ္တာကြီးကိုသယ်ပြီး ငါ့ရုံးခန်းထဲ ပို့လိုက်ကြပေတော့။ ပြီးတာနဲ့ ချက်ချင်းပြန်လာပါ။ ဒီမှာ သယ်စရာပစ္စည်းတွေ ရှိသေးတယ်"

"ဟုတ်ကဲ့ ဆရာ"

မုဆိုးအောင်သန်းနှင့် မျောက်တင်သောင်းတို့ ရတနာသေတ္တာကြီးအား ဝါးလုံးလျှိုထမ်း၍ ဦးပုံ့ထမ်းပြီး စခန်းသို့ ပြန်သွားကြသည်။

"ကဲ ... ကိုစိမ်းယဉ်နဲ့ ဆေးမှူးသိန်းဆန်းတို့က သေတ္တာကသော့တွေကို စိုနဲ့ ရိုက်ဖြုတ်ကြပေရော့"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ် ခိုင်းသည့်အတိုင်းပင် ပထမဦးဆုံး ဆယ်တင်ခဲ့သော သေတ္တာကြီးအား သော့ဖျက်၍ဖွင့်ကြည့်ရာ ဂျော့(ကတုံး)ခေါင်းတုံးရွှေဒင်္ဂါးများ အပြည့်ပင်။ ဒုတိယသေတ္တာတွင် လက်ဝတ်၊ လက်စားများ အပြည့်ပင်။ တတိယသေတ္တာတွင်တော့ လက်ဝတ်လက်စားရွှေထည့် ထက်ဝက်ကျော်ခန့်သာရှိသည်။ ကျွန်ုပ် ပတ်ဝန်းကျင်အား အကဲခတ်ပြီးနောက် ...

"ကဲ ... ဆရာဝန်ကြီးက အကြီးဆုံးဆိုတော့ အမျှတဆုံးဖြစ်အောင် (၄)ပုံ ပုံပါ။ ပထဆုံး ရွှေဒင်္ဂါးတွေကို အရင်ပုံပါ။ နောက်မှ လက်ဝတ်လက်စား ရွှေထည်တွေကို အညီအမျှပုံပေးပါ"

ဆရာဝန်ကြီးက ရွှေဒင်္ဂါးပြားများအား အလျင်ပုံသည်။ ပြီးနောက် လက်ဝတ်လက်စားရွှေထည်များအား မျှ၍ပုံပေးသည်။





"ကဲ ... အားလုံးပဲ အပုံ(၄)ပုံဟာ ညီမျှမညီမျှ ကြည့်ကြပါ"

"ညီမျှပါတယ်"

ထို့စဉ် ကျွန်ုပ်၏တပည့်ကျော် မုဆိုးအောင်သန်းနှင့် မျောက်တင်သောင်းတို့ ပြန်လည်ရောက်ရှိလာကြသည်။

"ဆရာ ... ဆရာ့အိပ်ခန်းထဲက ခုတင်အောက်မှာထားပြီး အခန်းတံခါးကို သော့ခတ်ထားခဲ့တယ်။ ဒီမှာသော့ပါဆရာ"

"အေး ... အေး ... ဒါနဲ့ ငါ့သူငယ်ချင်း ကားဆရာကိုမြင့်ဦးရော ဘာလုပ်နေသလဲ"

"ညှော်ခန်းမှာ အိပ်နေတယ်ဆရာ"

"အေး ... အေး ... မင်းတို့ ထိုင်အနားယူကြဦး။ ငါဝေပေးလိုက်ဦးမယ်"

"ကဲ .... ဆရာဝန်ကြီးက အရင်ကြိုက်တဲ့ အပုံတစ်ပုံယူပါ"

"နောက် ဒုတိယလူက ကိုစိမ်းယဉ်ယူပါ"

"တတိယက ဆေးမှူး ကိုသိန်းဆန်းယူပါ"

"ကဲ .... နောက်ဆုံးကျန်တဲ့ တစ်ပုံကတော့ စခန်းဆေးရုံမှာ ကွယ်လွန်သွားတဲ့ ဦးညွန့်ရွှေမိသားစုအတွက်ပဲ။ ဦးညွန့်ရွှေက သာယာဝတီမြို့ လှည်းလမ်းကူးရွာ ဇာတိပဲ။ ကျွန်တော့်တပည့်တွေဖြစ်ကြတဲ့ ဒီမှာထိုင်နေကြတဲ့ မုဆိုးအောင်သန်းနဲ့ တင်သောင်းတို့ရဲ့ရွာပဲ။ ကျွန်တော်ကိုယ်တိုင်ပဲ သွားပေးလိုက်မယ်။

ဘာဖြစ်လို့လဲဆိုတော့ ဂျပန်တွေလျှို့ဝှက်ထားတဲ့ 'ငါးပေါက်သိုး' ဆိုတဲ့ လျှို့ဝှက်ချက်ကို ကျွန်တော့်ကို သူမသေခင်မှာ ခေါ်ပြော



www.burmeseclassic.com

www.burmeseclassic.com



သွားလို့ ကျွန်တော်ဖော်နိုင်တာပါ။ သူပြောတာလည်း အတိအကျတော့ မဟုတ်ပါဘူး။

ဦးညွန့်ရွှေအဖေ ဦးတင်ငြိမ်း မသေခင်မှာ 'ငါးပေါက်သီးမှာ လျှို့ဝှက်ချက်ရှိတယ်' ဆိုတဲ့စကား တစ်ခွန်းနဲ့ပဲ ကျွန်တော်လိုက်တာပါ။ ဒီအကြောင်းကို ဆရာဝန်ကြီးနဲ့ ဆေးမှူးကိုသိန်းဆန်းတို့ သိပါတယ်။ ကျွန်တော်လည်း ငါးပေါက်သီးဆိုတာကို မြင်လည်း မမြင်ဖူးဘူး။ ကြားလည်း မကြားဖူးပါဘူး။ အဲဒါနဲ့ ဆရာဝန်ကြီးနဲ့တိုင်ပင်ပြီး ရန်ကုန်ဆင်းတယ်။ ဆရာဝန်ကြီးက ငွေငါးသောင်းထုတ်ပေးတယ်။ ကျွန်တော်က ငါးသောင်းစိုက်တယ်။

ရန်ကုန်ရောက်တော့ မြန်မာ့စွယ်စုံကျမ်းမှာ ငါးပေါက်သီးဆိုတာ ဂျပန်ပြည်၊ ကျူးရှူးကျွန်းမှာရှိပြီး ရှားပါးအသီးဖြစ်တယ်။ မြန်မာပြည်မြောက်ပိုင်းမှာလည်း ရှိတယ်လို့ပဲ အကြမ်းဖော်ပြထားပါတယ်။ ခတ်ပုံမပါဘူး။ အဲဒါနဲ့ ဆက်ရှာရာမှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကထုတ်တဲ့ သိဂ်ါနဒီမြန်ပြည်မြောက်ဖျားဆိုတဲ့ စာအုပ်မှာ ငါးပေါက်သီးထွက်တဲ့နေရာကို အတိအကျညွှန်ပြထားပါတယ်။ ရောဝတီပထမမြစ်ကျဉ်းနားက 'ဆင်ဘို'ဆိုတဲ့ရွာအနီးက ငါးပေါက်သီးတောင်ပဲ။ ကျွန်တော်နဲ့ ကျွန်တော့်တပည့်တွေ အပင်ပန်းခံပြီး ခက်ခက်ခဲခဲ သွားခဲ့ရတယ်။

အဲဒီမှာလည်း ငါးပေါက်သီးကတုံးချိန်မို့ ငါးပေါက်တောင်ပေါ်သွားပြီးရှာတာ။ ကံအားလျော်စွာ အသီးငါးလုံး ရခဲ့တယ်။ အဲဒီအသီးရခဲ့လို့ အခု ငါးပေါက်တောင်ရတနာသိုက် ဖော်နိုင်တာပါ''

ကျွန်ုပ် ရှည်လျားစွာရှင်းပြနေစဉ် ဆေးမှူးသိန်းဆန်းက ...





''ဆရာရယ် ... ပြောမဲ့ပြောလည်း ကျွန်တော်တို့အားလုံး ဗဟုသုတရအောင် အစအဆုံးပြောပါ ဆရာရယ်''

''ကဲ ... အဲဒါဆိုရင်လည်း ဆက်ပြောပါ့မယ်။ ပစ္စည်းတွေကို လုံခြုံအောင်သိမ်းလိုက်ကြပါဦး''

ဆရာဝန်ကြီးနှင့် ဆေးမှူးသိန်းဆန်းက သူတို့ရသော ဝေစုအား ရတနာသေတ္တာကြီးတစ်လုံးစီတွင် ထည့်သွင်းလိုက်ကြသည်။ ကိုစိမ်းယဉ်တို့လင်မယားက အသင့်ပါလာသော ဆန်အိတ်ကြီးထဲသို့ ထည့်မည်အလုပ်တွင် ကျွန်ုပ်က ...

''ကိုစိမ်းယဉ်တို့လည်း အမှတ်တရ သံသေတ္တာကြီးတစ်လုံးထဲ ထည့်ယူသွားပါ။ ကျွန်တော့်ကိုတော့ ဆန်အိတ်ပေးခဲ့ပါ။ ဦးညွန့်ရွှေရဲ့ မိသားစုဝေစုကို ကျွန်တော် ဆန်အိတ်ထဲ ထည့်ယူသွားချင်လို့ပါ''

''ဟုတ်ကဲ့ ရပါတယ်ဆရာ''

''ကဲ ... ကျွန်တော်ဆက်ပြောမယ်။ ဒီရတနာသိုက်ကို ကျွန်တော်တို့ဆရာတပည့် အမဲလိုက်ရင်း စတွေ့တာ။ ဟောဟိုတောင်ကြောပေါ်က ပျဉ်းမပင်ကြီးပဲ။ အဲဒီမှာ ဂေါ်ခုချီးဂင်ကိုး (တွင်းငါးပေါက်ရတနာသိုက်)လို့ ဂျပန်လို့ရေးထားပြီး မြားပြထားတယ်။

ကျွန်တော်တို့ အသေးစိတ်ရှာလို့ ကျောက်ဒုတ် (၅)ခုစလုံးကိုလည်း တွေ့ပြီးပြီ။ ကျွန်တော်ပြောချင်တာက ဒီကိစ္စကို ကျွန်တော်တစ်ယောက်တည်း စဉ်းစားပြီး လုပ်လို့ရပါတယ်။ ဒါပေမဲ့ သက်ဆိုင်သူတွေကို ဝေမျှပေးချင်တယ်။ ဒါကတော့ ကျွန်တော့်စေတနာပါ။ ဒါကြောင့်လည်း ကျွန်တော်တို့ အနစ်နာခံ၊ အပင်ပန်းခံခဲ့တာပါ''

''ကဲ ... ငါးပေါက်သီးအကြောင်း ဆက်ပြောပါ့မယ်။ ငါးပေါက်သီးဆိုတာက သစ်တော့သီးလို အခွံမာသီးပဲ။ အခွံပေါ်မှာ(၈)ငယ်



www.burmeseclassic.com

www.burmeseclassic.com



အကွက်ရာပုံစံ အချိုင့်(အပေါက်) ကလေး(၅)ခုရှိနေတယ်။ အချိုင့်ကလေးတွေရဲ့ အရွယ်အစားက လက်သန်းထိပ် အချိုင့်ကလေးကလေးက အကြီးဆုံးပဲ။ ကျန်တဲ့အချိုင့်ကလေးတွေက တဖြည်းဖြည်း ငယ်သွားတယ်။

အစေ့ရှိတဲ့အချိုင့်က အကြီးဆုံး။ အချိုင့်အောက်တည့်တည့်မှာ ဒေါင်လိုက်နေတာ။ အဲဒီအစေ့ရှိတဲ့နေရာက နံပါတ် (၂) အချိုင့်ပဲ။ အဲဒီအသီးရဲ့ လျှို့ဝှက်ချက်ဟာ ရတနာသိုက်ရဲ့ လျှို့ဝှက်ချက်ပဲ။ ဒါကြောင့်လည်း ကျွန်တော်က ဂျပန်စာတတ်တော့ ဒုတိယကျောက်ငုတ်ကို အသေအချာသိလို့ ရတနာသိုက်ကို ဖော်နိုင်တာပါ။ ကဲ ... ရှင်းကြပြီမဟုတ်လား''

## အခန်း (၇)

ကိုစိမ်းယဉ်က ...

''ရှင်းပါပြီ ဆရာ။ ကျေးဇူးလည်း အထူးတင်ပါတယ်။ ကျွန်တော့်အဖေ တစ်ပွဲစားဦးနီမောင် မဆုံးခင်ကတည်းက ကျွန်တော်တို့ မုဆိုးအဖွဲ့နဲ့ အတူရှာခဲ့တာပါ။ ဆရာပြောတဲ့ တောင်ကြောပေါ်က ပျဉ်းမပင်ကြီးကိုလည်း ကျွန်တော်တို့ တွေ့ခဲ့ပါတယ်။ ကျောက်တုံးကြီးပေါ်က မြေပုံကိုလည်း မဖတ်တတ်တော့ နားမလည်ဘူးဆရာ။ ကျောက်ငုတ်တွေရှိမှန်းလည်း မသိပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့လက်လျှော့ခဲ့တာပါ၊ ဆရာက စနစ်တကျနဲ့ ဖွဲကောင်းကောင်း ရှာလို့တွေ့တာပါ။ တွေ့တာတောင် နေရာအတိအကျပဲ။ ကျွန်တော်တို့ကတော့ ကျောက်ငုတ်တွေ့တာနဲ့ တူးမှာပဲဆရာ''



www.burmeseclassic.com

www.burmeseclassic.com



"အင်း ...ကံကောင်းတာပေါ့ဗျာ။ ကျောက်ဂူတွေ့လို့ ခင်ဗျားတို့တူးတာနဲ့ သေကုန်ကြမှာ။ မဆိုင်တဲ့ ကျောက်ဂူတွေမှာ မိုင်းတွေမြှုပ်ထားတယ်လို့ သိရတယ်"

"အောင်မယ်လေး ...တော်ပါသေးရဲ့ဗျာ"

"ဟုတ်ပါရဲ့ရှင် ကံကောင်းလို့ပဲ"

ကိုစိမ်းယဉ်၏ဖနီးထံမှလည်း အသံထွက်လာသည်။ ထိုစဉ်..

ဆေးမှူးသိန်းဆန်းက ...

"ကျွန်တော်လည်း ရှာတယ်ဆရာ။ ကျွန်တော်က တက္ကသိုလ်မှာ ပထဝီဘာသာသင်ခဲ့ဖူးတော့ ဂရပ်မျဉ်းနဲ့ ကွန်တိုမျဉ်းကွေးတွေကို သိတယ်ဆရာ။ အဆင့်(၃)ဆင့်ရှိမှန်းလည်း ကျွန်တော်သိတယ် ဆရာ။ အလယ်ဆင့်ကနေ တောင်ကြောပေါ် အမြင့်ဆုံးအဆင့်အထိ ကျွန်တော် တက်ကြည့်ဖူးတယ်ဆရာ။ ဒါပေမဲ့ ဘာကိုရှာရမှန်း မသိဘူး။ ဆရာက ကျောက်ဂူ (၅)ခု ရှိမှန်း ဘယ်လိုသိတာလဲ"

"ဒီမှာလာကြည့် ...ကိုသိန်းဆန်း"

ကျွန်ုပ်က လမ်းဘေးမှ ကွန်တိုမြေပုံဆွဲထားသော ကျောက်တုံးကြီးအနီးသို့ခေါ်ရာ အားလုံး လိုက်ကြည့်ကြသည်။

"ဒီမှာကြည့် ...ကွန်တိုမျဉ်းကွေးနဲ့ ဂရပ်မျဉ်းဖြောင့် (၃) ကြောင်း ဘယ်နှစ်နေရာဆုံနေသလဲ ကြည့်ပါ"

"တစ် နှစ် သုံး လေး ငါး ...ငါးနေရာ"

"အေး ...အဲဒါ ကျောက်ဂူ (၅)ခုနေရာပဲ။ တကယ်ဆို ကွန်တိုမျဉ်းကွေးတွေကို ဆက်ရေးရင် ဂရပ်မျဉ်း(၃)ကြောင်းပေါ်မှာ (၅)နေရာမက ဆုံရမယ်လေ။ အခုဟာက (ဂ)ငယ်အက္ခရာပုံစံ မျဉ်းကွေးပဲရေးထားပြီး ဆက်ဆွဲမထားဘူး။ ဒါကြောင့် ရိုးမတောင်တစ်ခုလုံး





နဲ့ မသက်ဆိုင်ဘူးလို့မှတ်ရမယ်။ သူတို့ပစ္စည်းမြှုပ်နှံမဲ့ နေရာကွက်ကွက်ကလေးကိုသာ အဓိကထားပြီး ရေးထားတာ"

"နောက်တစ်ခါ အဓိက ဘယ်ဂူမှာ မြှုပ်နှံသလဲဆိုတာကို လည်း လျှို့ဝှက်ထားတယ်။ သူတို့ဘာသာ ဖော်မှရမဲ့သဘောပဲ။ ဒါကြောင့် ငါလည်း အကုန်လေ့လာသိပြီးပါမှ လျှို့ဝှက်သောချက်ကို ဝှက်ထားမှန်းသိလာတာ။

တော်သေးတာပေါ့။ ဦးတင်ငြိမ်းသား ဦးညွန့်ရွှေက ငါးပေါက်သီးမှာ လျှို့ဝှက်ချက်ရှိတယ်ဆိုတာနဲ့ ငါလည်းဖော်နိုင်တာ။ ဒါကြောင့်လည်း ဦးညွန့်ရွှေတို့မိသားစုကို ငါကိုယ်တိုင်သွားပြီး သူတို့ရသင့်ရထိုက်တဲ့ဝေစုကို ပေးမလို့ စီစဉ်ရတာပါ ...ကိုသိန်းဆန်းရေ"

ဆရာပန်ကြီး ...

"ဆရာထောင်မှူးရှင်းပြလို့ အလုံးစုံကို သိရပါပြီ။ ကျွန်တော်တို့က ဆရာထောင်မှူးကို ဂုဏ်ပြုပွဲကလေး လုပ်ချင်ပါတယ်။ အဲဒါ ဘယ်နေ့လုပ်ကြမလဲ။ ဒီနေ့ညနေပဲ လုပ်ကြရင် မကောင်းဘူးလား"

"ဆရာကြီး ...ဒီနေ့ညနေ ကျွန်တော် မအားသေးပါဘူး။ နောက်အားတဲ့နေ့တွေကျမှ လုပ်ကြတာပေါ့။ သန်ဘက်ခါ ဆွမ်းကျွေးအလှူလုပ်တော့ လူစုံမှာပဲ။ အဲဒီတော့မှလုပ်ကြရင် မကောင်းဘူးလား။ ကိုစိမ်းယဉ်က မုဆိုးကြီးတို့အဖွဲ့ပါ ခေါ်ခဲ့ပါ"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်ခေါ်ခဲ့ပါမယ်။ ဒါနဲ့ ဆရာကျန်နေသေးတဲ့ ကျောက်ဂူနေရာတွေကို ကျွန်တော်သိချင်ပါတယ်။ ပြပေးပါလားဆရာ"

"ခင်ဗျားက ဘာလုပ်မလို့လည်း အန္တရာယ်များပါတယ်ဗျာ။ မသိတာကောင်းပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဆရာ။ နောင် ရတနာသိုက်သတင်းကြားလို့ ဖော်မဲ့သူတွေရှိရင် သတိပေးရအောင်လို့ပါ"

"အဲဒါဆိုရင် ပြပါ့မယ်။ ဒါပေမဲ့ တစ်စုံတစ်ခုရှိနိုင်သေးတယ် ဆိုပြီး တူးဖို့တော့ မစဉ်းစားနဲ့နော်။ မိုင်းတွေမြှုပ်ထားမှာ သေချာတယ်။ ဝေးဝေးကရှောင်နိုင်အောင် ပြထားပေးမယ်"

ကျွန်ုပ် ကျောက်တုံးကြီးအနီး မြေပြင်ပေါ်ရှိ ကြိမ်ရုံများဖုံးလွှမ်းနေသည့် ပထမကျောက်ငုတ်နှင့် ပဥ္စမကျောက်ငုတ်များကို ပြသည်။ ပြီးနောက် တောင်အလယ်ဆင့်မှ ကျောက်ငုတ်အမှတ်(၂) နှင့် (၄) အား ပြသည်။ ထို့နောက် တောင်ကြောပေါ်မှ ကျောက်ငုတ်အမှတ် (၃)ကို ပြသည်။ ၎င်းတို့ အလွန်အံ့သြနေကြသည်။

"ကဲ ... အဲဒါတွေကို ဝေးဝေးကရှောင်။ လာတူးမဲ့သူရှိရင်လည်း သတိပေး။ အန္တရာယ်ကင်းတာပေါ့ဗျာ"

"ကဲ ... လမ်းခွဲပြီး ပြန်ကြမယ်။ ဒါနဲ့ ကိုစိမ်းယဉ်တို့ လင်မယားက နှစ်ယောက်တည်း တောလမ်းကပြန်ရမှာ ဖြစ်ပါ့မလား"

"ကျွန်တော်တို့မှာ လှည်းပါတယ် ဆရာထောင်မှူး။ ကညင်နှစ်ပင်စခန်းမှာ အပ်ထားခဲ့တယ်။ ဒီကနဲ့ မဝေးပါဘူး"

"ကဲ ... ကောင်းပါပြီဗျာ။ ဒါဆို ကျွန်တော်တို့လည်း စခန်းပြန်ကြမယ်။ အောင်သန်းနဲ့တင်သောင်းက လက်နက်တန်ဆာပလာတွေနဲ့ ဆရာဝန်ကြီးသေတ္တာနဲ့ ဦးညွန့်ရွှေတို့ရှယ်ယာ ဆန်အိတ်ကြီးကို ထမ်းပေတော့။ အဲ ... နေဦး။ လုံ့စွပ်တပ်ထားတဲ့ သေနတ်ဟောင်းတွေကိုလည်း သယ်ရဦးမယ်။ နိုင်ပါ့မလား",

"ရပါတယ်ဆရာ၊ နိုင်ပါတယ်"





ကျွန်ုပ်တို့ ပြန်ခဲ့ကြတော့ ဆေးမှူးသိန်းဆန်းက သူ့သေတ္တာ သူထမ်းသည့်အပြင် လုံ့စွပ်တပ်၊ သေနတ်ဟောင်းတစ်လက်ကိုလည်း ဆွဲလာသည်။ အားလုံး၏မျက်နှာများကတော့ အောင်နိုင်သူစစ်သူကြီး သဖွယ် မှိုရသော မျက်နှာများလိုတစ်မျိုး။ ဝင့်ကြွားစွာ ပြန်လာကြသည့် လျှို့ဝှက်လုပ်ဆောင်သော ကိစ္စဖြစ်သဖြင့် နှုတ်လုံသောသူများဖြစ်ကြ၍ သတင်းပေါက်ကြားဟန်မတူပါ။

ကျွန်ုပ်ကတော့ ဒသမ . ၃၀၃ ရိုင်ဖယ် သေနတ်ကြီးကို ထမ်း၍ စောင့်ရှောက်လိုက်ပါလာရင်း သုံးတန်ကူးစခန်း၊ အနောက်ဘက်မှ အသာလျှို၍ ဝင်လာကြသည်။ နေ့လယ် (၁)နာရီခန့် ရှိပြီဖြစ်သည်။ စခန်းရောက်မှ ဝမ်းထဲက တကျုတ်ကျုတ်မြည်သံပေး၍ ဆာလောင်လာသည်။ အစောပိုင်းကတော့ လောဘဇောကြောင့် ဆာလောင်ခြင်းမရှိခဲ့သည်ကို ဝန်ခံရလေမည်။

ကျွန်ုပ်တို့စခန်းရောက်တော့ ကားဆရာကိုမြင့်ဦးက အိပ်ရာက နိုးလာဟန်ဖြင့် ....

"ဆာလိုက်တာဗျာ ဘယ်အချိန်ရှိပြီလဲ။ အခုမှ အိပ်ရာက တစ်ရေးနိုးတော့တယ်။ ကိစ္စတွေပြီးပြီလား"

"ပြီးပါပြီ။ ရော့ ... ဟောသည်မှာ ခင်ဗျားမှာလိုက်တဲ့ပစ္စည်းတွေ"

"ဟာ ... ဂျပန်ရိုင်ဖယ်ကြီးနဲ့ လုံ့စွပ်ပါလား"

ဟုတ်တယ် ...။ ရတုန်းက (၅)လက်ပဲ။ ခွဲဝေယူကြလို့ ခင်ဗျားအတွက် တစ်လက်ပဲ။ ကျုပ်တဲ့သေနတ်ကြီးကိုတော့ ယူမသွားနဲ့။ တော်ကြာ ... လက်နက်မှုနဲ့ အဖမ်းခံနေရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လည်း လုံ့စွပ်ကိုဖြုတ်ပေးဗျာ။ သံချေးတောင် ကိုက်နေပြီ"

"ကဲ . . . တင်သောင်း ဖြုတ်ပေးလိုက်။ အောင်သန်းက ထမင်းပွဲပြင်။ စားပြီးတာနဲ့ ခရီးထွက်မယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ကျွန်ုပ် ရတနာထုပ်အား အခန်းထဲက ရတနာသေတ္တာကြီးပေါ်၌ တင်သည်။ ထို့နောက် ရေချိုးကြသည်။ အဝတ်အစားလဲပြီးတော့ ထမင်းပွဲက အဆင်သင့်ဖြစ်နေ၍ နေ့လယ်စာ စားကြသည်။ အောင်သန်းနှင့်တင်သောင်းပါ မအားလပ်သဖြင့် ဟင်းကတော့ ညက ကျန်သည့်ဟင်းနှင့် ငါးခြောက်ကြော်သာဖြစ်သည်။ ရဲဘက်ဖိုကြီးက ပဲဟင်းချိုရသဖြင့်သာ တော်ပါသေးသည်။

ကျွန်ုပ်တို့ နေ့လယ်စာစားပြီးတော့ ညနေ(၂)နာရီပင် ထိုးပြီဖြစ်သည်။ ကျွန်ုပ် စခန်းတာဝန်ခံကိုပင် ခွင့်မတောင်းတော့ဘဲ မှဆိုးအောင်သန်းနှင့် တင်သောင်းကိုခေါ်ကာ ရတနာသေတ္တာနှင့် ရတနာထုပ်အား ကားပေါ်တင်ပြီး စခန်းမှထွက်ခဲ့ကြပါသည်။ စခန်းမှာ ငြိမ်သက်အေးချမ်းနေသည်။ နေ့လယ်နေ့ခင်း အိပ်စက်နေကြဟန်တူသည်။

စခန်းကထွက်ပြီး နတ်ရေတွင်းကိုကျော် ကျွန်းတစို့စခန်းကိုဖြတ်ပြီးနောက် အမြန်လမ်းမကြီးနယ်အတွင်းသို့ ရောက်လာသည်။ ကားသံကြား၍ ထင်ပါသည်။ ချုံထဲ၌ အိပ်စက်အနားယူနေသော ချေပေါက်ကြီးတစ်ကောင်က လန့်၍ ခုန်ထွက်လာသည်။

ကျွန်ုပ်တွင် ၁၁၈ . ၁၀၃ ရိုင်ဖယ်ကြီးလည်း ရတနာပစ္စည်းများ လုံခြုံရေးအတွက်ပါလာသဖြင့် ထိုးချိန်လိုက်စဉ် ချေပေါက်ကြီး





မှာ တဝေါင်းဝေါင်းအော်၍ ပေ (၆၀၀') အကျယ်လမ်းမကြီးအား ဖြတ်ပြေးသည်။

ကျွန်ုပ် ကားအားရပ်ခိုင်းပြီး ကားပေါ်မှ မတ်တတ်ရပ်အနေအထားဖြင့် ပြေးလွှားနေသောချေအား တစ်ကိုယ်စာကျော၍ ပစ်ချလိုက်တော့သည်။ ချေပေါက်ကြီးမှာ လက်အနောက်ကို ကျည်ဆန်မှန်၍ တစ်ပတ်ကျွမ်းပစ်ခါ လဲတော့သည်။

ကားဆရာကိုမြင့်ဦးက လက်တွေ့အမဲပစ်သည်ကို မကြုံဖူးသဖြင့် "BRAVO" ဟုအော်ဟစ်ခါ ချေပေါက်ကြီးလဲရာနေရာသို့ ကားအား ကဆုန်စိုင်းမောင်းတော့သည်။ ချေသေကြီးနားရောက်တော့ သူပင် ကားပေါ်ကအပြေးဆင်း၍ ချေသေကြီးကို ကောက်သည်။

"ကိုသိန်းဝင်းရေ . . . ခင်ဗျားလက်ကလည်း တည့်လိုက်တာဗျာ။ ပြေးနေတဲ့ချေတောင် ထိအောင်ပစ်နိုင်တယ်။ ကျုပ်ဒီတစ်ခါပဲ အမဲပစ်တာကို ကိုယ်တိုင်မြင်ဖူးတာ။ ကျုပ်က ခင်ဗျားတို့နဲ့အတူ တောထဲမှာ အမဲလိုက်ချင်တာဗျ။ မုဆိုးအတတ်ကို ခင်ဗျားတို့ကို ဆရာတင်ပြီး သင်ယူချင်လို့ပါဗျာ"

"ရပါတယ် ကိုမြင့်ဦးရယ်။ ကျွန်တော်တို့ကိစ္စတွေပြီးရင် စခန်းပြန်လိုက်ခဲ့ပေါ့။ ကျွန်တော် ခင်ဗျားစားချင်တဲ့အကောင်ကို ပစ်ကျွေးပါမယ်"

"ကောင်းဗျာ။ ကျုပ်လည်း အားနေတာနဲ့ အတော်ပါပဲ"

ကျွန်ုပ်တို့ ဂျစ်ကားကလေး ဆက်လက်မောင်းလာရာ ရေနက်ကြီးစခန်းကိုကျော်ပြီး မင်းတုန်းစခန်းဘက်သို့ ရောက်လာသည်။

"ကိုမြင့်ဦးရေ . . . အလာလမ်းအတိုင်း မမောင်းနဲ့တော့။ မင်းတုန်းစခန်းကို လက်ဝဲဘက်ကကျော်ပြီး အမြန်လမ်းသစ်ကြီး ပြေလည်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း မောင်းမယ်။ ဂျစ်ကားပဲ လမ်းကြမ်းရပါတယ်။ ကျွန်တော်တို့ ဖောင်ကြီးဘက်က မပြန်တော့ဘဲ လှေလှော်အင်းဘက်က ဖြတ်လမ်းက ပြန်မယ်''

''ဟုတ်ပြီဗျာ။ ခင်ဗျားပြောတဲ့အတိုင်း မောင်းမယ်။ ကျုပ်ကို ကားခမပေးနဲ့တော့ ချေသေကိုသာပေးဗျာ''

''ကိုယ့်ဆရာရယ် ... ချေသေလည်း ပေးပါ့မယ်၊ ကားခ လည်း ပေးပါ့မယ်။ ကျွန်တော်တို့ အင်းစိန်ထောင်ဝင်းထဲက အိမ်ကို သွားမယ်။ ပစ္စည်းတွေချပြီး သာယာဝတီကို ဆက်သွားမှာ''

''ဟာ ... အဲဒါဆို၊ ကျုပ်ငတ်ပြီပေါ့။ ကျုပ်က ချေဝမ်းတွင်း သားနဲ့ အရက်နဲ့ ချချင်နေတာ''

''အဲဒါဆိုရင်တော့ ခင်ဗျားကားနဲ့ ညဘက်ပါ မောင်းရလိမ့် မယ်။ ကျွန်တော်တို့က အချိန်ရတာမဟုတ်ဘူး။ မနက်ဖြန် စခန်း အရောက်ပြန်ရမှာ''

''ရပေါ့ ... ဆရာရယ် ကျုပ်ကား မီးကောင်းပါတယ်။ စက် ကောင်းတာပဲ ခင်ဗျားတို့အမြင်ပဲ။ တာယာတွေကလည်း အသစ်တွေ ပါ။ တောလမ်းတောင် မောင်းရဲသေးတာ သာယာဝတီမြို့ဆိုတော့ ပျင်း တောင်ပျင်းသေးတယ်။ အဲ ... ဒါပေမဲ့ ကျုပ်အရက်သောက်ပြီးမှ မောင်း နိုင်မှာနော်။ လူဆီဖြည့်ပြီး ကားဆီလည်း ဖြည့်ရဦးမှာ။ ချေကြီးကို ဖျက်တာနဲ့ချက်တာနဲ့ နည်းနည်းတော့ ကြာမယ်ထင်တယ်''

''အဲဒီကိစ္စမပူပါနဲ့ ကျွန်တော့်တပည့်တွေ လုပ်လိမ့်မယ်။ သူတို့ က မုဆိုးတွေဆိုတော့ ကျွမ်းကျင်ပါတယ်''

''လုပ်ကြပါဦး ... ဆရာမုဆိုးတို့ရယ်။ ကျုပ်အိမ်မှာ အရက်





ကောင်းကောင်းတွေရှိပါတယ် တိုက်ပါ့မယ်ဗျာ။ သူငယ်ချင်း ကိုသိန်းဝင်း ကတော့ ကျုပ်ကိုမောင်းနေပြီဗျ''

လှေလှော်အင်းစခန်းကိုကျော်၊ စာဘူးတောင်းရွာနောက်ကျော ကိုဖြတ်တော့ ဖောင်ကြီးသွားသည့် ကတ္တရာလမ်းနှင့်ဆုံသည်။

''အလာတုန်းက ပြောရောပေါ့ဗျာ။ ဒီလမ်းက မြေလမ်းဆို ပေမဲ့ ဖြောင့်ပြီး လမ်းတိုတယ်။ ဖောင်ကြီးလမ်းက လမ်းဟောင်းကြီး။ ကွေ့ကွေ့ကောက်ကောက်နဲ့ ဖောင်ကြီးကျော်တာနဲ့ လမ်းကဆိုးပြီး ကတ္တရာလမ်းနဲ့ မြေလမ်းရောနေတာ''

''အလာတုန်းက မင်းတုန်းစခန်းဝင်ပြီး သတင်းပို့ရသေးတယ် လေ ဆရာရဲ့။ အခုက လစ်ထွက်လာတာ။ ဒါကြောင့် ဖြတ်လမ်းက လာတာပါ။ အပြန်ကျရင်လည်း ဒီလမ်းကပဲ စခန်းပြန်မှာပါ။ ကိုမြင့်ဦး ခင်ဗျားတော့ တောက်လျှောက်မောင်းရမှာနော်''

''ဟဲ ... ဟဲ ... ကျုပ်အိပ်ငိုက်ရင်တော့ ခင်ဗျားလည်း ကူ မောင်းပေးဦးမှဖြစ်မှာပေါ့ သူငယ်ချင်းရဲ့။ ဒီခရီးနဲ့ဒီခရီး နီးမှတ်လို့''

''ဟုတ်ကဲ့ပါဗျာ။ ကူးမောင်းပေးပါ့မယ်''

ကျွန်ုပ်တို့ကားကလေး မနားတမ်းမောင်းလာရာ ညနေ (၅) နာရီကျော်ခန့်တွင် အင်းစိန်သို့ရောက်သည်။ ကိုမြင့်ဦးအိမ်တွင် ချေသေ ကြီးနှင့်အတူ ကိုမြင့်ဦးနှင့်အောင်သန်း၊ တင်သောင်းတို့ ဆင်းကျန်နေ ခဲ့ပြီး ကျွန်ုပ်ဂျစ်ကားကို ထောင်ဝင်းထဲကအိမ်သို့ မောင်းလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်ုပ်နှင့် ဂျစ်ကားကိုမြင်တော့ ဖနီးဖြစ်သူမှာ အလွန်အံ့ဩနေရှာသည်။ ကျွန်ုပ်က လိုရင်းကို အတိုရှင်းပြပြီး ရေချိုး၍ အိမ်တွင် အသင့်ရှိသော ယူနီဖောင်းတစ်စုံကို လဲလှယ်ဝတ်ဆင်သည်။ ညခရီး လက်နက်ပါ ပါပြီး တောတွင်းသွားရမှာ ဖြစ်သည်။ ဦးညွန့်ရွှေတို့ ရတနာထုပ်ကြီးကလည်း ပါသေးသည်။

ကျွန်ုပ် ရတနာသေတ္တာကြီးအား လုံခြုံစွာ သိမ်းဆည်းထားခဲ့ပြီး ထောင်ဝင်းအပြင်သို့ ကားဖြင့်ထွက်ပြီး ကိုမြင့်ဦးအိမ်သို့သွားသည်။ မြန်ဆန်လှသော တပည့်များကြောင့် ချေဝမ်းတွင်းကလီစာဟင်းက မီးဖိုပေါ်တွင်ရောက်နေပြီး ဟင်းနံ့ပင် ထွက်နေလေပြီ။ မုဆိုးအောင်သန်းကတော့ အသားများခုတ်ထွင်နေပြီး ချေခြေထောက်အား ဟင်းချိုချက်၍ ချေခေါင်းကို ပြုတ်၍သုတ်ရန် စီစဉ်နေသည်။ ကိုမြင့်ဦးက ...





"သူငယ်ချင်း ကိုသိန်းဝင်းရေ ... ကျုပ်တို့အိမ်မှာ ကြက်နဲ့ ဘဲကလွဲလို့ တစ်ကောင်လုံး ချက်ပြုတ်စားရတာ ဒီတစ်ခါပဲရှိသေးတယ်။ ချေရလာတယ်ဆိုပြီး အိမ်နီးချင်းတွေက လာဝယ်ကြလို့ ကျုပ်အလကား ဝေပေးလိုက်တာ နည်းမှတ်လို့။ ဒီကောင်ကြီးက (၁၅)ပိဿာလောက် ထွက်တယ်။ ခင်ဗျားတို့အိမ်လည်း စားဖို့သွားပေးလိုက်ပါဦး။ ချေသား လတ်လတ်ဆတ်ဆတ်က စားရခဲတယ်ဗျ။ ရော့ဗျာ ... တစ်လက်စတည်း သွားပေးလိုက်ပါဦး"

ကိုမြင့်ဦးက ငါးဆယ်သားခန့်ရှိ ချေအသားတွဲနှစ်တွဲအား လှမ်းပေးသဖြင့် ကျွန်ုပ် အိမ်သို့ ကားပြန်မောင်းပြီး ပေးရပြန်သည်။ ကျွန်ုပ် ကိုမြင့်ဦးအိမ်ပြန်ရောက်တော့ အရက်ပိုင်းနှင့်အမြည်းက အဆင်သင့်ဖြစ်ပေပြီ အရက်မှာ BLACK AND WHITE ဖြစ်သည်။ ရေခဲနှင့် ဆိုဒါကလည်း အဆင်သင့်ပင်။ ကိုမြင့်ဦးမိန်းမကလည်း လှိုက်လှဲစွာ ဧည့်ခံပါသည်။

ကျွန်ုပ်တို့ စားသောက်ပြီးတော့ ည (၇း၃၀) နာရီပင်ရှိပြီ။ ရွာတွင်လက်ဆောင်ပေးရန် ကိတ်မုန့်များနှင့် အရက်များအား ဝယ်ပြီး ည (၈)နာရီတိတိတွင် ကျွန်ုပ်တို့ ခရီးစထွက်ခဲ့ကြသည်။ ကိုမြင့်ဦးမှာ အရက်ရှိန်ကလေးရ၍ မြန်မြန်မောင်းနေရာ ကျွန်ုပ်က အန္တရာယ်မဖြစ်စေရန်အတွက် မှန်မှန်သာမောင်းရန် သတိပေးရသည်။ မုဆိုးအောင်သန်းနှင့် တင်သောင်းတို့ကတော့ ကားပေါ်တွင် အိပ်၍ လိုက်ပါလာကြသည်။

တိုက်ကြီးမြို့ကိုရောက်တော့ ည (၁၀)နာရီခန့်ရှိပြီ။ ဆိုင်များလည်း သိမ်းနေပြီဖြစ်၍ သာယာဝတီမြို့သို့ ဆက်မောင်းလာခဲ့သည်။ တိုက်ကြီးနှင့် သာယာဝတီမြို့မှာ မိုင်(၂၀)ခန့်သာဝေးသဖြင့် ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



ည(၁၁)နာရီမထိုးမီ သာယာဝတီမြို့သို့ရောက်သည်။ ကျွန်ုပ်က ယူနီဖောင်းအပြည့်အစုံ ဝတ်လာခဲ့သဖြင့် လမ်းခရီးတွင် အဆင်ပြေသည်။

သာယာဝတီမြို့နှင့် သုံးဆယ်မြို့အကြား အရှေ့ဘက်ရူးရူး တောလမ်းကလေးအတိုင်းဝင်၍ မှဆိုးအောင်သန်းက လမ်းပြသည်။ (၁၀)မိုင်ခန့်အတွင်းသို့ လှည်းလမ်းအတိုင်း ဝင်ရသည်။ လမ်းကြမ်း၍ ကားမှာ မြန်မြန်မမောင်းနိုင် (၁၀)မိုင်ခန့်ခရီးကို (၁)နာရီခန့်မောင်းရသည်။ ညမွန်းတည့်(၁၂)နာရီခန့်အထိ မောင်းရသည်။

ညမွန်းတည့် (၁၂) နာရီခန့်ကျော်မှ အောင်သန်းတို့နေသည့် လှည်းလမ်းကူးရွာလယ်ပိုင်းသို့ ရောက်သည်။ ရွာကြီးမှာ အိမ်ခြေ(၄၀၀)ခန့်ရှိပြီး အလွန်ကြီးသည့် ရွာကြီးဖြစ်သည်။ စီးပွားရေးလည်း ကောင်းဟန်တူသည်။ ပဲခူးရိုးမ တောင်ခြေရွာဖြစ်သဖြင့် သစ်ကောင်းဝါးကောင်းနှင့် သွပ်မိုးပျဉ်ထောင်အိမ်များ များလှသည်။ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးရှေ့ရောက်သော် အောင်သန်းက ကားရပ်ခိုင်းပြီးဆင်း၍ ...

"အမေ ... အမေ ... တံခါးဖွင့်ပါဦး။ ဆရာဦးသိန်းဝင်းတို့လည်း ပါလာတယ်"

"ဪ ... သား ... အောင်သန်းလား။ လာပြီကွယ့် ... လာပြီ"

အိမ်ပေါ်ထပ်တွင် မီးလင်းသွားပြီး အဒေါ်ကြီးတစ်ယောက် တံခါးဖွင့်၍ မီးခွက်ထွန်းပြီး ဆင်းလာသည်။ နောက်မှလည်း အဘိုးကြီးတစ်ဦး ကပ်ပါလာသည်။

"သားရယ် ... မိုးချုပ်လိုက်တာ။ ဪ ... ဧည့်သည်တွေလည်း ပါလာတာကိုး"





"အမေ ... သားတို့ အောက်ထပ်မှာပဲ အိပ်ကြမယ်။ အိမ်အောက်ထပ်တံခါး ဖွင့်ပေးပါဦး"

"အိမ်အပေါ်ထပ်မှာလည်း အကျယ်ကြီးပါကွယ်။ အပေါ်မှာလည်း တည်းလို့ရပါတယ်"

"အမေ ... ဆရာတို့က လွတ်လွတ်လပ်လပ်နေချင်တာ။ အောက်ထပ်က အပေါ့အပါးသွားလို့လည်း လွယ်တာပေါ့"

"သဘောပါ သားရယ်။ ဆရာငို့ပါလာတော့ အမေက အားနာလို့ပါ။ ဆရာတို့ လွတ်လွတ်လပ်လပ် ကြိုက်နှစ်သက်သလို နေနိုင်ပါတယ်"

အဘိုးကြီးက အောက်ထပ်အခန်းအား တံခါးဖွင့်ပေးပြီး မီးခွက်ထွန်းပေးသည်။

"ဆရာဧည့်သည်တို့ ကြွပါခင်ဗျား။ အောက်ထပ်မှာ ကွပ်ပျစ်တွေ အဆင်သင့်ရှိပါတယ်။ အိပ်ရာခြင်ထောင် လုပ်ပေးပါ့မယ်"

ကျွန်ုပ်တို့ ပစ္စည်းများအား ကားပေါ်ကချပြီး နေရာယူလိုက်ကြသည်။ အဘိုးကြီးနှင့် အဘွားကြီး အိမ်ပေါ်ပြန်တက်သွားသည်နှင့် တင်သောင်းက အရက်ပုလင်းတစ်လုံးနှင့် ကိုမြင့်ဦးအိမ်မှယူလာသော ဟင်းချိုင့်ကြီးကို ကွပ်ပျစ်များအနီးရှိ စားပွဲခုံရှည်ကြီးပေါ်သို့ ချသည်။ အောင်သန်းက ဖန်ခွက်နှင့်ရေဘူးကို ယူပေးသည်။

"ကဲ ... ဆရာတို့ ခရီးပန်းလာတယ်။ ညလယ်စာလေး သုံးဆောင်ကြပါဦး"

ကျွန်ုပ် ...

"အောင်သန်းရေ ... မုန့်တွေဝယ်လာတယ် မဟုတ်လား။ မုန့်တွေကို သုံးပုံပုံပြီး တစ်ပုံကို မင်းမိဘတွေကို အခုပဲ ကန်တော့



www.burmeseclassic.com

www.burmeseclassic.com



လိုက်။ ကျုန်တဲ့(၂)ပုံက တင်သောင်းအိမ်နဲ့ ဦးညွန့်ရွှေတို့အိမ်ကို မနက်မှပေးမယ်''

''ဒါနဲ့ ဦးညွန့်ရွှေတို့အိမ်ကို မင်းတို့ ခွင့်ပြန်လာတုန်းက ဦးညွန့်ရွှေဆုံးပါးသွားကြောင်း ပြောပြီးပြီလား''

''ဆရာ ... အဲဒီနေ့က ကျွန်တော်တို့လည်း အချိန်မရတာနဲ့ မပြောရသေးဘူး''

''အေး ... အေး ... မနက်မှရှင်းပြတာ ပိုကောင်းပါတယ်''

ကျွန်ုပ်တို့ ညလယ်စာ စားသောက်ကြပြန်သည်။ အောင်သန်းနှင့်တင်သောင်းက ကျွန်ုပ်တို့အိပ်စက်ရန် အိပ်ရာခင်း၍ ခြင်ထောင်ထောင်နေကြသည်။ ကျွန်ုပ်က ...

''မင်းတို့လည်း လာကြဦးလေကွာ။ ချေသားဟင်းက အလွန်ကောင်းပဲ''

''စားနှင့်ကြပါ ဆရာ။ ကျွန်တော်တို့ ပြီးမှလာမယ်''

သူတို့အလုပ်ပြီးမှ လာထိုင်ကြသည်။ ကျွန်ုပ်က ...

''အောင်သန်းရေ ... မင်းတို့အိမ်က လူနည်းလှချည်လားကွ''

''မနည်းဘူး ဆရာ။ အိမ်ထောင်သည်အစ်မကြီးနဲ့ ကလေးတွေ သုံးဆယ်မြို့က ယောက္ခမအိမ် သွားလည်နေကြလို့ပါ။ အိမ်ပေါ်မှာ ကျွန်တော့်ညီမလေးတစ်ယောက်တော့ ရှိသေးတယ်။ ကလေးတွေရှိတော့ နေ့ဘက်ဆို ဆူညံနေတာပဲ ဆရာရေ့။ အခု သူတို့မရှိလို့ အိမ်ကြီးတိတ်ဆိတ်နေတာပါ''

ကျွန်ုပ်တို့ အိပ်ရာဝင်တော့ ညမွန်းလွဲ (၁)နာရီကျော်ပေပြီ။ ကျွန်ုပ် ရတနာများထည့်သည့်အိတ်ကို ခေါင်းရင်းခြင်ထောင်တွင်းသို့





သွင်းအိပ်ပြီး ရိုင်ဖယ်သေနတ်ကြီးအား ဘေးတွင်ချ၍အိပ်သည်။ အကယ်၍ အောင်သန်းနှင့်တင်သောင်းသာ လောဘရှိပါက ကျွန်ုပ်ခရီးပန်း၍ အိပ်ပျော်နေစဉ် ဓားထောက်၍ လုယက်နိုင်ပေသည်။ သို့သော် ကျွန်ုပ်၏ သစ္စာရှိသော တပည့်(၂) ဦးအား ကျွန်ုပ် အကြွင်းမဲ့ ယုံကြည်ပါသည်။

ကျွန်ုပ်တို့ အိပ်ရေးပျက်သဖြင့် မနက် (၇)နာရီမှ နိုးကြသည်။ စားပွဲခုံရှည်ကြီးပေါ်တွင် ထမင်းကြော်နှင့် ငါးကြော်ပူပူနွေးနွေးများက အငွေ့တထောင်းထောင်းထ၍ ဖိတ်ခေါ်နေသည်။ ကျွန်ုပ်တို့ မျက်နှာသစ်ပြီး တစ်ဝစားကြသည်။ ပြီးနောက် ကျွန်ုပ်ကြိုက်သော မလိုင်လက်ဖက်ရည်ချိုကို အောင်သန်း၏ညီမကလေးက တစ်ခွက်စီ လာချပေးသည်။

''ဆရာတို့ ... သုံးဆောင်ကြပါရှင်။ လိုတာရှိရင်လည်း ပြောပါရှင့်''

''ပြည့်စုံပါပြီ ညီမကလေးရယ်။ ကျေးဇူးတင်ပါတယ်''

ထိုစဉ် မုဆိုးအောင်သန်း၏ မိဘများ အိမ်ပေါ်ထပ်မှ ဆင်းလာကြသည်။

''ဆရာတို့ ... သုံးဆောင်ကြပါ။ သားရဲ့ကျေးဇူးရှင် ဆရာဆိုတော့ ကျွန်တော်တို့မိသားစုရဲ့ ကျေးဇူးရှင်ပါရဲ့။ ဒါနဲ့ ဆရာတို့ ညကြီးမင်းကြီး ဘာအရေးကြီးလို့ ဆင်းလာကြတာလဲ''

''ရတနာသိုက်ကိစ္စပါ ဦးလေး။ မောင်အောင်သန်းတို့လည်း ခွင့်ပြန်တုန်းက ပြောထားမယ်ထင်ပါရဲ့''

''မပြောပါဘူး ဆရာရယ်။ ဆရာတပည့်က အင်မတန်နှုတ်လုံတာပါ။ မိဘတောင်မပြောပါဘူး။ ဘယ်မှာတူးမှာပါလဲ။ ဒီရွာနားက အလံတောင်မှာလား''



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဦးလေး။ ကျွန်တော်တို့စခန်းနားက ပဲခူးရိုးမ တောင်ခြေ တောထဲမှာပါ။ တူးလည်း တူးပြီးပါပြီ"

"ဟေ ... ဒါဆို ဆရာလေးတို့ အောင်ကြသလား"

"အောင်မြင်ပါတယ် ဦးလေး။ ဒါကြောင့် ရတနာသိုက်နဲ့သက်ဆိုင်တဲ့ ပစ္စည်းအချို့ကျဝေစုကို လာပေးတာပါ"

"ဩော် ... တယ်ဟုတ်ပါလား။ ဆရာလေးတို့က တယ်သတ္တိရှိကြသကိုး။ ဒါကြောင့်လည်း အောင်မြင်တာထင်ပါရဲ့"

မုဆိုးအောင်သန်းက ...

"အဖေ ... ဆရာက ငွေလည်း စိုက်ထုတ်ကုန်ကျတယ်။ အပင်ပန်းလည်းခံတယ်။ ခေါင်းဆောင်လည်းလုပ်တယ်။ ပထဝီအသာလည်း နားလည်တယ်။ ဂျပန်စာလည်းတတ်လို့ ဖော်နိုင်တာပါ။ အဲဒီ ငါးပေါက်တွင်းရတနာသိုက်ကို သိကြတဲ့သူတွေ အများကြီးပါ။ ဘယ်သူမှမဖော်နိုင်ဘူး။ မြစ်ကြီးနားက ငါးပေါက်သီးတောင် တောင်သွားပြီး အဖြေယူရတာ။ လွယ်တာမဟုတ်ဘူး"

ထို့နောက် မုဆိုးအောင်သန်းက မြစ်ကြီးနားခရီးစဉ်နှင့် ရတနာသိုက်ဖော်ပုံများကို အားပါးတရ ရှင်းပြသည်။ တစ်မိသားစုလုံး အံ့သြဝမ်းသာနေကြသည်။ ထိုစဉ် အနီးတွင်ရှိနေသော ကားဆရာ ကိုမြင့်ဦးက ...

"သူငယ်ချင်းရယ် ... ကိုယ်ကိုလည်း ခေါ်ဖို့ကောင်းပါတယ်။ ပစ္စည်းညစ္စာလိုချင်လို့ မဟုတ်ပါဘူး။ ဒေသန္တရဗဟုသုတ လိုချင်လို့ပါ"

ကျွန်ုပ် ...





"ကိုမြင့်ဦးရေ ... ခင်ဗျားအားမအား ကျွန်တော်မှမသိတာ။ ခွင့်ကလည်း (၇)ရက်လောက်ပဲရတာ။ အပြေးအလွှား လုပ်ရတာပါဗျာ။ ခရီးကလည်း အတော်ကြမ်းပါတယ်"

"ဒါနဲ့ အောင်သန်းရေ ... ဦးညွှန့်ရွှေတို့အိမ်က ဘယ်နားမှာရှိတာလဲ။ စားသောက်ပြီး သွားကြရအောင်ပါ"

"ရွာမြောက်ပိုင်းမှာပါ ဆရာ။ ကျွန်တော်တို့နေတာက ရွာလယ်နဲ့နီးပေမဲ့ တောင်ပိုင်းကျတယ်"

ကျွန်ုပ် ...

"ဦးလေးနဲ့ အဒေါ်ကိုလည်း ကျွန်တော် ပြောချင်ပါတယ်။ အခုဦးညွှန့်ရွှေက ရတနာသိုက်နဲ့ အဓိကသက်ဆိုင်သူ ငါးပေါက်သီး အကြောင်းကို သူမသေခင် ကျွန်တော့်ကို သတင်းပေးခဲ့တာပါ။ ဒါကြောင့်လည်း ကျွန်တော်တို့ကိုယ်တိုင် ဆင်းရဲတဲ့သူ့မိသားစုကို ဝေစုလာပေးတာပါ။ ကျွန်တော့်တပည့်အောင်သန်းနဲ့ တင်သောင်းကိုလည်း ကျွန်တော့်ဝေစုထဲက သူတို့ထောင်ကလွတ်တာနဲ့ လုပ်ကိုင်စားနိုင်အောင် အရင်းအနှီး ထုတ်ပေးမှာပါ"

"သာဓုပါ ... ဆရာရယ်၊ သာဓုပါ၊ သာဓုပါ။ စိတ်ကောင်းရှိတဲ့ ဆရာထောင်မှူး ဘုန်းကြီးလို့ အသက်ရှည်ပါစေဗျား။ လိုအင်ဆန္ဒနဲ့လည်း တစ်လုံးတစ်ဝတည်း ပြည့်စုံပါစေ"

မုဆိုးအောင်သန်း၏မိဘနှစ်ပါးက လှိုက်လှဲစွာ ဆုပေးကြပါသည်။ ကျွန်ုပ်ကလည်း ...

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေခင်ဗျား"

"ကဲ ... ဆရာ သွားကြစို့။ ဘယ်အိမ်အရင်ဝင်မှာလဲ ဆရာ။ မျောက်တင်သောင်းအိမ်လား၊ ဦးညွှန့်ရွှေတို့ အိမ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဦးညွန့်ရွှေတို့အိမ်ကို အရင်သွားကွာ။ အပြန်မှ တင်သောင်းတို့အိမ်မှာ အနားယူရင်း စကားပြောကြတာပေါ့"

"ကောင်းပါတယ် ဆရာ"

ကျွန်ုပ်တို့ ရွာမြောက်ပိုင်းသို့ ထွက်ခဲ့ကြသည်။ ရတနာအိတ်ကြီးကိုတော့ တင်သောင်းက ထမ်းလာသည်။ လက်ဆောင်ပေးရန် မုန့်များကိုတော့ မုဆိုးအောင်သန်းက ဆွဲလာသည်။ ကိုမြင့်ဦးကတော့ ဆေးလိပ်သောက်ရင်း လိုက်လာသည်။ မျောက်တင်သောင်းတို့အိမ်ကျော်မှ ငါးအိမ်ခြားလောက်တွင် ဦးညွန့်ရွှေတို့အိမ်ရှိသည်။ မျောက်တင်သောင်းတို့အိမ်ရှေ့ရောက်သည်နှင့် တင်သောင်းက အိမ်ထဲသို့ လှမ်းအော်သည်။

"အမေရေ ... ကျွန်တော်တို့ ပြန်လာပြီ။ ဆရာတွေလည်းပါတယ်။ အပြန်မှဝင်တော့မယ်။ စားဖို့သောက်ဖို့ စီစဉ်ထားပါ"

"အေး ... အေး ... သားရေ ... အေး ... အေး"

မျောက်တင်သောင်းတို့အိမ်မှာလည်း နှစ်ထပ်၊ ပျဉ်ထောင်သွပ်မိုးအိမ်ပင်။ သို့သော် ကျွန်ုပ်တို့ ဦးညွန့်ရွှေတို့ ခြံရှေ့ရောက်တော့ ခြံဝင်းမှာ ကျယ်သော်လည်း အိမ်မှာဓနိမိုးထရံကာ တန်းလျားလိုမြေစိုက်တဲသာသာအိမ်သာ ဖြစ်သည်။

ထိုစဉ် အောင်သန်းက ...

"ဒေါ်လေးမြရေ ... ကျွန်တော်တို့ လာပြီဗျို့"

ထိုစဉ် အဒေါ်ကြီးတစ်ဦးအိမ်ထဲမှ ထွက်လာပြီး ...

"ဟယ် .. အောင်သန်းတို့ပါလား။ မင်းတို့ ထောင်ကလွတ်လာကြပြီလား။ ဧည့်သည်တွေလည်း ပါလာတယ်။ လာကြပါ၊ ထိုင်ကြပါ"





အဒေါ်ကြီးမှာ ပျာပျာသလဲ ကွပ်ပျစ်ပေါ်တွင် နေရာပေးပြီး ရေနွေးကြမ်းခရားနှင့် ပန်းကန်များ ချပေးသည်။

"ဘယ်တုန်းက ရောက်ကြတာလဲ။ မင်းတို့အဘ ဦးညွန့်ရွှေလည်း နေထိုင်ကောင်းရဲ့လား။ တောထဲကစခန်းဆိုတော့ အဒေါ်တို့လည်း နေရာမသိ၊ မသွားတတ်ဘူးကွယ့်"

ကျွန်ုပ်တို့ အပြောရခက်သွားသည်။ စိတ်မကောင်းလည်း ဖြစ်မိသည်။ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေမိကြသည်။

ထို့ကြောင့် ကျွန်ုပ်ကပင် မနေသာတော့ဘဲ ပြောရတော့သည်။

"အဒေါ် ... စခန်းကစာပို့တာ မရောက်သေးဘူးလား"

"ဘာစာပါလိမ့် ဆရာရယ်။ ကျွန်မတို့ဆီ ဘာစာမှမရောက်ပါဘူး။ ကိုညွန့်ရွှေ ဘာဖြစ်လို့ပါလိမ့်။ ပြောစမ်းပါ ဆရာရယ်"

"ဦးညွန့်ရွှေက နဂိုကတည်းက အစာအိမ်ရောဂါနဲ့ ငှက်ဖျားအခံရှိတာ ဟုတ်တယ်နော်"

"ဟုတ်ပါတယ် ဆရာရယ်။ သူက ရောဂါသည်ပါ။ သာယာဝတီထောင်မှာတုန်းကတော့ နီးတော့ အဒေါ်တို့ မကြာခဏ သွားတွေ့ဖြစ်ပါတယ်။ အင်းစိန်ထောင်ကနေ စခန်းကိုပို့တော့ သွားမတွေ့ဖြစ်တာ (၁)နှစ်လောက်တောင်ရှိပါပြီ။ မထိတ်သာမလန့်သာ ဆရာရယ်။ အခု ရောဂါပြန်ဖြစ်လို့ ဆေးရုံတင်ထားရတယ်လို့ ပြောချင်တာလား"

အဒေါ်ကြီးက သူလိုတာ သူဆွဲ၍ပြောသဖြင့် ကျွန်ုပ်မှာ ဆက်ပြောရမည့်စကားပင် တန့်သွားသည်။ သို့သော် မပြောမပြီး မတီးမမြည်ဆိုသော စကားပုံအတိုင်း ပြောရတော့သည်။

"ဦးညွန့်ရွှေ ... လွန်ခဲ့တဲ့ (၁၀)ရက်လောက်က ဆုံးရှာပါပြီ အဒေါ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး ... ကိုညွန့်ရွှေရဲ့၊ ကျွန်မတို့ကို ပစ်သွားပြီလား။ ကျွန်မတို့မိသားစု ဘယ်သူ့အားကိုးနဲ့ ရပ်တည်ရမှာလဲတော့။ အခုတောင် မိသားစုကများများ။ ဖြစ်သလို ရပ်တည် စားနေရတာ။ ကျေးဇူးရှင်ကြီးရဲ့ ... လာကြည့်ပါဦးတော့။ ဟီး ... ဟီး ... ဟင့်အင်း ..."

အဒေါ်ကြီးငိုသံကြောင့် အိမ်ထဲမှ ကလေးနှင့်လူကြီးများ ပြေးထွက်လာကြသည်။ (၁၀) ယောက်ခန့်ရှိသည်။

❑

"အမေ .... အမေ ... အဖေဘာဖြစ်လို့လဲ"

"မင်းတို့အဖေ ဆုံးပြီးတဲ့ သားတို့သမီးတို့ရဲ့။ အင့် ... ဟင့်ဟီး"

"အီး ... ဟီး ... ဟီး ... အင့် ... ဟင့်"

သူတို့ အားရအောင်ငိုပြီးမှ ကျွန်ုပ်က ...

"ကဲ ... အဒေါ်ရေ၊ ဝမ်းနည်းစရာပြောပြီးတော့မှ ဝမ်းသာစရာ ပြောပါရစေ။ အဒေါ်တို့မိသားစု ဆင်းရဲတွင်းက လွတ်ပါပြီ။ ဦးညွန့်ရွှေမသေမီ မိသားစုချမ်းသာအောင် ဆောင်ရွက်ပေးသွားရှာတာပါ။ ဟော့သည်မှာ ... ရတနာထုပ်ပါ၊ သိန်းပေါင်းများစွာ တန်ပါတယ်"

ကျွန်ုပ်က ရတနာထုပ်အား ပေးပြီး ကျွန်ုပ်တို့၏ ရတနာသိုက်ရှာပုံတော်စွန့်စားခန်းကို အသေးစိတ် ရှင်းပြရတော့သည်။ တစ်မိသားစုလုံး ငိုရာမှ ရယ်လာကြသည်။ ထိုစဉ် အဒေါ်ကြီးက ရတနာထုပ်အားဖွင့်ကြည့်ရင်း ...

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး ... သွားလေသူကြီးရဲ့၊ သေတာတောင် မိသားစုကို စိတ်မချလို့ ချမ်းသာအောင် လုပ်ပေးသွားသေးသတော့၊ သူတော်ကောင်းကြီးရဲ့၊ ကျေးဇူးရှင်ကြီးရဲ့။ ဟီး ... ဟီး ... အင့်"

ကျွန်ုပ်က ...

"အဒေါ် ... တိတ်ပါတော့။ ရတနာထုပ်ကိုလည်း အမြန်သိမ်းပါ။ ပတ်ဝန်းကျင်ကြားရင်လည်း အန္တရာယ်ရှိပါတယ်"

"အေးကွယ် ... အေး ... အေး ..."

"ကဲ ... သားတို့သမီးတို့ ကျေးဇူးရှင်ဆရာတွေ စားဖို့သောက်ဖို့ ရှိတာလေးတွေ စီစဉ်ကြ။ မြန်မြန်လုပ်ကြ"

"နေပါစေ အဒေါ်။ ကျွန်တော်တို့ မောင်အောင်သန်းတို့အိမ်မှာ စားလာခဲ့ပြီးပါပြီ။ ဒီမှာ အဒေါ်တို့အတွက် ကိတ်မုန့်တွေတောင် ကျွန်တော်တို့ ဝယ်လာပါသေးတယ်။ ဒီမှာစားကြပါ။ ဦးညွန့်ရွှေအတွက်သာ အလှူလုပ်ပြီး အမျှအတမ်းဝေပါ။ ကျွန်တော်တို့ ပြန်ပါဦးမယ်"

"နေပါဦး ... ဆရာတို့ရယ်။ ကျွန်မတို့ နေ့လယ်စာထမင်း ကျွေးပါရစေ။ ကျေးဇူးတင်လွန်းလို့ပါ။ ဒီရတနာတွေကလည်း ဆရာကြောင့်ရတာပါ။ အဒေါ်ယောက်ျား ကိုညွန့်ရွှေ နှစ်ပေါင်းများစွာ ကြိုးစားနေတာ ကြာပါပြီ။ နောက်ဆုံး မားခုတ်မှုနဲ့ ထောင်ကျတဲ့အထိပါပဲ။ မအောင်မြင်ပါဘူး"

"ကျွန်တော်တို့ အချိန်မရလို့ပါ အဒေါ်။ စခန်းပြန်ရဦးမှာမို့ပါခင်ဗျား။ ခွင့်ပြုပါဦး"

"နေ ... နေပါဦး ... ဆရာရယ်။ ကျွန်မတို့က ဆင်းရဲပေမဲ့ သဒ္ဓါတရား မခေါင်းပါးပါဘူး။ အကျိုးဆောင်ပေးတဲ့ ဆရာတပည့် မောင်အောင်သန်းနဲ့ မောင်တင်သောင်းကိုလည်း လက်ဆောင်ပြန်ပေးချင်ပါသေးတယ်။ ခဏကလေး စောင့်ပါနော်"





အဒေါ်ကြီး အခန်းထဲအပြေးဝင်သွားပြီး ဒေါ်င်းဘယက်ကြီးနှစ်ကုံးကို ယူလာ၍ မောင်အောင်သန်းနှင့် တင်သောင်းအားပေးသည်။ ကျွန်ုပ်တို့ပင် အံ့သြကြရသည်။ လူဆင်းရဲသော်လည်း စေတနာမဆင်းရဲသော တောသူတောင်သား လူရိုးလူကောင်းများဖြစ်ကြပေသည်။ အောင်သန်းနှင့်တင်သောင်းက အဒေါ်ကြီးအား ထိုင်ကန်တော့ပြီး ပစ္စည်းအား လက်ခံ၍ ကျေးဇူးတင်စကားပြောကြသည်။

ကျွန်ုပ်တို့ပြန်ခဲ့ကြပြီး လမ်းတွင် မျောက်တင်သောင်းတို့အိမ်သို့ ဝင်သည်။ တင်သောင်းတို့အိမ်က အချိန်စောသေးသော်လည်း နေ့လယ်စာ၊ ထမင်းနှင့်ဟင်းများကို အသင့်ပြင်ဆင်ထားသဖြင့် စားကြရတော့သည်။

ကျွန်ုပ်က ရတနာသိုက်ကိစ္စ၊ တင်သောင်းတို့ လွတ်တော့မည့်ကိစ္စနှင့် လွှတ်မြောက်သည်နှင့် ကျွန်ုပ်က အရင်းအနှီးထုတ်ပေးမည့်ကိစ္စများအား ပြောဆိုပြီးသည်နှင့် တင်သောင်းက မိဘများအား ဒေါ်င်းဘယက်ဆွဲကြိုးကြီးကို ပေးအပ်လိုက်တော့သည်။ မိဘလုပ်သူများ အလွန်ဝမ်းသာနေကြသည်။

ကျွန်ုပ်အား ကျေးဇူးတင်လွန်း၍ ဆုများပေးကြသည်မှာလည်း မဆုံးနိုင်တော့ပါ။ ကျွန်ုပ်တို့ စားသောက်ပြီး နှုတ်ဆက်၍ မုဆိုးအောင်သန်းတို့အိမ်သို့ ပြန်ခဲ့ကြသည်။

အောင်သန်းတို့အိမ်ရောက်တော့လည်း ထမင်းပွဲကြီးက အဆင်သင့်ပြင်ထားသည်။ မစားမနေ အတင်းကျွေးသဖြင့် စားရပြန်သည်။ နေ့လယ်စာကို နှစ်ခါထပ်စားရ၍ ကျွန်ုပ်တို့ ဗိုက်အတော်ပြည့်သွားသည်။ အောင်သန်းမိဘများအား ညအိပ်ရန် အတင်းတားသော်လည်း ကျွန်ုပ်တို့ မနားနိုင်တော့ပါ။ တာဝန်တွေကရှိသေး၍ တောင်းပန်ပြီး နှုတ်ဆက်၍ ပြန်ခဲ့ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ လှည်းလမ်းကူးရွာက ပြန်ထွက်တော့ မနက် (၁၀) နာရီခန့်သာရှိသေးသည်။ နေ့အချိန်ဖြစ်၍ ခရီးသွားရသည်မှာ အဆင်ပြေပါသည်။ ကျွန်ုပ် ထမ်းဆောင်ခဲ့သော တာဝန်ဝတ္တရားကြီး ပြီးဆုံးပြီဖြစ်၍ ကျွန်ုပ် အလွန်စိတ်ချမ်းသာမိပါသည်။

အောင်သန်းနှင့် တင်သောင်းမှာလည်း ပျော်ရွှင်လွန်း၍ တစ်လမ်းလုံး သီချင်းဆိုလာကြသည်။ ကျွန်ုပ် မတားတော့ပါ။ ကျွန်ုပ်နှင့်ပတ်သက်သောလူတိုင်း စိတ်ချမ်းသာကိုယ်ချမ်းသာ ဖြစ်ကြစေရန် ကျွန်ုပ်ထာဝစဉ် ဆုတောင်းမိပါသည်။

ထိုစဉ် တစ်ချိန်လုံး ငြိမ်၍ကားမောင်းလာသော ကိုမြင့်ဦးက–

"ကိုသိန်းဝင်းရေ ... ဘယ်မောင်းရမှာလဲ။ စခန်းကိုလား၊ အိမ်ကိုလား။ ကျွန်တော် လမ်းမှာ ခဏတော့နားချင်တယ်"

"နားပါ ...။ တိုက်ကြီးရောက်မှနားတာ ကောင်းမယ်ထင်တယ်။ ဗိုက်လည်း ဆာလာပြီ၊ ပြီးမှ အင်းစိန်အိမ်ကိုပြန်မယ်"

"ကောင်းပါတယ်။ တိုက်ကြီးရောက်မှ နားတော့မယ်"

သုံးဆယ်၊ ဥက္ကံမြို့များကို ကျော်လာပြီးနောက် တိုက်ကြီးမြို့သို့ ဝင်လာသည်။ ဘူတာအနားမှ ဆိုင်ကြီးတစ်ဆိုင်တွင် ဝင်နားကြသည်။ ကိုမြင့်ဦးက သူဆောင်လာသော အရက်ပုလင်းကိုထုတ်၍ အမြည်းများကိုသာ မှာသည်။ လှည်းလမ်းကူးရွာတွင် အရက်မသောက်ရသေးဘဲ ထမင်း(၂)ကြိမ်စားရသဖြင့် သူ့အာသာပြေဟန်မတူပါ။

တင်သောင်းနှင့် အောင်သန်းတို့က အရက်မသောက်ကြတော့ပါ။ အမြည်းများကိုသာ စားနေသည်။ စခန်းပြန်ဝင်ကြရတော့မည်ဖြစ်၍ ရဲဘက်စည်းကမ်း လိုက်နာခြင်းဖြစ်ကြပေမည်။

ကျွန်ုပ်တော့ အရက်လည်း မသောက်။ အမြည်းလည်း မစား





နိုင်ပါ။ တရုတ်ဆိုင်မှ ရေနွေးကြမ်းကိုမှာပြီး တစ်ခွက်ပြီးတစ်ခွက် သောက်နေမိသည်။

စားသောက်ပြီးသည်နှင့် ကျွန်ုပ်တို့ ခရီးဆက်ကာ ပြန်ခဲ့ကြသည်။ မြောင်းတကာ၊ မှော်ဘီမြို့များကို ကျော်ပြီး ထောက်ကြန့်ရောက်လာသည်။ ကျွန်ုပ် ကားကိုရပ်ခိုင်းပြီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ဝင်သည်။ ကျွန်ုပ်ကြိုက်သော မလိုင်လက်ဖက်ရည်ကို ထောက်ကြန့်တွင် ကောင်းကောင်းရသောကြောင့် ဖြစ်သည်။ ကိုမြင့်ဦးက ...

"ဒီတစ်ခါတော့ ခင်ဗျားတို့အလှည့်ပေါ့ဗျာ။ သောက်ကြပါ။ ကျွန်တော်တော့ ဆေးလိပ်ဝယ်လိုက်ဦးမယ်"

ကျွန်ုပ်တို့စားသောက်ပြီး ကားပြန်ထွက်တော့ မွန်းလွဲ(၁)နာရီရှိပါပြီ။ အင်းစိန်အိမ်သို့ ပြန်ဝင်သည်။ အလုပ်ပိတ်ရက်ဖြစ်သဖြင့် ကျွန်ုပ်၏အိမ်တွင် မိသားစုစုံညီစွာ ရှိနေကြသည်။ ကျွန်ုပ် ဧည့်သည်များအား ဧည့်ခန်းတွင် အနားပေးရင်း ကျွန်ုပ်၏တပည့်ကျော် ဖောက်ထွင်းဗိဇ္ဇာကျော်ကြီး လက်ဆောင်ပေးထားသော သော့စိဖွာသော့တွဲဖြင့် ရတနာသေတ္တာကြီးအား ဖွင့်တော့သည်။ ဂျပန်ကြေးသော့ဖြစ်၍ သံချေးမတက်ပါ။

တတိယမြောက်သော့ဖြင့် လှည့်ဖွင့်ရာ ကြေးသော့ကြီးပွင့်သွားသည်။ သို့သော် မျောက်လက်က သံချေးကိုက်နေ၍ ဝက်အူလှည့်ဖြင့် ထိုးကလော်ရသေးသည်။ သေတ္တာအဖုံးအနားစများကလည်း သံချေးကိုက်နေသည်။ (၁၅)မိနစ်ခန့်ကြိုးစားပါမှ ရတနာသေတ္တာကြီး ပွင့်သွားသည်။ အထဲ၌ ကျောက်တုံး (ခေါင်းတုံး)နှင့် မြိတ်ထုံးရွှေဒင်္ဂါးပြားများအပြည့်ပင်။

ကျွန်ုပ်နှင့်အတူရှိနေသော ဇနီးဖြစ်သူမှာ လွန်စွာ ဝမ်းမြောက်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာ ဖြစ်နေရှာသည်။ ကျွန်ုပ် ရွှေဒင်္ဂါးအပြား (၂၀) တိတိကို ယူခဲ့သည်။ ပြီးနောက် နောက်သေတ္တာကြီးအား ပြန်ပိတ်၍ သော့ကို ဖိုးဖြစ်သူအား အပ်သည်။ ဧည့်ခန်းရောက်တော့ ...

"ရော့ ... ကိုမြင့်ဦး ခင်ဗျားကားခ"

"ဟာ ... မဟုတ်တာဗျာ။ ကျွန်တော်ကားခ ရွှေဒင်္ဂါး (၅) ပြားတောင် မတန်ပါဘူး။ ဒါဆို ... ဒီလိုလုပ်ဗျ။ ကျွန်တော့်မှာ ဆလွန်းကား (၂)စီးရှိသေးတယ်။ ဂျစ်ကားက မြို့ပေါ်မှာ အသုံးနည်းတယ်။ တောထဲလမ်းကြမ်းပဲ သုံးလို့ကောင်းတာ။ ခင်ဗျားကို ပေးလိုက်ပြီး ယူသွားပေတော့။ အဲ ... လိုင်စင်နဲ့ ဆီစာအုပ်ကိုတော့ ကျွန်တော့်အိမ် လိုက်ယူပါ။ ဆီပါ ထည့်ပေးလိုက်မယ်။ ခင်ဗျားနဲ့ ကိုက်ပါတယ်။ စခန်းမှာနေပြီး သွားစရာလာစရာရှိရင် ကားကြုံစောင့်၊ လိုင်းကားစီးနေရတာ မဟန်ပါဘူးဗျာ။ ကားတစ်စီးတော့ ရှိသင့်ပါတယ်။ ကဲ ... ပြန်ကြမယ်မဟုတ်လား"

"အင်း ... ပြန်ကြမယ်။ ဒါပေမဲ့ ကျွန်တော်က အားနာနေတာပါ"

"အားမနာနဲ့ ... ကိုသိန်းဝင်းရေ။ ဂျစ်ကားကလည်း အိမ်မှာ အပိုဖြစ်နေတာ။ အခုက ခင်ဗျားကိုပေးတာမဟုတ်ဘူး ရောင်းတာ။ ရောင်းတာတောင်မှ ဆလွန်းကားဈေးနဲ့ ရောင်းတာ။ ကျွန်တော် မြတ်ပါတယ်"

ကားပွဲစား သူဌေးသူငယ်ချင်း ကိုမြင့်ဦးက လွန်စွာ ဝမ်းသာပီတိဖြစ်နေသည်။ ကျွန်ုပ်တို့အပြန်တွင် ကိုမြင့်ဦးအိမ်သို့ဝင်၍ ကားဆီထည့် ကားစာအုပ်များယူပြီး ကျွန်ုပ်ကိုယ်တိုင်မောင်း၍ စခန်းသို့ပြန်ခဲ့ပါသည်။ မမျှော်လင့်ဘဲ ကားပိုင်ပါရ၍ ကျွန်ုပ်လွန်စွာ ဝမ်းသာမိသည်။





ကျွန်ုပ်တို့အပြန်လမ်း၌ လှည်းကူးဈေးတွင် သင်္ကန်း(၅)စုံနှင့် စားစရာသောက်စရာများ ဝယ်ကြသည်။ ပြီးမှ ဖောင်ကြီးတာဆုံမှ တစ်ဆင့် အမြန်လမ်းသစ်ကြီးအတိုင်း ကားကိုမောင်းလာခဲ့သည်။ တောလမ်းခရီးအတိုင်း မောင်းလာကြရာ သုံးတန်ကူးစခန်းရောက်တော့ မှောင်ချေပြီ။ ညနေ(၆)နာရီခန့်လည်း ရှိပြီဖြစ်သည်။

ကျွန်ုပ် ခရီးမရောက်မဆိုက်ပင် စားစရာများနှင့် ရွှေဒင်္ဂါးပြား (၅)ပြားအား စခန်းတာဝန်ခံထောင်မှူးကြီးအား သွားကန်တော့လိုက်သည်။ ထောင်မှူးကြီးလည်း ဘာမျှမပြောသာတော့ပါ။

ထိုညက စားသောက်ပြီး ကျွန်ုပ်ကောင်းစွာ အနားယူလိုက်သည်။ ညအိပ်ရာဝင်တော့လည်း မမေ့ပါ။ ဘုရားဝတ်ပြု ပုတီးစိပ်ပြီးသည်နှင့် တောစောင့်နတ်၊ တောင်စောင့်နတ်နှင့် ဦးညွန့်ရွှေနှင့် ကွယ်လွန်သွားကြပြီဖြစ်သော သက်ဆိုင်သူများ ခွေးတပ်သားများအား အမျှဝေပါသည်။ ကျွန်ုပ် သာဓုခေါ်ပြီး လွန်စွာပီတိဖြစ်ရပါသည်။ မနက်ဖြန်လုပ်မည့် အလှူအတွက်လည်း အားလုံးအား ကြိုတင်ဖိတ်ကြားလိုက်ပါသည်။

ညတွင်လည်း ခရီးပန်းလာသောကြောင့် ကောင်းစွာအိပ်ပျော်သည်။ စွဲလမ်းစိတ်ကြောင့်လားမသိ။ အိပ်မက်မက်ရာ ကွန်လွန်သူဦးညွန့်ရွှေက ကျွန်ုပ်အား ကျေးဇူးတင်ကြောင်း တဖွဖွလာပြောနေသည့်အပြင် မကျွတ်မလွတ်သေးသူများကလည်း သာဓုခေါ်ရန် စောင့်မျှော်နေကြကြောင်း အသိပေးလာပါသည်။

ကျွန်ုပ် မနက်(၆)နာရီတွင် အိပ်ရာက ထသည်။ မျက်နှာသစ်ပြီးသည်နှင့် ဘုရားဝတ်ပြု၊ ပုတီးစိပ်ပြီး အမျှဝေသည်။ ပြီးနောက် ယနေ့မနက်တွင် ကျွန်ုပ်တို့ အလှူဒါနပြုလုပ်မည့် တွင်းငါးပေါက်ရှာ



www.burmeseclassic.com

www.burmeseclassic.com



သိုက်ရှိရာသို့ ကြွရောက်ကြပြီး သာဓုအနုမောဒနာခေါ်ကြပါရန် တောစောင့်နတ်၊ တောင်စောင့်နတ်နှင့် မကျွတ်မလွတ်သေးသူများအား ဖိတ်ကြားပါသည်။

ပြီးနောက် ကျွန်ုပ်တို့ မနက်စာစားပြီး လျှိုဖွယ်ဝတ္ထုအစုစုနှင့် လိုအပ်သောပစ္စည်းများကို ယူ၍ ရုံးခန်းပေါ်ကဆင်းသည်။ ကျွန်ုပ်ကို မြင်သည်နှင့် ဆရာဝန်ကြီးနှင့် ဆေးမှူးတို့လည်း ရောက်လာကြသည်။

"ချိန်းထားတာတော့ မနက်(၉)နာရီပဲ ဆရာကြီး။ ဒါပေမဲ့ ကျွန်တော်တို့က အိမ်ရှင်ဆိုတော့ ကြိုရောက်တာ ကောင်းပါတယ်။ ဟိုမှာလည်း နေရာထိုင်ခင်း စီစဉ်ရဦးမယ်လေ"

ဆေးမှူး . . .

"ဟုတ်ပါတယ် ဆရာ။ ဒါဆို သွားကြတာပေါ့။ အိုးခွက်ပန်းကန်တွေသယ်ဖို့ ကျွန်တော့်တပည့်တွေကို ခေါ်ခဲ့မယ်နော်။ လူယုံတွေပါ။ စိတ်ချရပါတယ် ဆရာ"

"ခေါ်ခဲ့ပါ။ ကိစ္စက ပြီးသွားပြီပဲ။ ပြဿနာမရှိပါဘူး။ ဒါနဲ့ ဘုန်းကြီးတွေထိုင်ဖို့ အခင်းလိုတယ်ဗျ။ ဘာရှိသလဲ"

"ရတယ်ဆရာ ကျွန်တော့်အိပ်ရာက GROUND SHEET ယူလာခဲ့မယ်"

"ကန်တော့ပွဲကရော ကိုသိန်းဆန်း"

"အသင့်ပဲနော်။ မနေ့က ကားကြုံနဲ့ ကျွန်တော်ဖောင်ကြီးဈေးက မှာထားတာ။ အပြည့်အစုံပါပဲ"

"ကဲ . . . ဒါဆို သွားကြတာပေါ့ဗျာ။ အုပ်စုလိုက်ကြီးတော့ မကောင်းဘူး။ လူခွဲသွားကြတာပေါ့။ ဒါနဲ့ ဆရာကြီးတို့ စခန်းတာဝန်ခံ၊ ထောင်မှူးကြီးကိုရော ဖိတ်သေးသလား"





"ဆရာက မှာမထားတော့ ကျွန်တော်တို့ မဖိတ်ဘူးလေ"

"ထားပါ။ မနေ့ညက ကျွန်တော်သွားတွေ့ပြီး ဖိတ်ထားပြီးပါပြီ။ အကျိုးအကြောင်းကိုလည်း ရှင်းပြထားပါတယ်"

ဆေးမှူး . . .

"အသိပေးတာ ကောင်းပါတယ်ဆရာရယ်။ အခုတော် တစ်စတစ်စနဲ့ လူအတော်သိကုန်ကြပါပြီ"

"ကိစ္စပြီးပြီပဲဗျာ။ လူသိလည်း ပြဿနာမရှိတော့ပါဘူး။ ခင်ဗျားတို့ပစ္စည်းတွေကိုပဲ လုံခြုံအောင်ထားဖို့ အရေးကြီးပါတယ်"

"ဆရာ့ပစ္စည်းတွေကရော . . ."

"အင်းစိန်ထောင်ထဲကအိမ်ကို ပို့လိုက်ပြီ"

"ဆရာ . . . အဲဒါဆိုရင်လည်း ကျွန်တော်တို့ကို ကူညီပါဦး။ ဒီစခန်းမှာထားရတာ စိတ်မချရဘူး။ ဆရာငှားထားတဲ့ ဂျစ်ကားနဲ့ တစ်ရက်လောက် ရန်ကုန်ကို လိုက်ပို့ပေးပါဦးဆရာ"

"အင်း . . . စီစဉ်ပေးပါ့မယ်။ ကဲ . . . ကျွန်တော်တို့ သွားနှင့်မယ်။ မနက်(၈)နာရီတောင် ကျော်နေပြီ"

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော်တို့ နောက်ကလိုက်ခဲ့ပါ့မယ်။ သွားနှင့်ပါဆရာ"

"ကောင်းပြီ"

ကျွန်ုပ်တို့ တစ်မိုင်ခန့်သာဝေးသော ရတနာသိုက်နေရာသို့ လျှောက်လှမ်းလာကြသည်။ ယနေ့ ကုသိုလ်ကောင်းမှု ပြုရန်လာခြင်းဖြစ်၍ သေနတ်ကြီးကို ယူမလာပါ။ သေနတ်မပါသောနေ့ကျမှ မျောက်အုပ်နှင့် တောဝက်အုပ်ကြီးအား ဆုံရသည်။ ခြောက်လှန့်လွှတ်ရသည်။

ရတနာသိုက်အနီးရောက်တော့လည်း မြေပုံ၊ ကျောက်တုံးကြီး



www.burmeseclassic.com

www.burmeseclassic.com



များအနီးတွင် တောကြက်အုပ်အား တွေ့ရသည်။ တစ်ဖန် တောင် လယ်ကြောပေါ်၌လည်း ချေဖို၊ ချေမနှင့်ဆုံရသည်။ မုဆိုးအောင်သန်း တို့ကတော့ တောက်တစ်ခေါက်ခေါက်ဖြင့် မချင့်မရဲဖြစ်နေသည်။

"အောင်သန်းနဲ့ တင်သောင်း ... စိတ်ကိုဖြူစင်အောင် ထား ကြ။ သတ္တဝါတွေကလည်း သာဓုခေါ်ချင်လို့လာတာ ဖြစ်ချင်ဖြစ်နေ မယ်။ ဒီနေ့ ငါးပါးသီလယူကြရမှာ။ သီလကိုလုံခြုံအောင် ထိန်းကြ"

"ဟုတ်ကဲ့ပါ ဆရာ"

ကျွန်ုပ်တို့ရောက်ပြီး မကြာမီ ဆရာဝန်ကြီးနှင့် ဆေးမှူးတို့ အဖွဲ့ ရောက်လာသည်။ ကျွန်ုပ်တို့ ပြင်ဆင်ခင်းကျင်းနေကြစဉ် လှည်းသံ ကြားသဖြင့်ကြည့်ရှုရာ ပထမလှည်းတွင် ဘုန်းတော်ကြီး (၅)ပါးနှင့် နောက်လှည်းတွင် မုဆိုးကြီးဦးလေးမောင်ခေါင်းဆောင်သော မုဆိုးအဖွဲ့ ဖြစ်နေသည်။ သူတို့လည်း တစ်ယောက်မှ သေနတ်ပါမလာကြပါ။

(၉)နာရီတိတိအချိန်တွင် ကျွန်ုပ်တို့တရားနာရန် နေရာယူ ကြစဉ် စခန်းတာဝန်ခံ၊ ထောင်မှူးကြီးတို့အဖွဲ့ ရောက်လာကြသည်။ ဆရာတော်များက သီလပေးသည်။ မေတ္တာသုတ်ကို ရွတ်ဆိုကြသည်။ ပြီးနောက် ကျွန်ုပ်တို့က ရေစက်ချ၊ အမျှပေးဝေကြသည်။ အမျှပေးဝေ သံမှာ မြိုင်သလို၊ သာဓုခေါ်သံမှာလည်း တောသံဖြင့် ဟိန်း၍ ပဲ့တင် ထပ်သွားတော့သည် ဖြစ်တော့သတည်း။

"သာဓု ... သာဓု ... သာဓု ...."

ထောင်မှူးကြီးသိန်းဝင်း

# စိတ်ကူးသစ်စာပေ

အမှတ်(၂၅)၊ အလယ်ဆုံးလွှာ၊ ပုသိမ်လမ်း၊ ဝင်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၅၁၁၃၃၂၆၄၊
ဖုံ ◻ အမှတ်(၁၄၉)၊ ပထမထပ် (ယာ) ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၉၁၃၂၂

| စဉ် | စာရေးသူ | စာအုပ်အမည် | | ရောင်းဈေး |
|---|---|---|---|---|
| ၁။ | မောင်ညိုမှိုင်း | မြွေဝင်စားမခင်မြွေ | | ၁၂၀၀/- |
| ၂။ | (သန့်လျှင်) | လူထူးဆန်းဘာတိုက်ပုံဦးရာကျော် | | ၁၂၀၀/- |
| ၃။ | ။ | သည်းထိတ်ဆန်းကြယ်ငွေနက်ကြီး | | ၁၂၀၀/- |
| ၄။ | ။ | သေရွာငါးကြိမ်ပြန်ခင်ဒေါင်းစံ | | ၁၂၀၀/- |
| ၅။ | ။ | မြွေပေါက်ပါးဖြူမျောက်မင်းသားမိုးစည်နှင့်ကျောက်ခဲ | | ၁၂၀၀/- |
| ၆။ | ။ | ဗြိတ္တာရွာသူမကြေ | | ၁၂၀၀/- |
| ၇။ | ။ | ကြောင်တစ်ရာသက်မြင်းနှင့်အင်းတစ်ထောင်မင်းဂေါင် | | ၁၂၀၀/- |
| ၈။ | ။ | ပရလောကနှင့်ဖြစ်ရပ်ဆန်းကြယ် | ဂမ္ဘီရဝတ္ထုတိုများ | ၁၂၀၀/- |
| ၉။ | ။ | မိစ္ဆာဒိဋ္ဌိမရဏလမ်းကြမ်း | | ၁၅၀၀/- |
| ၁၀။ | ။ | အံ့ဖွယ်နှင့် ဖြစ်ရပ်ဆန်းကြယ် | ဂမ္ဘီရဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၁။ | ။ | ကျောက်ကြီးပြေ | | ၁၅၀၀/- |
| ၁၂။ | ။ | နတ်မြင်းခွာသံ | ဂမ္ဘီရဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၃။ | ။ | ငြိမ်းဆင်တဲ့လက် | ဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၄။ | ။ | ဖွေဘုံပြန်လွှန်အိမ်သစ် | | ၁၅၀၀/- |
| ၁၅။ | ။ | မြစ်သုံးဆိုင်ရေအောက်ကျောက်မီးချောင်း | ဂမ္ဘီရဝတ္ထုတို | ၁၅၀၀/- |
| ၁၆။ | ။ | ပြည်ကြီးစည်တီးဝင်တဲ့ဖိုးကြီး(အထူးထုတ်လုံးချင်းဝတ္ထု) | | ၃၀၀၀/- |
| ၁၇။ | ။ | စီးပြိမ်းမိုးအပါအဝင်လျှို့ဝှက်ဆန်းကြယ် | ဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၈။ | ။ | နာနာဘာဝဗိုင် | ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀၀/- |
| ၁၉။ | ။ | ဗြိတ္တာရာသီဖွားနန်းအိမ်ကြို | | ၃၀၀၀/- |
| ၂၀။ | ။ | မျက်ရည်မြစ်ပေါ်မှာသောင်မတင်တဲ့အပြာရောင်ထေဒါ | | ၁၅၀၀/- |
| ၂၁ | ။ | လေးမည်ရထွန်းကြိုင် | ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀၀/- |
| ၂၂။ | ။ | ကျောကုန်းပေါ်ကလက်ဝဲရာ | ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀၀/- |
| ၂၃။ | ။ | တာသွားပေါ်မှာကတဲ့ပန်းဖွင့် | | ၂၅၀၀/- |
| ၂၄။ | ။ | စိန်စီကကြိုးရေချမ်းအိုး | | ၂၅၀၀/- |

www.burmeseclassic.com